ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၁၁ ၊ ၂၀၁၁)




အထက်မနမော်ရွာကို မရွှေပြောင်းမီက အပေါ်စီးမှ မြင်တွေ့ရစဉ်

# မြေပြိုနိုင် ဖားကန့်မြို့နယ်ရှိ ကျေးရွာတစ်ရွာကို ရွှေ့ပြောင်း

ကျော်သီဟ

ရန်ကုန်၊ ဩဂုတ် - ၄

မြေပြိုကျနိုင်သည့်အတွက် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ အထက်မနမော်ရွာကို ပြည်နယ်အစိုးရအဖွဲ့က ရွှေ့ပြောင်းပေးခဲ့ကြောင်းသတင်းရရှိသည်။

စာ(၁၂)သို့

# ကျောင်းသားအချို့ မူးယစ်ဆေးဝါးသုံးစွဲမှုအပေါ် ကြပ်မတ်ထိန်းကျောင်းမှု အားနည်း

ဟိန်းထက်

ရန်ကုန်၊ ဩဂုတ် - ၃

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူအချို့ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲနေမှုများအပေါ် ဆရာ၊ဆရာမများက ကြပ်မတ်ထိန်းကျောင်းမှု အားနည်းနေသည်ကို တွေ့ရှိရကြောင်း ပညာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဇူလိုင်၁၈ရက်နေ့ ရက်စွဲဖြင့် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ကျောင်းသားကျောင်းသူအချို့သည် ဆေးပြား၊ ဆေးရည်၊ ဆေးမှုန့် သောက်သုံးခြင်း၊ မူးယစ်ဆေးဝါးများကို သွေးကြောထဲသို့ ထိုးသွင်းခြင်းများကို လုပ်ဆောင်မှုများရှိသော်လည်း ဆရာ၊ဆရာမများ၏ ကြပ်မတ်ထိန်းကျောင်းမှုမှာ အားနည်းနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

စာ(၁၂)သို့

နိုင်ငံရေး **အကြမ်းဖက်မှု**

# ရှမ်းနှင့် ကချင်ပြည်နယ်တွင် ဒေသခံများ လက်နက်ဖြင့် ပစ်ခတ်ခံရ

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဩဂုတ်- ၆

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နှင့် ကချင်ပြည်နယ်မိုးမောက်တို့တွင် ဇူလိုင် ၂၉ရက်က အရပ်သားများအား လက်နက်ဖြင့် ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ သေဆုံးဒဏ်ရာရမှုများရှိခဲ့ပြီး ယင်းကဲ့သို့လမ်းများပေါ်၌ ပစ်ခတ်ခံရမှုများ ယခင်ကထိုဒေသများတွင် မရှိခဲ့ကြောင်းဒေသခံများ၏ ပြောပြချက်အရသိရသည်။

ကချင်ပြည်နယ်ရှိ တာပိန် (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မိုးမောက်သို့ ပြန်လည်ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား တာပိန်-မိုးမောက်လမ်းမိုင်တိုင်အမှတ် ၁၉ နှင့် ၂၁ကြားတွင် KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည့်အတွက် ခုနစ်ဦးသေဆုံးပြီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဩဂုတ် ၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြသည်။


စာ(၂၈)သို့


အထူးအချပ်ပို
(၄)မျက်နှာ
မေတ္တာလက်ဆောင်
ထည့်သွင်းပေးထားပါသည်

**တောင်သူများကို စပါးဈေး တိုးပေးရန် သဘောတူ**
တောင်သူလယ်သမားများ မနစ်နာစေရန် စပါးဈေး တိုးပေး၍ ဝယ်ယူရန် ဆန်စပါးလုပ်ငန်းအသင်းနှင့်ပြည်ခိုင်ဖြိုးပါတီတို့ ဆွေးနွေးသဘောတူခဲ့သည် B

**အစိုးရက ကြံဈေး ဈေးနှုန်းတိုးပေးဝယ်ယူတော့မည်**
အစိုးရက ယခင် ကြံတစ်တန်လျှင် ကျပ်နှစ်သောင်းဖြင့် ဝယ်ခဲ့ရာမှ လာမည့်ကြံစိုက်ရာသီမှစ၍ လေးသောင်းကျပ်ပေးဝယ်တော့မည်ဖြစ်သည် ၂

**မြန်မာနိုင်ငံအောက်ပိုင်း ဒေသအချို့ ရေလွှမ်းမိုးပြန်**
တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးနေပြန်သည် D

ရုရှားနိုင်ငံရှိ မြေအောက်ရထားလမ်းစီမံကိန်းလုပ်ငန်းခွင်

# နေပြည်တော် မြေအောက်ရထားလမ်း ရုရှားက ဒီဇိုင်းရေးဆွဲပေးဟုဆို

အားမာန်

ရန်ကုန်၊ ဩဂုတ်- ၈

နေပြည်တော်တွင်ဖောက်လုပ်မည့် မြေအောက်ရထားလမ်း စီမံကိန်းအတွက် ရုရှားနိုင်ငံက ဒီဇိုင်းရေးဆွဲပေးနေကြောင်း ရုရှားအခြေစိုက် သတင်းဌာနများက သတင်းဖော်ပြသည်။

၅၀ ကီလိုမီတာအရှည်ရှိသော မြေအောက်ရထားလမ်း၏ ဒီဇိုင်းကို ရုရှားနိုင်ငံဘက်မှ ရေးဆွဲပေးနေကြောင်း Voice Of Russia ရေဒီယိုအားကိုးကား၍ ရုရှားအခြေစိုက်သတင်းဌာနများက ဩဂုတ်လ ပထမပတ်တွင် သတင်းဖော်ပြခဲ့သည်။ ထိုမြေအောက်ရထားလမ်းအရှည်မှာ ရုရှားနိုင်ငံ၊ မော်စကိုမြို့၏ မြေအောက်ရထားလမ်းထက် ၃ ဆ ပိုမိုရှည်လျားပြီး တိုင်းတာမှုများပြုလုပ်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါသတင်းများ၌ ဆက်လက်ဖော်ပြထားသည်။

စာ(၁၂)သို့




7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## အီရတ်သို့ ငါးမြစ်ချင်းတင်ပို့မှု ခေတ္တရပ်ဆိုင်း

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ် - ၂**

မြန်မာ့ငါးမြစ်ချင်းများ ဝယ်ယူနေသောအီရတ်နိုင်ငံမှ ဝယ်သူများက မြန်မာနိုင်ငံမှ အရည်အသွေးစစ်ဆေးရေးကိုယ်စားလှယ်ကုမ္ပဏီ၏ ကျန်းမာရေးနှင့်အရည်အသွေး ထောက်ခံချက်ကိုပင် လက်မခံနိုင်ကြောင်း အကြောင်းပြန်လာ၍ အီရတ်သို့ငါးမြစ်ချင်းတင်ပို့မှု ရပ်ဆိုင်းထားရကြောင်း ရေထွက်ပစ္စည်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"အီရတ်က ဒီက အက်စ်ဂျီအက်စ်ရဲ့ ထောက်ခံချက်ကိုတောင် မြန်မာနိုင်ငံကလုပ်ပေးလို့မရတော့ဘူး"ဟုဎင်းကပြောသည်။

ထိုသို့ အာရှတိုက် အရှေ့အလယ်ပိုင်းနိုင်ငံများကမြန်မာ့ငါးမြစ်ချင်း အဓိကဝယ်ယူနေရာမှ ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ စီးပွားရေးအရ တိုက်ခိုက်ခြင်းနည်းလမ်းဖြစ်နိုင်ကြောင်း ရေလုပ်ငန်းပညာရှင်တစ်ဦးက သူ့အမြင်ကိုပြောသည်။

"ကျွန်တော်တို့က ငါးမြစ်ချင်းကို ကူဝိတ်ကတစ်ဆင့် အီရတ်ကိုပို့ရတာ၊ အခုလို ဘာကြောင့်ဖြစ်တယ်ဆိုတာ စုံစမ်းရမယ်"ဟုဎင်းကပြောသည်။

မြန်မာ့ငါးမွေးမြူရေးလုပ်ငန်း၏ ၇၀ရာခိုင်နှုန်းကျော်မှာ ငါးမြစ်ချင်းမွေးမြူကြပြီး ထွက်သမျှ ငါးမြစ်ချင်းအားလုံးကိုလည်း အာရှတိုက်အရှေ့အလယ်ပိုင်းနိုင်ငံများသို့တင်ပို့ရန်အတွက် ရည်ရွယ်မွေးမြူကြခြင်းဖြစ်သည်။

"ငါးမြစ်ချင်းမွေးတာ အရှေ့အလယ်ပိုင်းကိုပို့ဖို့မွေးတာပါ။ ဒီလိုမှပို့မရရင်ကယ်သူမဲ့ပြီ"ဟုမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# အစိုးရက ကြံဈေး နှစ်ဆတိုးပေးဝယ်ယူတော့မည်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၅**

ကြံစိုက်တောင်သူများ တွက်ခြေကိုက်ပြီး ပြည်တွင်းသကြားဈေးကွက်ဖွံ့ဖြိုးလာရန်အတွက် လာမည့်ကြံခုတ်သိမ်းရာသီတွင် နိုင်ငံတော်က ယခင်နှစ်ဈေးနှုန်းထက် နှစ်ဆကျော်ဖြစ်သော ကြံတစ်တန်လျှင် ကျပ်လေးသောင်းနှုန်းထားဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။


Photo: www. en.wikipedia.org

**ပြည်ပနိုင်ငံ တစ်နိုင်ငံမှ ခုတ်သိမ်းပြီး ကြံပင်များ**

"ကြံကိုလည်း တစ်တန် ၄၀,၀၀၀ နှုန်းနဲ့ ပေးဝယ်သွားဖို့ရှိပါတယ်"ဟုဒေသခံသတင်းသမားများနှင့်ယမန်နေ့က တွေ့ဆုံစဉ် အထက်ပါတာဝန်ရှိသူကပြောကြားခဲ့သည်။ ပြီးခဲ့သည့် ကြံခုတ်သိမ်းရာသီက တစ်တန်လျှင် ၁၈,၅၀၀ ကျပ်နှုန်းဖြင့် နိုင်ငံတော်သို့ ရောင်းချခဲ့ရကြောင်းနေပြည်တော်ဒေသခံ ကြံစိုက်တောင်သူအချို့က ပြောသည်။

နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိသော မူဝါဒအရ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ပြည်တွင်း၌လွတ်လပ်စွာဝယ်ယူရောင်းချနိုင်ပြီးနိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအတွက်လိုအပ်သောသီးနှံကုန်ကြမ်းကိုလည်း ပေါက်ဈေးအတိုင်း ဝယ်ယူခဲ့သည်။ သို့သော်လည်း တခြားယှဉ်ပြိုင်သီးနှံများနှင့်စာလျှင် အကျိုးအမြတ် နည်းသည့်အတွက် တောင်သူများစိတ်ဝင်စားမှုနည်းကာ စိုက်ပျိုးထုတ်လုပ်မှုလည်း လျော့ကျခဲ့ပြီး သကြားကိုပင် ပြည်ပမှ မှာယူတင်သွင်းခဲ့ကြောင်း သတင်းရရှိသည်။

ယခင်နှစ်များက ကြံစိုက်ပျိုးခဲ့သော ဒေသခံတောင်သူတစ်ဦးကလည်း "အခုနှုန်းအတိုင်းဆိုရင်တော့ မဆိုးဘူးဗျ။ ပြန်ပြီး စိတ်ဝင်စားတယ်။ အခြားတောင်သူတွေလည်းစိတ်ဝင်စားမှာပဲ။ နောက်ပြီး အထွက်ကောင်းတဲ့ မျိုးတွေလည်း ရှိနေပြီလို့ သိရတယ်။ လက်ရှိကြံတောင်သူတွေကတော့ ထီပေါက်သလိုဝမ်းသာကြမှာပဲ"ဟု ပြောဆိုခဲ့သည်။

လူတစ်ဦးချင်းသကြားစားသုံးမှုတွင် (၂၀၀၈-၀၉ ခုနှစ် စာရင်းအရ)တစ်နှစ်လျှင် ၄ ဒသမ ၃၆ ကီလိုဂရမ်သာရှိသော မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် အနိမ့်ဆုံးနီးပါး ရောက်ရှိနေကြောင်း ၎င်းအပြင် နယ်စပ်မှ ဝင်လာသည့် ပါဝါသကြားဈေးသည် ပစ္စည်းများစားသောက်ကုန်များတွင် ကျယ်ပြန့်စွာ သုံးစွဲလာခြင်းကိုလည်း စစ်ဆေးအရေးယူသင့်ကြောင်း မန္တလေးတိုင်းဒေသကြီးမှ သကြားထွက်ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏ သကြားထုတ်လုပ်တင်ပို့မှုတွင် ၂၀၀၃-၀၄ ခုနှစ်ကတည်းက ပြည်ပသို့တင်ပို့နိုင်ခဲ့ခြင်းမရှိဘဲ ၂၀၀၈-၀၉ ခုနှစ်မှသာ ပြည်တွင်းစားသုံးမှု၏ တစ်ဆယ်ရာခိုင်နှုန်းခန့်ကို ပြန်လည်တင်ပို့နိုင်ခဲ့ကြောင်း အဆိုပါ ၂၀၀၈-၀၉ ခုနှစ်တွင် နိုင်ငံပိုင် စက်ရုံများမှ သကြားမက်ထရစ်တန် တစ်သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း စာရင်းဇယားများမှ သိရသည်။

ယခင်က တစ်ဧကလျှင် ပျမ်းမျှတန် ၂၀ ဝန်းကျင်သာ ထွက်နှုန်းရှိခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်များတွင်မူ တန် ၅၀ အထိ ထွက်ရှိနိုင်သည့် မျိုးနှင့်နည်းပညာများကို သက်ဆိုင်ရာ ဌာနက ပံ့ပိုးလျက်ရှိကြောင်း ၂၀၀၉-၁၀ ခုနှစ်စာရင်းအရ ကြံကို ဧကလေးသိန်းခန့်စိုက်ပျိုးခဲ့ကြောင်းလည်း သိရသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကမ်းခြေသစ်ဖြစ်ရန် မျှော်လင့်ချက်ကြောင့် ကျောက္ကလပ်ရွာရှိ မြေဈေးများကောင်း

## နာမည်ကျော် ငပလီကမ်းခြေအနီးတွင် ကမ်းခြေသစ်တစ်ခု ထပ်ပေါ်လာမည်လား



ကျောက္ကလပ်ကျေးရွာအုပ်စုဝင် ရွာတစ်ရွာအနီးမှ လယ်မြေများနှင့်ပင်လယ်ထဲသို့စီးဝင်သော ချောင်းလက်တက်တစ်ခု

**ဥက္ကာကိုကို၊ သန်းဌေး**

**သံတွဲ၊ ဩဂုတ်-၁**

ငပလီကမ်းခြေကဲ့သို့ အပန်းဖြေကမ်းခြေဖြစ်လာဖွယ်ရှိနေသောကြောင့် ငပလီတစ်ဖက်ကမ်းရှိ ကျောက္ကလပ်ကျေးရွာအုပ်စုအတွင်း ကမ်းခြေကျေးရွာများ၏ မြေဈေးနှုန်းများမှာ မူလထက်နှစ်ဆကျော်မြင့်မားလာကြောင်း ကျောက္ကလပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းအောင်က ပြောသည်။

"လွန်ခဲ့တဲ့ လေး၊ ငါး၊ ခြောက်နှစ်အထိ တစ်ဧကကိုကျပ်သိန်း၄၀လောက်ပဲရှိတာ၊အခုကျပ်သိန်း ၁၀၀ ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်လာကြတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ကျေးရွာများမှာ ငပလီကမ်းခြေမှ ဘင်္ဂလားပင်လယ်အော်တစ်ဖက်ကမ်းတွင် တည်ရှိပြီး ငပလီကဲ့သို့ကမ်းခြေရှိသည်။ ထို့ကြောင့် ကုမ္ပဏီငါးခုခန့်က ဟိုတယ်တည်ဆောက်လာနိုင်သည်ဟုဆိုကာ ရင်းနှီးမြှုပ်နှံ ဝယ်ယူနေကြခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ကမ်းခြေတစ်မိုင်လောက်မှာ အုန်းခြံ၊ သီဟိုဠ်ခြံနဲ့ ဥယျာဉ်စိုက်ထားကြတဲ့နေရာတွေပါ" ဟု ရေဖြူအိုင်ကျေးရွာမှဦးသန်းမောင်ကပြောသည်။

ကျောက္ကလပ်ကျေးရွာ အုပ်စုတွင် ကွင်ဝိုင်းရာ၊ မော်ရွှေလေးရွာ၊ မော်ရုံရွာ၊ မော်ရှည်ရွာနှင့် ကျောက္ကလပ်ရွာများလည်း ပါဝင်ပြီး ငပလီလုံးသာရွာမှ သဖြုချိုင်ရွာသို့ ၄၅ မိနစ်ကြာ စက်လှေစီးပြီး ယင်းမှတစ်ဆင့် သွားရောက်နိုင်သည်။ ယခုနှစ်ဆန်းပိုင်းက ပြည်တွင်းကုမ္ပဏီကြီးတစ်ခုက ဟိုတယ်နေရာအတွက် လာရောက်ကြည့်ရှုပြီး ကမ်းခြေမြေတစ်ဧကကျော်ကို ကျပ်သိန်း ၂၀၀ ခန့်ဖြင့် ဝယ်ယူခဲ့ကြောင်း သတင်းရရှိသည်။

# တရားမဝင် ခရီးသွား ၁၅၀ ဦးအား ဖမ်းဆီးမိဟုဆို

**သန်းဌေး**

**သံတွဲ၊ ဩဂုတ်-၁**

တရားမဝင် ခရီးသွားလာသော ဘင်္ဂါလီလူမျိုး အယောက် ၁၅၀ အား ဖမ်းဆီးရမိသောကြောင့် အရေးယူဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် သံတွဲခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူး ဦးကိုကိုမောင်က ပြောသည်။

"ဘူးသီးတောင် မောင်တောဘက်ကနေ ပြည်မထဲဝင်ဖို့စစ်တပ်လုံခြုံရေးတွေများတော့၊ ဒီဘက်ကနေလှည့်ဝင်ဖို့လုပ်လာကြတယ်။ ခရီးသည်ကားနဲ့လည်း ပါတတ်သလို ညဘက်မှ စစ်ဆေးရေးဂိတ်ဘေးကနေ ဆိုင်ကယ်နဲ့ ဖြတ်မောင်းတာမျိုးလည်းရှိတယ်" ဟု ဖမ်းဆီးရမိမှုအတွေ့အကြုံကို ယင်းကပြောသည်။

"ဟိုဘက်က ဝင်လာတာရယ်၊ ဒီဘက်မှာ နေတဲ့သူတွေရယ် တစ်ဝက်စီလောက်ပါတယ်။ အခုဇူလိုင် ၁၈ ရက်ကစပြီး ခရီးသွားလာခွင့်မပြုမီကာလက ဖမ်းမိတာပါ"ဟုသံတွဲခရိုင်လ. ဝ. က မှူးကပြောသည်။

စာ(၁၂)သို့






7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## CRIME CORNER

# ဖုန်းနှင့် လက်ပ်တော့များ အဓိကခိုးသူအား ဖမ်းမိ

အိဖြူလွင်

**ရန်ကုန်၊ ဩဂုတ် - ၄**

အင်တာနက်ဆိုင်မှဖုန်းနှင့်လက်ပ်တော့ခိုးယူသူအားဖမ်းဆီးမိရာမှ ဖုန်းနှင့်လက်ပ်တော့ခိုးယူမှု စုစုပေါင်း ၁၂မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ထိုသူမှာ ဖုန်းနှင့်လက်ပ်တော့များကိုသာ အဓိကထား ခိုးယူသူဖြစ်ပြီး အမျိုးသမီးဘော်ဒါဆောင်များမှသာ အများဆုံးခိုးမှုကျူးလွန်ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိပုံမှာ ဇူလိုင် ၁၂ရက်က လှိုင်မြို့နယ်၊ မာလာမြိုင် ၃လမ်းရှိ အင်တာနက်ဆိုင်တစ်ဆိုင်တွင် လက်ပ်တော့ကွန်ပျူတာ၊ ဖုန်းဟန်းဆက်များ ပျောက်ဆုံးမှုကို လှိုင်ရဲစခန်းမှ စုံစမ်းရာ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ပြည့်ဖြိုးအောင်ဆိုသူက ပြစ်မှုကျူးလွန်ကြောင်း သိရသည်ဟုဆိုသည်။ ၎င်းသည် ခိုးမှုကျူးလွန်ပြီးနောက် လက်ပံတန်းသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီး ဇူလိုင်၁၅ရက်တွင် ရန်ကုန်သို့ပြန်လာစဉ် ကျောက်တံတားမြို့နယ်အတွင်း ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူသည် လက်ကိုင်ဖုန်း ၁၁ လုံး၊ လက်ပ်တော့ကွန်ပျူတာသုံးလုံးနှင့် ရွှေထည် ပစ္စည်း၊ ငွေစက္ကူများ စုစုပေါင်း ခိုးမှု၁၂မှု ကျူးလွန်၍ ခိုးယူခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ထိုဖောက်ထွင်းမှု၊ ခိုးမှုကျူးလွန်သူကို သက်ဆိုင်ရာရဲစခန်းများက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၅၄ ဖြင့် အရေးယူအမှုဖွင့်ထားပြီး ထိရောက်သည့်ပြစ်ဒဏ်ကျရန်ဆောင်ရွက်နေသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

# လူမှုရေးအဖွဲ့အစည်းအချို့တွင် ငွေကြေးကိစ္စ တိုင်တန်းမှုများလာ

ကျော်သီဟ

**ရန်ကုန်၊ ဩဂုတ် - ၃**

လူမှုရေးလုပ်ငန်းများ လုပ်လိုသော ပုဂ္ဂိုလ်များ၊ အစုအဖွဲ့များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ပြီး ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို အများပြည်သူများအား ရှင်းလင်းအသိပေးရန်လိုအပ်ကြောင်း ဥပဒေပညာရှင်တစ်ဦးက ပြောကြားသည်။

လူမှုရေးလုပ်ငန်းသက်သက် လုပ်လိုသော ပုဂ္ဂိုလ်များ၊ အစုအဖွဲ့များအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ-၃၅၄ နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့များမှတ်ပုံတင်စိစစ်ရေးအဖွဲ့သို့ အသင်း၏ အသင်းဖွဲ့စည်းမျဉ်း၊ လိုအပ်သော ထောက်ခံချက်များနှင့်အတူ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ တာဝန်ရှိသူက ပြောကြားသည်။

"အခုလို အသိပေးရတာကလည်း လူမှုရေးအသင်းအဖွဲ့တွေမှာ ဘဏ္ဍာရေးအရှုပ်အရှင်းနဲ့ တိုင်တန်းမှုတွေစစ်ဆေးနေရလို့ပါ။ အသင်းရဲ့ ဘဏ္ဍာရေးစည်းမျဉ်းတွေကိုလည်း ဌာနဆိုင်ရာက ကျင့်သုံးဆောင်ရွက်နေတဲ့ဘဏ္ဍာရေးကျင့်စဉ်နဲ့အညီကျင့်သုံးရမယ်"ဟု သက်ဆိုင်ရာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူမှုရေးအသင်းအဖွဲ့များ၏ ဘဏ္ဍာရေးကိစ္စများအား အများပြည်သူ၊ စေတနာရှင်များ၊ အသင်းအဖွဲ့ဝင်များရှင်းလင်း အသိပေးရန်တာဝန်ရှိကြောင်းနှင့် ငွေစာရင်းများကိုလည်းစာရင်းစစ်ဆေးမှုခံယူရန် လိုအပ်သည်။ ထို့အပြင် နိုင်ငံခြားမှ လှူဒါန်းသော နိုင်ငံခြားငွေများကို မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေမူဝါဒနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် လိုအပ်သည်ဟု သက်ဆိုင်ရာဌာနမှ သတင်းရရှိသည်။

လူမှုရေးအသင်းအဖွဲ့များသည် စီးပွားရေးလုပ်ကိုင်ခြင်းမပြုရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်း၍ နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များကိုလည်း လေးစားလိုက်နာရန် လိုအပ်သည်။ လူမှုရေးသက်သက်သာ ဆောင်ရွက်ရန်လိုအပ်ပြီး ဘာသာရေးသီးခြားလုပ်လိုပါက သာသနာရေးဝန်ကြီးဌာနသို့ စည်းမျဉ်းစည်းကမ်းနှင့်အညီ တင်ပြလျှောက်ထားသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဖြည့်စွက်ပြောကြားသည်။

# မလေးရှားက မြန်မာ့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

နေလင်းထွန်း

**ရန်ကုန်၊ ဩဂုတ် - ၃**

မလေးရှားနိုင်ငံမှ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လေ့လာစောင့်ကြည့်လျက်ရှိကြောင်း မလေးရှားအစိုးရနှင့်ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။



**ပညာရေးဟောပြောပွဲတစ်ခုသို့ တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းရှိ ပုဂ္ဂလိကပညာရေးလုပ်ငန်းတွင် လာရောက်၍ ကျောင်းတည်ထောင်ခြင်း၊ ဘာသာရပ်ဆိုင်ရာ ချိတ်ဆက်သင်ကြားခြင်း (Twining Program) နှင့် ကာလတိုသင်တန်းများ လာရောက်ဖွင့်လှစ်ရန် စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

"ကျောင်းလာဖွင့်ဖို့ရော၊ Twining Program တွေလုပ်ဖို့ရောစိတ်ဝင်စားနေကြတယ်။ရက်တိုသင်တန်းတွေကိုတော့ ဒီလပိုင်းလာလုပ်ဖို့ရှိပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မလေးရှားနိုင်ငံသည် ပညာရေးလုပ်ငန်းများဖြင့် ဒေသတွင်း၌ အောင်မြင်မှုရရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှ ကျောင်းသားများလည်း သွားရောက်ပညာသင်ယူနေလျက်ရှိကြသည်။ ယခုနှစ်ပိုင်းတွင် မလေးရှားအစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းအများစုပါဝင်သော ပညာရေးပြပွဲများ၊ အင်တာနေရှင်နယ်ကျောင်း၊ တက္ကသိုလ်ဝင်တန်း ဘော်ဒါဆောင်အချို့တွင် မလေးရှားပညာရေးအကြောင်း ရှင်းလင်းဆွေးနွေးခြင်းများကို အရှိန်မြှင့်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်အတွက် စင်ကာပူ၊ ဗြိတိန်၊ ဩစတြေးလျ၊ထိုင်းစသည့်နိုင်ငံများမှ ပညာရေးအဖွဲ့အစည်းများကလည်း လေ့လာစောင့်ကြည့်လျက်ရှိကြောင်းပညာရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများထံမှသိရသည်။

# လိုင်စင်ရပြီး ဆန်မတင်ပို့က သုံးကြိမ်မြောက်လိုင်စင်မရနိုင်

ပြည်သိမ်း

**ရန်ကုန်၊ ဩဂုတ် - ၄**

လိုင်စင်ထုတ်ပြီး ဆန်တင်ပို့မှုမရှိသော လုပ်ငန်းရှင်များက သုံးကြိမ်မြောက်လိုင်စင်လျှောက်ထားပါက တင်ပို့ခွင့်လိုင်စင်အတွက် ထောက်ခံပေးမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူကပြောသည်။

ထိုသို့ စည်းကမ်းသတ်မှတ်ရခြင်းသည် ပြည်တွင်း ဆန်ဈေးကွက်ပျက်ပြားမည်ကိုစိုးရိမ်ခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးကျော်ကျော်ဝင်းကပြောသည်။ ပြည်ပသို့ ဆန်တင်ပို့သူများသည် ပြည်ပပို့ကုန်ရငွေတန်ဖိုး ဈေးကျချိန်တွင် လိုင်စင်ထုတ်ထားပြီး ဈေးတက်မှ ပြန်ပို့မည်ဆိုလျှင် ဈေးကွက်က တစ်ပြိုင်တည်းဝယ်ယူရမည်ဖြစ်သဖြင့် ပြည်တွင်းဆန်ဈေးတက်မည်ကိုစိုးရိမ်ရသည်။ ပြည်တွင်းဆန်ဈေးတည်ငြိမ်ရန် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"လိုင်စင်တွေကိုင်ပြီး မပို့ဘဲ ဈေးကောင်းစောင့်ပို့မှာကိုစိုးလို့ပါ။ပထမအသုတ်အတွက်လိုင်စင်ကို ဒုတိယအသုတ်ထိ ခွင့်ပြုပါတယ်။ တတိယအသုတ်ထိ ဆွဲထားရင် လိုင်စင်ထပ်ထုတ်ပေးဖို့ ထောက်ခံပေးမှာမဟုတ်ဘူး"ဟု အသင်းမှ တာဝန်ရှိသူက ပြောသည်။

ပြည်ပသို့ ဆန်တင်ပို့မှုကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ကြီးကြပ်ထောက်ခံမှုဖြင့် တစ်လလျှင်ဆန်တန်ချိန် ၄၀,၀၀၀ ခွင့်ပြုပေးနေသည်။ လက်ရှိအချိန်၌ မေ၊ ဇွန်၊ ဇူလိုင်အတွက် ဆန်တန်ချိန် ၁၂,၀၀၀ထိ တင်ပို့ခွင့်ပြုထားသည်။ ဆန်လက်ဝယ်ရှိသူများအားလိုင်စင်ချပေးနေသော်လည်း ပြည်ပပို့ကုန်ရငွေတန်ဖိုးနှင့် နိုင်ငံခြားငွေလဲနှုန်းကျဆင်းနေသည့်အတွက် ခွင့်ပြုတန်ချိန်၏ ထက်ဝက်ကျော်သာ တင်ပို့နိုင်သေးကြောင်း သတင်းရရှိသည်။

# ဆိတ်၊ သိုး၊ နွားပြည်ပတင်ပို့မှု ရပ်ဆိုင်း

သန်းဌေး

**ရန်ကုန်၊ ဩဂုတ်-၂**

နွား၊ သိုး၊ ဆိတ် အရှင်များ ပြည်ပတင်ပို့ခြင်းကို ခေတ္တရပ်ဆိုင်းလိုက်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်ကပြောသည်။



"အဓိကကတော့ အသားစားနွားတွေ ပြည်ပတင်ပို့မှုကို ခေတ္တရပ်ဆိုင်းလိုက်ရတာ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အခြေအနေအရခိုင်းနွားတွေဟာ လယ်ယာလုပ်ငန်းခွင်သုံးဖြစ်နေတာမို့ မရှိမဖြစ် သယံဇာတအရင်းအမြစ်ဖြစ်နေလို့ပါ" ဟု ၎င်းကပြောသည်။

ပြည်ပသို့ နွား၊ သိုး၊ ဆိတ် အရှင်များ တင်ပို့သူများသည် မိမိတို့ဘာသာမွေးမြူ၍ တင်ပို့ကြခြင်းမဟုတ်ဘဲ လယ်ယာလုပ်ငန်းခွင်မှ ခိုင်းနွားများအား ဝယ်၍သာ တင်ပို့နေကြကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးကလည်း ပြောသည်။

ထို့ကြောင့် ပြည်ပတင်ပို့သူများသည် အသားစားနွားများကို တစ်နှစ်ခွဲမှ နှစ်နှစ်အတွင်း မွေးမြူကြကာ အလေးချိန် ၂၄၀ ကီလိုအရွယ်ရရှိမှသာ ပြည်ပဈေးကွက်သို့တင်ပို့ကြရန် ဦးဝင်းစိန်ကလည်း အကြံပြုတိုက်တွန်းထားသည်။

၂၀၀၈ ခုနှစ် ဩဂုတ် ၂၄ ရက်မှ စတင်ကာ မလေးရှားနိုင်ငံသို့ ဆိတ်နှင့်သိုး ကောင်ရေ၁၅၀၀ စတင်တင်ပို့ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် မေ ၂ရက်တွင်နွားကောင်ရေ၁၈၀ ကို မလေးရှားနိုင်ငံသို့ပင် တင်ပို့ခဲ့သည်။ အထက်ပါ ကျွဲ၊ နွား၊ သိုး၊ ဆိတ်ပြည်ပတင်ပို့ခွင့်ကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ လုပ်ကိုင်ခွင့်ရနေပြီး ရန်ကုန်တိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးများကဝယ်ယူစုဆောင်းခဲ့ကြောင်း သတင်းရရှိသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် အဓိကအသုံးပြုနေရသော ခိုင်းနွားများ ရှားပါးမှု မဖြစ်စေရေးအတွက် နွားအကောင်လိုက် ပြည်ပတင်ပို့ခြင်းကို ကန့်သတ်ကြောင်း နေပြည်တော်တွင် ဇူလိုင် ၂၂ရက်တွင် ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# တန်ဖိုးကြီး အိမ်ခြံမြေအရောင်းအဝယ်ရပ်တန့်

ပြည်သိမ်း

**ရန်ကုန်၊ ဩဂုတ် - ၄**

အိမ်ခြံမြေဝယ်သူသက်သာခွင့် အခွန်သက်တမ်းကုန်ခါနီးလာသည့်အတွက် ပြည်တွင်းအိမ်ခြံမြေဈေးကွက်တွင် အလယ်အလတ်နှင့် တန်ဖိုးကြီးအိမ်ခြံမြေရောင်းဝယ်မှုများရပ်တန့်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သတင်းရရှိသည်။



**ယခုနှစ်ပိုင်းအတွင်း ဆက်တိုက်အရောင်းအဝယ်သွက်ခဲ့သော အိမ်ခြံမြေဈေးကွက် စတင်အေးစက်လာသည်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လက်ရှိအိမ်ခြံမြေအခွန်စနစ်သစ်၏ သက်တမ်းမှာ ဩဂုတ်လ ၁၂ရက်တွင် ပြည့်မည်ဖြစ်သည်။ ထပ်မံ၍လည်း အဆိုပါအခွန်စနစ်သက်တမ်းတိုး မတိုးကို ဩဂုတ်လဆန်းအထိ မသိရသေးပေ။ ထို့ကြောင့်ဈေးကွက်အတွင်း၌တန်ဖိုးကျပ်သိန်း ၃,၀၀၀နှင့်အထက် အိမ်ခြံမြေရောင်းဝယ်မှုမှာ ရပ်ဆိုင်းလုနီးပါးဖြစ်နေကြောင်း မဏ္ဍိုင်အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးသန်းဦးက ဆိုသည်။

"သက်တမ်းတိုးဖို့က ၂၀၀၉ ကဆိုရင် ဩဂုတ်လဆန်းမှာသိရပြီး၊ ၂၀၁၀ ကဆိုရင် ဇူလိုင်လကတည်းကသိနေရတယ်"ဟုအထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိကျင့်သုံးနေသော အိမ်ခြံမြေအခွန်ကောက်ခံမှုစနစ်မှာ ၂၀၀၇ ဩဂုတ်လ ၁၂ရက်တွင် စတင်အသက်ဝင်လာခဲ့ပြီး၊ ပထမ သက်တမ်း ၂နှစ်ဖြစ်သော်လည်း ထပ်မံ၍ သက်တမ်းတစ်နှစ်တစ်ကြိမ်ထပ်တိုးထားသည်။ ထိုအခွန်စနစ်မှာဝင်ငွေရလမ်းဖော်ပြစရာမလိုဘဲ ရောင်းသူဘက်မှ ၁၀ ရာခိုင်နှုန်း၊ ဝယ်ယူဘက်မှ ၁၅ ရာခိုင်နှုန်းပေးဆောင်ရသည့်စနစ်ဖြစ်သည်။ အဆိုပါအခွန်စနစ်သစ်ကြောင့် ပြည်တွင်းအိမ်ခြံမြေဈေးကွက်သည် ၂၀၀၈ ခုနှစ်မှစတင်ပြီး အရောင်းအဝယ် တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်။

ပြည်တွင်းလုပ်ငန်းရှင် များသာမက ပြည်ပမှ လုပ်ငန်းရှင်များပါ အိမ်ခြံမြေတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာသည်။ ထိုစနစ်မစခင်က အိမ်ခြံမြေဝယ်ယူသူမှာ ဝင်ငွေရလမ်း မဖော်ပြနိုင်ပါက ၄၆ ရာခိုင်နှုန်းကျော် အခွန်ပေးဆောင်ရသည်။ ယခုစနစ်ကြောင့် ဝင်ငွေရလမ်း ဖော်ပြစရာမလိုဘဲ ၁၅ရာခိုင်နှုန်း အခွန်ဆောင်ပြီး အိမ်ခြံမြေဝယ်ယူနိုင်သည်။

"လောလောဆယ်တော့ အပြင်မှာ ကောလာဟလတွေ အများကြီးထွက်နေတယ်။ တချို့ကလည်း ဝယ်သူ ၂၀ ရာခိုင်နှုန်း ပြောသူရှိသလို ဝယ်သူ ၂၅ရာခိုင်နှုန်းလို့ ပြောနေသူတွေလည်းရှိတယ်"ဟု ယူနတီ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျာဦးဇော်ဇော်ကရှင်းပြသည်။

လက်ရှိအခွန်စနစ်သစ်ကို သက်တမ်းမတိုးလျှင် ဝင်ငွေရလမ်း မဖော်ပြနိုင်ပါက အိမ်ခြံမြေဝယ်ယူသူသည် ကျပ်သိန်း ၂၀ အထက်ကို ၄၆ ရာခိုင်နှုန်းကျော်ပေးဆောင်ရမည်။ ယင်းကဲ့သို့ဝယ်ယူသည့်တန်ဖိုး၏ ထက်ဝက်နီးပါး ပေးဆောင်ရမည်ဖြစ်သဖြင့် တန်ဖိုးကြီးမြေကွက်များ၏ အရောင်းအဝယ်မှာပြုလုပ်နိုင်တော့မည် မဟုတ်ကြောင်း ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

စာ(၁၂)သို့

## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တစ်နှစ်လျှင် ကျပ်ငွေ နှစ်ဆယ်ဘီလီယံမြတ်

သီဟ

**ရန်ကုန်၊ဩဂုတ် - ၂**

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားများဝယ်ယူ၍ ရန်ကုန်မြို့တွင်းသို့ ဖြန့်ချိလျက်ရှိရာ တစ်နှစ်လျှင် ကျပ်ငွေ နှစ်ဆယ်ဘီလီယံ အမြတ်အစွန်းရရှိလျက်ရှိကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားကို တစ်ယူနစ်လျှင် ၂၀ကျပ်ဖြင့် ဝယ်ယူကာ ရန်ကုန်မြို့တွင်းသို့အိမ်သုံးမီတာ တစ်ယူနစ်လျှင် ၂၅ကျပ်နှုန်း၊ လုပ်ငန်းသုံးတစ်ယူနစ်လျှင် ၅၀ ကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချလျက်ရှိရာ ပျမ်းမျှတစ်ယူနစ်လျှင် ၁၇ကျပ် အမြတ်ရရှိကြောင်းသိရသည်။

အဆိုပါရရှိသည့် အမြတ်အစွန်းများဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အတွင်းရှိ ဝန်ထမ်းများအား လစာပေးခြင်း၊ နောင် တိုးတက်လာမည့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုများအတွက် ဓာတ်အားခွဲရုံများတည်ဆောက်ပေးခြင်း၊ မြေအောက်ကြိုးများ သွယ်တန်းပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ယခုကဲ့သို့ အမြတ်အစွန်းများ ရရှိနေသော်လည်း ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်မှုပေးရန် လောလောဆယ်အထိအစီအစဉ်မရှိသေးကြောင်းသိရသည်။



7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# စံပြစိုက်ခင်း လယ်မြေများ လာမည့်ရာသီတွင် လယ်ရှင်ကို ပြန်လည်လုပ်ကိုင်စေမည်ဟုဆို

ထူးသန့်

**နေပြည်တော်၊ ဩဂုတ်- ၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်း တောင်သူပညာပေးအနေဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းလယ်မြေများအား လာမည့်စိုက်ပျိုးရာသီတွင် မူလလယ်သမားများထံသို့ ပြန်လည်လုပ်ကိုင်သွားစေမည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်ဝင်းက ပြောသည်။



နေပြည်တော်ရှိ လယ်ယာလုပ်ငန်းခွင်တစ်ခုမှ လယ်သမနှစ်ဦးအားတွေ့ရစဉ်

"လယ်သမားတွေကို မေးကြည့်တော့ ဒီနေရာက တစ်ဧကတင်း ၈၀ ထွက်တယ်။ အရင်းက ၅၀ လောက်ရှိတယ်။ အမြတ်ကတင်း ၃၀ လောက်ပဲရှိတယ်လို့သိရတယ်။ အဲဒါကြောင့် သူတို့ကို တစ်ဧက တင်း ၃၀နှုန်းပေးမယ်၊ ဒီအတိုင်းပဲနေ၊ ကျွန်တော်တို့လုပ်ပြမယ်ဆိုပြီး ဒီလိုစနစ်တကျ လက်တွေ့လုပ်ပြတာပါ"ဟုပြင်ပကောလာဟလသတင်းများနှင့် ပတ်သက်၍ သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကိုဦးကျော်ဝင်းက ရှင်းပြသည်။

ဧက ၅၀၀ စံပြစိုက်ခင်းအဖြစ် အကောင်အထည်ဖော်လျက်ရှိသော ယင်းနေရာတွင် ဧက ၂၀ ကိုသာ ဝန်ကြီးဌာနက ကိုယ်တိုင်လုပ်ကိုင်ပေးနေခြင်းဖြစ်ပြီး ကျန်သည့် ဧရိယာများကိုမူ သက်ဆိုင်ရာလယ်သမားများက လုပ်ကိုင်ကြမည်ဖြစ်သည်။ အဆိုပါ လယ်သမားများအား မျိုးနှင့် နည်းပညာများ ပေးမည်ဖြစ်ပြီး တစ်ဧကလျှင်တင်း ၂၀၊ ၃၀ ခန့်ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်းလည်း ယင်းကဆက်လက်ပြောသည်။

မိတ္ထီလာဒေသတွင် ပြည်တွင်းမျိုးကိုပင် ယခုနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့ရာ တစ်ဧက တင်း ၁၄၀ ထွက်ရှိခဲ့ကြောင်း၊ အထူးအထွက်တိုးမျိုးဖြင့် စိုက်ပျိုးလျှင် တင်း ၂၀၀ အထိထွက်နိုင်ကြောင်း ယခုနည်းစနစ်သည်ပေါင်(ဘောင်)လုပ်ချိန်နှင့် ပျိုးထောင်စိုက်ပျိုးချိန်များ၌ လုပ်သား နည်းနည်းပိုကုန်သော်လည်း ပေါင်းနုတ်ခနှင့် အခြားစရိတ်များကို လျှော့ချနိုင်ကြောင်း သိရသည်။

နှစ်စပါး၊ မိုးစပါးစိုက်ဧကသန်း ၂၀ ခန့်ရှိသော မြန်မာနိုင်ငံ၏ ပျမ်းမျှစပါးအထွက်နှုန်းမှာ တစ်ဧကတင်း ၇၀နှုန်းသာရှိခဲ့ကြောင်း၊ နည်းစနစ်သစ်ဖြင့် စိုက်ပျိုးနိုင်ပါက မိုးစပါးမှပင် လူနှစ်သန်းစာအတွက် ဆန်ရိက္ခာဖူလုံလာစေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ လူတစ်ဦးတစ်နှစ်ဆန်စားသုံးမှုနှုန်းမှာ ကီလို ၂၀၀အထက်ရှိကြောင်းလည်း ၎င်း၏ပြောကြားချက်များအရသိရသည်။

## ပြည်ခိုင်ဖြိုးပါတီက မြဝတီနယ်စပ်မှတစ်ဆင့် ကားသွင်းမည်ဆိုသောသတင်းမမှန်

အောင်သူရ

**ရန်ကုန်၊ ဩဂုတ် - ၅**

ပြည်ခိုင်ဖြိုးပါတီက မြဝတီနယ်စပ်မှတစ်ဆင့် ဇိမ်ခံကားအစီး ၅၀၀တင်သွင်းရန် စီစဉ်နေသောသတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူးဦးဌေးဦးက ဩဂုတ်လ ၅ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောသည်။

"အဲဒါ သတင်းအမှားလို့ ကျွန်တော်ပြောမှာပေါ့။ ကျွန်တော်တို့မသွင်းဘူး။ ကျွန်တော်တို့သွင်းရင် တခြားပါတီတွေလည်းသွင်းခွင့်ပေးမှာပေါ့။ ပါတီစုံဖြစ်သွားပြီလေ။ တခြားပါတီကို သွားမေးလိုက်၊ သူတို့မရဘူးဆိုရင် ကျွန်တော်တို့လည်း မရဘူး"ဟု ဦးဌေးဦးကပြောသည်။

အဆိုပါသတင်းမှာ ကားဝယ်ရောင်းဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ထွက်နေပြီး ဝယ်ရောင်းလုပ်နေသူများ စိတ်ဝင်စားနေကြသည်ဟုသိရသည်။

လက်ရှိ ပြည်တွင်းကားဈေးကွက်သည် ပုံမှန်သာရှိပြီး အရောင်းအဝယ်မှာ အတက်အကျမရှိကြောင်း သိရသည်။ ယခုရက်ပိုင်းတွင် မော်ဒယ်မြင့်ကား(၄၈၊ ၅၈)များသာ အများအားဖြင့်ရောင်းချရကြောင်း သိရသည်။

အဆိုပါမော်ဒယ်မြင့်ကားများသည် အဝယ်အနည်းငယ်လိုက်လာသဖြင့် ဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာသည်။ ဥပမာအားဖြင့် မော်ဒယ်မြင့်ကား ၅၈/ ပါဂျဲရိုးကားတစ်စီးကို ယခင်က ကျပ်သိန်း ၁,၀၀၀ ဝန်းကျင်ရှိရာမှ ယခုရက်ပိုင်းတွင်ကျပ်သိန်း ၁,၁၀၀ ထိဈေးတက်လာသည်။ ကားကြီးများနှင့် ထရပ်ကားများမှာ အရောင်းအဝယ်အေးကာ အရှုံးပေါ်နေကြောင်း ကားဝယ်ရောင်းဈေးကွက်မှသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## အမရပူရမြို့နယ်ရှိမြေကွက်အားလုံး ဂရန်ပြုလုပ်ရန်လိုဟုဆို



အမရပူရမြို့နယ်တွင်ပါဝင်သော နာမည်ကျော်ဦးပိန်တံတား

စိုင်းသာအောင်

**မန္တလေး၊ ဩဂုတ်- ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏စီမံခန့်ခွဲမှုအောက်တွင် ရောက်လာသော အမရပူရမြို့နယ်ရှိ မြေများကို မြို့တော်မြေစာရင်းတွင်မှတ်တမ်းဝင်ရန် ဂရန်ပြုလုပ်ကြရမည်ဖြစ်ပြီး ထိုအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့မြေစီမံခန့်ခွဲရေးဌာန ဌာနမှူးကပြောသည်။

မြို့မြေစီမံခန့်ခွဲရေးဌာနမှူးက "အမရပူရမြို့မှာရှိတဲ့ ဘိုးဘွားပိုင်မြေ ဂရန်မြေတွေအားလုံး မြို့တော် မြေစာရင်းမှာ မှတ်တမ်းဝင်ရမယ်။ ဂရန်ပြုလုပ်ရပါမယ်။ ဂရန်မပြုလုပ်ထားရင်နောင်အရှုပ်အရှင်းဖြစ်လာရင်သော်လည်းကောင်း၊မီးဘေးအန္တရာယ်ဖြစ်လာရင်သော်လည်းကောင်း ပိုင်ရှင်များဆုံးရှုံးနစ်နာနိုင်ပါတယ်။ ဒါကြောင့် အမရပူရမြို့ရှိ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေပိုင်ဆိုင်မှုတွေကို ပိုင်ရှင်တွေ တရားဝင်ပိုင်ဆိုင်မှုရရှိရေးအတွက် ကျွန်တော်တို့ ဝန်ထမ်းတွေ ကွင်းဆင်းစည်းရုံး ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်မြေအား ယခင်က အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည် မြို့နယ်ဟူ၍ ငါးမြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်ပြီး အမရပူရမြို့နယ်အား ပါဝင်ဖွဲ့စည်းခဲ့သဖြင့် MCDC နယ်မြေသည် မြို့နယ် ၆ ခုရှိလာပြီဖြစ်သည်။

အမရပူရမြို့နယ်အား မြို့တော်စည်ပင်ဧရိယာအတွင်း ပါဝင်ဖွဲ့စည်းထားသဖြင့် မြို့တော်မြို့ပြမြေယာစီမံခန့်ခွဲရေးဌာနမှ အမရပူရမြို့၏အိမ်မြေစာရင်းများကို စနစ်တကျ ကောက်ယူလျက်ရှိပြီး အိမ်ပိုင်၊ မြေပိုင်၊ ဘိုးဘွားမြေ၊ ဂရန်မြေ၊ သာသနာမြေတို့ကိုစနစ်တကျ ခွဲခြားဆောင်ရွက်လျက်ရှိကြောင်း မြို့/ပြမြေစီမံခန့်ခွဲရေးဌာနမှ သိရသည်။

မြို့/ပြမြေစီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက "အမရပူရမြို့ဟာ မြို့တော်စည်ပင် ဧရိယာအတွင်းရောက်ရှိတာ လေးလခန့်သာရှိသေးတော့ ဘိုးဘွားပိုင်၊ ဂရန်မြေကောက်ရတာ အခက်အခဲ ရှိပါတယ်။ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေဆိုပြီး စနစ်တကျ မြို့မြေစာရင်းဌာနတွင် မှတ်တမ်းတင်ထားမှုအားနည်းတယ်။ ၃၀ ရာခိုင်နှုန်းခန့်သာမြို့မြေမှတ်တမ်းစနစ်တကျရှိပြီး ၇၀ ရာခိုင်နှုန်းခန့်က မြို့မြေအဖြစ် မှတ်တမ်းတင်မှုမရှိဘူး။ အခု ၂၀၁၁ ခုနှစ်ဧပြီလမှ စတင်၍ မြို့တော်စည်ပင်ဧရိယာထဲ ရောက်ရှိလာပြီဖြစ်လို့ မြို့မြေအဖြစ် မှတ်တမ်းဝင်ဖို့ လိုတယ်" ဟု ပြောသည်။

## ပုသိမ်ဆိပ်ကမ်းမှ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်စီစဉ်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဩဂုတ် - ၃**

ပို့ကုန်များကိုပင်လယ်ရေကြောင်းမှတင်ပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းတစ်ခုတည်း ဆောင်ရွက်နေရာမှ ပုသိမ်ဆိပ်ကမ်းမှပါ တိုက်ရိုက်တင်ပို့နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်းသတင်းရရှိသည်။

"ရန်ကုန်ဆိပ်ကမ်းတစ်ခုတည်းဆိုရင် တကယ် အရောင်းအဝယ်ဖြစ်တဲ့အချိန်မှာ ဆိုကြပ်တယ်။ ဆိပ်ကမ်းမှာ ကြန့်ကြာမှုတွေရှိတော့ အဲဒီလိုမဖြစ်ဘဲ မြန်မြန်ဆန်ဆန်နဲ့များများ တင်ပို့နိုင်အောင်ပုသိမ်ဆိပ်ကမ်းကပါပြည်ပပို့နိုင်အောင်လုပ်တဲ့သဘောပါ" ဟုမြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ရန်ကုန်ဆိပ်ကမ်းမှာတစ်လလျှင် တန်ချိန်တစ်သိန်းကျော်တင်ပို့ပါက ဆိပ်ကမ်းနေရာအခက်အခဲကြုံတွေ့ရလေ့ရှိကြောင်း ၎င်းကပြောသည်။

လက်ရှိကာလတွင် ပုသိမ်ဆိပ်ကမ်းကိုတိုးချဲ့နိုင်ရန်အတွက် အဆိုပါဆိပ်ကမ်းနေရာရှိဂိုဒေါင်များအား ဝယ်ယူနေကြောင်း ပုသိမ်မြို့ခံ ဆန်ကုန်သည်တစ်ဦးကပြောသည်။

"ဆိပ်ကမ်းကို ဘယ်လိုလုပ်မယ်တော့ အတိအကျတော့မသိရသေးဘူး။ ပုဂ္ဂလိကလွှဲမယ်လို့တော့သတင်းထွက်နေတယ်။ အခုဂိုဒေါင်တွေတော့ပိတ်ထားပြီ" ဟု အထက်ပါဆန်ကုန်သည်က ပြောသည်။

ထို့အပြင် အဆိုပါဆိပ်ကမ်းမှပင် ဆန်တန်ချိန် ၃၅,၀၀၀ ကို ယခုလဆန်း၌ ဖိလစ်ပိုင်သို့ တိုက်ရိုက်တင်ပို့ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

"ပုသိမ်ဆိပ်ကမ်းကပါ ပို့လို့ရရင်တော့ ကုန်သည်တွေမှာ Transporatation Charges အတွက် ကုန်ကျစရိတ်သက်သာမယ်။ အချိန်စောင့်စရာမလိုဘဲ မြန်မြန်ပို့နိုင်မယ်။ ကုန်သည်တွေအတွက် ပိုကောင်းသွားသလို ဒေသခံတောင်သူတွေလည်း အကျိုးရှိနိုင်တယ်"ဟု ၎င်းကပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က ပဲ၊ နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဇူလိုင် ၃၁ ရက်က အစည်းအဝေးခေါ်ယူပြီး ပုသိမ်ဆိပ်ကမ်းမှ နိုင်ငံခြားသို့ ပဲ၊ နှမ်းများ တိုက်ရိုက်တင်ပို့ရောင်းချသွားနိုင်ရေးနှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

"ဆိပ်ကမ်းကို ပုဂ္ဂလိကလွှဲပြီးလုပ်မှာလား၊ နိုင်ငံတော်အနေနဲ့ဆက်လုပ်သွားမှာလား အခုထိမသိရသေးပါဘူး"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

အဆိုပါပုသိမ်ဆိပ်ကမ်းသည် ယခင်ကလည်း ပို့ကုန်များကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ဖူးသည်။ ထို့အပြင် ရခိုင်ဒေသရှိ ဆိပ်ကမ်းမှလည်း ပို့ကုန်များအား တိုက်ရိုက်တင်ပို့မှုပြုလုပ်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## ပုံစံ(၁၉) ထပ်မံလျှောက်ထားရာတွင် ဘဏ်ငွေသွင်း သက်တမ်းကျန်ပါက ထပ်မံငွေသွင်းရန်မလို

မေဝင်းမွန်

**ရန်ကုန်၊ ဩဂုတ် - ၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ပြည်ပသို့ ထွက်ခွာမည့်သူများ စိစစ်ရေးအဖွဲ့ရုံးတွင် ဝင်ငွေခွန်နှင့်စပ်လျဉ်းသည့်သက်သေခံလက်မှတ်ပုံစံ ၁၉ (ပုံစံ ဂ) ပြုလုပ်ရာ၌ ယခင်ကပြုလုပ်ဖူးသူဆိုပါကမြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်းထားသည့် အထောက်အထားစာရွက်၌ သက်တမ်းကျန်ရှိနေပါက ထပ်မံပေးဆောင်ရန်မလိုကြောင်း သိရသည်။

ပုံစံ(ဂ)အတွက် နိုင်ငံအလိုက် ဘဏ်ငွေသွင်းရသည့်ပမာဏမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ပါလက်စတိုင်း၊ လာအိုနိုင်ငံ ၄,၅၀၀ ကျပ်၊ ကိုရီးယားနိုင်ငံ ၅,၂၀၀ ကျပ်၊ ဘရူနိုင်း ၆,၉၀၀ ကျပ်၊ ထိုင်ဝမ် ၉,၃၀၀ကျပ်၊ဩစတြေးလျ၁၀,၀၀၀ ကျပ်၊ စင်ကာပူ ၁၁,၀၀၀ ကျပ်၊ ဟောင်ကောင် ၁၁,၃၀၀ ကျပ်၊ ကူဝိတ်၊ ကာတာ၊ ယူအေအီး၊ အစ္စရေး ၁၁,၆၀၀ ကျပ်၊ အမေရိက ၁၉,၃၀၀ ကျပ်၊ပြင်သစ် ၂၀,၀၀၀ကျပ်၊အင်္ဂလန်၊ ဂျပန် ၂၂,၄၀၀ကျပ် သတ်မှတ်ထားပြီး အသက် ၅၀ ကျော်သူများ၊ Business Passport ကိုင်ဆောင်သူများ၊ သင်္ဘောသားများ စသည်ဖြင့် ပေးသွင်းရန်မလိုသူများလည်းရှိသည်။

ဘဏ်ငွေသွင်းလက်မှတ်မှာ သက်တမ်းငါးနှစ်ရှိပြီး၊ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပြီး သက်တမ်းတိုး ပြုလုပ်သူများအနေဖြင့် သက်တမ်းရှိသည့် အဆိုပါပြေစာရှိပါက ထပ်မံပေးဆောင်ရန်မလိုအပ်ပေ။ အချို့မှာ ဘဏ်ငွေသွင်းပြေစာ မသိမ်းဆည်းမိသဖြင့် ပြန်လည်ပေးဆောင်ရမှုများလည်းရှိသည်။

"ပတ်စ်ပို့သက်တမ်းတိုးဖို့ လုပ်ရင်း စာရွက်စာတမ်းစစ်ရင်း ဘဏ်မှာငွေသွင်းထားတဲ့မိတ္တူတစ်ခုတွေ့တာ ဘယ်မှာသုံးရမှန်းမသိဖြစ်နေတာ။ ပုံစံ-၁၉ (ပုံစံ ဂ) လုပ်တော့မှ သုံးလို့ရသေးတယ်ဆိုတာ သိရတာ"ဟု ပုံစံ(ဂ)ပြုလုပ်သော အမျိုးသမီးတစ်ဦးကပြောသည်။

ပုံစံ(ဂ)ပြုလုပ်မည်ဆိုပါက သန်းခေါင်စာရင်းမူရင်း၊ မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ မိတ္တူ၊ နိုင်ငံကူးလက်မှတ်ထုတ်ရန် စလစ်မူရင်း၊ မိတ္တူ၊ ချိတ်ပိတ်ထားသည့်ပုံစံ ၁၇၊ ခြောက်လအတွင်း ရိုက်ကူးထားသည့်ဓာတ်ပုံနှင့်နိုင်ငံကူးလက်မှတ်ရှိပါက မိတ္တူယူဆောင်လာရမည်ဖြစ်သည်။

ပုံစံ(ဂ)ဆောင်ရွက်ရာတွင် ကိုယ်တိုင်ဝင်ရောက်ပြုလုပ်ခြင်းက ပိုမိုအဆင်ပြေပြီး ပွဲစားဖြင့်ဆောင်ရွက်ပါက ငွေလိမ်လည်တောင်းယူမှုများ ကြုံတွေ့ရနိုင်သည်ဟုသိရသည်။

Still Forklift- 2

Sweety Home Industry Co.,Ltd
Assistant Advertising
Market Research
Marketing

## ဈေးဝယ်ထွက်မယ်

# လူလတ်ပိုင်းအမျိုးသမီးတွေ ဖက်ရှင်ကျစေမယ့်နေရာ

**အိမ့်ဖြူလွင်**

များပြားလှတဲ့ ဖက်ရှင်ဆိုင်တွေထဲက အများစုက လူငယ်ပိုင်း အမျိုးသား၊ အမျိုးသမီးတွေကိုပဲ ရည် ရွယ်တာကြောင့် လူလတ်ပိုင်းတွေအတွက်တော့ ရွေးချယ်စရာဆိုင်တွေရှားပါးနေသေးတယ်ဆိုရပါမယ်။ အသက်ကလည်း လူလတ်ပိုင်းအရွယ်ကိုရောက်နေလို့ လူငယ်တွေဝတ်တဲ့အဝတ်အစားတွေနဲ့လည်း အဆင်မပြေ၊ ခေတ်မီမီလေးလည်းဝတ်ချင်တယ်ဆိုရင်တော့ လူလတ်ပိုင်းတွေ ဝတ်လို့ရတဲ့ခေတ်မီစတိုင်ကျတဲ့ အဝတ်အထည်တွေကိုရှာဖွေဝယ်ယူဖို့လိုလာပါပြီ။

ဒီတစ်ပတ်မှာ လူလတ်ပိုင်းအမျိုးသမီးတွေအတွက် အင်္ကျီတွေကို အရွယ်အစားမျိုးစုံရနိုင်ပြီး စတိုင်ကျသပ်ရပ်တဲ့ပစ္စည်းကောင်းနှစ်သက်သူတွေ စိတ်တိုင်းကျမယ့်ဆိုင်ကို ဈေးဝယ်ထွက်ဖို့ လမ်းညွှန်ပေးလိုက်ရပါတယ်။

ဒီဆိုင်မှာရှိတဲ့ ပစ္စည်းအားလုံးက ထိုင်းနိုင်ငံကတင်သွင်းတာဖြစ်ပြီး ချည်သားနဲ့ ဆွဲသားအဝတ်အထည်တွေဖြစ်လို့ နေ့စဉ်အပြင်ထွက်ရင်ရော သာမန်ပွဲတွေမှာပါ ဝတ်လို့အဆင်ပြေနိုင်ပါတယ်။ ပူအိုက်တဲ့အချိန်မှာ ချည်သားအင်္ကျီပွပွချောင်ချောင်ကို စတိုင်ကျကျလေးဝတ်ချင်သူတွေအတွက် အဆင်ပြေသလို ဆွဲသားတွေကလည်း ခေတ်မီမီမရိုးမဆန်း ပုံစံလေးတွေနဲ့ ဝတ်သူကို စမတ်ကျလှပစေနိုင်မှာဖြစ်လို့နှစ်သက်ရာကိုရွေးချယ်နိုင်မှာပါ။



ဈေးနှုန်းအနေနဲ့တော့ ၈,၅၀၀ ကျပ်ကနေ ၁၀,၀၀၀ ကျော်လောက်ထိရှိလို့ သင့်တင့်တဲ့ ပုံမှန်ဈေးလို့ ပြောနိုင်ပါတယ်။ လူလတ်ပိုင်းအမျိုးသမီးတွေ စိတ်တိုင်းကျပုံစံကို ရွေးချယ်နိုင်သလို အရွယ်အစားမျိုးစုံလည်းရှိတဲ့အတွက် အဝလွန်သူတွေလည်းမတော်မှာပူစရာမလိုပါဘူး။

ဒီဆိုင်ကိုတစ်ခေါက်လောက် ဈေးဝယ်ထွက်ကြည့်ဖို့ ဆိုင်လိပ်စာက United Living Mall ဒုတိယထပ်က Bambini Collection မှာလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



ဓာတ်ပုံ - ဇော်မောင်မောင်(အမရပူရ)



# နေဝင်ချိန် တောက်ဆဲတိမ်အလှများ

သင်းရီ

**နှစ်ရက်တိတိလာစောင့်နေပြီးမှ သူ့ကိုမြင်လိုက်ရသည့်အခါ သူရောကိုယ်ပါနှစ်ဦးစလုံး နှစ်ပေါင်းလေး ငါးဆယ်နီးပါးရှိသည့် အတိတ်ထဲ၌သာ မရွေ့မလျားရှိနေခဲ့လေသလားဟုပင် ထင်လိုက်ရသည်။ သူလှုပ်ရှားသွားလာပုံ၊ ဝတ်စားပုံတွေက ဟိုတုန်းက အတိုင်းပင်ရှိသည်။**

ရှပ်အင်္ကျီခါးစကိုပုဆိုးအပြင်ထုတ်လျက်ပုဆိုးခပ်တိုတိုဝတ်ထားသည့် သူ့ဝတ်ပုံဆင်ပုံ၊ဘေးဘီဝဲယာသို့မျက်လုံးမကစားဘဲ သူ့ရှေ့တူရူ၌သာ တည်ငြိမ်စေလျက် ဝါတော်ရ ရဟန်းတစ်ပါး ဆွမ်းခံကြွလာသလိုလမ်းလျှောက်ပုံ၊ နေကာအဝိုင်းပြားကြီးကြီးပါသည့် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပုံ၊ ဆေးပေါ့လိပ်တိုလေးကို နှုတ်ခမ်းအလယ်မှာခိုင်မြဲစွာပင် တွဲလောင်းချိတ်ထားပုံများက ဟိုတုန်းအခါ နှစ်ပေါင်းလေးငါးဆယ်ခန့်ကအတိုင်းပါပဲဟုဆိုရမည်။

ကျွန်တော့် မျက်လုံးထဲတွင် မှတ်မိနေသည့်အတိုင်းကမူ သူ့နှုတ်ခမ်းတွင် ဟိုတုန်းကရှိနေခဲ့သည်မှာ ပြည်မြို့မှထွက်သော'ခင်လှစိန်' ဆေးပြင်းလိပ်သာဖြစ်၏။ ယခုတော့ ခင်လှစိန်ဆေးပြင်းလိပ်မဟုတ်တော့ဘဲ ရှမ်းဒေါင်းဆေးပေါ့လိပ်တိုလေးဖြစ်နေသည်။

နောက်တစ်ခု ကွဲလွဲနေတာတစ်ခုရှိသေးသည်။ ဟိုတုန်းအခါကတော့ဘူတာပလက်ဖောင်းပေါ်တွင် ခပ်ဖြည်းဖြည်းလျှောက်လာမြဲဖြစ်သည့် သူ့ချိုင်းကြားထဲတွင် လက်ကိုင် အလံအနီရောင်တစ်ခုနှင့် အစိမ်းရောင်အလံတစ်ခုကို သေသပ်စွာလိပ်ပြီးညှပ်ထားတတ်သည်။ ယခုတော့ ထိုအလံလေးတွေသူ့ချိုင်းကြားမှာ ပါမလာတော့။ ၁၉၈၉ ခုနှစ်ကတည်းက သူ သက်ပြည့်ပင်စင်ယူခဲ့ရပြီမို့ အငြိမ်းစားဖြစ်ခဲ့သည်မှာ ၂၂ နှစ်ပင်ရှိခဲ့ပြီ။

သို့သော် သူနှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သည့် ဘူတာရုံလေးကို သူမမေ့နိုင်ခဲ့။ ကင်းကင်းကွာကွာမနေနိုင်ခဲ့။ သံယောဇဉ်မပြတ်နိုင်ခဲ့။

၁၉၂၉ ခုတွင် မွေးဖွားခဲ့သည့် သူက ယခုအခါ အသက် ၈၂ နှစ် အရွယ်ရှိပြီဖြစ်သော်လည်း သက် ၁၆နှစ်သားအရွယ်ကတည်းကပင် သူ စတင်အလုပ်ဝင်ခဲ့သည့်'ဘူတာရုံလုလင်' အလုပ်ကလေးကို တွယ်တာလျက်ရှိတုန်း။ သံယောဇဉ်ကြီးတုန်း။

သူ့အလုပ်မှ အငြိမ်းစားယူရစဉ်ကသူ့လစာလေးမှာ ၁၅၀ ကျပ်သာဖြစ်သဖြင့် သူ့ပင်စင်လစာက ကျပ် ၉၀သာဖြစ်၏။ အလုပ်ထဲမှာတုန်းကတော့ လက်ဖက်ရည် အလွန်ကြိုက်တတ်သည့် သူကလက်ဖက်ရည်ကျကျဆိမ့်ဆိမ့်လေးမနက်တစ်ခွက်၊ နေ့လယ်တစ်ခွက်၊ ညတစ်ခွက်လောက် သောက်ပြီး 'ခင်လှစိန်' ဆေးပြင်းလိပ်တိုလေး နှုတ်ခမ်းဖျားမှာ ချိတ်ထားလိုက်ရလျှင် နတ်စည်းစိမ်ဆယ်သက် တကယ်မမက်ပေါင်ဗျာဟုပင် ဆိုချင်လေမည်လားမသိ။ ထိုအခါတုန်းကတော့သူ့လစာလေး ၁၅၀ ကတစ်ခွက် ၂၅ပြားသာရှိသည့်လက်ဖက်ရည်ကို သောက်နိုင်ခဲ့သေး၏။ ထို့ကြောင့် မီးရထားဘူတာလုလင်ဦးတင်အောင်ကဘူတာလမ်းထောင့်မှ သူ့မိတ်ဆွေ ဦးမုရှန်၏ တရုတ်လက်ဖက်ရည်ဆိုင်သို့ နေ့စဉ်ပုံမှန်သုံးကြိမ်သွားခဲ့သည်။

ယခုအခါဘူတာလမ်းထောင့်မှ ဦးမုရှန်၏ လက်ဖက်ရည်ဆိုင်လေးကို ဦးမုရှန်၏ သားသမီးတွေက ဆက်ဖွင့်ထားသဖြင့်ရှိနေသေးသော်လည်း သူ့မိတ်ဆွေ ဦးမုရှန်ကားမရှိတော့ပြီ။ သူလည်း ဦးမုရှန်၏ လက်ဖက်ရည်ဆိုင်သို့ မရောက်တော့ပြီ။

သူ့မိတ်ဆွေ ဦးမုရှန် ကွယ်လွန်သွားခဲ့ခြင်းကြောင့်တော့ မဟုတ်၊ သူရသောအငြိမ်းစားလစာငွေ ၉၀ ကျပ်က တစ်ခွက်ကို ၂၀၀ ကျပ်ဖြစ်နေသည့် လက်ဖက်ရည်တန်ဖိုးနှင့် ကွာလှမ်းလွန်းလှသောကြောင့်ဖြစ်လေ၏။

ထို့ကြောင့် နှစ်ပေါင်းများစွာသူ စွဲလမ်းနှစ်ချိုက်ခဲ့ရသောလက်ဖက်ရည်ကို သံယောဇဉ် ဖြတ်ခဲ့ရသည်။မက်မောတွယ်တာသည့်ခင်လှစိန်ဆေးပြင်းလိပ်ကလည်း ဈေးတက်သွားသဖြင့် ဈေးသင့်သည့် ရှမ်းဒေါင်းဆေးပေါ့လိပ် ဘက်လှည့်ကာ အစားထိုးခဲ့ရသည်။

သူမက်မောခဲ့သည့်လက်ဖက်ရည်ကိုဖြတ်ကာ သူစွဲလမ်းခဲ့သည့် ဆေးပြင်းလိပ်ကိုဆေးပေါ့လိပ်ဖြင့် အစားထိုးနိုင်ခဲ့သော်လည်း သူနှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဘူတာရုံလေးကိုကား သူသံယောဇဉ်မဖြတ်နိုင်ခဲ့။

နေ့စဉ် ပုံမှန်နေ့လယ် ၃ နာရီခွဲအချိန်ရောက်တိုင်း သူတာဝန်ထမ်းခဲ့ရာ ဘူတာရုံလေးသို့သူမလာဘဲမနေနိုင်ခဲ့။မထနိုင်လောက်အောင်နေထိုင်မကောင်းဖြစ်သည့်အခါမျိုးမှလွဲလျှင် ဘူတာရုံလေးသို့ နေပူပူမိုးရွာရွာ သူဝတ်မပျက်အရောက်လာတတ်သည်။

စာ(၁၁)သို့

## ဝက်သားပန်းငရုတ်နှပ်



# ဒီလိုလေး ချက်ကြရအောင်



ဝိုက်ဇီ

ဝက်သားကို အလွန်ကြိုက်သော်ငြားလည်းဝက်နားရွက်ပြာကြောင့် အိမ်မှာ ဝက်သားချက်မစားတာကြာပြီဆိုတဲ့ ပရိသတ်ကြီးလည်း ခုလောက်ဆိုရင်တော့ ဝက်သားပြန်စားရဲလောက်ပြီထင်ပါတယ်။ အဲဒီတော့ ဒီတစ်ပတ်ဝိုက်ဇီက ဝက်သားပန်းငရုတ်နှပ်ဟင်းချက်ထားပါတယ်။

ဒီဟင်းချက်ဖို့ ဝက်သားသုံးထပ်သား (အဆီအသားအထပ်ညီသောသုံးထပ်သားကိုရွေးပါ) ၂၀ ကျပ်သား၊ ပန်းငရုတ်ပွ ၅ တောင့်ပဲလိုပါတယ်။ သုံးထပ်သားကိုအရင်ဆုံးအသားအမြှောင်းလိုက် ရေဆေးသန့်စင်ပါမယ်။ ပြီးတော့မှ မထူမပါး အပြားလိုက်လေးတွေညီညီလှီးပါ။ လှီးပြီးတဲ့ အသားပြားလေးတွေကို ပဲငံပြာရည်အကြည်၊ ဆား၊ သကြားအနည်းငယ်ထည့်ပြီး အသားထဲစိမ့်ဝင်အောင်နယ်ပေးထားပါ။ ငရုတ်ပွကိုတော့ တစ်တောင့်ကို ရှစ်စိပ်လောက် စိပ်လိုက်ပါ။

ဆီသတ်ဖို့အတွက် ကြက်သွန်ဖြူနီကိုထောင်းတဲ့အခါမှာ ငရုတ်နီအပွတောင့်၊ ဒါမှမဟုတ် ငရုတ်သီးခြွဲခြမ်းကိုထည့်ထောင်းလိုက်ပါ။ အရောင်ပိုလှဖို့နဲ့ အစပ်အရသာပိုကဲအောင် ငရုတ်သီးအရောင်တင်မှုန့်နဲ့မသုံးဘဲ ငရုတ်ခွဲခြမ်းကို တစ်ခါတည်းထည့်ထောင်းတာဖြစ်ပါတယ်။

ဆီသတ်ပြီးရင်တော့ အသင့်ပြင်ထားတဲ့ဝက်သုံးထပ်သားကိုထည့်ပြီး ဝက်အဆီတွေ ကျုံ့သွားအောင် ဆီပူထဲမှာပဲရေမထည့်ဘဲ မွှေပေးရပါမယ်။ ၃ မိနစ်လောက်နေမှ ရေနည်းနည်းလေးထည့်ပြီး ခဏထပ်မွှေပေးပါ။ အဲဒီ ပထမရေခမ်းသွားမှ အသားတုံးတွေမြုပ်လောက်တဲ့အထိ ရေထည့်ပြီး နူးအိသွားအောင်တည်ရပါမယ်။ ဝက်သားနူးပြီးဆီပြန်သွားမှ ပန်းငရုတ်ပွတွေထပ်ထည့်လိုက်ပါ။ ငရုတ်ပွအစိမ်းရောင်မပျောက်အောင် ရေနည်းနည်းလေးပဲပက်၊ ပက်ပေးပြီး မွှေပေးရပါမယ်။ ပန်းငရုတ်ပွလေးတွေနူးပြီဆိုရင်တော့ ဆီပြန်ရင် ချလို့ရပါပြီ။

ဝက်သားအဆီအခေါက်မစားတဲ့ သူတွေအတွက် ဒီဟင်းလေးက အဆီအခေါက်ကမအီစေဘဲ အချိုနဲ့အစပ်မျှမျှတတ ဖြစ်နေတာမို့ မြည်းစမ်းချက်ပြုတ်ကြည့်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။









## စက်သုံးဆီဆိုင်ဝန်ထမ်းအချို့ ဆီစား

နေလင်းအောင်

ရန်ကုန်၊ ဩဂုတ် - ၂

လှိုင်ကော်မြို့ပေါ်ရှိပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့တွင် ဆိုင်ကယ်ဖြင့် ဆီထုတ်ယူသူများအား ဂါလန်ပြည့်မပေးဘဲ ပိုလျှံဆီများအား ဆီဆိုင်ဝန်ထမ်းများက အလွဲသုံးစားပြုလုပ်လျက်ရှိကြောင်း ဒေသခံများကပြောသည်။

ဆီထုတ်ယူရောင်းစားခြင်းများအား ကာကွယ်သည့်အနေဖြင့် ယင်းမြို့တွင် ခာတ်ဆီပေးဝေမှုအား ဆိုင်ကယ်ဆီပုံးဖြင့်သာ အပြည့်ဖြည့်ပေးပြီး ပိုလျှံသော တစ်ပုလင်းခန့်ကိုဆီဆိုင်မှ ပြန်ယူထားကြောင်း မြို့ခံတစ်ဦးကပြောသည်။ ယင်းနှင့်ပတ်သက်၍ ဖယ်ခုံရပ်ကွက်နေသူတစ်ဦးက "သူတို့က ဆိုင်ကယ်ပုံးအပြည့်ပဲပေးတာ။ ဆိုင်ကယ်အတွက် တစ်ဂါလန်သတ်မှတ်ထားပေမယ့် ၀ ဒသမ ၆ လီတာပဲရတာပေါ့။ အဲဒီမှာ ပိုတဲ့တစ်ပုလင်းကိုမပေးဘူး။ ပြန်တောင်းရင် ပုလင်းအပိုနဲ့ လဲယူခွင့် မရတော့ သူတို့က သူတို့မယူတာသိအောင် ဆီတွေကို မြေကြီးပေါ် လောင်းချပစ်လိုက်တယ်"ဟု ၎င်းကပြောသည်။ ထို့ကြောင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့တွင် ဝန်ထမ်းများ၏ ဆက်ဆံရေးမပြေပြစ်မှု၊ ပိုလျှံဆီ အလွဲသုံးမှုများအား သက်ဆိုင်ရာ လုပ်ကိုင်ခွင့်ရကုမ္ပဏီများအနေဖြင့် စိစစ်သင့်ကြောင်း လှိုင်ကော်မြို့ပေါ်မှ ပညာရေးဝန်ထမ်းတစ်ဦးက 7Day News သို့ပြောသည်။



## စာ-၉၊ နေဝင်ချိန်တောက်ဆဲတိမ်အလှများ မှ

လာသည်မှာလည်း လာရုံမျှသက်သက်မဟုတ်။ ဘူတာရုံလေးသို့ သူရောက်ပြီဆိုသည်နှင့် သူ့တွင် အသင့်ပါလာသော လျှော်ဖွတ်သန့်စင်ပြီးသား တဘက်ကလေးဖြင့် ဘူတာရုံလေး၏ ပြတင်းမှန်တွေ၊ ရုံပိုင်စားပွဲတွေ၊ လက်မှတ်ရောင်းခုံတွေအားလုံး သန့်စင်တောက်ပြောင်အောင်ဖုန်ခါတိုက်ချွတ်တော့သည်။ သည်သန့်ရှင်းရေးတာဝန်ကို ထမ်းဆောင်ဖို့ သူလာခြင်းဖြစ်၏။

ထိုတာဝန်ကိုမည်သူကမျှပေးအပ်ထားသည်မဟုတ်။ နှစ်ပေါင်းများစွာ သူတာဝန်ထမ်းဆောင်ခဲ့သည့် သူ့ဘူတာရုံလေးအပေါ် သံယောဇဉ်ကြီးစွာ သူ့ဘာသာသူ ရယူထားခြင်းဖြစ်၏။ ထိုသို့နေ့စဉ်မပြတ် ဆောင်ရွက်နေခြင်းအပေါ် မည်သူကမျှ ကရုဏာဖြင့် ရေအေးတစ်ခွက်ပင် တိုက်ဖော်ရသည်လည်းမဟုတ်။ သို့သော် အသက် ၈၂ နှစ် အိုမင်းသည့်အရွယ်ဆိုသည့်တိုင်လှုပ်ရှားသွားလာနိုင်နေသေးသည့်သူက သူ့ဘာသာယူထားသည့်တာဝန်အပေါ် မောရပန်းရဖို့ကိုပင် သတိမရနိုင်ခဲ့။

သန့်ရှင်းရေးကိစ္စတွေ အားလုံးပြီးအောင် ဆောင်ရွက်ပြီးပြီဆိုမှ ခရီးသည်တွေထိုင်ဖို့လုပ်ထားသည့် ခုံတန်းလျားတစ်ခုခုပေါ် တစ်အောင့်တစ်ထောက် ထိုင်နားတတ်သည်။ သည်ကဲ့သို့အမောပြေထိုင်နားစဉ်တွင်တော့ ဟိုတုန်းအခါ သူ့ဇနီးသည် ဒေါ်ပြော့ရှိစဉ်က ဆေးပေါ့လိပ်ကွမ်းယာနှင့် တိုလီမိုလီလေးတွေရောင်းခဲ့သည့် ဈေးဆိုင်ခုံလေးကိုငေးကာ သွားနှင့်လေသူသူ့ဇနီးသည် ဒေါ်ပြော့ကို သတိရနေလေမည်လားမသိ။ ယခုတော့ ထိုဈေးဆိုင်ခုံလေးတွင် သူ့သား အငယ်ကောင်၏ ဇနီးက အမွေဆက်ခံကာမိရိုးဖလာကွမ်းယာဆေးလိပ်ကိုပင်ရောင်းနေဆဲ၊

သို့သော် သူ့အမြင်ထဲတွင်တော့ထိုဈေးဆိုင်ခုံလေးပေါ်၌ သူ့ဇနီး ဒေါ်ပြော့ကိုသာ မြင်ယောင်နေမိလေမည်လားမပြောတတ်။

ရထားလမ်း တစ်ခုတည်းကိုသာ အားကိုးရသည့် သဲကုန်းမြို့လေး၏ ဘူတာရုံလေးဆိုပေမဲ့ ရထားစီးရေကများလှသည်မဟုတ်။ မနက်အစောတွင်ပြည်မှ ရန်ကုန်သို့ထွက်သည့် စာပို့ရထားတစ်စီး။ မနက် ၉ နာရီလောက်တွင် လက်ပံတန်း-ပြည် လော်ကယ်တစ်စီး။ နေ့လယ်တစ်နာရီတွင်ပြည်-လက်ပံတန်း လော်ကယ်တစ်စီး။ ညနေ ၅ နာရီတွင် ရန်ကုန်-ပြည် စာပို့တစ်စီး။ ည ၈နာရီတွင် ရန်ကုန်-ပြည်အမြန်ရထား တစ်စီး။ ည ၁၂ နာရီတွင် ပြည်-ရန်ကုန် အမြန်ရထားတစ်စီး။ ဒါပဲ ဘူတာတွင် အရပ်အနားရှိသည်။ ညဦးပိုင်းနှင့် နေ့လယ်ပိုင်းတွင်တစ်ရက်ခြားအသွားအပြန်လုပ်သည့်ရန်ကုန်-ပုဂံ အမြန်ရထားကတော့ သဲကုန်းဘူတာလေးတွင် မရပ်တတ်။

ဟိုစဉ်အခါတုန်းကလည်း သည်လိုပင် ရထားစင်းရေနည်းလှသည့် ဘူတာလေး၌ဘူတာလုလင်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ဦးတင်အောင်နှင့် ဘူတာဈေးသည်လေးအဖြစ်ဈေးရောင်းခဲ့ဖူးသည့် သူ့ဇနီးဒေါ်ပြော့တို့သည်မရှိမရှားတစ်ဝမ်းတစ်ခါးတော့ဝအောင်လှအောင် သားလေးသမီးလေးတွေကိုလည်း လူတန်းစေ့အောင်လေးတော့ထားနိုင်ခဲ့ကြသည်။ စုစုဆောင်းဆောင်းချွေးနဲ့စာလေးဖြင့် လှူနိုင်တန်းနိုင်လည်း ရှိခဲ့ကြသေးသည်။

ထိုအေးချမ်းသော ဘဝလေးကိုတည်ဆောက်ခဲ့ရာ ဈေးဆိုင်ခုံလေးကိုငေးကြည့်နေသည့် အဘိုးအို ဦးတင်အောင်က ဈေးဆိုင်ခုံလေး၏ နောက်ကျောဘက်တွင်ရှိသည့်အလံချိုးခုံရှိရာသို့လည်းမျက်စိရောက်မိမည်မှာ အသေအချာပင်။ ထိုအလံချိုးခုံမှရစ် ဘီးလက်တံကြီးကို သူ့လုပ်သက် ၄၂ နှစ်အတွင်းအကြိမ်ပေါင်းထောင်သောင်းမကလှည့်ခဲ့ဖူးပြီ။ ယခုတော့ သူလှည့်ခဲ့ဖူးသည့် ထိုအလံချိုးခုံမှရစ် ဘီးလက်တံကိုသူ့သားအကြီးကောင်က အမွေဆက်ခံခဲ့ပြီ။ သူချိုင်းကြားတွင်ညှပ်နေကျ အလံအနီအစိမ်းနှစ်ခုကလည်း သူ့သားကြီးလက်ထဲရောက်ခဲ့ပြီ။ သူ့သားကြီးက သဲကုန်းဘူတာရုံလေးမှာ သူ့အမွေဆက်ခံလျက်ဘူတာလုလင်ဖြစ်နေပြီ။ ဇင်ပြာဝတ်စုံကို ဝတ်ဆင်ကာ သူ့အမွေခံမီးရထားဝန်ထမ်းဖြစ်ခဲ့ပြီ။ သူ့သားကိုကြည့်ရင်း သူ့အဝတ်သေတ္တာထဲတွင် သူသံယောဇဉ်ကြီးစွာ သိမ်းဆည်းထားဆဲရှိသည့်ဘူတာလုလင်ဝတ်စုံပြာလေးကို သူသတိရနေတတ်သည်။ သူသည် သူ့အလုပ်ကို အလွန်လေးစားချစ်ခင်ခဲ့သူဖြစ်ပါ၏။

ထို့ကြောင့်ပင် လမ်းစဉ်ပါတီခေတ် ၁၉၈၅က ဝန်ထမ်းကောင်းဆု ချီးမြှင့်ခြင်းခံရသည်။ ဆုငွေကထိုခေတ်ထိုအခါက မနည်းလှသောငွေ၃,၀၀၀ကျပ်ဖြစ်သော်လည်း ထိုငွေထက် မီးရထားဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်လက်မှတ်ထိုးပေးသည့် ဂုဏ်ပြုလက်မှတ်ကလေးကို သူက ပို၍မက်မောစွာတန်ဖိုးထားသည်။ သူ့အိမ်နံရံတွင် လှပသည့် မှန်ပေါင်လေးဖြင့်အသေအသပ်ထည့်ကာ ချိတ်ထားသည့်သူ့ဝန်ထမ်းကောင်းဂုဏ်ပြုလက်မှတ်ကလေးကိုပင့်ကူအိမ်မတွယ်စေရ။

ဘူတာလုလင်တစ်ယောက်၏တာဝန်က ဘူတာသန့်ရှင်းသပ်ရပ်ရေးအပြင် အခြားအလုပ်တွေလည်းရှိသေးသည်ထင်၏။

ကျွန်တော်ငယ်စဉ် ကလေးဘဝကတည်းက နေထိုင်ခဲ့သောအိမ်သည်ပြည်-ရန်ကုန် မီးရထားလမ်းကို ကျောပေးထားလျက် မီးရထားလမ်းအချက်ပြအတွင်း အလံတိုင် အနီးတွင်ရှိသဖြင့် မီးရထားဝန်ထမ်းများ၏ လှုပ်ရှားသွားလာလုပ်ဆောင်မှုများနှင့် ငယ်စဉ်ကတည်းကပင် ရင်းနှီးနေခဲ့၏။ ထိုအနှစ်လေးငါးဆယ်အချိန်ကိုပြန်တွေးမိသည်။

မီးရထား လာချိန်နီးပြီဆိုလျှင် ဂျူတီချိန်မို့ ဇင်ပြာဝန်ထမ်းဝတ်စုံ ဝတ်ထားသည့် ဦးတင်အောင်ကအချက်ပြအလံတိုင်သော့ကိုယူ၊ အလံအနီအစိမ်းနှစ်ချောင်းချိုင်းကြားညှပ်၊ အလံတိုင်ရှိရာသို့လာ၊ အလံတိုင်သော့ကိုဖွင့်ပြီးသည်နှင့် သူ့တွင်ပါလာသည့်အလံစိမ်းကိုဘူတာမှ မြင်သာအောင်ဝှေ့ရမ်းပြရသည်။ သူအလံပြသည်မြင်မှအခြား ဘူတာဝန်ထမ်းတစ်ယောက်ယောက်က အလံချိုးခုံမှရစ်ဘီးကို လှည့်ပြီးအလံချိုးရသည်။ အလံချိုးမထားလျှင် အပြင်အလံတိုင်၌ပင် မီးရထားရပ်ရသည်။ ဝင်လာခွင့်မရှိ။ အလံချိုးအချက်ပြမှ ဘူတာသို့ဝင်နိုင်သည်။

ညနေဘက် မှောင်တရီရောက်ပြီဆိုလျှင် တောင်ဘက်နှင့်မြောက်ဘက်ရှိ အတွင်းအပြင် အလံတိုင်များသို့ ရေနံဆီမီးအိမ်တွေတင်ဖို့ ရေနံဆီဖြည့်ပြီးသားမီးအိမ်တွေဆွဲကာဦးတင်အောင် တရွေ့ရွေ့သွားနေခဲ့ပုံကိုလည်း မှတ်မိနေသေး သည်။

အလံတိုင်ထိပ်မှ အလံရွက်အရင်းတွင်မီးအိမ်ထည့်ဖို့ အိမ်လေးတွေပါသည်။ ထိုအိမ်တွင်မှန်အနီအစိမ်းတပ်ထားသဖြင့် အလံချိုးလိုက်လျှင်မီးကစိမ်းသွားမည်။ ည၌အခါမို့ မီးစိမ်းမြင်မှ မီးရထားဝင်လာခွင့်ရှိသည်။ ထိုသို့ မီးအိမ်လေးတွေကိုလည်း ဦးတင်အောင်ပင် တင်ခဲ့ဖူးတာကျွန်တော်မမေ့သေး။ မနက်လင်းတော့ ထိုမီးအိမ်ကလေးတွေကို အလံတိုင်ပေါ်မှပြန်ချတိုက်ချွတ်သန့်စင်ရေနံဖြည့်အလုပ်တွေကိုလည်း ဦးတင်အောင်ပင်လုပ်ခဲ့ဖူးသေးတာကျွန်တော်မှတ်မိနေသည်။

တစ်ခါတစ်ရံကျောင်း ပိတ်ရက်များ၌စပ်စပ်စုစုနိုင်သောကျွန်တော်ကဘူတာရုံသို့ ရောက်သွားငေးမောတတ်သေးသည်။

ထိုအခါမျိုးတွင်လည်း ဦးတင်အောင်ကို အလကားထိုင်နေသည်မမြင်ခဲ့။ တစ်ခါတစ်ရံဟိုဘက်ဘူတာမှ လှမ်းဆက်သွယ်သဖြင့်“ကတတ် ကတတ်ကတတ်. . တတ်တတ်. . ကတတ်” ဟု မြည်နေသော ကြေးနန်းခုံမှ လက်နှိပ်ခလုတ်ကလေးကို နှိပ်ကာ တစ်ဖက်သို့ ပြန်ဆက်သွယ်နေတာလည်း မြင်ရဖူးသည်။

လမ်းကင်းရှင်းကြောင်း (line clear) အထောက်အထား ခိုင်လုံမှုကိုပြသည့် ကြေးဝါပြားကြီးတွေ အလှည့်ကျထွက်လာရာ‘ပဒေါက်ခုံ’ ဟု ဦးတင်အောင်ကခေါ်သော သဘော်ဆေးအနီသုတ်ထားသည့် သံထည်ပုံးကြီးတွေပေါ်မှ ကြေးဝါခလုတ်တွေနှင့် ကြေးဝါခေါင်းလောင်းကြီးတွေကို ရွှေရောင်ဖိတ်ဖိတ်လက်အောင် ကြေးညှိချွတ်ဆေးဖြင့် အမြဲလိုသူ တိုက်ချွတ်နေတာလည်းမှတ်မိနေသည်။

ကလေးဘဝ အငြိမ်မနေဆော့ရင်းဘူတာစကြံထဲမှ အင်္ဂလန်လုပ် (AVERY)တံဆိပ် တပ်ထားသော ပိဿာချိန်ကတ္တားကြီးပေါ် ကျွန်တော်တက်တော့ ချိန်ပုံချိန်နည်း ကိုဦးတင်အောင်က ပြပေးခဲ့ဖူးတာလည်း မှတ်မိသေးသည်။

ရှုပ်တီးရှုပ်နောက်ရှိလှသည့် အစ်ကိုအရွယ်တွေက မြှောက်ပေးသဖြင့် မီးရထားဂတ်ဗိုလ်ကြီးကို ရထားအထွက်တွင် “ဗျို့ . . . မီးရထား စပယ်ယာကြီး တာ့တာ” ဟု အော်ပြီးနှုတ်ဆက်မိသဖြင့် ဂတ်ဗိုလ်ကြီး ဒေါသထွက်ကာ “နွားလေး မီးရထားစပယ်ယာလို့ နင့်ဘယ်အမေ့လင်က သင်ပေးတုံး” ဟုအဆဲခံရတာသဘောကျသဖြင့် မီးရထားစပယ်ယာကြီးဟု သာထပ်ခါထပ်ခါ အော်မိတာလည်း မှတ်မိနေသည်။ ငယ်ငယ်တုန်းကလည်းဆပ်ဆပ်ဆော့ဆော့စပ်စပ်စုစု။ အခုလည်း သည်စရိုက်က မပျောက်ချင်သေး။

ထို့ကြောင့်ပင် မွေးဇာတိမြို့လေးသို့ ပြန်ရောက်တုန်း ရောက်ခိုက် သူတာဝန်ထမ်းဆောင်ခဲ့သည့်ဘူတာရုံလေး၏ သန့်ရှင်းရေးကိုအသက်၈၀ကျော်သည့်တိုင်စေတနာ့ဝန်ထမ်းထမ်းဆောင်နေဆဲရှိသည့် အဘိုးကြီး ဦးတင်အောင်ကို ကျွန်တော် တမင်တဆင်သွားထိုင်စောင့်ကြည့်နေမိခြင်းဖြစ်သည်။

သူ့ကို ကြည့်နေရင်းမှပင် စင်္ကြံထဲမှ ကတ္တားကြီးဆီ မျက်လုံးရောက်လိုက်မိတော့ “ဟာ. . ဒီကတ္တားကြီးဟာ ငါငယ်ငယ်တုန်းကတက်ဆော့ခဲ့ဖူးတဲ့ ကတ္တားကြီးပါပဲလား” ဟု မှတ်မိသည်။ ချက်ချင်းပင်ကတ္တားကြီးရှိရာသို့ ထသွားမိသည်။ ကတ္တားကြီးကိုယ်ထည်ပေါ်တွင် အရောင်ပင်မမှိန်သေးသည့်(name plate)တံဆိပ်ပြားလေးကိုဖတ်ကြည့်သည့်အခါ ထုတ်လုပ်သည့်နေ့စွဲကို ရှာမတွေ့သော်လည်း AVERY Made in England ဟုတွေ့သည်။ သူ့သက်တမ်းလည်း သေးတော့မည်မဟုတ်။ ကတ္တားကြီးပေါ် တက်ချိန်ကြည့်တော့ သက်တော်ရှည်ကတ္တားကြီးလည်း ပိဿာချိန်ကို မှန်ကန်စွာပြနိုင်နေသေးကြောင်းတွေ့ရသဖြင့်အံ့ဩရသည်။ သည်ကတ္တားကြီးသည်လည်း နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းဟောင်းကြီးပင်ဖြစ်လေ၏။

၁၆ နှစ်သား အရွယ်ကပင် စတင်ကာ မီးရထားဌာနတွင်အမှုထမ်းခဲ့လျက် ယခု အသက် ၈၂ နှစ်အရွယ်တိုင် ဘူတာရုံလေးကို သံယောဇဉ်မကုန်နိုင်သေးသော ဦးတင်အောင်နှင့်၎င်းကတ္တားကြီးသည် သက်တူရွယ်တူ ဖွားဖက်တော်တွေများလားဟုပင် အတွေးရှည်မိပါသေးသည်။

မည်သို့ဆိုစေ ယခုတိုးပေးသည့် ပင်စင်လစာနှင့် တွက်မည်ဆိုလျှင်တော့ အဘိုးကြီး ဦးတင်အောင်၏ပင်စင်လစာမှာ ၂၀,၀၀၀ ကျပ်နီးနီးတော့ရလေမည်ဖြစ်၏။

ထိုပင်စင်လစာငွေလေးထုတ်သည့်အခါ သူအလွန်ကြိုက်သည့် ဦးမုရှန်၏ လက်ဖက်ရည်ဆိုင်သို့လည်း တစ်နေ့တစ်ခေါက်မျှလောက်တော့သွားနိုင်ပါစေ၊ သူနှစ်သက်သည့် ခင်လှစိန် ဆေးပြင်းလိပ်ကလေးဖွာ၍လည်း ခံတွင်းချဉ်ပြေနိုင်ပါစေဟု မုဒိတာဆုတောင်း တောင်းလိုက်ရပါတော့သည်။ ။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

### ကိုယ့်ရဲ့ ကြမ္မာဟာ ကိုယ်ပြုတဲ့ကုသိုလ်၊ အကုသိုလ် ကံတွေပေါ်မှာသာတည်တယ်. . .

လူတစ်ဦး၏ နောင်ဘဝတွင် ကြုံမည့်ကံကြမ္မာသည် သူယုံကြည်ကိုးကွယ်သော ဘာသာအယူဝါဒအပေါ် မှာ မတည်ပေ။ သူက ဘယ်ဘာသာကိုပဲ ကိုးကွယ်ကိုးကွယ်၊ သူကြုံတွေ့ရမည့်ကောင်းမှု၊ ဆိုးမှု၊ ဆင်းရဲမှု၊ ချမ်းသာမှုတို့သည် သူပြုမူခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံပေါ် မှာသာ မှီတည်သည်။ သူ ဘယ်ဘာသာကို ကိုးကွယ်သည်ဆိုတာက အရေးမကြီးပါ။ သူပြုမူခဲ့သော ယခုဘဝကောင်းမှုကံများအတွက် နောင်အနာဂတ်ဘဝတွင် သူသည် အစွန်းအထင်းကင်းသော ကောင်းကျိုးချမ်းသာကိုခံစားရမည်သာဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာက ဘုရားသခင်ရဲ့ ကျေးဇူးတော်ကိုခံတဲ့လူတွေသာပဲ နောင်တမလွန်ဘဝမှာ နတ်ပြည်သုဂတိကို ရောက်ရမည့်သူတွေရှိတယ်ဆိုတဲ့အယူကို လုံးဝလက်မခံပါဘူး။ ဒါမျိုးကို မြတ်စွာဘုရားက ဘယ်အခါကမျှ ဟောတော်မူခြင်းမရှိပါဘူး။

ဗုဒ္ဓဘာသာအမြင်မှာ ဘယ်အယူဝါဒကိုပဲ ကိုးကွယ်သည်ဖြစ်စေ သူ့ကြမ္မာဟာ သူပြုတဲ့ကုသိုလ်၊ အကုသိုလ်ကံတွေပေါ် မှာသာတည်ပြီး၊ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ ကံသတ္တိတစ်ခုတည်းကသာ ကံပြုသူ၏ ကောင်းကြမ္မာ၊ ဆိုးကြမ္မာကို ပြုပြင်ဖန်တီးတာဖြစ်တယ်လို့ယူဆပါတယ်။ ဗုဒ္ဓဘာသာတရားတော်အရ ကမ္မနိယာမက လူ့လောကထဲမှာ မညီမမျှဖြစ်နေကြရတာ၊ ဆူကြုံနိမ့်မြင့်ဖြစ်နေကြရတာ ဘာကြောင့်လဲဆိုတာ ဖြေရှင်းဖို့အတွက် ဟောကြားတော်မူခြင်းဖြစ်ပါတယ်။

ရည်ညွှန်း-‘ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက’ ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈- ၂၀၀၂)

### အယ်ဒီတာထံ ပေးစာ

ကျွန်မသည် ဒဂုံမြို့သစ်မြောက်ပိုင်း ၄၅ ရပ်ကွက်တွင် နေထိုင်သော ရုံးဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ ထိုရပ်ကွက်တွင် အစိုးရရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများစွာ ရှိပါသည်။ အစိုးရဝန်ထမ်းများ အားလုံးသည် ရုံးသွား၊ ရုံးပြန်ချိန်တွင် ဘတ်စ်ကားများကိုသာ အားကိုးနေရပါသည်။ မြောက်ဒဂုံ(၅၀) ကွေ့သို့ သွားသော ဘတ်စ်ကားအစီးရေမှာ အလွန်နည်းပါးလှပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများအတွက် သွားလာရေးအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ မြောက်ဒဂုံ(၇/၈) လမ်းဆုံမှတစ်ဆင့် ဒဂုံတက္ကသိုလ်သို့ သွားသော ယာဉ်လိုင်းများမှာ များပြားလှပါသည်။ ၅၀ ကွေ့သွားသော ဘတ်စ်ကားများမှာ အနည်းငယ်သာရှိသောကြောင့် ဘတ်စ်ကားလိုင်းများ တိုးချဲ့ပေးပါရန် 7Day News ဂျာနယ်မှတစ်ဆင့် တင်ပြအပ်ပါသည်။

ဒဂုံသူ

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## မျက်နှာဖုံး-မြေပြိုနိုင်  ဖားကန့် မြို့နယ်ရှိ ကျေးရွာတစ်ရွာကို ရွှေ့ပြောင်း မှ

ဖားကန့်မြို့နယ် အထက်မနမော်ကျေးရွာအား မြေပြိုကျနိုင်သည့် အန္တရာယ်ရှိ၍ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း ရွာရွှေ့ပြောင်းပေးခဲ့သောကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကျေးရွာအနီးတွင်ဆောင်ရွက်လျက်ရှိသည့် အစိုးရ၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်လျက်ရှိသောကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများကြောင့် အဆိုပါကျေးရွာမှာ မြေပြိုမည့် အန္တရာယ်နှင့် နီးကပ်လာခဲ့ခြင်းဖြစ်သည်။

အထက်မနမော်ကျေးရွာအား တာဝန်ရှိသူများ လိုက်လံစစ်ဆေးရာတွင် မြေပြိုကျနိုင်သောအန္တရာယ်ရှိသည့်အတွက် တစ်ရွာလုံးရှိ အိမ်ခြေ ၁၄၂ အိမ်ကို ရွှေ့ပြောင်းပေးခဲ့သည်ဟုဆိုသည်။ ထိုကျေးရွာရှိ လျှန်ရှန်းကုမ္ပဏီက နေအိမ် ၁၂၀နှင့် မျိုးနွယ်ကုမ္ပဏီက နေအိမ် ၂၂အိမ်တို့အား ထိုကုမ္ပဏီနှစ်ခု၏ပံ့ပိုးမှုဖြင့် ဖားကန့်မြို့နယ် မျောက်ဖြူကျေးရွာ၊ အလယ်မနကျေးရွာ၊ ရှရော်ခကျေးရွာများသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း လျှန်ရှန်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အထက်ပါကုမ္ပဏီနှစ်ခုမှာ ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများ ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

## မျက်နှာဖုံး-နေပြည်တော် မြေအောက်ရထားလမ်း ၊ ရှားက ဒီဇိုင်းရေးဆွဲပေးဟုဆို မှ

နေပြည်တော်တွင် မြေအောက်ရထားလမ်းတည်ဆောက်ရန် အစိုးရတာဝန်ရှိသူများက စိတ်ဝင်စားပြီး၊ မြေအောက်ရထားလမ်းဖောက်လုပ်ရန်ဖြစ်နိုင်ခြေ ရှိ၊ မရှိစမ်းသပ်တိုင်းတာခြင်းကို ယခုနှစ်ပိုင်းအတွင်းအကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်နှင့် ဟိုတယ်လုပ်ငန်းရှင်အချို့ကလည်း ပြောသည်။

ယခုနှစ်

"ကျွန်တော်တို့ကတော့ ဒါနဲ့ ပတ်သက်ပြီးတော့ ဘာမှမသိရသေးဘူး"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ်လ၈ရက်တွင် ပြောသည်။

အုပ်ချုပ်ရေးမြို့ တော် နေပြည်တော်တွင် အကယ်၍ မြေအောက်ရထားလမ်းဖောက်လုပ်ဖြစ်ပါက မြန်မာနိုင်ငံ၏ ပထမဆုံးမြေအောက်ရထားလမ်းစီမံကိန်းဖြစ်လာမည်ဖြစ်သည်။

## စာ-၂။ အစိုးရက ကြံစျေး နှစ်ဆတိုးပေးဝယ်ယူတော့မည် မှ

အစိုးရကလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးပေးမှုကို တစ်ဧကလျှင် ကျပ်နှစ်သောင်းမှ နှစ်ဆတိုး၍ ကျပ်လေးသောင်းကိုယခုနှစ်မိုးစပါးမှစပေးတော့မည်ဟုတာဝန်ရှိသူကဆိုသည်။ ယခုဝယ်စျေးကိုလည်း နှစ်ဆတိုးပေး၍ တောင်သူလယ်သမားနှင့်ပတ်သက်၍ အစိုးရက ပြုပြင်ပြောင်းလဲမှုနှစ်ခုပြုလုပ်လိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်မှ နှစ်အလိုက်ကြံသီးနှံဝယ်ယူခဲ့သော နှုန်းထားများမှာ ၂၀၀၃-၀၄ခုနှစ်တွင်၆,၀၀၀ကျပ်၊ ၂၀၀၄-၀၅ ခုနှစ်နှင့် ၂၀၀၅-၀၆ ခုနှစ်များတွင် ၇,၀၀၀ ကျပ်၊ ၂၀၀၆-၀၇၊ ၂၀၀၇-၀၈၊ ၂၀၀၈- ၀၉ ခုနှစ်များတွင် ၁၃,၅၀၀ကျပ်နှင့် ၂၀၀၉-၁၀ ခုနှစ်တွင် ၁၈,၅၀၀ ကျပ်နှုန်းများဖြင့် အသီးသီးဝယ်ယူခဲ့ကြောင်းလည်းသိရသည်။

## မျက်နှာဖုံး-ကျောင်းသားအချို့ မူးယစ်ဆေးဝါးသုံးစွဲမှုအပေါ် ကြပ်မတ်ထိန်းကျောင်းမှု အားနည်း မှ



ထို့အပြင် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်အပါအဝင် မူးယစ်ဆေးဝါးသုံးစွဲမှုများအား ကင်းရှင်းစေရေးအတွက် ကြပ်မတ်ဆောက်ရွက်သွားကြရန်ကိုလည်း ထိုကြေညာချက်တွင်ဖော်ပြထားသည်။

အခြေခံပညာကျောင်းများတွင် ကိုက်တစ်ရာအတွင်း ဆေးလိပ်၊ အရက်ရောင်းချမှုများ မရှိစေရေး စစ်ဆေးကြပ်မတ်မှုများအား တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲများ၊ မူးယစ်ဆေးဝါးကင်းစင်ကျောင်းအဖြစ် ဆိုင်းဘုတ်တင်ခြင်း၊ တားဆီးကာကွယ်ရေးဆိုင်ရာ စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲများ ကျင်းပပေးခြင်းများ အခြေခံပညာကျောင်းအလိုက် လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့အပြင် အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်များ ပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ မုန့်ဆိုင်များတွင် ဆေးလိပ်၊ အရက်၊ ရောင်းချမှုများမရှိစေရေးအတွက် တာဝန်ကျဆရာများက လိုက်လံစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံရဲတပ်ဖွဲ့ဝင်များနှင့် အခြားသက်ဆိုင်ရာအဖွဲ့များ ပူးပေါင်းစစ်ဆေးကြပ်မတ်ခြင်းများ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဆက်လက်ဖော်ပြထားသည်။

## စာ-၅။ တန်ဖိုးကြီး အိမ်ခြံမြေအရောင်းအဝယ်ရပ်တန့် မှ

"ရန်ကုန်မှာ တန်ဖိုးကြီး အိမ် မြေတွေကလည်း မရှိသလောက် အကုန်လက်ဝယ်ရောင်းပြီးပြီ"ဟု ယူနတီမှ ကိုဇော်ဇော်ကဆိုသည်။

လက်ရှိပြည်တွင်းအိမ်ခြံမြေ စျေးကွက်တွင် အိမ်ခြံမြေရောင်းဝယ်မှုသည် ကျပ်သိန်း ၁,၀၀၀အောက် အိမ်မြေများမှာ အရောင်းအဝယ်ဖြစ်နေသည်။ ကျပ်သိန်း ၂,၀၀၀၊ ကျပ်သိန်း ၃,၀၀၀မြေကွက်များမှာ အရောင်းအဝယ် မဖြစ်သလောက် အေးနေကြောင်းသတင်းရရှိသည်။

## စာ(၃) - တရားမဝင် ခရီးသွား ၁၅၀ ဦးအား ဖမ်းဆီးဟုဆို မှ

အထက်ပါ ဖမ်းဆီးရမိသော ဘင်္ဂါလီလူမျိုးများမှာ သံတွဲမြို့အထွက် စာနီတောင် စစ်ဆေးရေးဂိတ်နှင့် သံတွဲမြို့အထွက် နေရာအချို့တွင် ငါးလခန့်အတွင်း ဖမ်းမိခြင်းဖြစ်သည်။

တိုင်းရင်းသား မိဘနှစ်ဦးမှ မွေးဖွားခဲ့သူဖြစ်ပြီး အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားသော အစ္စလာမ်ဘာသာဝင်များအား ဇူလိုင် ၁၈ရက်မှစတင်ကာ လ. ဝ. က၏ ထောက်ခံချက်မလိုဘဲမြန်မာနိုင်ငံ အတွင်း ခရီးသွားလာခွင့်ပြုခဲ့သည်။ ၂၀၀၂ ခုနှစ်မှ စတင်ကာ "ဘင်္ဂါလီလူမျိုးများ ပြည်မသို့ ထိုးဖောက်ဝင်ရောက်မှု တားဆီးရေးအဖွဲ့"ကို ဖွဲ့စည်းပြီး ကျန်းမာရေးနှင့်ပညာရေးကိစ္စများအတွက်သာ လ. ဝ. က ၏ ထောက်ခံစာဖြင့် ခရီးသွားခွင့်ပြုခဲ့သည်။

"မြန်မာပြည်အနှံ့သွားလို့ရတယ်ဆိုပေမယ့် အစပိုင်းတော့ ခရီးသွားတွေရှိနေတယ်။ အကြောင်းကိစ္စမရှိရင်တော့ ပိုက်ဆံအကုန်ခံပြီး ဘယ်သွားကြတော့မလဲ။ ထူးထူးခြားခြားမဟုတ်ပါဘူး"ဟု သံတွဲခရိုင် လ. ဝ. ကမှူးကပြောကြားသည်။

ယခုခွင့်ပြုချက်အရ အကျုံးဝင်သော အစ္စလာမ်ဘာသာဝင်ကမန်နှင့် ဗရမကြီးတိုင်းရင်းသားများသာ သွားလာခွင့် ရသော်လည်း ဘင်္ဂါလီလူမျိုးများမှာ မြန်မာတိုင်းရင်းသားများမဟုတ်၍ ကန့်သတ်နယ်မြေမှ ကျော်လွန်သွားလာပါက ဖမ်းဆီးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"တိုင်းရင်းသားမိဘနှစ်ပါးက မွေးတဲ့တိုင်းရင်းသားတွေနဲ့ အခွင့်အရေးအတူတူ လိုချင်လို့တော့ မရဘူး" ဟု ၎င်းက ပြောသည်။

## စာ(၂၃) - မြန်မာတွေ ထွင်ထားတယ်ဆိုတာ သိကြတော့ အံ့သြကြတယ် မှ

**(MHH)**။ ။ ဒီ Character လေးတွေမဖြစ်ခင် ၂ နှစ်လောက်ကတည်းက နိုင်ငံတကာကာတွန်းတွေကို သေချာလေ့လာခဲ့တယ်။ အထူးသဖြင့် Cute ဖြစ်တဲ့ ကာတွန်းလေးတွေနဲ့ သူတို့ဘာကြောင့် အောင်မြင်သလဲ ဆိုတာပါပဲ။ နောက် နိုင်ငံတကာက လက်ခံနိုင်တဲ့ ဇာတ်ကောင်အနေအထားတွေကိုလည်း သေချာလေ့လာရပါတယ်။ အခြား Character တွေနဲ့ မတူအောင်၊ Unique ဖြစ်နေအောင်အမျိုးမျိုးဆွဲရပါတယ်။ အခြား Design Soceity တွေက သူငယ်ချင်းတွေကိုပြပြီး Feed-back တွေယူပါတယ်။ အများအပြောကတော့ "ခင်ဗျားလုပ်တဲ့ ဒီဇိုင်းတွေက အင်တာနေရှင်နယ်ဆန်တယ်" ဆိုတာပါ။ ထိုင်းတွေနဲ့ နိုင်ငံခြားသားအချို့ကတော့ ဂျပန်တွေ ထွင်ထားတဲ့ Application ဒီဇိုင်းလို့ထင်ကြတယ်။ မြန်မာတွေ ထွင်ထားတယ်ဆိုတာသိကြတော့ အံ့သြကြတယ်။ အဲ့ဒီအတွက် နိုင်ငံတကာကလည်း လက်ခံတဲ့ အတိုင်းအတာတစ်ခုကို ရရှိတဲ့ အတွက် စိတ်ထဲကြည်နူးမိပါတယ်။ ဒါပေမဲ့ ဒီကြည်နူးမှုကို ရေရှည်ထိန်းမထားနိုင်ရင်တော့ အလကားပါပဲ။ ဒီထက်ကောင်းအောင်၊ ပိုပြီးပြောင်မြောက်အောင်ပဲ ကြိုးစားသွားမှာပါ။

**ဒီလုပ်ငန်းနဲ့ ရေရှည်အနာဂတ်အတွက် အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ဆောင်သွားဖို့ ရှိပါသလား။**

**(MKH)**။ ။ Software App-lication တွေ၊ ကုဒ်တွေ ရေးရတာပျော်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၁ ကျွန်တော်အသက် ၁၆နှစ်ကတည်းက Programming ပဲ လုပ်ခဲ့တော့ ဒီအလုပ်ကို သံယောဇဉ်တွယ်နေတာလည်းပါတယ်။ လက်ရှိ အသက်မွေးဝမ်းကျောင်းကလည်း ဒီအလုပ်ပဲဆိုတော့ နောင်တစ်ချိန်မှာ ကီးဘုတ်ကိုင်ပြီး Code တွေမရေးဖြစ်တောင် လက်ရှိ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လုပ်ထားတဲ့ Mount MANDALAY Design Studio နဲ့ ဆက်နွယ်နေတာကို လုပ်ဖြစ်သွားမှာပါ။

**ကိုမျိုးကျော်ထွန်းအနေနဲ့ မန္တလေးကွန်ပျူတာတက္ကသိုလ်က ဘွဲ့ရရှိခဲ့ပြီး လက်ရှိ ထိုင်းနိုင်ငံမှာ PHP Web Programmer အနေနဲ့ လုပ်ကိုင်နေတယ်လို့သိရပါတယ်။ အဲ့ဒါကြောင့် မြန်မာနိုင်ငံမှာ သင်ယူခဲ့ရတဲ့ ပညာသင်ကြားမှုစနစ်က အစ်ကိုအခုရောက်နေတဲ့ နေရာအတိုင်း အတာတစ်ခုမှာ ရာခိုင်နှုန်းဘယ်လောက်အထိ အသုံးတည့်သလဲ။**

**(MKH)**။ ။ အသုံးတည့်တယ် မတည့်ဘူးဆိုတာ ကိုယ်တိုင်နဲ့ပဲ အများကြီးသက်ဆိုင်ပါတယ်။ တစ်ခုရှိတာက ပညာရေးစနစ်နဲ့ ပတ်သက်ပြီး သက်ရောက်မှုလည်းရှိတယ်။ ဥပမာအနေနဲ့ပြောရရင် ကျွန်တော် ကွန်ပျူတာတက္ကသိုလ်ကို ဘက်ချလာနဲ့ပဲပြီးသွားတယ်။ Honourလည်းမဝင်တော့Master လည်းတက်ဖို့ မဖြစ်နိုင်တော့ဘူး။ ထပ်တက်လို့လည်း မရနိုင်တော့ဘူး။ အမှန်ဆို ကျွန်တော့်ပညာရေးကဆုံးပြီ။ ပြီးတော့ ဒီနိုင်ငံတွေမှာ စီးပွားရေး MBA ဘာသာတွေခေတ်စားတယ်။ ပိုက်ဆံတတ်နိုင်ရင် တက်လို့ရတယ်။ အဲ့ဒီလို ကွာခြားတာတွေရှိတယ်။

လူငယ်တွေ တော်တော်များများက ကိုယ်ဘာကို ဝါသနာပါတယ်ဆိုတာ မသိကြဘူး။ ကျွန်တော် ဆယ်တန်းဖြေပြီးပြီးချင်း အစ်ကိုကတော့ ကွန်ပျူတာစာအုပ်တွေဖတ်ခိုင်းတာကနေ စိတ်ဝင်စားလာတယ်။ အမှတ်စာရင်းထွက်လာတော့ ဆေးကျောင်းမဝင်လို့ အိမ်ကမျက်စိမျက်နှာပျက်နေကြတယ်။ ဒီမှာက ဆေးကျောင်းတက်တယ်ဆိုတာ အရိုးစွဲနေတာ အခုထိမပျောက်ကြသေးဘူး။

**ဒီ Applicationကိုရေးဆွဲကြတဲ့အခါမှာရော၊ ဒီမှာသင်ခဲ့ရတဲ့ဘယ်လိုသင်ကြားမှုတွေက ဘယ်လောက်ထိအထောက်အကူပြုခဲ့ပါသလဲ။**

**(MKH)**။ ။ ကျောင်းမှာသင်ခဲ့ရတဲ့ Pseudocode, C++, Assembler တို့လို Program-ming မှာ အခြေခံကျတဲ့ဘာသာရပ်တွေသင်ခဲ့ရတယ်။ အဲ့ဒီဘာသာရပ်တွေက အထောက်အကူပြုပါတယ်။

**ဒီ Applicationကို Facebook ပေါ်မှာတင်နိုင်ဖို့အတွက် သူ့ရဲ့ တရားဝင်ခွင့်ပြုချက်မျိုး ရရှိအောင်ဆောင်ရွက်ခဲ့ရတာမျိုးတွေရှိပါသလား။ ရှိခဲ့ရင် ဘယ်လိုပုံစံတွေနဲ့အဆင့်ဆင့်ဆောင်ရွက်ခဲ့ရလဲဆိုတာသိချင်ပါတယ်။**

**(MKH)**။ ။ Facebook Deve-lopers (https://www.face book.com/developers) မှာကိုယ့်ရဲ့ Facebook Acc-ount နဲ့ဝင်ပြီး Application တွေကိုလုပ်နိုင်ပါတယ်။ အဲ့ဒီမှာDocu-menatation, Help တွေ ကို အသေးစိတ်ရေးထားလို့ အခုပေးထားတဲ့ URL Address ကို သွားပြီးဖတ်ဖို့တိုက်တွန်းပါတယ်။

**အခုလက်ရှိ ကိုမျိုးကျော် ထွန်းရေးဆွဲပြီးတဲ့ ဆော့ဖ်ဝဲအရေအတွက် ဘယ်နှခုလောက်ရှိပါပြီလဲ။**

၁၆ နှစ်သားလောက်က မြန်မာစာရိုက်လေ့ကျင့်တဲ့ တိုင်ပင်းကျူတာ၊ နောက် ဆေးကျောင်းအတွက် Quizz တစ်ခုရေးခဲ့တယ်။ ၂၀၀၅ ဝန်းကျင်က Friendster လို Social Network ဆိုက်တစ်ခုမျိုးလုပ်ခဲ့သေးတယ်။ လုပ်တာကလဲ Web Developer နဲ့ပတ်သတ်ပြီး အလုပ်လျှောက်ရင် အဆင်ပြေအောင်လို့ပါ။ ဒီနိုင်ငံမှာအလုပ်ရပြီးနောက်ပိုင်း အလုပ်အတွက်နဲ့ Mount MANADALAY အတွက်ဆွဲခဲ့တာတွေကတော့ တော်တော်များနေပါပြီ။

**မြန်မာနိုင်ငံကို ပြန်လာပြီး ဝါသနာနဲ့ဆက်နွယ်နေတာတွေကိုလုပ်ကိုင်ဖို့ရှိပါသလား။**

ဖြေ။ ။ အဓိကလုပ်ချင်တာက အစ် ကိုစထောင်ခဲ့တဲ့ Mount MANADALAY Design Studio နဲ့ပတ်သက်ပြီး Software Design Development ကိုလုပ်သွားဖို့ပါပဲ။ နှစ်တိုင်းပြန်လာလေ့ရှိပေမယ့် အခြေပြန်ချဖို့နဲ့ နောက်ဘာဖြစ်မယ်ဆိုတာတော့ ပြောလို့မရသေးပါဘူး။

**ဝါသနာတူလူငယ်တွေကိုပြောချင်တာများရှိရင် ပြောပြပေးပါဦး။**

ကြိုးစားဖို့ပါပဲ။ ကိုယ်ဝါသနာပါတာကိုလုပ်ဖို့နဲ့ အချိန်မဖြုန်းဖို့ရယ် နည်းပညာပိုင်းလိုက်ရင်လည်း အဆက်မပြတ်အောင် လေ့လာပြီး ဖန်တီးမှုအသစ်အဆန်းတွေကို လုပ်နေဖို့ပါပဲ။

Vol.10, No.21 • AUGUST 11, 2011

# လှပသန့်ရှင်းသော မျက်နှာ ပိုင်ရှင်ဖြစ်ဖို့

ဝတ်ရည်



ခန္ဓာကိုယ်အစိတ်အပိုင်းတွင် မျက်နှာပြင်အလှသည် လူတစ်ဦးအတွက် ဂရုအစိုက်ဆုံး၊ အလေးထားဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ငွေကြေးမြောက်မြားစွာအကုန်ခံ၍ ဂရုပြုစောင့်ရှောက်ကြလေ့ရှိကြသည်။

မျက်နှာပြင် အသားအရေလှပဝင်းစိုနေစေရန် ထိန်းသိမ်းသည့်အခါ အချို့ကလည်းဈေးကြီးပေး၍ ဝယ်ရသောအလှကုန်ပစ္စည်းများသုံးခြင်းဖြင့် ထိန်းသိမ်းသည်များရှိသကဲ့သို့ ဈေးကြီးပေးရသည့် မျက်နှာအလှပြုပြင်သည့်နေရာများတွင် သွားရောက်လုပ်နိုင်ကြသော်လည်း အခြေခံလိုအပ်ချက်များ လိုက်နာခြင်းဖြင့်လည်း မျက်နှာ အသားအရေလှပဝင်းစိုစေရန် ထိန်းသိမ်းနိုင်ကြောင်း အရေပြားဆိုင်ရာကျွမ်းကျင်ဆရာဝန်များကပြောသည်။

မျက်နှာပြင် အသားအရေလှပဝင်းစိုနေစေရန် မျက်နှာသစ်သည့်အချိန်တွင် ရေအေးအေးအသုံးပြုခြင်းထက်ဖြစ်နိုင်လျှင် ရေခပ်နွေးနွေးအသုံးပြုခြင်းက ပိုမိုသင့်တော်ပြီး မျက်နှာသစ်သည့်အခါတွင်လည်းအပြင်းစားဆပ်ပြာများ အထူးသဖြင့် ကာဘော်လစ်ကဲ့သို့ အယ်လ်ကာလီဓာတ်များပြားသော ဆပ်ပြာမျိုးအားရှောင်ကြဉ်သင့်ကြောင်း သိရသည်။

"အရေပြားရဲ့ အဆီဓာတ်ကို ထိန်းသိမ်းပေးတဲ့ အဆီဓာတ်တွေဟာ ဆပ်ပြာခပ်ပြင်းပြင်းသုံးရင် ပျက်စီးသွားပြီးမျက်နှာခြောက်သွေ့သွားတတ်ပါတယ်။ တချို့ဆို အခန့်မသင့်ရင် ယားကျိကျိရှတတ ဝေဒနာတွေဖြစ်တတ်ပါသေးတယ်"ဟု အရေပြားအထူးကုဆိုင်ရာဆရာဝန်ကြီးဒေါက်တာကျော်ကျော်က အကြံပြုပြောကြားသည်။

အလှကုန်ပစ္စည်း ကုမ္ပဏီများမှ ထုတ်လုပ်သော မျက်နှာသန့်စင်ရည်များအသုံးပြုခြင်းသည် ပိုမိုသင့်လျော်သော်လည်း အဆိုပါပစ္စည်းများတွင် (No Irritation) ဆိုသည့် အရေပြားယားယံမှုမရှိပါဟူသည့်စာတန်းပါသည့် ပစ္စည်းများအား ရွေးချယ်အသုံးပြုသင့်ကြောင်း သိရသည်။

မျက်နှာသန့်စင်ပြီးသည့် အချိန်တွင် မျက်နှာပြင်တွင် ဆပ်ပြာများ၊ သန့်စင်ရည်များ အသုံးပြုပြီးကျန်ခဲ့သည့်အကြွင်းအကျန်များအား သန့်စင်ရန် လိုအပ်ပြီး သဘာဝအရ ကွာကျလာသည့် ကလာပ်စည်း အသေများကိုလည်း ဖယ်ရှားပေးနိုင်ရန်အတွက် စစ်လစ်အက်ဆစ်ပါသော တိုနာအား အသုံးပြုသင့်ကြောင်း သိရသည်

တိုနာအသုံးပြုပြီး မျက်နှာသန့်စင်လိုက်သည့်အချိန်တွင်မျက်နှာအသားအရေဝင်းလက် စိုပြည်သွားမည်ဖြစ်သော်လည်း အဆိုပါစိုပြည်မှုမှာ ယာယီသာဖြစ်ပြီး အချိန်အနည်းငယ်ကြာသည့်အချိန်တွင်အသားအရေပြန်လည်ခြောက်သွေ့သွားနိုင်သည့်အတွက်အသားအရေနူးညံ့ပြီး စိုစိုပြည်ပြည် ဖြစ်စေရန် မွိုက်စချာရိုက်ဇာဟုခေါ်သည့် အစိုဓာတ်ထိန်းပေးနိုင်မည့် ပစ္စည်းများအသုံးပြုနိုင်သည်။

"မွိုက်စချာရိုက်ဇာကို အရေပြားအပေါ်ယံ ခပ်ပါးပါးလိမ်းရင် အရေပြားထဲက အစိုဓာတ်တွေ အပြင်ကို ထွက်မသွားစေနိုင်ပါဘူး" ဟုအဆိုပါဆရာဝန်ကပြောသည်။

မျက်နှာသန့်ရှင်းမှုကို ဂရုမပြုမိသည့်အခါတွင် မျက်နှာသည် အခြားအစိတ်အပိုင်းနေရာများထက်အဆီအိတ်များပြီး အဆီပိုထွက်လေ့ရှိသဖြင့် ဝက်ခြံပြဿနာများပိုမိုခံစားရနိုင်သည်။ ဖုန်များ၊ ကြေးများ၊ အဆီများနှင့် အဆီပေါက်ပိတ်သွားသည့်အချိန်တွင် မျက်နှာတွင် ဝက်ခြံများဖြစ်ပေါ်လာလေ့ရှိသည်။

ဝက်ခြံသည်အမျိုးသား၊အမျိုးသမီးများတွင် ဟော်မုန်းများပြောင်းလဲသည့်အချိန်တွင်လည်းကောင်း၊ အချို့တွင်စိတ်ဖိစီးမှုများကြုံတွေ့သည့်အချိန်တွင်လည်းကောင်း၊

စာ(၁၄)သို့

## Global Fund ရန်ပုံငွေထောက်ပံ့မှုရရှိရန်မြန်မာလျှောက်ထားမည်

ဝတ်ရည

ရန်ကုန်၊ ဩဂုတ်-၅

ရောဂါကြီးသုံးမျိုးအတွက် အဓိက တိုက်ဖျက်ရန် ငွေကြေးလှူဒါန်းသည့် Global Fund ၏ (၁၁) ကြိမ်မြောက် ရန်ပုံငွေကူညီသည့် အစီအစဉ် (Round 11)တွင် မြန်မာနိုင်ငံမှ လျှောက်ထားရန်အတွက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ပေးပို့ထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုလျှောက်ထားခြင်းသည်မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်လျှောက်ထားခြင်းဖြစ်သည်။ လျှောက်လွှာတင်သွင်းရန်နောက်ဆုံးရက်ကို ဒီဇင်ဘာ ၁၅ ရက်အထိ သတ်မှတ်ထားကြောင်း Global Fund ၏ အင်တာနက် စာမျက်နှာတွင်ဖော်ပြထားသည်။ (၉)ကြိမ်မြောက်ရန်ပုံငွေထောက်ပံ့စဉ်က မြန်မာနိုင်ငံက လျှောက်ထားပြီး ရန်ပုံငွေလည်း ရရှိခဲ့သည်။ သို့သော် (၁၀)ကြိမ်မြောက်ကမူ မလျှောက်ထားခဲ့ပေ။

"ရမလား၊ မရဘူးနဲ့ ဘယ်လောက်ရမယ်ဆိုတာကတော့မသိပါဘူး။ သက်ဆိုင်တဲ့ရောဂါတစ်ခုချင်းစီက တာဝန်ရှိသူတွေညှိနှိုင်းပြီးတော့ လျှောက်ထားမှုလျာထားချက်ကို ရေးဆွဲထားတာပါ"ဟု ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

Global Fund ဆိုသည်မှာ နိုင်ငံများတွင် ရောဂါကြီးသုံးမျိုး ဖြစ်သည့် ခုခံအားကျဆင်းမှုရောဂါ (AIDS)၊တီဘီရောဂါ၊ ငှက်ဖျား ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အဓိက ငွေကြေးလှူဒါန်းနေသည့် အဖွဲ့အစည်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင် ထိုရောဂါသုံးမျိုးအတွက် အဆိုပါအဖွဲ့အစည်းမှရရှိထားသည့်ငွေကြေးများဖြင့်လုပ်ငန်းများဆောင်ရွက်နေပြီးလုပ်ငန်းဆောင်ရွက်မှုကာလ ၂နှစ်အတွက်ငွေကြေးဒေါ်လာသန်း ၅၀ ခန့်ဖြင့်လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

## NCDသည် ပြည်သူ့ကျန်းမာရေးပြ နာတစ်ရပ်ဖြင့်သာမက နိုင်ငံ၏လူမှုစီးပွားတိုးတက်မှုကိုလည်းနှောင့်နှေးစေသည်ဟုကျန်းမာရေးဝန်ကြီးပြောကြား

သီဟ

**ရန်ကုန်၊ ဩဂုတ်-၅**

ကူးစက်မဟုတ်သော နာတာရှည်ရောဂါများ Non Communicable Diseases(NCD) သည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် သာ ရှုမြင်ရမည်မဟုတ်ဘဲ နိုင်ငံတစ်ခု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်က ယနေ့ပြောကြားသည်။

ယနေ့ကမ္ဘာတွင် စုစုပေါင်းသေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းသည် အဆိုပါ NCD ရောဂါများကြောင့်ဖြစ်ပြီး ယင်းသေဆုံးမှု၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဝန်ကြီးက နေပြည်တော်တွင် ယနေ့ ကျင်းပပြုလုပ်သည့် Country Level Multisectoral Meeting on NCDs ဖွင့်ပွဲအခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် NCD ရောဂါများကြောင့်သေဆုံးမှုသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဆိုပါရောဂါများဖြင့် သေဆုံးသည့်သူများထက် အသက်ပိုငယ်ကြောင်း သိရသည်။

ယနေ့ကျင်းပပြုလုပ်သည့် Country Level Multisectoral Meeting on NCDs တွင် အဆိုပါရောဂါများအား ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ်အသုံးပြုမည့် National Policy on Prevention and Control NCDs in Myanmar မူကြမ်းကိုလည်း တင်ပြဆွေးနွေးခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## ဇီဝိတဒါနသံဃာ့ဆေးရုံ ပထမဆုံးပြင်ပလူနာဌာန ဖွင့်လှစ်မည်

ဝတ်ရည်

ရန်ကုန်၊ ဩဂုတ်-၂

ဇီဝိတဒါနသံဃာ့ဆေးရုံမှ ပထမဆုံးအဖြစ် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်တွင် ပြင်ပလူနာဌာန ဖွင့်လှစ်၍ ဆေးကုသပေးမည်ဖြစ်ကြောင်းသိရသည်။

အလှူရှင် ဒေါ်ပိုးဖြူလှူဒါန်းသည့် အဆိုပါပြင်ပလူနာဆေးကုခန်းတွင် ထိုအနီးအနား၌ နေထိုင်သည့် သံဃာတော်၊ သီလရှင်နှင့် ဆင်းရဲနွမ်းပါးသောလူများအား ဇီဝိတဒါနဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆရာဝန်များက အလှည့်ကျကုသမှုပေးမည်ဖြစ်ကြောင်း ဇီဝိတဒါနဆေးရုံမှသိရသည်။

"ဇီဝိတဒါန ဆေးရုံအနေနဲ့ အခုလိုမျိုး ဆေးခန်းအသစ်ဖွင့်လှစ်တာ ပထမဆုံးအကြိမ်ပါ။ ဆေးကုသတဲ့နေရာနဲ့ အလှမ်းဝေးတဲ့နေရာဖြစ်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် အလှူရှင်ရဲ့ အကူအညီတောင်းမှုကို လက်ခံခဲ့တာပါ" ဟု ဇီဝိတဒါနသံဃာ့ဆေးရုံမှ နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)ကပြောကြားသည်။

ယခုဆေးခန်း တည်ဆောက်မည့်နေရာသည် သွားလာရခက်ခဲသည့်အပြင် အနီးတွင် ဘုန်းကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များနှင့် ကျေးရွာလည်းရှိသည့်အတွက် အဆိုပါ နေရာအား ရွေးချယ်ခြင်းဖြစ်ကြောင်း ဒေါ်ပိုးဖြူကပြောကြားသည်။

အလှူရှင်မှ ငွေကျပ်သိန်းနှစ်ထောင်ဖြင့် ဆေးခန်းဆောက်လုပ်ရန် မတည်လှူဒါန်းပြီး ကျန်အလှူရှင်များမှ ဆေးရုံလမ်းခင်းရန် ကျပ် ၁၄၈ သိန်း ထပ်မံလှူဒါန်းခဲ့ကြောင်းသိရသည်။

ဇီဝိတဒါသံဃာ့ဆေးရုံကြီးသည် ဒုတိယကမ္ဘာစစ်မတိုင်ခင်ကတည်းက တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် သက်တမ်း ၇၁ နှစ်ရှိပြီဖြစ်ပြီး စတင်တည်ဆောက်သည့် အချိန်က ဆေးခန်းအဖြစ်သာ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း ယခုအချိန်တွင် အဆောက်အအုံရှစ်ခု၌ သံဃာတော်အပါး ၁၀၀၊ သီလရှင်အပါး ၅၀ တို့အား အတွင်းလူနာအဖြစ် ကုသပေးနိုင်ပြီဖြစ်ကြောင်းသိရသည်။

## မြန်မာ – အိန္ဒိယကျန်းမာရေးကဏ္ဍပိုမိုပူးပေါင်းဆောင်ရွက်မည်

မေဝင်းမွန်

ရန်ကုန်၊ ဩဂုတ်-၃

မြန်မာနိုင်ငံသည် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့်ပူးပေါင်းကာ ကျန်းမာရေးကဏ္ဍများကိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ကလေးဆေးရုံကြီးနှင့် စစ်တွေပြည်သူ့ဆေးရုံတို့ကို အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးတွင် ခေတ်မီဆေးဝါးကုသခြင်းဆိုင်ရာထောက်ပံ့ကူညီမှုများ၊ ကျန်းမာရေးဆိုင်ရာသင်တန်းများ၊ အသည်းအစားထိုးကုသခြင်းဆိုင်ရာနှင့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Dr. V.S Seshadri တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ယခုလ ၂ ရက်ကနေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည်မြန်မာနိုင်ငံ၏စတုတ္ထမြောက်အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် အိန္ဒိယဆေးဝါးများ၊ ဆေးပညာများပျံ့နှံ့နေပြီးဖြစ်သည်။ အိန္ဒိယသမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုအခါကျန်းမာရေးကဏ္ဍတွင်ပါ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

## စာ – ၁၃၊ လှပသန့်ရှင်းသော မျက်နှာပိုင်ရှင်ဖြစ်ဖို့ မှ

အချို့တွင် ရောဂါပိုးမွှားများကြောင့် မျက်နှာတွင် အလာဂျီကဲ့သို့ ဝက်ခြံများ ပြင်းပြင်းထန်ထန် ခံစားကြလေ့ရှိကြသည်။

အချို့အခြေအနေများတွင် သူ့အလိုလို အချိန်အနည်းငယ်ကြာသည့်အခါ ပျောက်ကင်းသွားသည်များရှိသော်လည်း တချို့မှာ ပိုးသတ်ဆေးများအသုံးပြု၍ကုသမှသာရောဂါသက်သာပျောက်ကင်းစေနိုင်ကြောင်းသိရသည်။

သာမန်အားဖြင့် ဖြစ်သောဝက်ခြံများအားပုံမှန်အတိုင်း အဆီပေါက်ပွင့်စေရန် သန့်ရှင်းရေးပြုလုပ်သည့်နည်းများဖြစ်သည့် ပိတ်နေသော ကလာပ်စည်းများအား မျက်နှာသစ်ဆပ်ပြာဖြင့် ရှင်းလင်းပေးခြင်း၊ တိုနာအသုံးပြု၍အရေပြား၏ပုံမှန်(PH)ကိုလည်း ထိန်းသိမ်းပေးခြင်းများဖြင့် ပြန်လည် သက်သာစေနိုင်ကြောင်း သိရသည်။

မနက်ပိုင်းတွင်မိက်ကပ်များ အသုံးပြုသည့် လူတိုင်းအနေဖြင့် ညပိုင်းတွင်မျက်နှာပေါ်မှ အညစ်အကြေးများအား မနက်ခင်းတွင် သန့်ရှင်းရေးလုပ်သကဲ့သို့ပြန်လည်ဆေးကြောရမည်ဖြစ်ပြီးဆေးကြောသန့်စင်ခြင်းမလုပ်ခဲ့ပါက အဆီပေါက်များပိတ်ပြီး ဝက်ခြံများဖြစ်လာစေနိုင်ကြောင်းဒေါက်တာကျော်ကျော်က ပြောသည်။

ညဘက် မျက်နှာသစ်ပြီးသည့် အချိန်တွင်လည်း နေ့ခင်းက ခံစားခဲ့ရသည့် သဘာဝ နေဒဏ်၊လေဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်သွားသည့်အသားရေအားပြန်လည် အားဖြည့်ပေးမှသာ နောက်နေ့အတွက်အားပြည့်စေနိုင်မည်ဖြစ်ကြောင်းသိရသည်။

သုံးသည့်အခါတွင် အသားအရေပေါ်မူတည်ပြီး အသုံးပြုရသည်ဖြစ်သော်လည်းနို့ရည် သာမက မည့်သည့် ညလိမ်းခရမ်ပစ္စည်းမဆိုအသုံးပြုနိုင်ကြောင်း သိရသည်။ နေရောင်ခြည်ကြောင့်ဖြစ်သည့်အရေးအကြောင်းများသက်သာစေရန်(AHA)၊ ဗီတာမင်အေပါသည့်လိမ်းဆေးများလိမ်းခြင်းဖြင့် ပြန်လည်ပြုပြင်နိုင်ကြောင်း သိရသည်။

အရေပြားစိုပြည်လှပနေစေရန် ထိုကဲ့သို့လိမ်းဆေးများအပြင် နေ့စဉ်စားသောက်သောအစားအစာများဖြင့်လည်း ထိန်းသိမ်းထားနိုင်သည်။ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်ဒီနှင့် ဗီတာမင်အီးဓာတ်များသည် အရေပြားအတွက် အဓိကအာဟာရဖြစ်စေနိုင်သောဓာတ်များလည်းဖြစ်ကြသည်။ နေ့စဉ်အရေပြားအား အဆိုပါနည်းလမ်းများဖြင့် လှပစိုပြည်နေစေရန် ဆောင်ရွက်နိုင်ပြီး သနပ်ခါးထူထူလိမ်းခြင်းသည်လည်း မည်သည့်အရာများမလိမ်းတာနှင့် ယှဉ်လျှင် ထိရောက်မှုရှိကြောင်း သိရသည်။

Dynamic
Computer Technical Services

Champion Precision Technology Sdn Bhd
Champion Precision
Manufacturer mainly providing
CNC Turning & Milling

အောင်ချမ်းမြေ

HAPPY RAT KILLER



Regional
7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# ရေလွှမ်းထားသောစပါးခင်းများ အချိန်မီပြန်လည်စိုက်ပျိုးရန် ချေးငွေအရေးတကြီးလိုအပ်

**မောင်သန်းဝင်း**

**မြောက်ဦး၊ ဩဂုတ် - ၄**

ရခိုင်ပြည်နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ တတိယပတ်အတွင်းက စံချိန်တင်ရွာသွန်းခဲ့သော မုတ်သုံမိုးကြောင့် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ တောင်ကုတ် စသည့်မြို့နယ်ဒေသ အများအပြား၌ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်စဉ်မှာ မြစ်ချောင်းအင်းအိုင်များအနီး လက်စသတ် ထွန်တုံးပိတ်ပြီးစီးပြီဖြစ်သော လယ်ယာမြေကေအများအပြား၌ ရွှံ့နွံများအနည်ထိုင်ခြင်း၊ စပါးပင်များ ပျက်စီးသွားခဲ့ရာ အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးရန် တောင်သူများအနေဖြင့် ချေးငွေ အရေးတကြီးလိုအပ်နေကြောင်း သတင်းရရှိသည်။



*ရခိုင်ပြည်နယ်ရှိ ပျိုးစပါးခင်းများကို ဩဂုတ်လဆန်းပိုင်းက တွေ့ရစဉ်*

ဓာတ်ပုံ - ဉက္ကာကိုကို

"ရေကြီးလို့စပါးခင်းတွေမှာ ရွှံ့နွံနုန်းတွေ ဖုံးလွှမ်းကျန်ခဲ့တာတို့၊ စပါးပင်တွေ မြေက နုတ်ပါပျက်စီးသွားတာတို့ကြောင့် ပျက်စီးမှုကရာနှုန်းပြည့်ပဲ။ အခုဆိုရင် အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးဖို့ ရွှံ့နွံများကို လုပ်သားအင်အားသုံးပြီး ဖယ်ရှားရှင်းလင်းရတာတို့၊ ပျိုးပင်တွေ ရှာဖွေစုဆောင်းရတာတို့နဲ့ စရိတ်စက တော်တော်ကုန်ကျမှုများတယ်။ တချို့တောင်သူတွေမှာဆို ငွေကြေးစရိတ်စက မတတ်နိုင်လို့ ဒီအတိုင်းလက်ပိုက်ပြီးကြည့်နေရတယ်"ဟု မြောက်ဦးမြို့နယ် လေးမြို့မြစ်ကမ်း မိုးစပါးစိုက်ပျိုးရေးဇုန်မှ တောင်သူကြီးတစ်ဦးကပြောသည်။

ရေကြီးမှုကြောင့် ကျောက်တော်မြို့နယ် ကုလားတန် မိုးစပါးစိုက်ပျိုးရေးဇုန်နှင့် မြောက်ဦးမြို့နယ် လေးမြို့မြစ်ကမ်း မိုးစပါးဇုန်များ၌ လယ်ယာမြေ မိုးစပါးစိုက်ခင်းများ ဧကရာပေါင်းများစွာ ပျက်စီးမှုများရှိခဲ့ကြောင်း အချိန်မနှောင်းမီ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဩဂုတ်လလယ်မတိုင်ခင်ပြီးစီးရန်လိုကြောင်း ဒေသခံတောင်သူများကပြောသည်။

"တောင်သူတချို့က ရေနစ်ပျက်စီးသွားတဲ့ စပါးခင်းတွေကို ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်ဖို့က ငွေကြေးအရင်းအနှီးမရှိလို့အခုထိမစိုက်ဖြစ်သေးဘူး။ အမှန်တော့ ကောက်ကြီးစပါးကို ဩဂုတ်လလယ်မတိုင်မီ အပြီးအစီး စိုက်ပျိုးရတာပါ။ အဲဒီအချိန်ထက်နောက်ကျ စိုက်ပျိုးရင် အရင် အသီးအပွင့်ပြချိန်ရောက်ရင် မိုးရေလုံလုံလောက်လောက်မရလို့ဖျက်ပိုးကျတာတို့၊ အလေအလွင့်များတာတို့ရှိပါတယ်။ အခု လက်ရှိအချိန်မှာတော့ ပြန်လည်မစိုက်ပျိုးနိုင်သေးတဲ့တောင်သူတွေကိုကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အထက်ကိုတင်ပြပြီး အရင်းအနှီး ချေးငွေထုတ်ချေးမယ်လို့သိရပါတယ်"ဟု ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာမှ တောင်သူကြီး ဦးထွန်းအောင်က ပြောသည်။

# မုံရွာမြို့ ဗိုလ်ချုပ်လမ်း လမ်းလယ်ကျွန်း ဖျက်သိမ်း

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်- ၃**

မုံရွာမြို့လယ်ယာဉ်ကြောရှုပ်ထွေးသည့် ဗိုလ်ချုပ်လမ်းမကြီးအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လွန်ခဲ့သော ၂၀၀၉ ခုနှစ်အတွင်းလမ်းဆုံများပိတ်ကာယာဉ်ကြောသတ်မှတ်ထားသည့် လမ်းလယ်ကျွန်းသံဆန်ခါများ တည်ဆောက်ခဲ့ရာမှ ဇူလိုင်လ ၃၁ရက်ညပိုင်းတွင် ဗိုလ်ချုပ်လမ်းနှင့် တရုတ်တန်းလမ်းဆုံ ပိတ်ထားသည့်သံဆန်ခါများအား အပြီးဖျက်သိမ်း၍ မီးပွိုင့်စနစ်ဖြင့်ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

"မုံရွာမြို့လယ် အသွားအလာများတဲ့ ဗိုလ်ချုပ်လမ်းမကြီးကို လမ်းဆုံလမ်းမတွေမှာ ယာဉ်ကြောရှုပ်ထွေးလို့ယာဉ်အန္တရာယ်ကင်းဝေးစေရေးဆိုပြီး ၂၀၀၉ ခုနှစ်အတွင်း လမ်းမကြီးတစ်လျှောက်လမ်းဆုံတွေကို လမ်းလယ်ကျွန်းသံဆန်ခါတွေနဲ့ပိတ်လိုက်တယ်။ ဗိုလ်ချုပ်လမ်း အရှေ့ဘက် အနောက်ဘက်သွားမယ့်သူတွေက လိုရာခရီးကို ပတ်မောင်းသွားရတယ်။ သံဆန်ခါအဆုံး ညောင်တပင်လမ်းရောက်ပြန်တော့လည်း 'ဂ' ကွေ့ မကွေ့ရဆိုတော့ မိတ်ဆက်လမ်းဆုံအထိ ကွေ့ကောက်မောင်းရတယ်။ လမ်းတွေပိတ်လိုက်တဲ့အတွက် ၂၀၁၀ ဇွန်လအတွင်း ချင်းတွင်းရတနာဈေး မီးလောင်မှုမှာ မီးသတ်ကားတွေ လိုရာခရီးကို ကွေ့ပတ်မောင်းပြီး မီးငြိမ်းခဲ့ရတယ်။ အခုတော့ ဗိုလ်ချုပ်လမ်းနဲ့ တရုတ်တန်းလမ်းဆုံက ပိတ်ထားတဲ့ လမ်းလယ်ကျွန်းသံဆန်ခါတွေဖွင့်ပြီး မီးပွိုင့်စနစ်တပ်မယ်ဆိုတော့ မုံရွာအမှတ်(၁) အ.ထ.က ကျောင်းက ကျောင်းသား၊ ကျောင်းသူတွေ လမ်းကြောပြောင်းပြန်စီးပြီး ယာဉ်အန္တရာယ်ကြုံတွေ့နိုင်တဲ့ဒုက္ခကင်းဝေးသွားတာပေါ့"ဟု မုံရွာမြို့၊ ဗိုလ်ချုပ်လမ်းတွင်နေထိုင်သူတစ်ဦးကပြောသည်။

ယာဉ်ကြောရှုပ်ထွေးသည့် မုံရွာမြို့လယ်လမ်းဆုံများအားပိတ်ထားသည့်အတွက်အနေးယာဉ်များ၊ ရေစည်တွန်းလှည်းများနှင့်ကျောင်းသားကျောင်းသူများသွားလာရေး အခက်ကြုံတွေ့ခဲ့ရသည်။ ယခုကဲ့သို့ မြို့လယ် အချက်အချာကျသောဗိုလ်ချုပ်လမ်းနှင့်တရုတ်တန်းလမ်းဆုံအားဖွင့်လှစ်ပေးလိုက်သည့်အတွက် ယာဉ်များသွားလာရေး ပိုမိုမြန်ဆန်လာကြောင်း သိရှိရသည်။ အဆိုပါလမ်းဆုံတွင် တပ်ဆင်မည့်မီးပွိုင့်စနစ်သည် မုံရွာမြို့၏ ငါးခုမြောက် မီးပွိုင့်လမ်းဆုံဖြစ်ပြီး မြို့လယ်ဗိုလ်ချုပ်လမ်းမကြီး၏ သုံးခုမြောက်မီးပွိုင့်လမ်းဆုံဖြစ်လာကြောင်း မုံရွာဒေသခံယာဉ်မောင်းများပြောသည်။



# မန္တလေးမြို့မှ စည်ပင်သားသတ်ရုံများရွှေ့ပြောင်းရမည်

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်- ၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဈေးနှင့် သားသတ်ဌာနအောက်ရှိဝက်သတ်ရုံ၊ နွားသတ်ရုံ၊ ဆိပ်သတ်ရုံအပါအဝင် သားသတ်ရုံများအား မန္တလေးမြို့ မဟာအောင်မြေမြို့နယ်စိန်ပန်းရပ်ကွက်မှ အမရပူရမြို့နယ်အတွင်းသို့ ပြောင်းရွှေ့ရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

"ကော်မတီအနေနဲ့ သားသတ်ရုံများကို အမရပူရမြို့နယ်အတွင်း ရွှေ့ပြောင်းဖို့စီစဉ်နေပါတယ်။ စိန်ပန်းရပ်ကွက်သားသတ်ရုံတွေက ယခု မန္တလေးမြို့က လူနေထူထပ်လာတော့မြို့တွင်းရောက်နေပါပြီ။ မြို့လူထုကျန်းမာရေးအတွက်လည်း ထားဖို့မသင့်တော့ပါဘူး။ သားသတ်ရုံတွေအတွက် အနည်းဆုံး မြေငါးကေခန့်လိုပါတယ်။ ကျွန်တော်တို့ အမရပူရမြို့နယ်အတွင်း သင့်တော်တဲ့ မြေနေရာရှာပြီး ပြောင်းရွှေ့သွားမှာပါ" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အမြတ်မရသည့် နှမ်းစပါးများ ဈေးကွက်သို့ ဝင်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၂**

စပါးစိုက်တောင်သူအချို့၏ အဆိုအရ စိုက်ပျိုးထုတ်လုပ်မှု စရိတ်ထက်ပိုမရနိုင်သော နှမ်းစပါးစိုက်ခင်းအများစု ရိတ်သိမ်းလျက်ရှိပြီး ဈေးကွက်၌လည်း တင်း ၁၀၀ လျှင် ကျပ်နှစ်သိန်းကျော်သာ ပေါက်ဈေးရှိကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်လများအတွင်း ရာသီဥတုဆိုးရွားစွာ မကြုံတွေ့ခဲ့သည့်အတွက် စပါးအထွက်နှုန်း အသင့်အတင့် ရှိခဲ့သော်လည်း စပါးဈေးကွက် ပေါက်ဈေးအရ အကျိုးအမြတ်မရှိနိုင်ကြောင်း လောလောဆယ် နေပြည်တော် ဈေးကွက်အတွင်း နှမ်းစပါးတင်း ၁၀၀ လျှင် နှစ်သိန်းကျော်မှ နှစ်သိန်းခွဲဝန်းကျင်အထိသာရှိနေကြောင်းလည်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

"စပါးကတော့ ထွက်ပါတယ်။ ပျမ်းမျှအားဖြင့် တစ်ဧကကို တင်း ၁၀၀ လောက်ထွက်တယ်။ ဒါပေမဲ့ ဈေးက မရှိတော့ အရင်းလောက်ပဲရမှာပဲ။ အခုလို မိုးစွေပြီး ရာသီဥတု မကောင်းရင် ထပ်ကျသွားမှာတောင် စိုးရတယ်"ဟု ဒေသခံလယ်သမားကြီးတစ်ဦးကပြောသည်။ ယမန်နှစ်က ယခုကဲ့သို့ အချိန်တွင် နှမ်းစပါးပေါက်ဈေး ကျပ်သုံးသိန်းကျော်အထိရှိခဲ့ကြောင်းလည်းစပါးပွဲစားတစ်ဦးကပြောသည်။

နှမ်းစပါး စိုက်ဧကသုံးသန်းခန့်ရှိသော မြန်မာနိုင်ငံတွင် အထွက်နှုန်းပိုကောင်းသော နှမ်းစပါးကို စိုက်ပျိုးလိုသူများပြားလာသော်လည်း ယခုနှစ်ဈေးကွက်ပေါက် ဈေးအရစိတ်ဝင်စားမှု လျော့နည်းသွားနိုင်ကြောင်းဒေသခံဆန်စက်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# ရခိုင်ရိုးမလမ်းပိုင်းအချို့ပျက်၍ ခရီးစဉ်များနှောင့်နှေး

ဥက္ကာကိုကို၊ သန်းဌေး

သံတွဲ၊ ဩဂုတ်-၁

ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့်ရန်ကုန်မြို့သို့ ဆက်သွယ်ထားသည့် သံတွဲ၊ ကျိန္တလီ၊ ဂွ၊ ဧရာဝတီ၊ ရန်ကုန်ခရီးလမ်းချို့ယွင်းမှုကြောင့် ခရီးစဉ်များနှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရကြောင်း သံတွဲဒေသခံ ဦးထွန်းသန့်ကျော်ကပြောသည်။

"ရခိုင်ရိုးမပေါ် ပတ်လမ်းမှာ တောင်ပြိုတာ၊ တံတားကျိုးတာတွေကြောင့် ဇူလိုင်လကုန်ပိုင်းက ခရီးသည်နဲ့ ကုန်ကားကိုးစီးပိတ်မိနေတာ သုံးရက်လောက်ကြာခဲ့တယ်" ဟု ၎င်းကပြောသည်။

အဆိုပါဇူလိုင်လ၏ နောက်ဆုံးပတ်ကာလတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ရခိုင်ရိုးမပတ်လမ်းပေါ်သို့ တောင်ပြိုကျခြင်း၊ တံတားကျိုးခြင်း၊ လမ်းသားမြေပဲ့ကျခြင်းနှင့် ကားများလမ်းချော်ခြင်းတို့လည်း ဖြစ်ခဲ့ရကြောင်း ၎င်းကပြောသည်။



နှစ်စဉ် မိုးတွင်းကာလတွင် မကြာခဏကြုံတွေ့ရသော်လည်း ယခုနှစ်တွင် ပိုမိုဆိုးရွားသောကြောင့်ကျန်းမာရေး၊ လူမှုရေးကိစ္စများအပြင် ကုန်ဈေးနှုန်းကြီးမြင့်သည့်အခက်အခဲများပါကြုံတွေ့ခဲ့ရကြောင်း သံတွဲမြို့မှ အမျိုးသားကြီးတစ်ဦးကလည်းပြောသည်။

"ဒီလမ်းက တောင်ကုတ်ကနေ ရန်ကုန်သွားတဲ့ လမ်းထက်မိုင် ၁၀၀ ပိုသက်သာပြီး သာမန်ခရီးသည်ကားဆို ၁၄ နာရီပဲ မောင်းတာ။ အခုလိုမျိုးဖြစ်တော့ ခရီးဖင့်တာပေါ့" ဟု၎င်းကပြောသည်။

သံတွဲ၊ တောင်ကုတ်၊ ပြည်၊ ပဲခူး၊ ရန်ကုန်လမ်းကို နေလသစ္စာလမ်းဖောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူလမ်းခင်းသကဲ့သို့ ယခုလမ်းပိုင်းကိုလည်း ပုဂ္ဂလိက ကုမ္ပဏီတစ်ခုသို့ ပေးအပ်ပါက လမ်းအခြေအနေပိုကောင်းလာဖွယ် ရှိကြောင်း ၎င်းကပြောသည်။

"လမ်းတံတားဌာနက တာဝန်ယူတာထက် ကုမ္ပဏီတစ်ခုခုက တာဝန်ယူပေးရင် ပိုကောင်းမယ် ထင်တယ်။ ပြီးတော့လမ်းတွေ၊ တံတားတွေ ပျက်တယ်ဟော့ဆို ယန္တရားနဲ့ ပညာရှင်အလုပ်သမားတွေက အဆင်သင့်ကြိုပြင်ထားရင် အခုလိုမဖြစ်ဘူးပေါ့" ဟု ဦးထွန်းသန်းကျော်ကလည်း ပြောသည်။ ယခုမိုးတွင်းကာလတွင် အဆိုပါ ရိုးမပတ်လမ်းအခက်အခဲဖြစ်၍ ကားနှင့်ခရီးသည်များ ရခိုင်ရိုးမအတွင်း သုံးရက်ကြာပိတ်မိနေသောကာလသည် နိုင်ငံတော်သမ္မတကြီး၏ ပဲခူး၊ ဧရာဝတီ၊ ရခိုင် ခရီးစဉ်ကာလနှင့် တိုက်ဆိုင်နေခဲ့ကြောင်းသတင်းရရှိသည်။

## မန်းကုန်စည်ဒိုင်တွင် လုံခြုံရေး ကင်မရာများ တိုးမြှင့်တပ်ဆင်မည်

ညီညီဇော်

မန္တလေး၊ ဩဂုတ် - ၆

မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင် လုံခြုံရေးကင်မရာများ တိုးချဲ့တပ်ဆင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တပ်ဆင်ရသည့် အကြောင်းရင်းမှာ ကုန်စည်ဒိုင်လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအတွက် တပ်ဆင်ရခြင်းဖြစ်သည်။ စီစီတီဗီကင်မရာရှစ်လုံးတပ်ဆင်ထားပြီးဖြစ်ကာ နောက်ထပ်ရှစ်လုံး တိုးချဲ့တပ်ဆင်မည်ဖြစ်ကြောင်း ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)တွင် မန္တလေးမြို့ရှိ ပဲနှမ်းအရောင်းအဝယ်ပြုလုပ်သော ပွဲစားများ ကုန်သည်များ၊ စက်ပိုင်ရှင်များ အသင်းဝင်ထားပြီး နေ့စဉ်အရောင်းအဝယ်ပြုလုပ်သော နေရာဖြစ်သည်။









7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# အင်ကြင်းကျောက်နှင့်ထန်းကျောက်လက်ဝတ်ရတနာ ထုတ်လုပ်မှု တွင်ကျယ်လာ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသထွက်သဘာဝကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သော အင်ကြင်းကျောက်နှင့် ထန်းကျောက်များအား လက်ဝတ်ရတနာပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိရာ ပြည်တွင်းပြည်ပဝယ်လိုအားမြင့်တက်လာသဖြင့် ထုတ်လုပ်မှုတွင်ကျယ်လာကြောင်းမုံရွာဒေသခံ ကျောက်မျက်ရတနာရောင်းချသူများကပြောသည်။

"အရင်တုန်းက အင်ကြင်းကျောက်နဲ့ ထန်းကျောက်တွေကို ဧည့်ခန်းတွေမှာ အလှပြင်ပစ္စည်းအဖြစ်ထုတ်လုပ်ခဲ့ပြီး လက်ဝတ်ရတနာအဖြစ်ရောင်းချတဲ့အခါ သိပ်မတွင်ကျယ်ခဲ့ဘူး။ ကျောက်အရည်အသွေးနဲ့ လက်ရာဒီဇိုင်းဆန်းသစ်မှုပေါ် မူတည်ပြီး ဈေးနှုန်းမြင့်တယ်ဆိုပေမယ့် အခုနောက်ပိုင်းတရုတ်ပြည်ထုတ် ဖန်စီလက်ဝတ်ရတနာတွေဝင်ရောက်လာတဲ့အခါဒေသထွက်ကျောက်တွေထုဆစ်ထားတဲ့ လက်ဝတ်ရတနာပစ္စည်းပိုသွက်လာတယ်။ ဒေသထွက်သဘာဝကျောက်တွေနဲ့ ဖန်တီးထားတဲ့ ဖန်စီလက်ရာတွေရောပန်းပုလက်ရာတွေရောပြည်တွင်းပြည်ပဝယ်လိုအားပိုများလာတဲ့အတွက် အင်ကြင်းကျောက်နဲ့ ထန်းကျောက်ကျောက်သွေးပညာရှင်တွေတစ်ခေတ်ကောင်းလာတယ်" ဟုမုံရွာဒေသခံဝါရင့်ပန်းပုပညာရှင်ဦးစိုးတင့်ကပြောသည်။

ဒေသထွက်အင်ကြင်းကျောက်နှင့်ထန်းကျောက်လက်ဝတ်ရတနာ၊ ပန်းပုအရောင်းခန်းမအဖြစ် မုံရွာမြို့၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ကန်သာယာမြောက်ဘက်တွင် ကိုဆန်းမိုး(K.S.M)ဒေသထွက် ကျောက်များပန်းပုပြခန်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိရာမုံရွာဒေသခံ လက်ဝတ်ရတနာကျောက်သွေးပညာရှင်များ၊ပန်းပုပညာရှင်များ၏လက်ရာများ တစ်နေရာတည်းတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။

အဆိုပါ ပြခန်းတွင် လက်ဝတ်ရတနာများ၊ ပန်းပုလက်ရာများ၊ ကျောက်စီပန်းချီကားများ သာမက အင်ကြင်းကျောက်၊ထန်းကျောက်ဗုဒ္ဓ ဆင်းတုတော်များနှင့် မျိုးဆက်သစ် မုံရွာပန်းချီပညာရှင်များ၏ ပန်းချီလက်ရာများပါ ပြသသွားရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ဒေသထွက်အင်ကြင်းကျောက် ထန်းကျောက် လက်ဝတ်ရတနာနှင့်ပန်းပုလက်ရာများကိုပြည်တွင်းပြည်ပခရီးသည်များမှ ဒေသထွက်အမှတ်တရပစ္စည်းများအဖြစ် ဝယ်ယူသူပိုမိုများပြားကြောင်း မုံရွာဒေသခံ အင်ကြင်းကျောက်ပန်းပညာရှင်များပြောသည်။

# ကြက်သွန်နီ ဈေးတက်

**ဆန်းညွန့်**

**ဆိပ်ဖြူ၊ ဩဂုတ်- ၂**

မတ်လကတည်းက ဈေးအေးနေခဲ့သောကြက်သွန်နီသည် ယခုအခါ ဈေးမြင့်လာသဖြင့် လှောင်လက်များနှင့် တောင်သူများ ဈေးကွက်သို့ ရောင်းချနေကြကြောင်း ဆိပ်ဖြူမြို့ ပွဲစားများထံမှသိရသည်။

"သည်နှစ်မိုးကောင်းပေမယ့် ဂိုဒေါင်တွေကို ရေနဲ့ လေဝင်လေထွက်ကောင်းစေဖို့ အကြီးစားပြုပြင်ကြတဲ့အတွက်အပျက်အစီးမရှိသေးပါဘူး။ မိုးရေတစ်ပေါက်ဝင်ရင်ပင် ကြက်သွန်နီတစ်လုံးကနေ ဂိုဒေါင်တစ်ခုလုံး ရင်းရပါတယ်။ ပုပ်ပြီး ပျက်စီးနိုင်တာကြောင့် ကြက်သွန်နီလှောင်လက်ရှိပိဿာချိန်အချို့ကို တက်ဈေးကျဈေးညှိ(ချိန်)ပြီးထုတ်ရောင်းကြပါတယ်" ဟုကြက်သွန်ပွဲစားတစ်ဦးကပြောသည်။လက်ရှိအချိန်တွင်ကြက်သွန်နီ (တစ်ပိဿာ)(ထိပ်စ)၄၅၀ကျပ်၊ အလတ်စ ၄၀၀ ကျပ်၊ ဇူလိုင်လ ပထမပတ်နှင့်စာလျှင် ၈၀ ကျပ်မှ ၁,၀၀ ကျပ်ထိရှိသည်ဟုဆိုသည်။



ကြက်သွန်နီလက်လီဆိုင်တစ်ဆိုင်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ကိုလက်စထရောမပါသည့်ဆီစက်ရုံ ရမည်းသင်းတွင် တည်ထောင်မည်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၄**

ကျန်းမာရေးအရ လူကိုဝစေပြီးဘေးဖြစ်စေသော ကိုလက်စထရောဓာတ်မပါဝင်သည့် စားသုံးဆီ စက်ရုံကို ရမည်းသင်း ဒေသတွင် တည်ထောင်သွားမည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်ဝင်းကပြောသည်။

"နေကြာဆီဆိုတာက သိတဲ့အတိုင်းပဲ တခြားဆီတွေလို ကိုလက်စထရောမပါဘူး။ အဲဒါကြောင့် ရမည်းသင်းမှာ နေကြာဆီစက်ရုံတည်ပေးပြီး ဆီကိုလည်း နေပြည်တော်ဈေးကွက်ကိုပို့စေဖို့ အစီအစဉ်ရှိပါတယ်" ဟု ယနေ့တွေ့ဆုံစဉ် ဦးကျော်ဝင်းက ပြောသည်။ ရာသီဥတုနှင့် မြေဆီအခြေအနေအရနေကြာဖြစ်ထွန်းအောင်မြင်သော အဆိုပါဒေသတွင် သာမန်မျိုးထက် ဆီနှစ်ဆခန့် ပိုထွက်သောအထူးအထွက်တိုး နေကြာမျိုးများဖြင့် ဧက ၂၀၀၀ ခန့်စိုက်ပျိုးသွားစေရန်လည်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း ၎င်းကပင်ဆက်လက်ပြောသည်။


မြန်မာနိုင်ငံ၏ ဆီထွက် သီးနှံများတွင် တတိယအများဆုံးနေရာမှ ပါဝင်နေသော နေကြာသီးနှံသည် ၂၀၀၉ ခုနှစ်စာရင်းများအရ စိုက်ဧက နှစ်သန်းကျော်ရှိကြောင်းယခင်က နေကြာစေ့တစ်တင်းလျှင် စားသုံးဆီ နှစ်ပိဿာခွဲခန့်သာထွက်ရှိခဲ့သော်လည်း ယခုအချိန်တွင် တစ်တင်းလျှင် လေးပိဿာကျော်အထိ ထွက်ရှိသောအထူးအထွက်တိုးနေပြီး မျိုးများအောင်မြင်နေပြီဖြစ်ကြောင်းသိရှိရသည်။

# လောင်းကစားသူများအား ပညာပေးခဲ့သော ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်၏ ဆောင်ရွက်မှုကို လေ့လာနိုင်

**ရွှေလင်းပြည့်စုံ**

**ကောလင်း၊ ဩဂုတ်- ၂**

ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်တွင် လောင်းကစားမှုပပျောက်ရေးစီမံချက်တစ်ရပ်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဇောင်းပေးဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် သူ့ကျွန်အဖြစ် နွံနစ်မခံဘဲ နယ်ချဲ့တို့ကို တော်လှန်ခဲ့သော ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်က လောင်းကစားသူတွေ အရှက်ရအောင် ကူးထားသောအန်စာတုံးပုံ၊ ရေတွင်း



ကိုတူးဖော်ထားရှိခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၄၀ ခုနှစ်လောက်က ဝန်းသိုမြို့နယ်တစ်ခွင်တွင် လောင်းကစားမှု ပပျောက်ရေးကိုစတင်ဆောင်ရွက်ခဲ့ရာ စော်ဘွားကြီးကိုယ်တိုင်က အန်စာတုံး ကစားသူ ၃၆ ကောင်ကစားသူ၊ လောင်းကစားဝိုင်းထူထောင်သူများကို ဖမ်းဆီးပြီး ထိုသူတို့ အရှက်ရအောင် ဝန်းသိုမြို့လယ်ခေါင် လူအများမြင်ကွင်း၌ အန်စာတုံးပုံသဏ္ဌာန် ရေတွင်းကို တူးခိုင်းခဲ့သည်။

လောင်းကစားသူများ အမှတ်တရ ဖြစ်စေရန် အန်စာတုံးသဏ္ဌာန်ရှစ်ထောင့်ပုံ ဘောင်ခတ်ထားခြင်းဖြစ်ပြီး ရေတွင်း အကျယ် ၁၀ ပေ၊ ဘောင်အမြင့် လေးပေ၊ ရေတွင်းအနက် ပေ ၃၀ ရှိသည်။

အဆိုပါ အန်စာရေတွင်းအနီးတွင် 'အန်စာရေတွင်း၊ စော်ဘွားကြီးဦးအောင်မြတ်၏ ပြည်ကျိုးပြုလုပ်ငန်းတစ်ခု' ဟူသော စာတန်းရေးထိုးထားသည့်ဆိုင်းဘုတ်ကို ၁၉၅၃ ခုနှစ်က စိုက်ထူခဲ့ကြောင်း သိရသည်။

# မဒလေးခရိုင်တွင် ခြောက်လတာအတွင်း ယာဉ်တိုက်မှု ၁၄၉ မှု ဖြစ်ပွားခဲ့

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင် - ၂၁**

မန္တလေးခရိုင်အတွင်း ၂၀၁၁ ခုနှစ်ဇန်နဝါရီလ ၁ ရက်မှဇွန်လကုန် အထိခြောက်လတာကာလအတွင်းယာဉ်တိုက်မှုပေါင်း ၁၄၉ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၂ ဦး၊ ဒဏ်ရာရသူ ၁၇၄ ဦးရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

အရက်သေစာသောက်စားမူးယစ်၍ မော်တော်ယာဉ်မောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးခြင်းတို့ကြောင့် ယာဉ်တိုက်ခိုက်မှုဖြစ်ကာ အများဆုံး သေဆုံး၊ထိခိုက်ဒဏ်ရာရခြင်းဖြစ်ကြောင်း မန္တလေးယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# မောင်တောမြောက်ပိုင်းတွင် တောဆင်ရိုင်းများ သောင်းကျန်း

**မောင်သန်းဝင်း**

**မောင်တော၊ ဩဂုတ်- ၂**

မောင်တောမြို့နယ်မြောက်ပိုင်း မယူတောင်ခြေရင်းအနီး ကျေးရွာအချို့၌ စိုက်ပျိုးထားသော ငှက်ပျောပင်၊ သီးပင်စားပင်များအား တောရိုင်းဆင်များ ဝင်ရောက်ဖျက်ဆီးမှုများရှိလာပြီး ရွာသူ ရွာသားများမှာ တောဆင်ရိုင်းများ၏ အန္တရာယ်ကို ကြောက်ရွံ့ထိတ်လန့်နေကြကြောင်းဒေသခံများက ပြောသည်။

မယူတောင်တန်း၌ စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်းများနှင့် ဝါးတောများ သဘာဝအလျောက် တောပြုန်းလာခြင်းများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြန်ဆန်လာသဖြင့် တောဆင်ရိုင်းများ စားကျက်များ လျော့နည်းလာကြောင်းလည်း သိရသည်။

ယင်းကဲ့သို့ စားကျက်များလျော့နည်းလာမှုကြောင့် တောရိုင်းဆင်အုပ်များမှာ ကျေးရွာများရှိ ငှက်ပျောပင်၊ သီးပင်စားပင်များအား အစာရေစာအဖြစ် အဓိကပစ်မှတ်ထားကာ ကျူးကျော်ဝင်ရောက်ဖျက်ဆီးလာမှုကြောင့် လူ့အသက်အန္တရာယ်အတွက် စိုးရိမ်မှုများရှိလာကြောင်းသိရသည်။

"မယူတောင်ခြေရင်းအနီး ကျွန်တော်တို့ ရွှေတိုင်ကျေးရွာနဲ့ ရေချမ်းချောင်း၊ တပ်ချောင်း၊ ဘော်တလာစတဲ့ ကျေးရွာများမှာ ငှက်ပျောပင်၊ သီးပင်စားပင်များကို တောရိုင်းဆင်များ ဝင်ရောက်ဖျက်ဆီးမှုများလာပါတယ်။ တောဆင်ရိုင်းအန္တရာယ်ကိုကြောက်လို့ ရွာသူရွာသားတွေက ညဘက်မှာဆို အလှည့်ကျကင်းစောင့်ပြီး အိပ်ရတဲ့အထိဖြစ်လာပါတယ်။ တချို့ရွာသားတွေဆို သီးပင်စားပင်တွေ ဝင်ရောက်ဖျက်ဆီးတာကိုကာကွယ်ရင်း ဆင်နဲ့ဒီနှစ်နွေရာသီကပဲ လူနှစ်ယောက်ဒဏ်ရာရခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ကလည်း လူကြီးတစ်ယောက်နဲ့ အသက် ၂၀ ဝန်းကျင်လူငယ်တစ်ယောက်နင်းသတ်လို့ ပွဲချင်းပြီးသေဆုံးခဲ့ရပါတယ်" ဟု ရွှေတိုင်ကျေးရွာမှ ရွာခံဦးမောင်ထွန်းလှက ပြောကြားသည်။

မယူတောင်တန်းတွင် လွန်ခဲ့သောနှစ်များက စက်ယန္တရားများအသုံးပြုပြီး စီးပွားဖြစ်သစ်ထုတ်လုပ်ခဲ့မှုကြောင့်သစ်ပင်များပြုန်းတီးကာတောင်ကတုံးများဖြစ်ခဲ့သည်။

ယင်းကဲ့သို့သဘာဝပတ်ဝန်းကျင်သစ်တော၊ သစ်ပင်ဂေဟစနစ်များ ယိုယွင်းပျက်စီးပြုန်းတီးလာခြင်း၏ အကျိုးဆက်အဖြစ် တောဆင်ရိုင်းများနှင့် အခြားတောနေဇီဝမျိုးစုံမျိုးစိတ်ရှင်သန်နေထိုင်ရေးအတွက် စားကျက်ရှားပါးမှု ဖြစ်ခဲ့ရသည်။

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# အရာတော်နာရေးအသင်းတရားဝင်မှတ်ပုံတင်လျှောက်ထား

**မျိုးမင်းဦး**

**မုံရွာ၊ဩဂုတ်-၃**

အရာတော်မြို့ပေါ်တွင်ဖွင့်လှစ်ထားရှိသော 'အရာတော်လူမှုကူညီရေး(နာရေး)' အသင်းအားယခုနှစ်ဇူလိုင်လအတွင်း လူမှုရေးအသင်းအဖွဲ့ မှတ်ပုံတင်တရားဝင်လျှောက်ထားခဲ့ပြီး မြို့ပေါ်ရှိ လူမှုရေးအသင်းသာမက ကျေးရွာများ၌ဖွဲ့စည်းထားသောလူမှုကူညီရေးအသင်းခွဲများတွင်နာရေးကိစ္စများနှင့် အရေးပေါ်လူနာများပို့ဆောင်ရေးအတွက် အကူအညီတောင်းခံနိုင်ကြောင်း အရာတော်လူမှုကူညီရေးအသင်း(နာရေး) ဥက္ကဋ္ဌဦးသိန်းနိုင်ကပြောကြားသည်။

"အရာတော်လူမှုကူညီရေး(နာရေး)အသင်းကိုဒီနှစ်ဇန်နဝါရီလကစတင်ဖွဲ့စည်းခဲ့ပြီး ဇူလိုင်လအတွင်းမှာလူမှုကူညီရေးတရားဝင်အဖွဲ့အစည်းမှတ်ပုံတင်သက်ဆိုင်ရာကိုလျှောက်ထားခဲ့ပါတယ်။ အရာတော်မြို့ပေါ်အသင်းရုံးခန်းသာမကအရာတော်မြို့နယ်အတွင်းကျေးရွာအုပ်စု ၂၄ အုပ်စုမှာ အသင်းခွဲတွေဖွဲ့စည်းခဲ့ပြီးနာရေးကိစ္စတွေနဲ့အရေးပေါ်လူနာပို့ဆောင်ရေးကိစ္စတွေမှာအကူအညီပေးနေပါပြီ။ နောက်ထပ်ကျေးရွာအုပ်စုအလိုက် လူမှုရေးအသင်းတွေဖွဲ့စည်းပြီး ကျေးလက်ဒေသနေထိုင်သူတွေအတွက် လူမှုရေးလုပ်ငန်းတွေဆောင်ရွက်ပေးသွားဖို့စီစဉ်ထားပါတယ်။ နာရေးနဲ့ကျန်းမာရေးကူညီစောင့်ရှောက်မှုသာမကသွေးအလှူရှင်များအဖြစ်စုစည်းထားပြီး လိုအပ်သောသွေးအတွက်ထောက်ပံ့ ကူညီပေးနိုင်ဖို့လည်းစီစဉ်ထားတယ်။ အသင်းကြီး ရေရှည်ရပ်တည်နိုင်ရေးအတွက်အရာတော်မြို့နယ်အတွင်း တစ်နှစ်လျှင်တစ်ကြိမ် စေတနာရှင်တွေရဲ့ သဒ္ဓါတရားထောက်ပံ့လှူဒါန်းမှုတွေနဲ့အကူအညီပေးနိုင်အောင်စီစဉ်ထားပါတယ်။ အရေးပေါ်လူနာတွေအတွက် ၂၄ နာရီအကူအညီပေးပြီး လူနာရှင်ဆန္ဒအရ ဆေးရုံများသို့ပို့ဆောင်ပေးပါတယ်"ဟု ဦးသိန်းနိုင်ကပြောသည်။

အရာတော်မြို့နယ်သည် ကျောက်တုံးထူထပ်သောဒေသဖြစ်ပြီးကျေးရွာအုပ်စု ၄၁ အုပ်စု၊ကျေးရွာပေါင်း ၁၅၆ ရွာတည်ရှိကာ ယခုအခါအရာတော်မြို့ပေါ် ရပ်ကွက်များနှင့်ကျေးရွာအုပ်စု ၂၄ ရွာတွင် အရာတော်လူမှုကူညီရေးအသင်းများဖွဲ့စည်းထားပြီးဖြစ်သည်။

အရာတော်မြို့ပေါ် ရပ်ကွက်များသာမက မင်းရွာ၊ မန်ကျည်းကန်၊ရဲကျင်းတောင်ရွာ၊ ရဲကျင်းမြောက်ရွာ၊ အင်ကြင်းလှ၊ ဗောင်းကျ၊အောင်သာ၊ ဆိတ်ဖူးကြီး၊ သလဲဘာ၊ ဇရစ်၊ မန်ကျည်းဖောက်၊ ဝါး ယောင်း၊ ဇီးပင်လယ်၊ထန်းကြီး၊ ဝါးတန်း၊ဆူးလေကုန်း၊စည်ပင်သာ၊ ကြာပင်လှ၊ဒုံးဒစ်၊ပေါက်ပင်ဆိပ်၊ဝက်ခဲ၊ကြွေပန်းကန်၊မယားဟိုး၊စပါးတွင်းစသည့်ကျေးရွာများတွင်လူမှုကူညီရေးအသင်းခွဲများဖွဲ့စည်းထားပြီး အရာတော်လူမှုကူညီရေး (နာရေး) အရေးပေါ်လူနာတင်ယာဉ်ဌာန ဖုန်း-၀၇၁၆၅၀၂၂သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းသိရှိရသည်။

# မေတ္တာရှင်(ရွှေပြည်သာ)က အမရပူရမြို့နယ်တွင် စာကြည့်တိုက်ဖွင့်မည်

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ် - ၆**

မေတ္တာရှင်(ရွှေပြည်သာ)ကလောင်အမည်ဖြင့် ဓမ္မစာပေများရေးသားနေသော ဆရာတော်အရှင်ဇဝနသည် ဇာတိမြေဖြစ်သော အမရပူရမြို့နယ် နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်တွင် စာကြည့်တိုက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆရာတော် အရှင်ဇဝနက "လူတွေမှာက ရုပ်အာဟာရကိုပဲဖြည့်နေကြပြီး နာမ်အာဟာရဖြည့်တင်းမှုနည်းနေကြတယ်။ စာဖတ်တယ်ဆိုတာက နာမ်အာဟာရဖြည့်တင်းတာပဲလေ။ စာဖတ်မှသာ အသိဉာဏ်ဖွံ့ဖြိုးပြီး မိမိဘဝတိုးတက်ချမ်းသာအောင် လုပ်နိုင်မှာဖြစ်လို့ ဆရာတော်တို့ မြန်မာပြည်သူပြည်သားတွေ ချမ်းသာစေချင်လို့ ဒီစာကြည့်တိုက်လေးလုပ်ဖို့ စီစဉ်ဖြစ်တာပါ။ အမရပူရကလူတွေတင်မဟုတ် မန္တလေးမြို့ထဲက လူတွေပါ လာရောက်စာဖတ်စေချင်ပါတယ်"ဟု ဆရာတော်ကယင်းစာကြည့်တိုက် ဖြစ်မြောက်အောင် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းပြသည်။ စာကြည့်တိုက်သို့ စာအုပ်စာပေများလှူဒါန်းလိုပါက မန္တလေးမြို့တွင် ဖုန်းနံပါတ် ၀၉-၂၀၆၂၁၂၃၊ ၀၂-၅၉၂၅၉ သို့လည်းကောင်း၊ ရန်ကုန်မြို့တွင်ဖုန်းနံပါတ်၀၉-၅၀၁၆၆၆၃၊ ၀၁-၆၁၁၆၂၂၊၀၁-၆၁၁၄၅၇ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးကပြောသည်။ အမရပူရမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော စာကြည့်တိုက်တစ်ခုရှိပြီး ယခုကဲ့သို့ ပုဂ္ဂလိကစာကြည့်တိုက်မှ ပထမဆုံးဖြစ်ကြောင်း ဒေသခံများကပြောသည်။

# ထော်လာဂျီနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက် လူတစ်ဦးသေဆုံး

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော်၊ ဩဂုတ်- ၅**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်အတွင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှေ့ ဒေါနိုးကူးလမ်းမပေါ်တွင် ထော်လာဂျီနှင့်မော်တော်ဆိုင်ကယ်တို့မျက်နှာချင်းဆိုင်တိုက်မိ၍ မော်တော်ဆိုင်ကယ်စီးသူသေဆုံးသော ဖြစ်ရပ်တစ်ခု ဩဂုတ် ၄ ရက်ညက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ယခုလ ၄ ရက် ည ၇ နာရီ ၂၀ မိနစ်အချိန်ခန့်က လွိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်အတွင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှေ့ ဒေါနိုးကူးလမ်းမပေါ်တွင် အဆိုပါလမ်းအတိုင်း အရှေ့မှအနောက်သို့ လွိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်နေ ဦးတင်အောင်(၅၀)နှစ်မောင်းနှင်သော ကားထော်လာဂျီအပြာရောင်နှင့်၎င်းလမ်းအတိုင်းအနောက်မှ အရှေ့သို့လွိုင်ကော်မြို့၊ ဒေါနိုးကူး ရပ်ကွက်နေဦးတင်ထွန်း(၃၅)နှစ် မောင်းနှင်သော ဂျဲလမက်အနက်ရောင်မော်တော်ဆိုင်ကယ်တို့မျက်နှာချင်းဆိုင်တိုက်မိကြသည်ဟုဆိုသည်။ အဆိုပါယာဉ်တိုက်မှုတွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူ ဦးတင်ထွန်းမှာ လည်ပင်းအထက် လေးလက်မခန့် ပြတ်ရှဒဏ်ရာ၊ အောက်မေးရိုးစုတ်ပြဲဒဏ်ရာ၊ နား၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်ဟုဆိုသည်။

ထိုအမှုကိုကယားပြည်နယ်၊ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်နွယ်က အခင်းဖြစ်နေရာသို့ သွားရောက်စုံစမ်းစစ်ဆေးပြီး တရားလိုပြုလုပ်လျက်တိုင်ကြားရာ လွိုင်ကော်ရဲစခန်းက (ပ)၁၀၂/ ၂၀၁၁၊ ပြစ်မှုပုဒ်မ၃၀၄ ကအရ အမှုဖွင့်လှစ်ကာ တရားစွဲဆိုတင်ပို့ရန်ကယားပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဝင်းလှိုင်က ဆက်လက်စုံစမ်းစစ်ဆေးကြောင်း သတင်းရရှိသည်။

# မုံရွာတွင် ဖရဲစိုက်ပျိုးရေးကုမဏီများ ယခင်နှစ်များကထက်စော စိုက်ပျိုးလာ



*မုံရွာနယ်ရှိ ဖရဲသီးစိုက်ခင်းတစ်ခင်း*

ဓာတ်ပုံ-အားမာန်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင် - ၂၈**

ယခင်နှစ်များကမုံရွာခရိုင်အတွင်း စိုက်ပျိုးသော ဖရဲစိုက်ပျိုးရေးတောင်သူများ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည့်နောက်ပိုင်း ယခုနှစ် ဖရဲစိုက်ပျိုးရေးကုမ္ပဏီများမှာ စော၍ စိုက်ပျိုးလာကြောင်း မုံရွာမြို့နယ် ဖရဲစိုက် တောင်သူများက ပြောသည်။

"အရင်နှစ်တွေတုန်းက ဖရဲစိုက်တောင်သူတွေ တော်သလင်း၊ သီတင်းကျွတ်မှ စိုက်ကြ၊ ပျိုးကြပေမယ့် ဒီနှစ် ဝါဆိုလကုန်ရက်ပိုင်းမှာ စစိုက်နေပြီ။ လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်ဝန်းကျင်ကစပြီး ချင်းတွင်းမြစ်ရေကျချိန်မှာ ချင်းတွင်းမြစ်သဲသောင်အတွင်း ဖရဲစိုက်ပျိုးရေးစတင်ခဲ့တဲ့ ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီတွေဟာ ဒီနှစ်မှာ မုံရွာမြို့ အရှေ့ဘက် ကုန်းမြင့်ပိုင်းဖြစ်တဲ့ ကမ္မကျေးရွာအနီးမှာ ဖရဲစိုက်ဖို့ မြေဧက ၅၀၀ နီးပါး ငှားရမ်းစိုက်ပျိုးလာတာ တွေ့ရတယ်။ မနှစ်တုန်းက ခိုးသန်းကျေးရွာအနီးမှာ ဖရဲစိုက်ပျိုးရေးကုမ္ပဏီတွေ လယ်ယာမြေ ငှားရမ်းစိုက်ပျိုးလိုက်တဲ့အတွက် ပုံမှန်ကောက်ပဲသီးနှံတွေ အထွက်လျော့ခဲ့တယ်။ ဖရဲစိုက်ပျိုးရေးလုပ်ငန်းတွေကို ကုန်းမြင့်ပိုင်းမှာ တစ်နှစ် တစ်သီး၊ နှစ်သီးသာ စိုက်ပျိုးလို့ရတဲ့ မြေတွေကို နောက်ပိုင်းမှာ ငှားရမ်းမှု ပိုများလာသလို အရင်တုန်းက ချင်းတွင်းမြစ်ရေကျချိန်မှာ စတင်စိုက်ပျိုးတဲ့ ဖရဲစိုက်ခင်းတွေကို ချင်းတွင်းမြစ်ရေတက်ချိန် စိုက်ပျိုးတာဆိုတော့ ပုံမှန်စိုက်ချိန်ထက်သုံးလလောက် စောစိုက်တာ ဈေးကွက်မှာ ဈေးကောင်း ရရှိနိုင်အောင် ဖရဲစိုက်ပျိုးရေးကုမ္ပဏီတွေ ကြိုးစားလာတာဖြစ်တယ်" ဟု မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာဒေသခံ ဖရဲစိုက်တောင်သူတစ်ဦးကပြောသည်။

မုံရွာခရိုင်အတွင်း ဖရဲစိုက်ပျိုးရေးကုမ္ပဏီများ ၂၀၀၅ ခုနှစ်နောက်ပိုင်း ချင်းတွင်းမြစ်အတွင်း သက်ရင့်ကျွန်းဖြစ်သော ရန်အေးကျွန်းပေါ်တွင် ပြည်တွင်း စိုက်ပျိုးရေးကုမ္ပဏီများ စတင်လုပ်ကိုင်လာသည့်နောက်ပိုင်း မိုးရာသီအကုန် ဖရဲစိုက်ပျိုးမှုမြင့်တက်လာသည်။ ဖရဲစိုက်ပျိုးမှုမြင့်တက်လာပြီး တရုတ်နယ်စပ်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချခဲ့ရပြီး လွန်ခဲ့သော ၂၀၀၉ ခုနှစ်မှစ၍ တရုတ်နယ်စပ် ဖရဲတင်ပို့ရောင်းချမှုလျော့နည်းခဲ့သည့်နောက်ပိုင်း ဖရဲစိုက်ပျိုးသူများ ပြည်တွင်းဈေးကွက်သာ အဓိကတင်ပို့ရောင်းချပြီး ဖရဲဈေးကွက်မှာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရကြောင်း ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ ဒေသခံ ဖရဲစိုက်တောင်သူများပြောပြချက်အရသိရသည်။ ပြည်တွင်း ဖရဲစိုက်ပျိုးရေးကုမ္ပဏီများသည် တရုတ်နိုင်ငံမှ ပညာရှင်အချို့ ခေါ်ယူစိုက်ပျိုးခဲ့ပြီး သဘာဝနွားချေး၊ ကြက်ချေးမြေဩဇာများဖြင့် စိုက်ပျိုးထုတ်လုပ်ပြီးပြည်တွင်းပြည်ပဈေးကွက်သို့ အဓိကတင်ပို့ရောင်းချသည်။

ဝန်ထမ်းအလိုရှိသည်
Inforithm-Maze
Receptionist F(2) posts

7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# ဗြိတိန်တွင်တရားမဝင်နေထိုင်အလုပ်လုပ်သူများဖမ်းဆီးရာတွင် မြန်မာတစ်ဦးအဖမ်းခံရ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် – ၂၆**

ဗြိတိန်နိုင်ငံတွင် စားသောက်ဆိုင်များအား ဝင်ရောက်ရှာဖွေစစ်ဆေးရာ တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်သူများအား တွေ့ရှိခဲ့ပြီး ထိုအထဲ၌ မြန်မာလူမျိုးတစ်ဦး ပါဝင်ခဲ့ကြောင်း ယူကေဘော်ဒါအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဗြိတိသျှအစိုးရသည် ပြည်ဝင်ခွင့်မူဝါဒများအား စိစစ်ပြောင်းလဲလိုက်ပြီးနောက် နိုင်ငံအတွင်းရှိ တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်သူများအား ရှာဖွေစစ်ဆေးဖမ်းဆီးလျက်ရှိရာ ဒုတိယအကြိမ်မြောက် မြန်မာလူမျိုးတစ်ဦး ဖမ်းဆီးခံရသောသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

လန်ဒန်မြို့အနောက်ဘက်ရှိ စားသောက်ဆိုင်များအား ဇူလိုင်လ ၂၀ ရက် ညနေပိုင်းတွင် ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဘင်္ဂလားဒေ့ရှ်လူမျိုးများနှင့် မြန်မာလူမျိုးတစ်ဦးတို့ ဖမ်းဆီးခံလိုက်ရခြင်းဖြစ်ပြီး ၎င်းတို့သည် နိုင်ငံတွင်း ဗီဇာသက်တမ်းကုန်လွန်၍ တရားမဝင်နေထိုင်နေကြခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။အဆိုပါစားသောက်ဆိုင်များသည်ပိုင်ရှင်ချင်း ချိတ်ဆက်မှုများ ရှိနေနိုင်ပြီး အလုပ်ရှင်များအနေဖြင့် ဖမ်းဆီးခံရသော အလုပ်သမား တစ်ဦးချင်းစီအတွက် ဒဏ်ငွေပေါင်တစ်သောင်း ချမှတ်ခံရဖွယ်ရှိကြောင်းသိရသည်။ ဖမ်းဆီးခံလိုက်ရသော ၁၅ဦးတွင် ခုနစ်ဦးအား နိုင်ငံမှ မနှင်ထုတ်မီ အချိန်ထိ ထိန်းသိမ်းထားမည်ဖြစ်ပြီး အခြားရှစ်ဦးအား အမှုစစ်ဆေးနေစဉ်ကာလတွင် အာမခံဖြင့် ထားရှိမည်ဖြစ်ကြောင်းသိရသည်။

ဗြိတိန်နိုင်ငံသည် အစိုးရသစ်လက်ထက်တွင်ပြည်ဝင်ခွင့်အပြောင်းအလဲများစွာချမှတ်ခဲ့သည့်အပြင် နိုင်ငံတွင်းရှိတရားမဝင်နေထိုင်သူများကိုရှာဖွေစစ်ဆေးလျက်ရှိရာ ရွှေ့ပြောင်းအလုပ်အကိုင်ရည်ရွယ်သူများ အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

# ကွန်ပျူတာ ကျွမ်းကျင်သော ကလေးများသည် အခြားကလေးများထက် ပညာရေးတွင်သာလွန်ဟုဆို

**ဘာမင်ဂမ်၊ ဩဂုတ် – ၁**

ကွန်ပျူတာကိုပုံမှန်အသုံးပြုသောကလေးငယ်များသည် အခြားကွန်ပျူတာမကျွမ်းကျင်သောကလေးများထက် ကျောင်းတွင်အသာစီး ရနိုင်သလို ဘဝတစ်လျှောက်လုံးတွင်လည်း ရှေ့ရောက်နေနိုင်ကြောင်း အမေရိကန် သုတေသီများက ပြောကြားသည်။

နည်းပညာက မောင်းနှင်နေသည့် ယနေ့လူ့အဖွဲ့အစည်းတွင် ကွန်ပျူတာနှင့် ပုံမှန်ထိတွေ့မှုရှိသော ကလေးများသည် နည်းပညာနှင့် ပတ်သက်၍ မှန်ကန်သည့် သဘောထားခံယူချက်များ၊ ကျွမ်းကျင်မှုများ ရရှိစေမည်ဖြစ်ကြောင်း အယ်လ်လာဘားမားတက္ကသိုလ်မှ သုတေသီရှီလားကောတန်ကပြောကြားသည်။

“အိမ်စာလုပ်ရာမှာဖြစ်စေ၊ အခြားအလုပ်များအတွက် ဖြစ်စေလိုချင်တဲ့ သတင်းအချက်အလက်ရှာဖွေဖို့ ကွန်ပျူတာကျွမ်းကျင်မှုမရှိရင် ဒီနေ့သတင်းခေတ် လူ့အဖွဲ့အစည်းမှာ အောက်ကျနောက်ကျဖြစ်နေနိုင်ပါတယ်” ဟု အမေရိကန်သုတေသနတွေ့ရှိချက်တွင် ဖော်ပြသည်။

၂၀၀၈– ၂၀၀၉ ပညာသင်နှစ်တွင် ဘာမင်ဂမ်မြို့မှ ကျောင်းများတွင် XO လက်ပ်တော့ကွန်ပျူတာများ ဖြန့်ဖြူးစဉ် လေးတန်းနှင့် ငါးတန်းကျောင်းသားကလေးငယ်ပေါင်း ၁၂၀၂ဦး ကိုလေ့လာရာ၌ ၎င်းကွန်ပျူတာ မရရှိခင်ကပင် ကွန်ပျူတာသုံးတတ်သော ကလေးများသည် ကျောင်းစာနှင့် အိမ်စာအတွက် ကွန်ပျူတာကို ပိုမိုအသုံးပြုပြီး ၎င်းတို့အတွက် အသုံးဝင်သည်ဟု ခံယူကြကြောင်း တွေ့ရှိရသည်။

XO လက်ပ်တော့များသည် ကလေးငယ်များ အလွယ်တကူအသုံးပြုနိုင်ရန် ရည်ရွယ်၍ ‘ကလေးတစ်ဦး၊ ကွန်ပျူတာတစ်လုံး’ အဖွဲ့က ဆင်းရဲသောနိုင်ငံများတွင်ဖြန့်ဖြူးရန် အထူးထုတ်လုပ်ထားသည့်ကွန်ပျူတာများဖြစ်သည်။

—Ref: UPI

## PHOTO NEWS



မလေးရှားအစိုးရက တရားမဝင်နိုင်ငံခြားအလုပ်သမားများအတွက် နောက်ဆုံးမှတ်ပုံတင်ရမည့်ရက်ကို ဩဂုတ်လကုန်ထိ တိုးမြှင့်ပေးလိုက်သည်။ မလေးရှားတွင် မြန်မာအပါအဝင် ပြည်ပအလုပ်သမားပေါင်း သန်းနှင့်ချီ၍ရှိပြီး တရားဝင်လုပ်သား ၁ ဒသမ ၂ သန်းကျော်နှင့် တရားမဝင်အလုပ်သမား ၁ သန်းခန့်ရှိမည်ဟု ၎င်းအစိုးရက ခန့်မှန်းသည်။ မလေးရှားဥပဒေသစ်အရ မှတ်ပုံတင်ခြင်းမရှိသူများမှာ ဖမ်းဆီးခံရပါက နိုင်ငံမှနှင်ထုတ်ခံရမည်ဖြစ်သည်။ ပုံတွင်မှတ်ပုံတင်ပြုလုပ်နေသော အင်ဒိုနီးရှားမှ တရားဝင်လုပ်သားနှင့် မလေးရှားဝန်ထမ်းတစ်ဦး။

*သတင်းနှင့် ဓာတ်ပုံ - စီအင်န်အေ၊ ရိုက်တာ*


## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

သန့်ရှင်းရေးဝန်ထမ်း မ-၂ဦး
**ဖုန်း-၀၉၅၄၁၇၈၈၂၊ ၀၉၇၃၁၈၇၉၀၄**

--------------------------

မြေနီကုန်း၊ ရှမ်းကုန်းလမ်းရှိ အင်တာနက်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် Net Working & Game အတွက် ကျား-မ အလိုရှိသည်။ **ဖုန်း-၀၉ ၅၀၉ ၅၂၈၄**

--------------------------

အိမ်ခြံမြေကျွမ်းကျင် ကျား-မ ၁၀ ဦး ရွှေလိမ္မော်၊ ၈၄ ၊ ဘုရင့်နောင်လမ်းမ၊ အင်းစိန်မြို့သစ်၊ ငစိန်လမ်းထောင့်၊ ရန်ကုန်မြို့။
**ဖုန်း- ၀၁ ၇၀၀၃၃၁**

--------------------------

Production Supervisor ကျား-၁ ဦး၊ အမှတ်-၁၀၉၊ ဆိပ်ကမ်းသာလမ်း၊စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်။
**ဖုန်း-၆၈၅၂၃၃**

--------------------------

စာရင်းကိုင် ကျား (သို့) မ-၁- ဦး မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

--------------------------

ယာဉ်မောင်း ကျား - ၁ - ဦး မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

--------------------------

Sales & Markeing Manager မ- ၁ ဦး၊ Accountant-မ-၁ ဦး၊ Sales Supervisor ကျား/မ -၂ ဦး၊ Salesman- ကျား/မ -၄ ဦး၊ Store Keeper ကျား-၁ ဦး၊ Driver - ကျား-၂ဦး၊
**ဖုန်း-၂၉၈၁၂၁၊ ၂၉၄၀၁၅**

--------------------------

Lecturer ကျား -၃ ဦး၊ မ - ၃ ဦး၊ အမှတ်-၁၅၉၊ ၃၇ လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်။
**ဖုန်း-၃၇၆၀၆၇**

--------------------------

Telephone Operator ကျား-၁ ဦး၊ Store Keeper -ကျား -၁ ဦး၊ လုံခြုံရေးဝန်ထမ်း - ကျား-၅ ဦး၊ **ဖုန်း-၅၃၆၃၃၃၊ ၅၃၅၆၁၁ (လိုင်းခွဲ-၈၀၂)**

--------------------------

ယာဉ်မောင်း ၁-ဦး Tour Bus အတွေ့အကြုံရှိသူ။
**ဖုန်း-၀၁ ၆၆၁၇၃၁၊ ၀၉ ၈၅၁၅၄၀၁**

--------------------------

အရောင်းစာရေး မ-၂ဦး 93,3F,FMI Shopping Center
**Ph: 09 5129918, 09 73100755**

--------------------------

ဝါရင့်လက်သမားဆရာကြီးဦးမြသောင်းနှင့်အဖွဲ့(ရန်ကင်း)ဖုန်း-၅၅၅၁၈၀ လိုင်းခွဲ-၂၅၅ ည ၈ နာရီမှမနက် ၈ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

--------------------------

ဆိုင်အကူဝန်ထမ်း ကျား-၂ဦး
**ဖုန်း-၀၉ ၇၃၀၁၀၁၄၄၊ ၀၉ ၅၁၁ ၂၀၇၄**

--------------------------

Marketing Type မ-၂ဦး၊
**ဖုန်း-၀၉၅၄၁၇၈၈၂၊ ၀၉၇၃၁၈၇၉၀၄**

--------------------------

ကွန်ပျူတာစာစီစာရိုက်(အင်္ဂလိပ်၊ မြန်မာ) မ -၁ ဦး(Microsoft Word နှင့် Microsoft Excel) ကျွမ်းကျင်သူ၊
**ဖုန်း-၅၀၃၇၇၆၊ ၀၉-၄၃၀၉၇၆၃၅**

--------------------------

Myanmar Interview တွင် အလုပ်အကိုင်နှင့်ပတ်သက်သော လုပ်သားခေါ်ယူခြင်းများ အခမဲ့ကြေညာပေးနေပါပြီ။ လုပ်သားခေါ်ယူလိုပါက support@mmyouthmedia.com သို့ မေးလ်ပို့နိုင်သည်။
ဖုန်း-၆၈၀၀၂၉၊ ၆၈၀၇၃၇
www.myanmarinterview.com

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Knorr
အရသာရှိသော ဟင်းလျာတိုင်းအတွက် ခနော

Education
7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# တက္ကသိုလ်ဝင်တန်းအောင်ချက် ၂၀ ရာခိုင်နှုန်းအောက် ကျောင်းများအား ထုချေလွှာတောင်း

ဥက္ကာကိုကို၊ သန်းဌေး

သံတွဲ၊
ဩဂုတ်-၁

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အောင်ချက် ၂၀ ရာခိုင်နှုန်းအောက်သာရှိသော ရခိုင်ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်းများသို့ ရှောင်တခင် စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း ကျောက္ကလပ်ကျေးရွာ တွဲဖက်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်မောင်ကပြောသည်။

"ကျွန်တော့်ကျောင်းက မနှစ်က လေးယောက်ပဲအောင်တယ်။ အောင်ချက်က ၁၄ ရာခိုင်နှုန်းဆိုတော့ထုချေလွှာတင်ပေးရတယ်" ဟု ယခုစာသင်နှစ်တွင် ကျောက်ဖြူမြို့မှ ပြောင်းရွှေ့လာသော ၎င်းကပြောသည်။



တက္ကသိုလ်ဝင်တန်းအောင်စာရင်း ကြည့်ရှုနေသူ ကျောင်းသူတစ်ဦး

ဓာတ်ပုံ – ဇေမောင်မောင်(အမရပူရ)

အဆိုပါ တွဲဖက်အထက်တန်းကျောင်းသို့ ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ခံရပြီးနောက် ယခုနှစ်စာမေးပွဲမတိုင်မီအနီးကပ်အခမဲ့စနစ်ဖြင့် ဒီဇင်ဘာ ၁၅ ရက်မှ ဖေဖော်ဝါရီလကုန်အထိ သင်ကြားပေးရန် စီစဉ်ထားကြောင်း ၎င်းကပြောသည်။

အဆိုပါ ကျောင်းတွင် ယခုနှစ်စာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်ပညာသင်ကြားနေသူ ကျောင်းသူကိုးဦးနှင့် ကျောင်းသားတစ်ဦးသာရှိပြီး ဆရာ၊ ဆရာမ ဆယ်ဦးရှိကြောင်း ကျောင်းအုပ်ဆရာကြီးက ပြောသည်။

"မနှစ်က ဘော်ဒါဆောင်ဖွင့်သေးတယ်။ မအောင်မြင်ဘူး။ ကလေးတွေက အခြေခံပညာအားနည်းလို့ပဲ"ဟု ကျေးရွာအတွင်းရှိ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်တစ်ဦးကပြောသည်။

အဆိုပါကျောင်းမှ ပြီးခဲ့သောစာသင်နှစ်က ကျောင်းသား ၁၄ယောက်တွင် ၂ယောက်အောင်၍ ၁၄ ရာခိုင်နှုန်း အောင်ချက်ရှိပြီး ယခင်နှစ်ကမူ ၈ ရာခိုင်နှုန်းသာ အောင်ချက်ရှိခဲ့ကြောင်း ၎င်းကပြောသည်။

## PSB အကယ်ဒမီတွင် အင်ဂျင်နီယာ ဒီပလိုမာအသစ်နှစ်ခု ဖွင့်လှစ်မည်

သီဟ

ရန်ကုန်၊ဩဂုတ် – ၄

စင်ကာပူနိုင်ငံရှိPSB Academy မှအင်ဂျင်နီယာဒီပလိုမာအသစ်နှစ်ခုဖြစ်သည့် Diploma in Electrical & Electrinics Engineering နှင့် Diploma in Mechanical Engineering Design တို့အား လာမည့်အောက်တိုဘာ ကျောင်းဖွင့်ရက်မှ စတင်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာများအား ယခင်က ၁၆ဘာသာသင်ကြားလေ့ရှိရာမှ ကျောင်းသားများ ပိုမို နားလည်ရန်နှင့် ထုတ်ကုန်သစ်များ ထုတ်လုပ်နိုင်မှုရှိလာရန်အတွက် ၂၂ဘာသာအထိတိုးမြှင့်သင်ကြား ပေးမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းတွင် အဆိုပါဘာ သာရပ်နှစ်ခုအတွက် စာတွေ့အပြင် လက်တွေ့သင်ကြားမှုအပိုင်းများလည်းပါဝင်ပြီး လက်တွေ့ချိန်မှာ ဘာသာရပ်တစ်ခုချင်းစီအတွက် အနည်းဆုံး ၉ နာရီ ရရှိမည်ဖြစ်ကြောင်းသိရသည်။ ဘာသာရပ် ၂၂ ဘာသာအတွက် သင်တန်းကာလ ၂၂ လနှင့် အထက်ကြာမြင့်မည်ဖြစ်ပြီး တစ်ဘာသာလျှင် ပျှမ်းမျှစာသင်ချိန် တစ်လခန့်ကြာမြင့်နိုင်ကြောင်းသိရသည်။ သင်တန်းကြေးမှာ စင်ကာ ပူဒေါ်လာ ၂,၀၀၀ ကျော်ကျသင့်မည်ဖြစ်ကြောင်း ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် MSI မှသိရသည်။

## အင်္ဂလန်ကောလိပ်တစ်ခုက တစ်စိတ်တစ်ပိုင်း ပညာသင်ဆုပေး

သီဟ

ရန်ကုန်၊
ဩဂုတ် – ၄

အင်္ဂလန်နိုင်ငံရှိ နာမည်ကျော်တက္ကသိုလ်များဖြစ်သည့် University of Oxford နှင့် University of Cambridge အစရှိသည့် တက္ကသိုလ်များနှင့် ဆေးကျောင်းများသို့ ဝင်ခွင့်ရရှိနိုင်ရန် ပြင်ဆင်ပေးသည့် GCE 'A သင်တန်းများကို အင်္ဂလန်ရှိ Bellerby Colleges တွင် တက်ရောက်ရန် တစ်စိတ်တစ်ပိုင်းပညာသင်ဆု လျှောက် ထားနိုင်ကြောင်းသိရသည်။

ယင်းကောလိပ်သည် ဝင်ခွင့်ယှဉ်ပြိုင်မှုများသည့် တက္ကသိုလ်များသို့ ဝင်ခွင့်ပြင်ဆင်ပေးသည့် တက္ကသိုလ်ဖြစ်သည့်အတွက် ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကိုသာ ရွေးချယ်လေ့ရှိကြောင်းသိရသည်။

"ဒီတစ်စိတ်တစ်ပိုင်း ပညာသင်ဆုအတွက် လျှောက်ထားဖို့ ကျောင်းသားတွေမှာ ထူးချွန်တဲ့ ပညာရေးဆိုင်ရာ မှတ်တမ်းမှတ်ရာတွေ တင်ပြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ထူးချွန်တဲ့ကျောင်းသားတစ်ဦးချင်းဆီအလိုက် တင်ပြလျှောက်ထားရမှာဖြစ်လို့ Offer Letter ထွက်လာမှ ရရှိမယ့်ပညာသင်ဆုကို သိမှာဖြစ်ပါတယ်။ ခန့်မှန်းခြေအားဖြင့် ယူအက်စ်ဒေါ်လာ၇,၀၀၀လောက်ရနိုင်ပါတယ်" ဟု Crown Education မှ ကိုအောင်ကျော်ဆန်းကပြောသည်။

ဆေးတက္ကသိုလ်သို့လျှောက်ထားမည့်သူများအတွက်လည်း အထက်ဖော်ပြပါအစီအစဉ်များ အကျုံးဝင်ပြီး ဆေးတက္ကသိုလ်များမှ အတွေ့အကြုံရှိဝန်ထမ်းများဖြင့် အင်တာဗျူးလေ့ကျင့်ခြင်း သက်ဆိုင်ရာစာမေးပွဲများအတွက် လေ့ကျင့်ပေးခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

## JICA၏ ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ် ဖြန့်ဝေမှုစီမံကိန်း နှစ်ကုန်တွင် ရပ်ဆိုင်းမည်

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ် – ၄

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၏ မြန်မာနိုင်ငံတွင် မူလတန်းသင်ဆရာ၊ ဆရာမများအား ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်(CCA) လေ့ကျင့်သင်ကြားပို့ချနေမှုစီမံကိန်းကို ယခုနှစ်ကုန်မှ စတင်ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းမှ သတင်းရရှိသည်။

အခြေခံပညာကျောင်းများမှ မူလတန်းသင်ဆရာ၊ ဆရာမများအား ကလေးဗဟိုပြု သင်ကြားမှု နည်းစနစ်ကို စတင်မိတ်ဆက် လေ့ကျင့်သင်ကြားပေးခဲ့သော စီမံကိန်းအား ၁၄ နှစ်ကြာ ဆောင်ရွက်ခဲ့ပြီးနောက် ဒီဇင်ဘာလကုန်တွင် စီမံကိန်းကာလပြီးဆုံးမည်ဖြစ်ပြီး သက်တမ်းတိုးမြှင့်တော့မည်မဟုတ်ကြောင်းသိရသည်။

"စီစီအေနည်းစနစ်နဲ့ သင်ကြားမှုကို မြန်မာနိုင်ငံမှာ စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ အဆင့်မြင့်အရာရှိကြီးတွေကလည်း အသိအမှတ်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ထူထောင်ထားခဲ့တဲ့ စီစီအေနည်းစနစ်တွေကို အစိုးရက ကောင်းစွာ ဆက်လက်ဆောင်ရွက်နိုင်မယ်လို့ယုံကြည်ပါတယ်"ဟု JICA မှ ဂျပန်လူမျိုးတာဝန်ရှိသူတစ်ဦးကပြောသည်။

၁၉၉၇ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သောစီမံကိန်းသည် မြို့နယ်ပေါင်း ၆၇မြို့နယ်မှ ဆရာ၊ ဆရာမပေါင်း ၅၃,၀၀၀ ခန့်အား ကလေးဗဟိုပြုသင်ကြားမှုစနစ်ကို လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က စနစ်တစ်ခုကို မိတ်ဆက်ပေးလိုက်တယ်။ ထူထောင်ပေးလိုက်တယ်။ မြန်မာအစိုးရကို လွှဲပြောင်းပေးလိုက်တာပေါ့။ မြန်မာအစိုးရက ဆက်လုပ်မှာပါ။ အစိုးရရဲ့ ဒီနည်းစနစ် ကျယ်ပြန့်လာအောင်ဆောင်ရွက်မယ့်အစီအစဉ်တွေကို ပံ့ပိုးကူညီသွားဖို့ အခု ကျွန်တော်တို့ ဆွေးနွေးနေပါတယ်"ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

ကလေးဗဟိုပြုသင်ကြားမှု (CCA)နည်းစနစ်သည် ကလေးများအား စနစ်တကျလေ့လာ ကြည့်ရှုစေခြင်း၊ ဆွေးနွေးစေခြင်း၊ လက်တွေ့စမ်းသပ်လုပ်ကိုင်စေခြင်းဖြင့် ကလေးများ၏ ပြဿနာဖြေရှင်းနိုင်စွမ်း၊ တီထွင်နိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းများကို မြင့်မားတိုးတက်လာစေသော သင်ကြားမှုနည်းစနစ်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင် အဆိုပါနည်းစနစ်အသုံးပြုသင်ကြားခြင်းဖြင့် ကလေးများ၏ပညာရည်မြင့်မားစေလျက်ရှိပြီး မြန်မာနိုင်ငံတွင် ဆရာဗဟိုပြု သင်ကြားမှုနည်းစနစ်(TCA)ကိုသာ အဓိကအသုံးပြု၍ သင်ကြားလျက်ရှိသည်။

အထက်ပါစီမံကိန်းကို ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်တွင်း၌ အဆိုပါကလေးဗဟိုပြုသင်ကြားမှု နည်းစနစ်အား အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့ကလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# ဖွံ့ဖြိုးရန် လိုနေတဲ့ ကလေးဗဟိုပြုသင်ကြားနည်းစနစ်

နေလင်းထွန်း

**စာသင်ခန်းအတွင်း စာသင်ခုံများ နေရာချထားမှုက မြင်တွေ့နေကျပုံစံနှင့်ခြားနားနေသည်။ စာသင်ခုံများအား ဖိုခုံလောက်ဆိုင်နေရာချထားသလို မျက်နှာချင်းဆိုင် စီထားသည်ကို မြင်တွေ့ရသည်။ မန္တလေးမြို့ရှိဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းတွင် ကလေးဗဟိုပြုသင်ကြားနည်းစနစ်(CCA)ဖြင့် သင်ကြားပို့ချနေသော စာသင်ခန်းတစ်ခု၏ မြင်ကွင်းဖြစ်သည်။**

ကလေးငယ်များ အချင်းချင်း စကားပြောဆိုဆွေးနွေးနိုင်ရန်၊ စကားပြောဆို ဆက်ဆံမှုအဆင်ပြေစေရန် စာသင်ခုံနေရာချထားမှုက များစွာထောက်ပံ့မှုဖြစ်စေလျက်ရှိသည်။ သမားရိုးကျအနေဖြင့် အခြေခံပညာကျောင်းများတွင် စာသင်ခုံများအား တစ်ခုံချင်း အတန်းလိုက်စီ၍ နေရာချထားသည်ကိုသာ မြင်တွေ့နိုင်သည်။ ထို့ပြင် စာသင်ချိန်တွင်း စကားပြောဆိုခြင်းကိုလည်း ကန့်သတ်ထားသည်။

လက်ရှိ ကျင့်သုံးနေသော သင်ကြားမှုနည်းစနစ်သည် ပုံသေအလွတ်ကျက်နည်းကိုသာ အားကိုးလွန်း၍ ဆရာ၊ ဆရာမများနှင့် ကျူရှင်များက ရေးပေးသည့်မှတ်စုစာများမရှိလျှင် ကျောင်းသားများ စာမကျက်တတ်ကြသဖြင့် စာကြည့်တိုက်နှင့် အင်တာနက်အသုံးပြုခြင်း၊ စာသင်ခန်းတွင် ဆရာနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ကျောင်းသားများအချင်းချင်း ဆွေးနွေးခြင်း စသည့်နည်းလမ်းများဖြင့် ကိုယ်တိုင်လေ့လာသင်ယူမှုဖွံ့ဖြိုးလာစေရန် ပြောင်းလဲသွားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဇူလိုင်လနောက်ဆုံးပတ်တွင် မန္တလေးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိခိုက် ဝေဖန်ထောက်ပြခဲ့သည်။

ကျောင်းစာသင်ခန်းအတွင်း ဆရာက ရှေ့မှ ဦးဆောင်၍ စာသင်ကြားပို့ချသော ဆရာဗဟိုပြုသင်ကြားမှုနည်းစနစ်(TCA)အစား ကလေးငယ်များသင်ယူမှုတွင် ကိုယ်တိုင်ပါဝင်ရသော ကလေးဗဟိုပြု သင်ကြားမှုနည်းစနစ် (CCA) ကို ပြောင်းလဲကျင့်သုံးမှုပျံ့နှံ့အား ကောင်းလာစေရန် အရေးကြီးလာကြောင်း ပညာရေးနယ်ပယ်မှ ကျွမ်းကျင် ပညာရှင်များကပြောဆိုနေကြသည်။

မြန်မာနိုင်ငံ၌မြို့နယ်ပေါင်း ၃၂၀ ကျော်ရှိရာ ၆၇ မြို့နယ်ရှိ မူလတန်းအဆင့် ဆရာ၊ ဆရာမဦးရေ ၅၃,၀၀၀ ခန့်ကို ကလေးဗဟိုပြုသင်ကြားနည်းစနစ်အား လက်တွေ့လေ့ကျင့်သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း ယင်းနည်းစနစ်အား စီမံကိန်းရေးဆွဲဆောင်ရွက်နေသော ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှသိရသည်။

ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ကို အသုံးပြုခြင်းအားဖြင့် အချက်အလက်များကို ကလေးများ အလွတ်ကျက်မှတ်သောသင်ကြားမှုဖြစ်စဉ်အား အချက်အလက်များကို နားလည်သဘောပေါက်၍လက်တွေ့ဘဝတွင်အသုံးချနိုင်သော သင်ကြားမှုဖြစ်စဉ်သို့ ပြောင်းလဲပေးနိုင်ကြောင်း အထက်ပါအဖွဲ့အစည်းက ညွှန်းဆိုထားသည်။

ကလေးများ၏ ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်၊ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်၊ စဉ်းစားတွေးခေါ်နိုင်မှုစွမ်းရည်တို့ မြင့်မားတိုးတက်လာစေရန် ကလေးဗဟိုပြု သင်ကြားမှုနည်းစနစ်ဖြင့် စာသင်ခန်းအတွင်း မေးခွန်းထုတ်နိုင်ခြင်း၊ ငြင်းခုံဆွေးနွေးနိုင်ခြင်း အခွင့်အလမ်းတို့အား ဖန်တီးပေးရမည်ဖြစ်ကြောင်း ပညာရှင်များကဆိုသည်။

“ကလေးတွေရဲ့ ခံစားချက်၊ စိတ်ဝင်စားမှုနဲ့ သဘောထားအမြင်ကို အဓိကထားရမယ်။ ကလေးတွေမှာ မွေးရာပါ အရည်အချင်းတွေ နဂိုတည်းက ပါလာတယ်။ အဲဒီ့ အရည်အချင်း အစွမ်းအစတွေကို ဆွဲထုတ်ဖို့က ဆရာတွေရဲ့ တာဝန်ဖြစ်တယ်။ အရင်တုန်းကတော့ ကလေးမှာ ဘာမှပါမလာဘူး။ ဆရာတွေက ဖြည့်ပေးမှ ပြည့်တယ်လို့ထင်ကြတယ်။ မြင်ကြားထိတွေ့တာနဲ့ ကလေးတွေ သိခဲ့ကြပြီးသားပါ။ ဆရာနဲ့တပည့်အပြန်အလှန်ပြောဆိုရင်း လေ့လာသင်ယူသွားတယ်။ ကျောင်းသားအချင်းချင်း ပြောဆိုရင်းနဲ့ လေ့လာသင်ယူသွားတယ်”ဟု ဂျပန်နိုင်ငံတွင် သွားရောက် ပညာသင်ယူခဲ့ပြီးနောက် လက်ရှိပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဆရာမတစ်ဦးက ကလေးဗဟိုပြုသင်ကြားမှုနှင့်ပတ်သက်၍ ရှင်းပြသည်။

ကျောင်းများတွင် ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ကျင့်သုံးခြင်းအားဖြင့် ကျောင်းသားများသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို ပိုမိုရှင်းလင်းနက်နဲစွာ နားလည်သဘောပေါက်လာပြီး ထိုအသိပညာများကို နေ့စဉ်ဘဝတွင် အသုံးချလာနိုင်ရန်၊ ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ပြီး ပူးပေါင်းဆောင်ရွက်၍ အချင်းချင်းသင်ယူခြင်းဖြင့် သင်ယူမှုစွမ်းရည်တိုးတက်လာရန်နှင့် ကျောင်းသားများ စာသင်ကြားရာတွင်စိတ်ပါဝင်စား၍ ပျော်ရွှင်တက်ကြွစွာ ပါဝင်လုပ်ဆောင်လာရန်မျှော်မှန်းကြောင်း ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကဆိုသည်။



ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်အားသင်ကြားလေ့ကျင့်ခဲ့ရသော ဆရာ၊ ဆရာမများ၏ စာသင်ခန်းအတွင်း ပြန်လည် အသုံးချနိုင်မှုနှင့်ပတ်သက်၍ “သင်တန်းကတော့ အခြေခံ အသိပညာနဲ့တတ်ကျွမ်းမှုကိုမူလတန်း ဆရာ၊ ဆရာမတွေကို ပေးလိုက်တာပါပဲ။ သင်ကြားမှု လမ်းညွှန်တွေကို သုံးပြီးတော့ သင်တန်းကရလိုက်တဲ့ အသိပညာတွေကို လက်တွေ့အသုံးချနိုင်ပါတယ်။ နောက်တစ်ဆင့် ပိုပြီးကောင်းဖို့ဆိုတာကတော့ သူတို့ကိုယ်တိုင် အားထုတ်ရပါမယ်။ အဲဒီ့အတွက်လည်း သင်တန်းမှာ ပို့ချထားပါတယ်။ သူတို့ကို စတင်မိတ်ဆက်လိုက်တာကတော့ တကယ့် ပထမအဆင့်ဖြစ်နေပါတယ်။ အဲဒီ့အတွက်ဒီအပေါ်မှာ ထပ်ပြီး တိုးတက်သွားအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဘယ်လောက် အသုံးချနိုင်မလဲဆိုတာကတော့သူတို့အပေါ်မှာမူတည်ပါတယ်”ဟု အထက်ပါအဖွဲ့အစည်းမှ တာဝန်ရှိသူကပြောသည်။

ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပို့ချရာတွင် အဓိကကြုံတွေ့ရသော အခက်အခဲသည် အရိုးစွဲနေသော အတွေးအခေါ်အမြင်နှင့့်စိတ်နေသဘောထားတို့ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

ထို့ပြင် ဆရာ၊ဆရာမများအား သင်တန်းပို့ချသည့် အကြိမ်အရေအတွက်နှင့် အချိန်ကာလတို့ အားနည်းလျက်ရှိခြင်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုးကွာဟချက်ကြီးမားနေခြင်း၊ သင်ထောက်ကူပစ္စည်းများ ရရှိရန်ခက်ခဲခြင်းစသည့် အခြေခံလိုအပ်ချက်များက သင်ကြားမှုနည်းစနစ်ပြောင်းလဲရာတွင် အဟန့်အတားဖြစ်နေလျက်ရှိကြောင်း ပညာရေးနယ်ပယ်မှ ကျွမ်းကျင်သူများက ပြောသည်။

“လက်ရှိ စာသင်ခန်းတစ်ခုမှာ ပျမ်းမျှကျောင်းသားအရေအတွက်က ၆၀ ကနေ ၈၀ကြားရှိတယ်။ အဲ့လောက် ကျောင်းသားများတဲ့အတွက် တစ်ယောက်ချင်းစီကို လိုက်ကြည့်ဖို့ အခက်အခဲရှိတယ်။ ကျောင်းသားနဲ့ စာသင်ခန်း အချိုးညီအောင် လုပ်မယ်ဆိုရင်လည်း နောက်ထပ်ကျောင်းတွေ အများကြီးထပ်ဆောက်ရဦးမယ်”ဟု ပညာရေးတက္ကသိုလ်တွင်တာဝန်ထမ်းဆောင်ခဲ့သည့် ဒုတိယပါမောက္ခချုပ်တစ်ဦးက ဆိုသည်။

ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင်ကျောင်းသားမိဘများ၏ သဘောထားအမြင် ပြောင်းလဲရန်လည်းလိုအပ်ပြီး ဖတ်စာအုပ်ထဲမှ ဘာသာရပ်များ ကျက်မှတ်တတ်ကျွမ်းနေမှုကို လျော့နည်းသွားစေရန်နှင့် အမှတ်ကောင်းရရှိရေး ယှဉ်ပြိုင်နေမှုများကို ပြုပြင်သွားရန် အရေးကြီးကြောင်း ဝါရင့်ပညာရေးဝန်ထမ်းတစ်ဦးက အကြံပြုသည်။

ကလေးဗဟိုပြုသင်ကြားမှုသည် ပုံမှန်ရှေးရိုးစွဲသင်ကြားနေသည့်စနစ်ထက်ဆရာ၊ဆရာမများအတွက် ပိုမိုအားစိုက်ထုတ်ရခြင်း၊ အသိပညာ ဗဟုသုတကြွယ်ဝနေရန် လိုအပ်ခြင်းတို့ရှိနေကြောင်း ၎င်းနယ်ပယ်တွင် လုပ်ကိုင်နေသူများကပြောသည်။

“ဆရာတွေက ကျောင်းသား ၅၀၊၆၀ ထဲကနေ ကျောင်းသားတစ်ဦးချင်းစီရဲ့ အားသာမှုထက်မြက်မှုကိုသိနားလည်နေရမယ်။ ကလေးရဲ့ အကျိုးစီးပွားကို ဖော်ဆောင်တယ်ဆိုရင် စီစီအေပါပဲ။ အနည်းဆုံးတော့ကျောင်းသားတွေကိုညွှန်ပြနိုင်ရမယ်။ လွတ်လွတ်လပ်လပ်တွေးခေါ်နိုင်မယ်၊ သဘောထားအမြင်တွေကိုဖလှယ်မယ်။ ဆရာ၊ ဆရာမတွေ ကြီးပြင်းမှုကလည်း အဲ့ဒါတွေနဲ့ မနီးစပ်ဘူးဖြစ်နေတယ်။ အခုထက်ထိ ဒဏ်ပေးတဲ့စနစ်က ဆိုးဝါးနေတုန်းပဲ။ ကလေးတွေကိုချစ်ရမယ်။ ကိုယ်သင်တဲ့ဘာသာရပ်ကို ချစ်ရမယ်။ ဆရာများများသိလေ ကလေးတွေကိုမျှဝေနိုင်လေပေါ့”ဟု ကလေးဗဟိုပြုသင်ကြားမှုနည်း စနစ်အကြောင်းလေ့လာနေသောကျွမ်းကျင်သူက ဆိုသည်။

ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ကို လေ့ကျင့်သင်ကြားခဲ့သောဆရာ၊ ဆရာမများသည်လည်း စာသင်ခန်းများသို့ ပြန်လည်ရောက်ရှိချိန်တွင်သင်ထောက်ကူပစ္စည်းများပံ့ပိုးရရှိမှုခက်ခဲခြင်း၊ လက်တွေ့အသုံးချနိုင်ခွင့် စသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

“နည်းနည်းပါးပါးတော့ အသုံးချနိုင်တာပေါ့။ ကျောင်းရဲ့ ပံ့ပိုးမှုမရှိဘဲနဲ့ မလုပ်နိုင်ဘူး။ အဓိက အနေနဲ့ ကလေးကို ဉာဏ်ရည်ထက်စေတဲ့သင်ထောက်ကူပစ္စည်းတွေနဲ့ ကစားကွင်းရှိဖို့ လိုအပ်ပါတယ်။ ရှိတဲ့ဟာနဲ့တော့လုပ်ဖြစ်ပါတယ်။ သင်တန်းကနေ ကစားစရာပစ္စည်းတွေပေးလိုက်တယ်။ တစ်နှစ်လောက်နေတော့ ပျက်စီးသွားတာပေါ့။ ကလေးတွေက ကစားစရာတွေကို ပစ်ပေါက်နေကြတာပေါ့။ အပြင်ကစားကွင်းကလည်း အဖြစ်သဘောပါပဲ။ မိဘတွေကလည်း စာပဲသင်ခိုင်းစေချင်တယ်။ စစ်ဆေးရေးက တစ်နှစ်ကိုသုံးခေါက်လောက်လာစစ်တယ်။ လာစစ်တဲ့အချိန်ပဲ သူတို့နည်းနဲ့ ထပြင်ပြီးသင်ရတာပေါ့။ သူတို့နည်းနဲ့သင်ရတာ အရမ်းပင်ပန်းတယ်။ တကယ်တတ်အောင်၊နားလည်အောင်သင်ရတာပါ။ကလေးအယောက်သုံးလေးဆယ်ကိုဘယ်လိုမှမနိုင်ဘူးပေါ့။တစ်ကျောင်းလုံးမှာလည်း အဲ့ဒီသင်တန်းတက်ထားတာနှစ်ယောက်ပဲရှိတာလေ။ တကယ်အသုံးချခွင့်ရှိဖို့နဲ့ ပံ့ပိုးမှုတွေရှိဖို့လိုပါတယ်”ဟု ပဲခူးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းမှ မူကြိုအဆင့် ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ဆရာဖြစ်ကာလတိုသင်တန်း တက်ရောက်ထားသည့် ဆရာမတစ်ဦးကပြောသည်။

အဆိုပါသင်ကြားမှုနည်းစနစ်အား မြန်မာနိုင်ငံ၌ မူလတန်းအဆင့် ဆရာ၊ဆရာမများကိုသာ လေ့ကျင့်သင်ကြား ပို့ချလျက်ရှိနေပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် ပျံ့နှံ့မှုနှင့် လက်တွေ့အသုံးချနိုင်မှုတို့ အားနည်းနေသေးကြောင်း ပညာရှင်တို့ကဆိုသည်။

မည်သို့ဆိုစေ ဘုန်းတော်ကြီးကျောင်းအတွင်းရှိစာသင်ခန်းတွင် မြင်တွေ့နေရသည့် ကလေးငယ်များနှင့် စာသင်ခုံများက ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ် စတင်အသက်ဝင်နေသောပြယုဂ်တစ်ခုဖြစ်လို့နေသည်။

## မလေးရှားပညာရေးလေ့လာရေးခရီးစဉ် ဝန်ဆောင်မှုပေးမည်

**နေလင်းထွန်း** **ရန်ကုန်၊ ဩဂုတ် - ၃**

မလေးရှားနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များသို့ ပညာရေးလေ့လာမှုခရီးစဉ်အားစတင်ဝန်ဆောင်မှုဆောင်ရွက်မည်ဖြစ်ကြောင်း ဂျန်ကိုပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။ ပညာရေးလေ့လာမှုခရီးစဉ်အတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ကျသင့်မည်ဖြစ်ပြီး လေးညအိပ်၊ ငါးရက်ခရီးစဉ်ဖြစ်ကြောင်းသိရသည်။

“တစ်နေ့ကို တက္ကသိုလ်သုံးခုသွားကြည့်မယ်။ ကျောင်းသားတွေကိုယ်တိုင် လေ့လာကြည့်ရှုရွေးချယ်နိုင်အောင်လို့ပါ။ ဒေါ်လာ ၅၀၀ မှာ လေယာဉ်ခနဲ့ပတ်စ်ပို့တော့မပါပါဘူး။ ကျောင်းသားတွေ ကျောင်းတက်ချိန်မှာ စာရင်းသွင်းရင် အဲ့ဒီငွေကိုပြန်ရမှာပါ”ဟု ဂျန်ကိုပညာရေးဝန်ဆောင်မှုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ မလေးရှားပညာရေးခရီးစဉ်အား လူဦးရေရှစ်ဦးရှိပါက သွားရောက်ရန် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ပထမဆုံးခရီးစဉ်အား စက်တင်ဘာလအတွင်း စတင်နိုင်ရန်ရွှယ်ရည်ထားကြောင်းသိရသည်။

မြန်မာကျောင်းသားများ ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူရန် စိတ်ဝင်စားမှုမြင့်တက်လာခြင်းကြောင့် ပညာရေးလေ့လာရေးခရီးစဉ်များအား ပညာရေးဝန်ဆောင်မှုလုပ်ငန်းများက ဆောင်ရွက်လာလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများမှ တက္ကသိုလ်၊ ကောလိပ်များသို့ ဦးတည်၍ ဈေးကွက်ရှာဖွေလျက်ရှိကြသည်။




# မြန်မာတွေ ထွင်ထားတယ်ဆိုတာ သိကြတော့ အံ့သြကြတယ်

## Doody Tooty အက်ပလီကေးရှင်း ဖန်တီးရှင်နှစ်ဦးနှင့် တွေ့ဆုံခြင်း

ယုဇနကိုကို

Facebook ကို ပုံမှန်သုံးစွဲနေတဲ့ သူမရဲ့ဒီနေ့အတွက်ပထမဆုံးစိတ်ခံစားမှုက ကော်ဖီပူပူတစ်ခွက်သောက်ချင်သည့်ဆန္ဒပင်ဖြစ်သည်။

မိုးအေးအေး ရာသီဥတုအောက်တွင် အလုပ်လုပ်ရင်း ကော်ဖီပူပူတစ်ခွက်သောက်ချင်နေတဲ့ သူမရဲ့စိတ်ခံစားမှုကို Facebook ပေါ်ကသူငယ်ချင်းကိုလည်း သိစေလိုနေသည်။

ထို့အတွက် သူမ၏လက်အစုံက Facebook အဖွင့်စာမျက်နှာ၏ ဘယ်ဘယ်ထောင့်ကော်လံနားတွင်ရှိသည့် Application ပေါင်းမြောက်မြားစွာထဲမှ Doody Tooty Moods ဟူသည့် ခပ်ဆန်းဆန်းစာတန်းလေးကို မြန်မြန်ဆန်ဆန်ပင် Click နှိပ်လိုက်သည်။

အဲဒီထဲက သူမကော်ဖီသောက်နေသည်ဆိုတဲ့ is drinking coffee ပုံလေးကို အလျင်အမြန် Click လုပ်လိုက်ပါတယ်။

ဒီလို ကမ္ဘာသုံး လူမှုဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်ရဲ့ စာမျက်နှာတွေပေါ်မှာ အချိန်နဲ့အမျှတွေ့မြင်နေရပြီဖြစ်တဲ့ Doody Tooty Moods ဆိုတဲ့ ချစ်စရာ Application ကိုဖန်တီးသူက မြန်မာလူငယ်နှစ်ဦးပါ။

ကိုမျိုးဟန်ထွန်းနဲ့ ကိုမျိုးကျော်ထွန်းတို့ညီအစ်ကိုနှစ်ဦးက Doody Tooty လို့အမည်ရတဲ့ ဒီ Application ကိုမြန်မာတွေ သာမက အခြားနိုင်ငံက Facebook အသုံးပြုသူအချို့ကပါ နှစ်သက်စွာအသုံးပြုလာအောင် ဘယ်လိုဖန်တီးကြခဲ့လဲဆိုတာနဲ့ပတ်သက်ပြီး အီးမေးလ်မှတစ်ဆင့် မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

**Doody Tooty Moods Application ကိုဘယ်လိုစိတ်ကူးရပြီး ရေးခဲ့တာလဲ။**

**(MKH)**။ ။ Facebook ပေါ်မှာ Mood Weather Report ဆိုတာ ရှိတယ်။ ကျွန်တော် အဲ့ဒီဟာကို သုံးဖြစ်ခဲ့တယ်။ အဲ့ဒီ app (Application) က တစ်နေ့ကို တစ်ခေါက် Facebook ကိုဝင်မှ Mood အသစ်တစ်ခုရတယ်။ မစောင့်ချင်ရင် Facebok Credit ဆိုတဲ့ Payment သုံးပြီးဝယ်ရတယ်။ ဒါနဲ့ စောင့်နေမယ့် အတူတူ မထူးပါဘူးဆိုပြီး ကိုယ့်ဘာသာရေးဖြစ်ခဲ့တယ်။

အဲ့ဒီအချိန်တုန်းက ကျွန်တော့်အစ်ကို ကိုမျိုးဟန်ထွန်းကလည်း သူ့သူငယ်ချင်းတွေကို ကာတွန်းပုံစံသေးသေးကွေးကွေးလေးတွေဆွဲပေးနေတာဆိုတော့ အစ်ကို့ကို အကူအညီတောင်းပြီးရေးဖြစ်ခဲ့တာပါ။

**ဒါဆိုရင် Facebook ရဲ့ လူသိများတဲ့ The Moods Weather Report ဆိုတဲ့ Application လိုပုံစံမျိုးဖြစ်တဲ့ Doody Tooty Moods ကို ရေးဆွဲဖို့ အချိန်ဘယ်လောက်ပေးခဲ့ရပါသလဲ။**

**(MKH)**။ ။စစချင်းရေးတာက နာရီပိုင်းပဲကြာပါတယ်။ အရင်ကလည်း Facebook API နဲ့တွဲပြီး ရေးထားတဲ့ App (Application) တွေရှိတော့ သိပ်အချိန်မပေးလိုက်ရပါဘူး။ စရေးခါစ (Version 1) တုန်းကတောင် interfaceကရှင်းလင်းပြီး မြန်မြန်နဲ့ပြီးသွားခဲ့တယ်။ အခုလက်ရှိ သုံးလို့ရနေတာက Version 3 ပါ။ ဒီဗားရှင်းမှာ ဒီဇိုင်းဆွဲတဲ့ အပိုင်းကိုတော့ အစ်ကိုနဲ့ တိုင်ပင်လိုက်၊ ကျွန်တော်မကြိုက်တာကို သူ့ကိုပြောလိုက်၊ သူကြိုက်တာ သူလုပ်ချင်တာကို ပြောလိုက်နဲ့ ရက်နည်းနည်းတော့ ကြာသွားပါတယ်။

**(MHH)**။ ။ တကယ်တမ်း User Interface(UI) နဲ့ ဒီဇိုင်းပိုင်းကို အားသာအောင်လုပ်နေတာရယ်၊ အိုင်ဒီယာကောင်းတွေထည့်နေတဲ့နေရာမှာပဲ အချိန်ကုန်တာပါ။ ဥပမာပြောရရင် Facebook မှာ Publishလုပ်လိုက်ရင်Moodလေး တစ်ခုကို 90x90 pixel လေးနဲ့ ပြပါတယ်။အဲ့ဒီ90x90 pixelလေး ထဲမှာ ကိုယ်လိုချင်တဲ့ ကိုယ်ပြောပြချင်တဲ့ Mood လေးကို သရုပ်ဖော်ရတာ အရမ်းလက်ဝင်ပါတယ်။

ရေးဆွဲတဲ့ Canvas ကတော့ အကြီးကြီးဖြစ်ပေမယ့် ဆွဲချုံ့လိုက်တဲ့အခါ အသေးဆုံး Thumbnail 75x75 pixel လေးထဲမှာတောင် ဖော်ပြချင်တဲ့ Mood လေးရယ်၊ နောက် သူ့ရဲ့ Environment နောက်ခံ Background လေးတွေကအစ သေချာစဉ်းစားပြီးလုပ်ရပါတယ်။

**Doody Tooty Moods ကို သုံးစွဲတဲ့သူအရေအတွက် အခုဆိုရင် ဘယ်လောက် ရှိသွားပြီလဲ။**

**(MKH)**။ ။ ၂၅၀၀ လောက်ရှိသွားပါပြီ။ မြန်မာနိုင်ငံ၊ စင်ကာပူ၊ ထိုင်းနဲ့ အနောက်နိုင်ငံတွေက အများဆုံးသုံးနေကြပါတယ်။

**Doody Tooty ဆိုတဲ့အမည်ကို ဘယ်လိုစိတ်ကူးမျိုးနဲ့ ရွေးချယ်ပေးခဲ့လဲဆိုတာသိပါရစေ။**

**(MKH)**။ ။ နာမည်စပေးခါစတုန်းက Do the Mood App ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ပြောထားတဲ့ ပုံစံပေးခဲ့တာ။ အဲ့ဒီကစာလုံးကိုကောက်ရင်း Doody Moody ဆိုပြီးပေးမလား စဉ်းစားတယ်။ ဒါပေမဲ့ သူငယ်ချင်းတစ်ယောက်က Moody ဆိုတာ Negative ဆန်သလိုပဲဆိုတော့ Doody နဲ့ ကာရန်လိုက်မယ့် Tooty က ပါးစပ်ထဲ အလိုလိုရောက်လာတာနဲ့ Doody Tooty ဆိုပြီးပေးဖြစ်လိုက်တာပါ။

**ဒီ Application ကိုရေး ဆွဲတဲ့အခါ အဓိကအကူအညီယူခဲ့ရတဲ့သူတွေက ဘယ်သူတွေဖြစ်မလဲ။**

**(MKH)**။ ။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ပဲ လုပ်ဖြစ်တာဆိုတော့ ဒီဇိုင်းနဲ့ကာတွန်းဆွဲတာက အစ်ကို ကိုမျိုးဟန်ထွန်းကြောင့်လို့ပြောရမှာပါ။ကျွန်တော်ကတော့ ကုဒ်ပဲရေးပါတယ်။ နောက် Interface, Design ကို ဆွဲဆောင်မှုရှိအောင်လည်း လုပ်ရပါတယ်။ အဲဒါတွေ ဆွဲဆောင်မှုမရှိရင်တော့ ပိုပြီးထူးခြားလာဖို့ အကြောင်းမရှိပါဘူး။

**လက်ရှိအချိန်ထိတော့ဒီ Application က အခမဲ့သုံးနိုင်တယ်ဆိုတာသိရပါတယ်။ နောက်ပိုင်းမှာ ဒီ Application ကနေတစ်ဆင့် ဝင်ငွေတွေရရှိလာအောင် လုပ်ဖို့ အစီအစဉ်တွေရှိပါသလား။**

**(MKH)**။ ။ ဒီအတွက် အမျိုးမျိုးစဉ်းစားနေတုန်းပါပဲ။ တိုက်ရိုက်ဆက်သွယ်လာတဲ့ ကြော်ငြာလက်ခံမလား၊ Facebook Web မှာ Ads ထည့်မလား၊ Mobile App ကိုရောင်းမလား အမျိုးမျိုးစဉ်းစားနေတုန်းပါပဲ။ အဓိကကတော့ ဖေ့စ်ဘွတ်ခ်ပေါ်မှာသုံးတဲ့သူများလာပြီး Popular ဖြစ်လာမလားနဲ့လည်း သက်ဆိုင်နေပါတယ်။

**(MHH)**။ ။ အဓိကကတော့ Doody Tooty ကိုအခြေခံပြီး အခြားအကြောင်းအရာလေးတွေ ပေါ်လာနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘဝမှာကိုယ်လုပ်ခဲ့တဲ့ အရာတစ်ခုဟာ နောင်တစ်ချိန်မှာ တစ်နေရာမှာဖြစ်ဖြစ်ပြန်တွေ့တိုင်း ဒါသူလုပ်သွားတဲ့ အရာပါလားဆိုပြီး မှတ်ကျောက်တင်ခံရဖို့ပါပဲ။

အထူးသဖြင့် ကျွန်တော့်အနေနဲ့နောက်ပိုင်းမှာ Graphic/ Web Design ထက် Logo Design တွေနဲ့Cartoon Characters တွေဘက်ကို ပိုပြီးလေ့လာနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ Logo တွေ Cartoon Characters လေးတွေဟာ Life Time ရှည်တတ်ပါတယ်။ ဥပမာ Nike တို့၊ Hello Kitty တို့တွေပါ။ ဒါကြောင့် ဒီ Doody Tooty နဲ့ ပတ်သက်တဲ့ ဇာတ်ကောင်လေးတွေကို ပြည်တွင်းရော နိုင်ငံတကာမှာပါ အောင်မြင်အောင်ကြိုးစားနေပါတယ်။

**ဘယ်သူတွေကအများဆုံးအသုံးပြုဖြစ်တာကိုတွေ့ရပါလဲ။**

**(MKH)**။ ။ မိန်းကလေးတွေက အများဆုံးအသုံးပြုသူတွေပါ။ ယောကျ်ားလေးတွေထဲမှာတော့ လူငယ်ပိုင်းတွေကများပါတယ်။

**အရင်ကတော့ Facebook ရဲ့ The Mood Weather Report လေးတွေကလူသုံးအများဆုံးဖြစ်ခဲ့တယ်။ အခုနောက်ပိုင်းတော့ DoodyTooty ကို တော်တော်လေး အသုံးပြုလာတာတွေ့ရတယ်။ ကိုယ်ဖန်တီးထားတဲ့ အရာတစ်ခုကို လူတွေစိတ်ဝင်တစား အသုံးပြုလာကြတဲ့အပေါ် ဖန်တီးထားတဲ့သူတွေအနေနဲ့ ဘယ်လိုခံစားရလဲ။**

**(MKH)**။ ။ ပျော်ပါတယ်။ နောက်ပြီး ကိုယ်လိုချင်တဲ့ ပုံစံ request တွေ၊ သူတို့ဆီက သုံးလို့ကျေနပ်တဲ့ အကြောင်းတွေကို ဖတ်ရတော့ ပိုပျော်ပါတယ်။ ကျွန်တော့်အစ်ကိုက အဲ့ဒီပုံတွေကို ထိုင်ဆွဲတဲ့သူဆိုတော့ သူကပိုပျော်မယ်ထင်တယ်။ စာ(၁၂)သို့







Monkey
Coffee mix
Monkey Coffee mix
30
PET
PET
Monkey Coffee mix
TAN

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011



# တောင်ပြိုရေလွှမ်း၊ ခရီးကြမ်းလျှင်

ဥက္ကာကိုကို၊ သန်းဌေး

ဇူလိုင်လ ၂၄ ရက်နံနက်ဂနာရီခွဲခန့် ဝေဟင်ပေါ်မှ မြင်ခဲ့ရသော ရခိုင်ပြည်နယ်မြင်ကွင်းသည် ကော်ဖီရောင် လွှမ်းလျက်ရှိသည်။

ပေနှစ်သောင်းအမြင့်မှ ပျံသန်းလာသော အဲမန္တလေးလေယာဉ်မှာလည်း တိမ်ထုထုကြီးတွေကြား တိုးဝင်လိုက်တိုင်း တဒုတ်ဒုတ်နှင့် ခံစားရသည်။ လေယာဉ်မစီးဖူးသော ကျွန်တော်က ရန်ကုန်မှာ လိုင်းကားစီးသလိုပင် ထိုင်ခုံလက်ရန်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

ရောက်ရောက်ချင်းပင် ဒေသခံများဆီ ချဉ်းကပ်၍ အဆိုးရွားဆုံး ရေဘေးသင့်ဒေသများ သတင်းကိုစုံစမ်းရသည်။ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များတွင် ရေတက်နေသည်ဟုသာ အကြမ်းဖျင်းသတင်းရသည်။

သို့ဖြင့် ဆိုင်ကယ် နှစ်စီး ငှားရသည်။ မုံရွာနယ်သား သတင်းထောက်လူထွက် ကိုစိုးမင်းနှင့် သူ့မိတ်ဆွေနယ်ခံ ကိုမောင်လုံးဆိုသူတို့ကို အကူအညီတောင်း၍ ဆိုင်ကယ်ငှားကာ လိုက်ပို့ခိုင်းရသည်။ ပလာယာတွေ၊ ခွတွေ ကွင်းတွေ အစုံထည့်ပြီး ဆိုင်ကယ်ကျွတ်အပိုတွေဝယ်ကာ အဝတ်အစားတစ်စုံ အပိုထည့်၍ မွန်းတည့် ၁၂ နာရီကျော်တွင် စစ်တွေမြို့မှ စထွက်ကြသည်။

ပုဏ္ဏားကျွန်းမြို့ကို စဝင်သည်။ စပါးခင်းအချို့ရေမြုပ်ထားပုံရသည်။ ပုဏ္ဏားကျွန်းမှအထွက် လမ်းတစ်နေရာတွင် ကျောက်လမ်းကြမ်းသောကြောင့် လမ်းဘေးက ကပ်မောင်းကြရာ ရေနုတ်မြောင်းငယ်တစ်ခုကို ဖြတ်မိပြီး ဆိုင်ကယ်တစ်စီး မှောက်သွားသည်။ သတင်းထောက် ဦးသန်းဌေး ပွန်းကုန်ပြဲကုန်သည်။ ဒဏ်ရာတွေကို ပလာစတာကပ်ပြီး အရှိန်ပြင်းပြင်း ဆက်ထွက်ကြသည်။ လမ်းတစ်လျှောက်တွင် လယ်ကွင်းတွေအလယ်မှ ဖြတ်ဖောက်ထားသော ရထားလမ်းကြီးကိုတွေ့နေရသည်။ မြေဖို့ပြီး ဖောက်လုပ်ထားသောကြောင့် ရထားလမ်းတွေမှာ ခံနိုင်ရည်သိပ်ရှိပုံမရ။ မြေသားအချို့ပွဲ့ကျပြုနေတာကို ခဏခဏ တွေ့ရသည်။တစ်နေရာမှာကားသွားသည့် ကွန်ကရစ်တံတားငယ်ပေါ်တွင် ရထားသံလမ်းကိုပါ တွဲတင်ထားတာကို ထူးထူးဆန်းဆန်း ဓာတ်ပုံရိုက်ကြသည်။

ကျောက်တော်မြို့ကို မြို့ရှောင်လမ်းမှဖြတ်ပြီး ကစ္ဆပနဒီတံတားကိုကျော်ကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုဝင်ကြသည်။ ရေကြီးစဉ်က မဟာမုနိဘုရားကြီးခြေရင်းထိ ရေများ လျှံတက်ခဲ့ပြီး ဘုရားခြေရင်းရှိ စားသောက်ဆိုင်များ သုံးရက်ကြာ ပိတ်ထားခဲ့ရသည်ဟုသိရသည်။ “ဘုရားတော့ မပိတ်ပါဘူး” ဟု ဘုရားဂေါပကအဖွဲ့မှ ဦးမောင်ကျော်ထွန်းက ပြောသည်။

မဟာမုနိမှ ဆက်ထွက်ပြီး မြောက်ဦးမြို့ နယ်နိမိတ်ထဲစဝင်ချိန်မှာပဲ မိုးက တရကြမ်းရွာချလာသည်။ ကင်မရာနှင့် ကျောပိုးအိတ်တွေမစိုအောင် မိုးကာနှင့် ဖုံးရသည်။ မိုးက သည်းလွန်းသဖြင့် ရှေ့ကိုမမြင်ရဘဲ ဆိုင်ကယ်မီးတွေ ဖွင့်မောင်းရသည်။ မိုးသီးပေါက်က အလုံးကြီးတွေရွာချတာမို့ မျက်နှာတစ်ပြင်လုံး ခဲသေးသေးလေးများနှင့် အပစ်ခံရသလို နာကျင်စပ်ဖျင်းနေကြသည်။

မိုးပေါက်တွေကြားက လူ၊ စက်ဘီး၊ ကျွဲ၊ နွား၊ ခွေး စသဖြင့် ဘွားခနဲပေါ်ပေါ်လာသဖြင့် ဆိုင်ကယ်ကို သတိပြုမောင်းရသည်။

ညနေ ခြောက်နာရီခွဲတွင် မြောက်ဦးမြို့တွင်းရောက်ပြီး ရေနစ်မြုပ်နေဆဲဖြစ်သော နေရာများကို ရသလောက်အလင်းရောင်ဖြင့် ဓာတ်ပုံရိုက်ကြသည်။ ရေတွေက ကျနေပြီဖြစ်သောကြောင့် အနိမ့်ပိုင်းနေရာများတွင်သာ ရေတင်ကျန်နေတာ ဖြစ်သည်။

မှောင်လာပြီဖြစ်သဖြင့် မြို့တွင်းလှည့်မကြည့်တော့ဘဲ အလိုတော်ပြည့်ဘုန်းကြီးကျောင်းတိုက်ကိုဝင်ကာ ကျောင်းထိုင်ဆရာတော် ဦးတေဇောသာရကို ဝင်ဖူးကြသည်။ “ရေတွေက ကားလမ်းမပေါ်ကို အပြည့်တက်လာတာ။ ကားတစ်စီး လမ်းရှာပြီးသွားနေတဲ့ ရှေ့က စက်လှေတွေ ဖြတ်မောင်းသွားတာတောင် တွေ့ရတယ်။ ဒီကားလမ်းက တစ်ခါမှ မမြုပ်ဖူးဘူး။ ဒီနှစ် တော်တော်လေးကြောက်စရာကောင်းတယ်”ဟု ဦးတေဇောသာရက ရေကြီးသည့်နေ့က အဖြစ်အပျက်ကို မိန့်ကြားသည်။ ပိုင်ရှင်မဲ့နွားလှည်းများမျောပါလာသောကြောင့် တွေ့သည့်စက်လှေက ဆွဲယူပြီး နီးစပ်ရာကုန်းမြေစပ်ကို တင်ပို့ပေးကြရသည်ဟုလည်း သိရသည်။ ရေကျချိန်တွင် တင်ကျန်ခဲ့သောနုန်းမြေများက လယ်ကွင်းစပါးခင်းမှန်သမျှကို ဖုံးလွှမ်းပစ်သဖြင့် စပါးပျိုးခင်းများ ပျက်စီးသွားရသည်။

၂၅ ရက်နံနက်စောစောတွင် မြောက်ဦးမြို့၊ လက်ကောက်ဈေးဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီရေဘေးကယ်ဆယ်ရေး စခန်းတစ်ခုသို့ ပထမဆုံးသွားကြည့်ကြသည်။

“အရင်အပတ် ဗုဒ္ဓဟူး(၂၀ ရက်) မွန်းတည့် ၁၂ နာရီကျော်က ရေစတက်လာတာ။ တစ်ရွာလုံး လောင်းလှေတွေနဲ့ ဒီကိုပြောင်းလာကြတယ်။ အရင်ကသုံးနှစ်တစ်ခါလောက် ရေတက်ဖူးပေမယ့် ဒီနှစ်ပိုများတယ်”ဟု အဆိုပါကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော လူပေါင်း ခြောက်ဆယ်ကျော်ထဲတွင်ပါဝင်သည့် အသက် ၃၀ အရွယ် ရခိုင်တိုင်းရင်းသူ မသဇင်မြိုင်ကပြောသည်။

သျှစ်သောင်း ဘုရားဘက်ဆက်ထွက်ခဲ့ပြီး နယ်ခံဓာတ်ပုံဆရာကိုမြင့်ကြည်၏ ပုံရိုပ်လွှင်ဆိုင်တွင် မနက်စာစားရင်း ရေကြီးစဉ်က ဓာတ်ပုံများ ရိုက်ယူထားကြောင်းပြောသဖြင့် သူ့မှာရှိသော နုတ်ဘွတ်ခ်လေးထဲမှ စတတ်ဖြင့် ကူးယူခဲ့ရသည်။ သျှစ်သောင်းဘုရားမှထွက်တော့ ဘုရားပုထိုးတစ်ဆူခြေရင်းလယ်ကွက်ထဲတွင် တံခွန်တိုင်အဖြူတစ်ခု စိုက်ထူထားတာတွေ့သဖြင့်မေးကြည့်ရာ ရေတက်စဉ်က ရေဆော့ရင်းသေဆုံးသွားသော ရတနာပုံရွာမှ အသက် ဆယ့်ခြောက်နှစ်အရွယ် အဋ္ဌမတန်းကျောင်းသူလေး သေဆုံးရာနေရာအား အမှတ်အသားပြုထားခြင်းဖြစ်ကြောင်း သိရသည်။ တေဇာရာမရပ်ကွက် မူလတန်း ကျောင်းတွင်ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်တော့ ဆင်ချဆိပ်ကျေးရွာမှ အိမ်ထောင်စုပေါင်း ခြောက်ဆယ်ကျော်ထဲမှ အိမ်ထောင်စုဆယ်စုခန့် ကျန်ရှိနေသေးတာကို တွေ့ရသည်။ သူတို့ရွာသားတွေ ဒီစခန်းကိုရောက်နေတာ ငါးရက်ရှိပြီဟု ပြောကြသည်။ ရေကြီးစဉ်ကဆိုလျှင် စာသင်ကျောင်းတွင်မဆံ့သဖြင့် ဘုရားသိမ်တွေဘက် တက်ပြေးကြရသည်ဟုလည်း ပြောကြသည်။

“ဒီနေ့ညနေ ပြန်ကြရမယ်။ ကျောင်းတွေဖွင့်မှာမို့လို့တဲ့”ဟု အသက် ၅၀ အရွယ်အမျိုးသမီးကြီးတစ်ဦးက ဖျော့တော့သောမျက်ဝန်းများဖြင့် တွေရီငေးမောရင်းပြောလာသည်။

ဆင်ချဆိပ်ရွာမှာ မြေအနိမ့်ပိုင်းနေရာတွင် တည်ရှိသောကြောင့် တစ်နှစ်လျှင်သုံးကြိမ်တိတိ ရေမြုပ်လေ့ရှိသည်ဟု သိရသည်။ ယခုအကြိမ်နှင့်ဆို ဒီနှစ်အတွက် နှစ်ကြိမ်ရှိပြီဖြစ်ပြီး ယခုရေကြီးမှုမှာ နှစ်စဉ်ရေကြီးမှုတွေထက်ပိုများကြောင်း သူတို့အားလုံးက တညီတညွတ်တည်းပြောကြသည်။ ဆက်လက်၍ရေဘေးကယ်ဆယ်ရေးစခန်းတစ်ခုဆီ ဆက်သွားကြသည်။ ထိုစခန်းတွင်လည်း လူ အနည်းငယ်သာကျန်ရှိတော့သည်။ ကျောင်းတွေ ပြန်ဖွင့်တော့မည်ဟုဆိုသဖြင့် အိမ်ပြန်ကြရပြီဖြစ်သည်။ သို့သော် သူတို့နေထိုင်ရာ တဲအိမ်လေးများကား ရေတစ်ဝက်ခန့်မြုပ်နေဆဲဖြစ်သည်ဟု သူတို့က ဆိုကြသည်။

ထိုစခန်းမှ ပြန်ထွက်လာတော့ မွန်းလွဲနေပြီဖြစ်သည်။ မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးရုံးကိုဝင်ရသည်။ ဒု-ဦးစီးနှင့်တွေ့ပြီး အချက်အလက်တွေ ရခဲ့ကြသည်။ ရပ်ကွက်အလိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၇ ခုကို နီးစပ်ရာဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများတွင် နေရာ ၉ နေရာခွဲ၍ ဒေသအာဏာပိုင်များက ဖွင့်လှစ်ထားပေးသည်။ဂျာနယ်တိုက်ဆီသို့ဓာတ်ပုံနှင့်သတင်းဆောင်းပါးကို အမြန်ပို့နိုင်ရန်နည်းလမ်းကို စဉ်းစားရတော့သည်။ မြောက်ဦးမြို့တွင် အင်တာနက်ဆိုင်မရှိ။ အနီးဆုံး အင်တာနက်ဆိုင်ကို ကျောက်တော်မြို့နယ်မှာ ပြန်သွားသုံးရမည်။ သို့နှင့်ဟိုမေးဒီမေး မေးမြန်းရာကနေ မြောက်ဦးမင်းသမီးဟိုတယ်ထဲတွင် အင်တာနက်သုံးလို့ရကြောင်း သတင်းရသဖြင့် သွားကြည့်ကြသည်။

ဟိုတယ်ကရာသီကုန်သဖြင့် ပိတ်ထားသည်။ မန်နေဂျာတစ်ဦးကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းရသည်။ မီးမရသဖြင့် ဒီဇယ်နှစ်ဂါလန်ဖိုးပေးပြီး မီးစက်မောင်းခိုင်းလိုက်ရသည်။ အင်တာနက်ဖိုးက တစ်နာရီကိုလေးထောင်ပေးရသည်။ ဒီဇယ်ဖိုးက တစ်ဂါလန်လေးထောင် ကျသည်။ နှစ်နာရီသုံးရတာကြောင့် တစ်သောင်းခြောက်ထောင်ပေးခဲ့ရသည်။ နှစ်နာရီအတွင်းမှာ ဆောင်းပါးတစ်ပုဒ်ကို အမြန်ဆုံးစာစီပြီး ဓာတ်ပုံ ၈ ပုံခန့်နှင့်အတူ မေးလ်ပို့လိုက်နိုင်သည်။ ရေဘေးသင့်နေသော မင်းပြားမြို့နယ်ကိုမူ အချိန်မရ၍ ခရီးမဆက်ဖြစ်ခဲ့ပေ။

မြောက်ဦးမြို့မှ ပြန်ထွက်ကြသည်။ ကျောက်တော်မြို့ မရောက်ခင် အဝင်ဝက မဟာမုနိခြေတော်ရင်းရောက်တော့မိုးတွေ ရွာလာသည်။ တစ်ကိုယ်လုံး စိုရွှဲကုန်ကြပြန်သည်။ ည ၈ နာရီခန့်ရှိနေပြီဖြစ်သောကြောင့် စစ်တွေအထိ ဆက်မောင်းသွားရန် လမ်းခရီးတွင် စိတ်မချရသဖြင့် ကျောက်တော်မြို့၌ တစ်ညအိပ်ရန်ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ ၂၆ ရက် မနက်စောစော စစ်တွေကိုဆက်ထွက်သည်။ ကျောက်တုံးချွန်ကြီးတွေ ခင်းထားသော ဗွက်ပေါက်နေသည့် လမ်းတစ်လျှောက် မိုးတွေကလည်း ခဏခဏ ရွာချသည်။ နေပူလိုက်၊ မိုးရွာလိုက်ဖြင့် ဆိုင်ကယ်ဦးထုပ်ကို တင်းကျပ်စွာဆောင်းထားသောဒဏ်ကြောင့် ခေါင်းတွေမူးနောက်ကိုက်ခဲလာကြသည်။ လမ်းကြမ်းသောဒဏ်ကြောင့် ခါးတွေတဆစ်ဆစ်နာကျင်နေသည်။ မောင်းသူတွေကလည်း မရပ်မနား တရကြမ်းမောင်းနေကြ၍ သံဗုဒ္ဓေကိုအကြိမ်ကြိမ်ရွတ်လာမိသည်။

စစ်တွေရောက်တော့ မွန်းတည့် ၁၂ နာရီခန့်ရှိနေပြီ။ ဆိုင်ကယ်တွေ ပြန်အပ်တော့ ဆိုင်ကယ်ပိုင်ရှင်က အံတကြိတ်ကြိတ်ဖြစ်နေသည်။ ကားစီးလုံးငှားရင် တောင်ကားပိုင်ရှင်တွေမလိုက်တဲ့ ခရီးဖြစ်ကြောင်း၊ ရန်ကုန်က ဧည့်သည်တွေဟိုနားဒီနားသွားမည် ထင်၍ ဆိုင်ကယ်အသစ်နှစ်စီးထုတ်ပေးလိုက်တာဖြစ်ကြောင်း ပြောပြီး ငှားတုန်းက တစ်နေ့ငါးထောင်နှင့် ငှားကာပြန်အပ်တော့ တစ်စီးကို သုံးသောင်းခွဲပေးခဲ့ရသည်။



ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့နယ်ခွဲ ဂွလမ်းပေါ်ရှိ တိုင်ကုန်းကျေးရွာလယ်တံတားအား ယာယီသွားလာနိုင်အောင် အုန်းတုံးများဖြင့် ထောက်ကန်ပြင်ဆင်ထားပုံ

ဓာတ်ပုံ-ဥက္ကာကိုကို

စစ်တွေမှာ တစ်ညအိပ်ပြီး ၂၇ ရက်နေ့မနက် ငါးနာရီခွဲတွင် စစ်တွေဆိပ်ကမ်းမှ ရွှေပြည်တန်အမြန်ရေယာဉ်နှင့် တောင်ကုတ်မြို့သို့ ဆက်ထွက်ခဲ့ကြသည်။ ရခိုင်မြောက်ပိုင်းရေဘေးသင့်ဒေသကို နံ့သလောက်ဖြစ်သွားပြီမို့ တောင်ပိုင်းဒေသရှိရေဘေးသင့်ဒေသများသို့ သွားကြတာဖြစ်သည်။မနက်ဖြန်နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကုတ်မြို့သို့လာရောက်မည်ဟုသတင်းရသည်။

ဇူလိုင်လ ၂၈ ရက် နံနက်တွင် တောင်ကုတ်မြို့နယ်ခန်းမ၌ နိုင်ငံတော်သမ္မတနှင့် နယ်မြေခံလူထု တွေ့ဆုံဆွေးနွေးပွဲပြုလုပ်သည်။ တစ်နာရီကျော်ခန့်ကြာမြင့်သော တွေ့ဆုံပွဲတွင် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကိစ္စများကိုလည်း အလေးပေးပြောကြားသွားကြောင်း တွေ့ဆုံပွဲမှပြန်လာသူအချို့ထံက သိရသည်။ ယခု အကြိမ်သည် တောင်ကုတ်မြို့တွင် ၁၅ နှစ်အတွင်း အကြီးမားဆုံး စံချိန်တင် မိုးရွာသွန်းမှုဖြစ်သည်။ အချို့နေရာများတွင် လူတစ်ရပ်ကျော်မြုပ်ပြီး လှေများဖြင့်သွားလာခဲ့ကြရသည်။

အပျက်အစီးမရှိကြောင်း အာဏာပိုင်များက ပြောသော်လည်း စာရင်းတွင်မပါဝင်သည့် ကျုးကျော်ဟုသတ်မှတ်ခံရသော တဲများ ပျက်စီးပြိုလဲခဲ့ကြသည်ဟု မြို့ခံတစ်ဦးကဆိုသည်။ “တဲစုတ်ဆိုပေမယ့် ဆင်းရဲသားတွေအတွက်တော့ တဲဟာ တိုက်ပါပဲ။ သူတို့ကိုစာရင်းထဲထည့်သင့်ပါတယ်” ဟု သူကပြောသည်။

နေ့လယ်တွင် တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့်တွေ့သည်။ သူထုတ်ပေးသော စာရင်းဇယားများအရ တောင်ကုတ်မြို့နယ်တွင် ဇူလိုင် ၂၀ နှင့် ၂၁ ရက်များတွင် ရွာသွန်းသည့်မိုးကြောင့် ကျေးရွာအုပ်စုပေါင်း ၆၀ အနက် ကျေးရွာအုပ်စု ၂၅ အုပ်စုရေလွှမ်းခံရကြောင်းသိရသည်။

“ဒီမြို့က မိဘပြည်သူတွေက အတွေ့အကြုံများတယ်။ ရေတက်ရေကျကို သိပြီးဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်ထားကြတယ်။ ရေကြီးတဲ့ညမှာမြို့နယ်လျှပ်စစ်မှူးကိုတစ်ညလုံးမီးပေးခိုင်းထားလိုက်တယ်။ ပစ္စည်းတွေ ရွှေ့ပြောင်းလို့ရအောင်ပေါ့။ ဒေသခံတွေကလည်း ပြောပါတယ်။ ဖြစ်ရိုးဖြစ်စဉ်ပါတဲ့။ မိုးလေဝသ သတင်းသက်ရောက်မှုနဲ့ ဒေသခံတွေရဲ့ အတွေ့အကြုံ ပေါင်းစပ်လိုက်တော့ အခုကြက်တစ်ကောင်တောင် မသေဘူး” ဟု တောင်ကုတ်မြို့နယ်တွင် အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်သက် တစ်နှစ်ခွဲရှိပြီဖြစ်သောဦးသိန်းဇော်ကဆိုသည်။

နိုင်ငံတော်သမ္မတကြီးကလည်း ယနေ့ လာရောက်ရာတွင် ကျန်းမာရေး၊ ပညာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ တိုင်းတစ်ပါးသားများ စိမ့်ဝင်ရောက်မှုတားဆီးကာကွယ်ရေး၊ တစ်ကေလျှင် စပါးတင်းတစ်ရာထွက်ရှိရေးဟူသော လမ်းညွှန်ချက်ငါးချက်ကို ချမှတ်ပေးသွားကြောင်း သိရသည်။

စာ(၃၀) သို့

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# ယနေ့လူငယ် နောင်ဝယ် . . .

ဘရီ

(၁)

အဆိုအမိန့် တစ်ခုကြားဖူးပါတယ်။

"နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ကို သိချင်ရင် အဲဒီနိုင်ငံမှာရှိတဲ့ လူငယ်တွေ ယနေ့ဘာတွေလုပ်နေသလဲဆိုတာကို ကြည့်ပြီး ပြောနိုင်ပါတယ်" တဲ့။

(၂)

၂၉ ဇူလိုင်-၂၀၁၁ (သောကြာ)နေ့ နံနက်စောစော လက်ဖက်ရည်ဆိုင်ထိုင်ပါတယ်။ ကျွန်တော့်ရဲ့ အတွေးက ယမန်နေ့က ကန်ခဲ့သော မြန်မာ-အိုမန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲသတင်းကို ဂျာနယ်ဝယ်မဖတ်သေးဘဲ လက်ဖက်ရည်ဆိုင်ထိုင်ရင် သိရမှာပဲဆိုတဲ့အတွေးနဲ့ပါ။ ထင်တဲ့အတိုင်းပါပဲ။ မကြာမီအခြားဝိုင်းမှ တက္ကစီသမားများနဲ့ သွားကြည့်သော ပရိသတ်များရောဲဆိုင်ပိုင်ရှင်ပါမြန်မာဘောလုံးပွဲသတင်းကို အော်ကြီးဟစ်ကျယ် ပြောဆိုနေကြပါတယ်။ ကျွန်တော်ကတော့ စီအင်န်အင်န်နားထောင်နေသလို သဘောထားပြီး နားစွင့်နေတာပေါ့။ သူတို့ဟာ သတင်းထောက်တွေမဟုတ်ပေမယ့် သူတို့ရဲ့ အစီအစဉ်တင်ဆက်နေမှုဟာ ကျွန်တော်ကိုယ်တိုင် သွားကြည့်ရသလို မျက်လုံးထဲ ကွက်ကွက်ကွင်းကွင်း မြင်ယောင်နေပါတယ်။ သုံးသပ်ချက်တွေ၊ ဝေဖန်ချက်တွေ၊ ကွင်းအတွင်း ပရိသတ်များရဲ့ အခြေအနေ၊ ကွင်းအပြင်ပရိသတ်များအခြေအနေ၊ နောက်ဆုံးကွင်းနားက အရက်ဆိုင်များရဲ့ အခြေအနေတွေအားလုံးကို တစ်ထိုင်တည်းသိရပါတယ်။ တစ်နည်းအားဖြင့် ဂျာနယ်မှာ မပါဝင်နိုင်တဲ့ အကြောင်းအရာတွေကို စုံစုံလင်လင်သိရပါတယ်။

ဒီလိုနဲ့ ပြောနေလိုက်တာ တက္ကစီသမားပြောတဲ့ စကားကြောင့် ယနေ့ခေတ်လူငယ်များအကြောင်း အတွေးပွားစရာ ဖြစ်လာရပါတယ်။ တက္ကစီသမားပြောတာနော်။ ကျွန်တော်ပြောတာမဟုတ်ဘူး။ ". . . အထူးသဖြင့်တော့ ရပ်ကွက်ထဲက အသက် ၂၀၊ ၃၀ ဗရုတ်သုတ်ခလူငယ်တွေ အားလုံးလိုလိုက အရက်တွေမူးပြီး လာကြည့်ကြတော့ တော်တော်ဆိုးသွားတာပေါ့. . ." သူပြောတာတွေကတော့ အများကြီးပါ။ ဒီဘောလုံးပွဲကိစ္စဟာ သာမန်ဖြစ်ရိုးဖြစ်စဉ် ပွဲပျက်သွားတဲ့ ကိစ္စတစ်ခုဆိုတာထက် ဒီဖြစ်ရပ်ရဲ့ နောက်ကွယ်မှာ သတိထားစရာတော်တော်များများ ရှိနေပါတယ်။ နိုင်ငံတကာ အလယ်မှာ "မြန်မာ" ဆိုတဲ့ လက္ခဏာကို အရောင်မှိန်စေပါတယ်။ ပွဲကြည့်ပရိသတ်အချို့ရဲ့ လူကြီးလူကောင်းမဆန်မှု၊ ရိုင်းစိုင်းမှုဟာ မြန်မာဆိုတာ ဒီလိုပါလားဆိုပြီး နိုင်ငံတကာက ယူဆသွားဖွယ်ရာ ရှိပါတယ်။

လူငယ်တွေ ရိုင်းစိုင်းကုန်ကြပြီလား။ အရက်သမား လူရမ်းကားတွေ ဖြစ်ကုန်တဲ့ လူငယ်တွေများနေကြပြီလား။ သူတို့ရဲ့ အချိန်တွေကို ရပ်ကွက်ထဲမှာ ဘယ်လိုဖြုန်းတီးနေပါသလဲ။ လက်ဖက်ရည်ဆိုင်မှာလား၊ ဘီယာဆိုင်မှာလား၊ ရှိုးပွဲတွေမှာလား၊ နိုက်ကလပ်၊ ဒေးကလပ်တွေမှာလား။ တစ်နိုင်ငံလုံးမှာ ဘယ်လောက်ရာခိုင်နှုန်းအထိ ရှိနေပြီလဲ။ သူတို့ဟာ ဒီအတိုင်းဖြုန်းတီးသွားလျှင် နောင်တစ်ချိန်မှာ 'လူကြီး' ဖြစ်ပါ့မလား။ နိုင်ငံ့တာဝန်ကိုပခုံးပြောင်းထမ်းဆောင်နိုင်ပါ့မလား။ နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ပါ့မလား။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ ပညာနောက်ကျလျှင် နိုင်ငံပါ နောက်ကျသွားလိမ့်မည်။ ပညာဆိုသည်မှာလည်း ဤလူငယ်ဘဝ၌ နေ့နေ့ညည သဲကြီးမဲကြီး လုပ်နိုင်ပါမှ တန်ကာကျပေမည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ခေတ်သည် နည်းပညာတိုးတက်ပြောင်းလဲမှုက မြန်ဆန်လွန်းသောကြောင့် ဖြစ်သည်။ ထို့ပြင် ကျွန်တော်တို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် ယှဉ်လျှင်ပင် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ဖြစ်ရာ ပို၍ ကြိုးစားရန်လိုပေသည်။ ယနေ့မြန်မာနိုင်ငံတွင် ပညာသင်ယူလိုစိတ်ရှိပါက အခွင့်အလမ်းပေါင်း မြောက်မြားစွာ ပေါ်ပေါက်နေပေပြီ။ လူငယ်များသည် "ဘီယာ သောက်ပြီး ဂီတာခေါက်" နေရတော့မည့်အချိန် မဟုတ်တော့ပေ။ လူငယ်ဘဝအချိန်များသည် နွေဦးကာလသစ်ရွက်များကြွေသလို စက္ကန့်တိုင်း တဖြုတ်ဖြုတ်ကြွေကျနေသည်။ ဘာပညာမှ မည်မည်ရရ မတတ်လိုက်ဘဲ လူငယ်ဘဝ ကုန်ဆုံးသွားလျှင် အရှုံးကြီး ရှုံးပေတော့မည်။

(၃)

တစ်ခါက လူငယ် နှစ်ယောက်စကားပြောနေတာ ကြားရဖူးသည်။ ပုံစံတွေက ယနေ့မြင်တွေ့နေကျ ပုံစံတွေပါ။ ဆံပင်ဆေးဆိုးပြီး ကောက်ထားကာ နားကပ်ဝတ်ထားပြီး လက်မောင်းတွင်လည်း ဆေးမင်ကြောင်အပြည့် ထိုးထားသည်။ နှစ်ယောက်စလုံးပိန်ချုံးကာ စတီးဆွဲကြိုးကိုလည်းဝတ်ထားကြသည်။ မျက်တွင်းတွေကလည်း ညိုလို့။ သူတို့ပြောတဲ့စကားကို ကြားပြီး ကျွန်တော့်စိတ်ထဲမှာ ပထမဆုံး မှတ်ချက်ချလိုက်နာက "ရိုင်းလိုက်တာ" လို့။ နားထောင်ကြည့်ပါဦး။ ". . . အဲဒီဘဲကြီးက ဘာ-ဘက်လုပ်တွေ လုပ်လဲမသိဘူး။ ကိုယ်တွေသွားရင် ဘီယာ အမုန်းတိုက်တယ်။ ရေလည်လျှံတဲ့ ဘဲကြီး . . ." ဒီလိုစကားမျိုး ကျွန်တော်ကတော့ဒီတစ်ခါပဲ ကြားဖူးတယ်။ အခြားအကြောင်းအရာတော်တော်များများလည်း ပြောနေကြသေးတယ်။ ဘယ်ကောင်မလေးကို ဖန်လျှင်ရနိုင်ကြောင်း၊ ဘယ်နေ့ ဘာရှိုးပွဲရှိကြောင်း၊ ဘယ်ဘီယာဆိုင်မှာ ပရိုမိုးရှင်းလုပ်နေကြောင်း၊ ဘယ်နေရာမှာ အသစ်ကလေးတွေ ရောက်နေကြောင်း၊ ဘယ်ကောင့်ကိုကြည့်မရကြောင်း. . . စသဖြင့် ကောင်းတဲ့အကြောင်းအရာ တစ်ခုမှ မပါဘဲ အရည်မရ၊ အဖတ်မရ စကားလုံး၊ သေးနုပ်သိမ်ဖျင်းသော စကားလုံးများချည်းသာ။ နောက်ဆုံးပြောလိုက်တဲ့စကားကတော့ "မင်းမနက်ဖြန်ကျောင်းလာမှာလား" တဲ့။

ကျွန်တော်က သူတို့ကို ကလေကချေအကောင်တွေအောက်မေ့နေတာ။ လက်စသတ်တော့ ကျောင်းသားတွေကိုး။ ကျွန်တော်ကတော့ သူတို့ကိုစိတ်ထဲကနေပြီး နာမည်ပေးလိုက်ပါတယ်။ ဘာကျောင်းသားလဲ။ "ဘုရားစူးကျောင်းသား၊ မိုးကြိုးပစ် ကျောင်းသား" လို့။

(၄)

တစ်ဆက်တည်းမှာပဲ ကျွန်တော်ဟာ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ကျောင်းသားကြီးတွေအကြောင်း စိတ်ထဲမှာ တရေးရေးပြန်မြင်ယောင်လာပါတယ်။ တစ်ချိန်ကဆိုတာ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုလောက်ဆီကပါ။ ကျွန်တော်ဟာ ထိုကျောင်းသားကြီးများနဲ့ နှစ်နှစ်၊ သုံးနှစ် အတူတကွနေထိုင်ခဲ့ဖူးပါတတ်။ သူတို့က ရန်ကုန်တက္ကသိုလ် နောက်ဆုံးအသုတ် ကျောင်းသားတွေပေါ့။ 'ကျောင်းသားကြီး' လို့ ရေးရတာဟာ သူတို့ဟာ တကယ့်ကို လူကောင်ထွားထွား ကြီးကြီးမားမားနှင့် လူကြီးပုံစံတွေ ပေါက်နေလို့ပါပဲ။ သူတို့တုန်းက ကျောင်းတွေ ပိတ်လိုက်၊ ဖွင့်လိုက်နဲ့မို့ ရွာပြန်လိုက်၊ ကျောင်းပြန်တက်လိုက်နဲ့ ရန်ကုန်နဲ့နယ် လူးလာခေါက်ပြန်လုပ်နေကြရတာပေါ့။ သူတို့တစ်ယောက်ချင်းစီမှာ အများဆုံး ပိုင်ဆိုင်ကြတာက သူတို့ဘာသာနဲ့ဆိုင်တဲ့ စာအုပ်တွေ။ အဲဒီစာအုပ်တွေဟာ အခန်းပြည့်နီးပါး နေရာယူထားကြတယ်။ ညနေ ၆ နာရီ၊ ၇ နာရီလောက်မှာ သူတို့နဲ့ ပုံမှန်လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်တယ်။ သူတို့သောက်တာ ရိုးရိုးလက်ဖက်ရည်တစ်ခွက်။ သူတို့ပြောတာတွေက ယနေ့ဆရာသင်လိုက်တဲ့ သင်ခန်းစာအပေါ် ဆွေးနွေးချက်၊ ယနေ့ထွက် သတင်းစာမှာပါတဲ့ သတင်းများအကြောင်း၊ အသစ်ထွက်စာအုပ်များအကြောင်း၊ ဘယ်မဂ္ဂဇင်းထဲက ဘယ်ဆရာရေးတဲ့ ဘယ်ဆောင်းပါး ကောင်းကြောင်း၊ ရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း၊ နိုင်ငံတကာသတင်းများအကြောင်း၊ သူတို့ရွာကအကြောင်းတွေ စသဖြင့် နားထောင်လို့မဝသော ဗဟုသုတရဖွယ်ရာအကြောင်းတွေချည်းပါ။

ထိုစဉ်က ကျွန်တော်သည် ဆယ်ကျော်သက် အရွယ်သာသာဖြစ်၍ သူတို့က လမ်းညွှန်၊ ဆုံးမမှုများ အမြဲလုပ်သည်။ အကျိုးနှင့်အကြောင်းနှင့်၊ သာဓကနှင့် ယုတ္တိရှိရှိ ဆိုဆုံးမသည်ဖြစ်၍ နာယူရန်လွယ်သည်။ တကယ်တော့လူငယ်ဆိုသည်မှာ "ဒါမလုပ်နဲ့" ဆိုလျှင် ပို၍ လုပ်ချင်ကြသည်မဟုတ်လား။ အကျိုးအကြောင်းနဲ့မှ နာယူကြမှာပါ။

နောက်တစ်ချက်က သူတို့သည်ကျွန်တော့်အဖို့ဘယ်လိုကြည့်ကြည့် လေးစားအားကျလောက်ဖွယ်ရာ ကျောင်းသားကြီးများဖြစ်နေ၍ သူတို့၏ ဆိုဆုံးမမှုလမ်းညွှန်မှုများကို တလေးတစား တန်ဖိုးထားမိပါသည်။

ယခုမူ သူတို့အားလုံးနီးပါးသည်မာစတာဘွဲ့များကိုယ်စီကိုယ်ငဖြင့် ဥပဒေအရာရှိ၊ အရာရှိငယ်များ၊ တက္ကသိုလ်ဆရာ၊ အောင်မြင်သော အင်္ဂလိပ်စာပြဆရာ၊ အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်၊ အစိုးရအရာရှိများအဖြစ် ဘဝကို အဆင့်အတန်းမြင့်မြင့်၊ ဂုဏ်သိက္ခာရှိရှိရပ်တည်နေကြပေပြီ။

(၅)

တစ်ခါက လူငယ်လေးတစ်ယောက် တွေ့ဖူးပါတယ်။ ဆယ်တန်းကိုတဖုန်းဖုန်းကျနေတဲ့ လူငယ်လေးပေါ့။ သူဟာအရက်တော်တော်သောက်ပါတယ်။ ဆယ်တန်းကျလို့ အရက်သောက်၊ အရက်သောက်လို့ ဆယ်တန်းကျ သံသရာလည်နေသူပေါ့။ တကယ်တော့ သူအရက် စသောက်ဖြစ်တာဟာ မိဘများရဲ့ အိမ်တွင်းရေးကြောင့်ပါ။ ကာယကံရှင်ကတော့ မသိဘူး။ ဘေးက လူအနေနဲ့ အဲဒီအိမ်တွင်းရေးဆိုတာ ဘာမှကြီးမားတဲ့ ကိစ္စမဟုတ်ပါဘူး။ စကားထဲကို ထည့်ပြောနေစရာကိစ္စမဟုတ်ပါဘူး။ အဲဒါကို အဆိုပါလူငယ်လေးက ရေးကြီးခွင်ကျယ်လုပ်၊ ခံစားချက်တွေ ကြီးမား၊ အရေးကြီးတဲ့ ဆယ်တန်းကို မထီမဲ့မြင်လုပ်၊ အရက်သောက်၊ သောက်ရင်းနဲ့စွဲ၊ စွဲရာက စာမေးပွဲကျ၊ စာမေးပွဲကျလို့ အရက်သောက်၊ အရက်သောက်ပြီး ဘာမဟုတ်တဲ့ အိမ်တွင်းရေးကို ထုတ်ဖော်။ သူဟာ သူ့ဘဝကို ပစ်စလက်ခတ် ရေစုန်မျှောနေခဲ့တာ လေး၊ ငါးနှစ်တောင်ကြာပြီ။ တစ်နေ့ ကျွန်တော်နယ်ကို ပြန်ရောက်ခိုက် သူနဲ့အေးအေးဆေးဆေးတွေ့ဖြစ်တော့ သူတို့ အကျိုးအကြောင်းနဲ့လမ်းကြောင်းများအကြောင်း၊ ယုတ္တိရှိရှိ ပြောပြပါတယ်။ ပြောရင်းပြောရင်းနဲ့ ကျွန်တော်ကပဲ စည်းရုံးရေးကောင်းတာလားတော့မသိဘူး။ အဲဒီလူငယ်လေး မျက်ရည်ပိုးပိုးပေါက်ပေါက်ကိုကျတော့တာပဲ။ တကယ်က လူငယ်ဆိုတာ ပင်ကိုက ဖြူစင်တယ်။ ကောင်းမွန်ချင်ကြတယ်။ ပညာရေးအောင်မြင်ချင်ကြတယ်။ အတွေးတစ်ချက်မှားသွားလျှင် ဘဝပါ ပျက်သွားနိုင်လောက်သည်။ အဲဒီမှာ ကျွန်တော် တစ်ခုသိလိုက်ရတာက ရပ်ထဲရွာထဲမှာ သူ့ကို ဘယ်သူမှ မဆုံးမကြပါလား ဆိုတာကိုပဲ။ ကျွန်တော်သူ့ကို နောက်ဆုံး အကြံပေးလိုက်ပါတယ်။ ပထမဆုံး မင်းအရက်ဖြတ်၊ နောက်ပြီးရင် မင်းမိဘကို အကျိုးအကြောင်းပြောပြီး နောက်နှစ် စည်းကမ်းကောင်းတဲ့ ဘော်ဒါတစ်ခုခုကို သွားနေပြီး ဆယ်တန်းပြန်ဖြေလို့။ ဒီကောင်လေးက ငွေရှိပါတယ်။ ဒါ့ကြောင့် ဒီပတ်ဝန်းကျင်က ခွာခိုင်းပြီး ကောင်းမွန်ရာနေရာကို သွားဖို့ ပြောလိုက်တာပါ။ ပတ်ဝန်းကျင်ဆိုတာလည်း လူငယ်တွေအပေါ်မှာ ကြီးကြီးမားမား လွှမ်းမိုးမှုရှိပါတယ်။ စာကြိုးစားသော ပတ်ဝန်းကျင်ရောက်လျှင် စာကြိုးစားဖို့ အခွင့်အလမ်းပွင့်သွားမှာပါ။

(၆)

မည်သို့ပင်ဖြစ်စေကာမူကျွန်တော့်အနေဖြင့် 'လူငယ့်အရေး၊ ပေါ့သေးသေးမဟုတ်' ဟုဆိုချင်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် ပညာရေးကို ပြင်းပြင်းထန်ထန်လိုက်စားနေကြကုန်သော လူငယ်များရှိသကဲ့သို့ လမ်းဘေးမှာ ဂျလေဘီ လုပ်နေကြသူများလည်း ဒုနဲ့ဒေးနဲ့ရှိနေပါသည်။ အချိုးချကြည့်လျှင် ဘယ်ရွေ့ ဘယ်မျှဟု တပ်အပ်မပြောနိုင်သော်လည်း သေချာတာကတော့ အချိုးမညီမှာကတော့ သေချာပါသည်။ ဆိုကြပါစို့။ ခုနေအခါ ဤနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားများ သန်းနဲ့ချီဝင်လာပြီ။ ကမ္ဘာ့အဆင့်မီကုမ္ပဏီကြီးများ အောတိုက်ဝင်လာပြီ။ သူတို့က နိုင်ငံခြားဘာသာစကားကျွမ်းကျင်သော၊ နည်းပညာကျွမ်းကျင်သော လူငယ်များ "ရသလောက်" လိုချင်သည်။ လစာကလည်း နိုင်ငံခြားသွားလုပ်တာထက်များသည်။ ဤသို့ဆိုပါလျှင် လူငယ်များအနေဖြင့် အဆင်သင့်ဖြစ်နေပြီလားဟု မိမိကိုယ်ကို ပြန်မေးကြည့်စေလိုပါသည်။

ယခုတွင်လည်း ပညာတတ်ပါကကြီးမားသော အခွင့်အလမ်းမြောက်မြားစွာ ပေါ်ထွန်းနေပါသည်။ 'ပညာတတ်ပါက' ဆိုသည်မှာ အမှန်တကယ်တတ်ခြင်းကို ဆိုလိုပါသည်။

ထို့ကြောင့် ယနေ့လူငယ် နောင်ဝယ်. . .။ မိမိ၏ ရွေးချယ်မှုအတိုင်းသာ။ ။



7 DAY NEWS JOURNAL

# Current Affairs

Vol.10, No.21 • AUGUST 11, 2011

## ရန်ကုန်ပြင်ပ ကျန်ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမြင့်တက်လာ

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဩဂုတ် - ၄**


တစ်နိုင်ငံလုံးတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး၏ သုံးစွဲမှုပမာဏထက် ကျန်ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုကို ယခုနှစ်အတွင်း စတင်ကျော်လွန်သွားပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌကပြောကြားသည်။

"ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးဆိုတာ နေပြည်တော်ပါအပါအဝင်ပါ။ အရင်က ရန်ကုန်နဲ့ ကျန်ပြည်နယ်၊ တိုင်းဒေသကြီးအားလုံးရဲ့ သုံးစွဲမှုက ထက်ဝက်စီပဲရှိတာကနေ ၁၀ ရာခိုင်နှုန်းကျော်တိုးတက်သုံးစွဲလာတာပါ။ ရေအားလျှပ်စစ်ထုတ်လုပ်မှုက ၂နှစ်အတွင်းအရမ်းတက်လာတာကြောင့် အကုန်လုံးကို လျှပ်စစ်ဓာတ်အား ၂၄နာရီ ပေးထားတယ်"ဟု ဥက္ကဋ္ဌဦးအောင်ခိုင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်ပေးထားပြီး ဖြတ်တောက်မှုလုံးဝမရှိကြောင်းနှင့် ဖြတ်တောက်ရန်အစီအစဉ်လည်းမရှိကြောင်း ယင်းအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်လတ်ကပြောကြားသည်။

"ထရန်စဖော်မာကြောင့်၊ ဓာတ်အားလိုင်းမှာ တစ်စုံတစ်ရာဖြစ်တာကြောင့်၊ သဘာဝဘေးဒဏ်ကြောင့် အဲဒါတွေကလွဲလို့ မီးပျက်တာ လုံးဝမရှိတော့ပါဘူး" ဟု ဦးမောင်မောင်လတ်ကပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နေ့လျှင် ၆၅၁ မဂ္ဂါဝပ်ဖြစ်ပြီး ရန်ကုန်မှအပ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး၏ သုံးစွဲမှုမှာ ၇၅၇ မဂ္ဂါဝပ်ဖြစ်လာခြင်းဖြစ်သည်။



ရန်ကုန်မြို့ ဆူးလေဘုရားလမ်းကို ညပိုင်းတွင် တွေ့ရစဉ်
ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

နယ်မြို့များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ပြည်ခရိုင်၊ သဲကုန်းမြို့မှ မြို့ခံတစ်ဦးက "ခုမိုးမစခင်တည်းက မီးရလာတာ မပြတ်ဘူး။ ရွာဘက်တွေမှာလည်းလာတယ်။ အရင်ကဆိုရင် မီးက မိုးတွင်းလည်း မရပါဘူး။ ရန်ကုန်မှာ အချိန်ပိုင်းပေးပြီဆိုရင်တော့ ဒီမှာက နှစ်ရက် တစ်ခါလောက်ပဲ မီးမြင်ရတော့တယ်"ဟု ဆိုသည်။

သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့ရှိ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားအချိန်ပြည့်သုံးစွဲနိုင်မှုမရှိသေးကြောင်း သိရသည်။

လျှပ်စစ်မီးကို ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အိမ်သုံးမီတာ တစ်ယူနစ်လျှင် ၂၅ ကျပ်ဖြင့် သုံးစွဲနေရချိန်တွင် တစ်ယူနစ် ကျပ် ၄၀၀ ဖြင့် ပုဂ္ဂလိကမှ သုံးစွဲနေရသည့် ရခိုင်ပြည်နယ်စစ်တွေမြို့ခံတစ်ဦးက "အရင်တုန်းက အစိုးရမီးက တစ်နေ့လုံး လေးနာရီလောက်ပဲရတာ။ အခု ကုမ္ပဏီက ၂၄နာရီပေးတယ်။ ၂၄နာရီပေးလို့ ပျော်ပေမယ့် မီတာခဈေးမြင့်လို့မသုံးရဲဘူး။ မီးတွေမှိတ်ထားရတယ်"ဟုပြောသည်။

လတ်တလော လျှပ်စစ်မီးများ ပုံမှန်ပေးလျက်ရှိပြီး လိုအပ်သည့်ပမာဏထက်ပင် ကျော်လွန်ထုတ်လုပ်နိုင်နေပြီ ဖြစ်သော်လည်း လျှပ်စစ်မီတာခများကိုတိုးမြှင့်ရန် အစီအစဉ်မရှိသေးကြောင်း ဦးအောင်ခိုင်နှင့်ဦးမောင်မောင်က အတည်ပြုပြောကြားသည်။

လက်ရှိတစ်နိုင်ငံလုံးသို့လျှပ်စစ်ဓာတ်အားပေးနေသည့် မဟာဓာတ်အားလိုင်းသို့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစုစုပေါင်း ၁၇ ရုံ၊ သဘာဝဓာတ်အားပေးစက်ရုံကိုးရုံ၊ ရေရေးငွေ့သုံး ဓာတ်အားပေးစက်ရုံငါးရုံနှင့် တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားပို့လွှတ်လျက်ရှိကြောင်းသိရသည်။

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများဆိုင်ရာဥပဒေမူကြမ်း လွှတ်တော်အစည်းအဝေး တင်ပြမည်

**ဟိန်းထက်**

**ရန်ကုန်၊ ဩဂုတ် - ၃**

ဖွဲ့စည်းပုံအသစ်အရ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများဆိုင်ရာ ဥပဒေမူကြမ်းအသစ်အား ဩဂုတ်လ ၂၂ရက်တွင် စတင်ကျင်းပမည့်ပြည်သူ့လွှတ်တော်အစည်းအဝေး၌ တင်ပြသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးသည့်တိုင် ရပ်ကွပ်၊ ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ အုပ်ချုပ်မှုအား (ကျေးရွာအက်ဥပဒေ ၁၉၀၇ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ်-၆) village Act မြို့များ အက်ဥပဒေ (၁၉၀၇ ခုနှစ် မြန်မာနိုင်ငံအက် ဥပဒေအမှတ်-၃) Town Act စသည့် ကျေးရွာအက်ဥပဒေနှင့် မြို့ များ၊ အုပ်ချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ကျင့်သုံးလျက်ရှိသည်။

မူလ ကျေးရွာအက်ဥပဒေပုဒ်မ၈(ဆ)နှင့်မြို့များအက်ဥပဒေပုဒ်မ၇(၄)တို့သည် အဓမ္မလုပ်အားပေးခိုင်းစေမှုဟူသော အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ငြိစွန်းနေခြင်းကြောင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်တွင် ခေတ်နှင့်လျော်ညီစွာပြင်ဆင်ပေးခဲ့သည်။

၂၀၀၈ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရရပ်ကွက်၊ကျေးရွာများတွင် အုပ်ချုပ်ရေးမှူးတစ်ဦးစီခန့်ထားပြီး အုပ်ချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန်ပြဋ္ဌာန်းထားသည်။

ယခု အုပ်ချုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရပြန်လည်ပြုစုရန် လိုအပ်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဥပဒေဆိုင်ရာဌာနများကပြုစုရေးဆွဲလျက်ရှိကြောင်း ဥပဒေဆိုင်ရာအသိုင်းအဝိုင်းမှသိရသည်။ ယင်းအဆိုပါ ဥပဒေမူကြမ်းတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးခန့်အပ်သော ပြဋ္ဌာန်းချက်များလည်းပါဝင်နိုင်ကြောင်း သက်ဆိုင်ရာမှသိရသည်။

## တောင်သူလယ်သမားသင်တန်းကျောင်းများ ဧရာဝတီတိုင်းဒေသကြီးတွင် ဖွင့်လှစ်မည်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားသင်တန်းကျောင်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်ကပြောသည်။

ညောင်တုန်းမြို့နယ်ရှိတောင်သူများ သွင်းအားနှင့်ငွေကြေးပံ့ပိုးနေသော စုပေါင်းလယ်ယာထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က ဩဂုတ် ၂ရက်တွင် ကျင်းပသော ယခုနှစ် မိုးစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ၌ ဦးသိန်းအောင်က ပြောသည်။

"ဒီသင်တန်းကျောင်းကနေ လယ်လုပ်နေတဲ့ လူတွေကို လယ်ယာအတတ်ပညာသင်ပေးမယ်။ ယန္တရားအတတ်ပညာသင်ပေးမယ်။ စိုက်တဲ့အတတ်ပညာသင်ပေးမယ်" ဟု ဝန်ကြီးချုပ်ကဆိုသည်။

အဆိုပါ သင်တန်းကျောင်းအား ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ကျောင်းငါးကျောင်းဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရသည်။

ထို့အပြင် မြို့နယ်တိုင်းတွင်လည်း စပါးအခြောက်ခံစက်များ အသုံးပြုရန်စီစဉ်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

## လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်အချို့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်

**ရန်ကုန်၊ ဩဂုတ် - ၂**

ယခုနှစ် မေလမှ ဇူလိုင်လအထိ သုံးလအတွင်း တိုင်းရင်းသားနှင့်တောတွင်းလက်နက်ကိုင်အဖွဲ့ခြောက်ဖွဲ့မှ အဖွဲ့ဝင် ၁၇ ဦး မြန်မာ့တပ်မတော်တပ်စခန်းအသီးသီးတွင် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာတွင် ထုတ်ပြန်ထားသည်။

KIA(ကချင်)၊ UWSA ('ဝ'အဖွဲ့)၊ SSA(ရှက်ဆစ်)အဖွဲ့၊ KNPP အဖွဲ့၊ တောတွင်းလက်နက်ကိုင်(သူရိန်)အဖွဲ့၊ KNU အဖွဲ့တို့မှ အဖွဲ့ဝင်စုစု ပေါင်း ၁၇ ဦးက မြန်မာနိုင်ငံစစ်ဌာနချုပ်အသီးသီးရှိတပ်စခန်းများတွင် လက်နက်များအပ်နှံကာ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

## ရှမ်းပြည်နယ်အစိုးရဝန်ကြီးတစ်ဦး နုတ်ထွက်

**ရန်ကုန်၊ ဩဂုတ် - ၂**

ရှမ်းပြည်နယ်အစိုးရ၏ စီမံကိန်း နှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးက မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခြင်းကို နိုင်ငံတော်သမ္မတက ခွင့်ပြုလိုက်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင် သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာလိုက်ရာ အစိုးရသစ်အတွင်း ယင်းကဲ့သို့ ရာထူးအဆင့်နုတ်ထွက်ခြင်းမှာ ပထမဆုံးအဖြစ် မှတ်တမ်းဝင်သွားကြောင်းသတင်းရရှိသည်။

ဝန်ကြီးဦးသောင်းရွှေကို နိုင်ငံတော်သမ္မတက စီးပွားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် အတည်ပြုခန့်အပ်ခဲ့ခြင်းဖြစ်ကာ ဇွန်လကုန်ရက်က ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရာတွင်လည်း စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဇူလိုင်လ ၁ ရက်က ထပ်မံအတည်ပြုခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဦးသောင်းရွှေသည် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးပါတီကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပြီး ယခုနုတ်ထွက်ချိန်တွင် ဝန်ကြီးရာထူးသက်တမ်းမှာ ငါးလနီးပါးသာရှိသေးသည်။

## ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးမှုနှင့်ပတ်သက်ပြီး အဆင်မပြေမကျေနပ်မှုများတိုင်ကြားနိုင်

**ရန်ကုန်၊ ဩဂုတ် - ၂**


ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ရန်ကုန်ဧရိယာအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူများ အဆင်မပြေမှုတစ်စုံတစ်ရာမပေါ် ပေါက်ပါက (သို့မဟုတ်)အပိုကြေးတောင်းခံခြင်းများရှိပါက တိုင်ကြားပါရန် တာဝန်ရှိသူတို့၏ ဖုန်းနံပါတ်များကို မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်လတ် ဖုန်း-၀၉-၅၁ ၀၀၉၁၆ နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးဆန်းမြင့် ဖုန်း-၀၉-၈၆ ၀၀၂၈၈ တို့သို့ တိုက်ရိုက်ဆက်သွယ် ပြောကြားနိုင်မည်ဖြစ်သည်။

"မီတာရဖို့ ပိုက်ဆံတောင်းတာလိုမျိုးရှိခဲ့ရင် အချိန်မရွေး ကျွန်တော်တို့ဆီ ဖုန်းဆက်အကြောင်းကြားပါ။ ကျွန်တော်တို့က သုံးစွဲသူတွေအဆင်ပြေဖို့အတွက် ဝန်ဆောင်မှုပေးနိုင်ဖို့ဝန်ထမ်းတွေကိုအမြဲပြောထားပါတယ်။ ဘယ်လိုအဆင့်ရာထူးဝန်ထမ်းပဲဖြစ်ဖြစ် ကျွန်တော်တို့ဆီကိုတိုင်ကြားလာရင် လက်တွဲဖြုတ်ပစ်မှာပါ"ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက မီဒီယာများသို့ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.21 · AUGUST 11, 2011

# ထွန်းလွင်ဖောင်ဒေးရှင်း စတင်တည်ထောင်



**အိဖြူမွန်** **ရန်ကုန်၊ ဩဂုတ် - ၅**

ရာသီဥတု၊ မိုးလေဝသနှင့် သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့် မိုးလေဝသဘာသာရပ်များ ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာရေးအတွက် ဆောင်ရွက်မည့် ထွန်းလွင်ဖောင်ဒေးရှင်း စတင်တည်ထောင်ကြောင်း အသိပေးသည့်နေ့တွင် ဖောင်ဒေးရှင်းအတွက်အလှူငွေကျပ်သိန်း ၃၀၀ကျော်ကို အလှူရှင်များက လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းအတွက် လိုအပ်သော စက်ပစ္စည်း၊ရုံးခန်းစသော အခြေခံစရိတ်နှင့် ဝန်ထမ်းစရိတ်အားလုံးအတွက် ပထမနှစ်တွင် လိုအပ်သမျှလျာထားသောအသုံးစရိတ်ကို တစ်ရက်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်။ ဒေင်အုပ်စုကုမ္ပဏီ၏ပိုင်ရှင်နှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌဖြစ်သူ ဦးချစ်ခိုင်က ကျပ်သိန်း ၁၅၀၊ စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေနှင့် စီးပွားရေးအသင်းအဖွဲ့များက ကျပ်သိန်း ၁၅၀ ထည့်ဝင်လှူဒါန်းရန်ကတိပြုခဲ့သည်။ ထို့အပြင် အလှူရှင်တစ်ဦးကလည်း ထိုနေ့က ကျပ်တစ်သိန်းလှူဒါန်းခဲ့သည်။ ဦးထွန်းလွင်၊ ဦးလှမောင်ရွှေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးအုန်းတို့မှာ ဖောင်ဒေးရှင်း၏နာယကများဖြစ်ကြသည်။

ထွန်းလွင်ဖောင်ဒေးရှင်းသည် မိုး/ဇလညွှန်ချုပ်(ငြိမ်း) ဦးထွန်းလွင်က ဦးဆောင်၍ ယခုလ ၅ ရက်တွင် အသစ်ဖွဲ့စည်းထားသော အင်န်ဂျီအိုတစ်ခုဖြစ်သည်။ လှူဒါန်းရရှိလာသော ငွေကြေးများဖြင့် ရာသီဥတု၊မိုးလေဝသနှင့်သဘာဝဘေးဆိုင်ရာတို့နှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်ရှစ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဦးထွန်းလွင်ကပြောသည်။

“အဖွဲ့အစည်းရဲ့ အုပ်ချုပ်ရေးမှုးကိုလျာထားပါတယ်။ နာယကအဖြစ် ဆောင်ရွက်တဲ့ စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးနဲ့ သဘာဝပတ်ဝန်းကျင်လုပ်ငန်းဆောင်ရွက်နေတဲ့ဦးအုန်းတို့လည်း ပါဝင်ဖို့ တောင်းဆိုပါတယ်။ တစ်ဦးချင်းကဖြစ်စေ၊ အသင်းအဖွဲ့ကဖြစ်စေ လှူချင်ရင်လက်ခံပါတယ်။ ငွေကြေးကိုလည်း Accountant တစ်ယောက်ထားပြီး သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းအတိုင်းလိုက်နာဆောင်ရွက်မှာပါ”ဟု ထွန်းလွင်ဖောင်ဒေးရှင်းမှ ဦးထွန်းလွင်က ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အငြိမ်းစားညွှန်ချုပ် ဦးထွန်းလွင်သည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်သော မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များအကြောင်းကို ၂၀၁၀မှစ၍ ဝက်ဘ်ဆိုက်တင်ထားခဲ့သည်။ ယင်းဝက်ဘ်ဆိုက်တင်ပြီး ဆယ်လခန့်အကြာတွင် အလှူရှင်များ လှူဒါန်းငွေဖြင့် ထွန်းလွင်ဖောင်ဒေးရှင်းကိုတည်ထောင်ခဲ့သည်။

# မျက်နှာဖုံး - ရှမ်းနှင့် ကချင်ပြည်နယ်တွင် ဒေသခံများ လက်နက်ဖြင့် ပစ်ခတ်ခံရ မှု

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် ဖြစ်ပွားသော ပစ်ခတ်မှုတွင် အရပ်သား ငါးဦး သေဆုံးခဲ့ပြီး အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားသုံးဦးဖြစ်သည်။ ယင်းဒေသပစ်ခတ်မှုနှင့်ပတ်သက်ပြီး လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ပစ်ခတ်မှုဖြစ်ကြောင်း ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးထံမှ သိရသည်။

“လမ်းပေါ်သွားနေတဲ့ အရပ်သားတွေကိုအခုလိုပစ်ခတ်တာမျိုး မရှိပါဘူး။ အရင်တုန်းက တောထဲတောင်ထဲမှာ သူတို့ချင်းပစ်ကြခတ်တာမျိုးပဲရှိတာ။ ၁၉၉၀ နောက်ပိုင်းထဲက ကျွန်တော်တို့ဒေသက ငြိမ်းချမ်းနေခဲ့တာပါ။ အခုတော့ ဒေသခံတွေရဲ့ကံကြမ္မာပဲပေါ့လေ”ဟု အသက် ၅၀ ကျော်ခန့်ရှိ ကျောက်မဲဇာတိ ဒေသခံ အမျိုးသားတစ်ဦးကပြောသည်။

ထိုဒေသတစ်ဝိုက်တွင် လတ်တလော၌ နေ့ပိုင်းအချိန်ပုံမှန်သွားလာမှုများရှိသော်လည်း ညပိုင်းနှင့် နံနက်စောစောအလုပ်ကိစ္စဖြင့် သွားလာလိုသူများ မသွားရဲတော့ဘဲ ဒေသခံများနေထိုင်သွားလာရေးကျပ်တည်းသွားကြောင်း သိရသည်။

“ဒီကြားထဲကောလာဟလတွေက မျိုးစုံထွက်တယ်။ ဟိုမှာဘာဖြစ်တယ်၊ ဒီမှာဘာဖြစ်တယ်ပေါ့လေ။ လူတွေလည်း ကိုယ့်ဆင်ခြင်တုံတရားနဲ့ကိုယ်နေရတာပေါ့လေ။ လုပ်စားကိုင်စားတွေလည်းသွားရလာရတာကျဉ်းကျပ်သွားတာပေါ့”ဟု အထက်ပါဒေသခံကပြောသည်။

သီပေါမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက အရပ်သားများ ပစ်ခတ်ခံရမှုနှင့် ပတ်သက်ပြီး ယခု ကဲ့သို့သုံးသပ်ပြောကြားသည်။

“တပ်နဲ့ လက်နက်ကိုင်တွေကြားအပစ်အခတ်တွေပြန်ဖြစ်လာတာပေါ့လေ။ ရည်ရွယ်သည် ဖြစ်စေ၊မရည်ရွယ်သည်ဖြစ်စေစစ်ဖြစ်ကြရင်တော့ပြည်သူတွေကမြေစာပင်ဖြစ်ရတယ်။ ကျွန်တော်တို့နိုင်ငံတော်သမ္မတအနေနဲ့က စစ်ရေးအရဖြေရှင်းဖို့၊ လက်ဦးမှုရယူဖို့ အားသန်ပုံမရပါဘူး။ တိုင်းရင်းသားကိစ္စတွေနဲ့ပတ်သက်ပြီး သမ္မတ ပြောထားတာတွေက တကယ်ကောင်းပါတယ်”ဟု ပြောသည်။

ကချင်ပြည်နယ်တွင် ဖြစ်ပွားသော ပစ်ခတ်မှုနှင့်ပတ်သက်ပြီး ကျည်များထိမှန်ပျက်စီးသွားသော မော်တော်ယာဉ်နှင့် သေဆုံးသူများ၏ ဓာတ်ပုံများကိုလည်း သတင်းထုတ်ပြန်ချက်နှင့်တွဲလျက် ဖော်ပြခဲ့သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီကချင်ပြည်နယ်ပါတီဝင်ဒေါ်ဘောက်ဂျာက “အားလုံးက ပြည်ထောင်စုတိုင်းရင်းသားတွေပဲဆိုတော့ အားလုံး ညှိနှိုင်းလိုက်တာကောင်းပါတယ်။အာဃာတတွေကဘယ်တော့မှပြီးဆုံးမှာမဟုတ်တော့ဘူး။ အခုလို ပစ်ခတ်တာမျိုးက ကြားလည်း မကြားဖူးဘူး။ ကန့်သတ်ထားတဲ့ နေရာတွေဆိုရင်လည်း လူတွေကို တရားဝင်အသိပေးထားရမှာပေါ့လေ”ဟု သူမအမြင်ကိုသုံးသပ်ပြောကြားသည်။

“စစ်ရေးနဲ့ပတ်သက်ရင်နိုင်ငံတော်သမ္မတက ဦးဆောင်ခွင့်ကို ဖွဲ့စည်းပုံမှာ ပေးမထားဘူး။ ဒါပေမဲ့ အခုကျင်းပမယ့် လွှတ်တော်အစည်းအဝေးတွေမှာ သမ္မတကြီးကို တိုင်းရင်းသားလက်နက်ကိုင်ကိစ္စတွေနဲ့ ပတ်သက်ပြီး လက်တွေ့ကျတဲ့ ပြဿနာတွေကို လွှတ်တော်အမတ်တွေက မေးမြန်းဆွေးနွေးလိမ့်မယ်လို့ထင်တယ်”ဟု ဦးရဲထွန်းကပြောသည်။




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# လွှတ်တော်တက်ရောက်ရန် ကိုယ်စားလှယ်များ ပြင်ဆင်

ပထမအကြိမ် လွှတ်တော်အစည်းအဝေးများရပ်နားပြီး ငါးလနီးပါးအကြာတွင် ဒုတိယအကြိမ် ပုံမှန် လွှတ်တော်အစည်းအဝေးများကို ဩဂုတ် ၂၂ ရက်၌ ကျင်းပတော့မည်ဖြစ်သည်။ ပထမအကြိမ် လွှတ်တော်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က ကျင်းပခဲ့ခြင်းဖြစ်၍ ယခုအကြိမ် ကျင်းပသည့်လွှတ်တော်မှာ နိုင်ငံတော်သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ပထမဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးများလည်းဖြစ်မည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်တက်ရောက်မည့် ကိုယ်စားလှယ်များအား လွှတ်တော်တွင် တင်သွင်းမည့်အဆိုနှင့် မေးမြန်းမည့်မေးခွန်းများအတွက် စီစဉ်နေပုံနှင့် လက်ရှိပြည်တွင်းအရေး၌ မည်သည့်အကြောင်းအရာများမှာ အရေးကြီးဆုံးဖြစ်သည်ကိုမေးမြန်းရာ လွှတ်တော်ကိုယ်စားလှယ်များ၏ အဖြေများကို စုစည်းဖော်ပြပေးလိုက်ပါသည်။


——— အားမာန်၊ သန်းဌေး

## ဦးစိုးဝင်း-အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ
## (စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

"အကြောင်းကြားစာရောက်လာပြီ။ ဩဂုတ် ၁၈ ရက်နေ့မှာ သတင်းပို့ရမယ်။ ၁၉ ရက်နေ့မှာ လူကိုယ်တိုင်အရောက်သွားရမယ်။ ဒီတစ်ကြိမ် လွှတ်တော်ကတော့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ စနစ်တကျ တင်ပြခွင့်ရလိမ့်မယ်လို့မျှော် လင့်ထားတယ်။ ပြောလည်းပြော နေကြတယ်။ ပြီးခဲ့တဲ့လွှတ်တော်တုန်းကတော့ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက အများဆုံး အဆိုပြုတာတွေ၊ မေးတာတွေလုပ်ခဲ့တာ။ အခုအကြိမ်တော့ ပြည်ခိုင်ဖြိုးတို့၊ တ. စ. ည တို့ကလည်း အဆိုတင်သွင်းဖို့၊ မေးဖို့ပြင်နေကြပြီလို့ကြားတယ်။ ပြီးတော့ ဒီတစ်ကြိမ်တော့ ပိုပြီး သွက်သွက်လက်လက်ရှိမယ်ထင်တယ်။ ဒီတစ်ကြိမ် လွှတ်တော်မှာ လည်း ကျွန်တော်တို့ အဆိုတင် သွင်းတာတွေ၊ မေးတာတွေလုပ် မှာပါ။ ဒါပေမဲ့ ဘာတွေမေးမယ်၊ အဆိုပြုမယ်ဆိုတာကတော့ ဩဂုတ် ၁၃ ရက်နေ့ကျရင် ပါတီ အစည်းအဝေးလုပ်ပြီး ပြင်ဆင် မယ်။ အခုချိန်မှာ ဘယ် Issue တွေက အရေးကြီးဆုံးလဲဆိုတော့ လူထုအတွက် လိုအပ်ချက်တွေက တော့အများကြီးပဲ။ ပါတီရုံးကို လူထုက သူတို့ရဲ့ အခက်အခဲကို တစ်ဦးချင်းလာပြီး တင်ပြတာတွေ ရှိသလို၊ အစုအဖွဲ့လိုက် တင်ပြတာတွေလည်းရှိပါတယ်။ လူထု ဆီက အသံကိုတော့ နည်းမျိုးစုံနဲ့ နားထောင်နေပါတယ်။ လွှတ်တော်မှာလည်း ဦးတို့အနေနဲ့ တင်ပြခွင့်ရသလောက် တင်ပြသွားမယ်"

## ဦးသိန်းအောင် -မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
## (သံဖြူဇရပ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

"ဩဂုတ်လ ၂၂ ရက်မှာလွှတ်တော်တက်ဖို့စာရောက်ပါပြီ။ ပုံမှန်အစည်းအဝေးပါပဲ။ ကျွန် တော်တို့ကပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတော့ ပြည်သူ့အသံကိုကြားရတာတွေ လွှတ်တော်ထဲမှာတင်ပြမယ်။ ကျွန်တော်တို့



နယ်မှာ အုပ်ချုပ်ရေးမှုးကိုစပြည်သူတွေပေါက်ကွဲနေတာကိုတင်ပြဖို့ရှိတယ်။ လူထုနဲ့တွေ့ဆုံဆွေး နွေးတာတွေပွင့်ပွင့်လင်းလင်းလွတ်လွတ်လပ်လပ်နဲ့ဖြစ်စေချင် တယ်။ တာဝန်ရှိသူတွေက အကန့် အသတ်ရှိနေသလားလို့ တစ်မျိုးဖြစ်နေသလိုပဲ။ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ပထမ ဆုံးအကြိမ် ခေါ် မယ့် လွှတ်တော် ဆိုတော့ ဝန်ကြီးတွေခန့်ထားပြီး သားနေရာကျပြီးသားဖြစ်နေပြီလေ။ ဒါဆိုပြောဆိုပိုင်ခွင့်တွေရပြီမို့ အရင်တုန်းကထက် အခုအစိုးရသစ်မှာ ပိုဆွေးနွေးမေးမြန်းခွင့်ရမယ်ထင်တယ်။ မွန်ပြည်နယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ ပြည်သူလူထုတွေကုမ္ပဏီတည်ထောင်ခွင့်ကိစ္စတွေကိုမေးဖြစ်မယ်။ ဘာတွေဥပဒေသစ်တင်မယ်ဆိုတာကို ပါတီကလူတွေတချို့ခရီးထွက်နေတာရှိလို့ မကြာခင်မှာ အစည်းအဝေးခေါ် ပြီး ဆွေးနွေးကြမှာပါ။ ပြီးခဲ့တဲ့ လွှတ်တော်မှာတုန်းက အခမဲ့ပညာရေးကိစ္စတင်ပြခဲ့တာ မူလတန်းအဆင့် အတည်ပြုချက်ရပြီး ကျန်းမာရေးကိစ္စ တင်တာတော့ မရသေးဘူး။ ပါတီအနေနဲ့ စုစုပေါင်း ၁၀ ခု လောက်ရှိတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး အမျိုးသားစာပေ၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ စက်မှုကိစ္စတွေတင်ပြခဲ့ပါ တယ်"

## ဦးဇမ်းကျင့်ပေါ် (ခ)ဦးဇိုဇမ်း- ဥက္ကဋ္ဌ(ချင်းအမျိုးသားပါတီ)

"ဩဂုတ် ၂၂ ရက်မှာ လွှတ် တော်တက်ဖို့ လူပုဂ္ဂိုလ်တစ်ဦးချင်း စီကို စာပို့ထားတာရပါပြီ။ ပုံမှန် ကျင်းပတဲ့လွှတ်တော်ပါပဲ။ လွှတ်တော်ထဲကိုရောက်မှချပေးမယ့် အာဂျင်တာ(ပါဝင်ဆွေးနွေးရမည့် အကြောင်းအရာ)ပေါ် မူတည်ပြီး ဆွေးနွေးရမှာ။ မေးမြန်းအဆိုပြုချက်တွေဘာတွေပါမယ်ဆိုတာ အခုပဲအစည်းအဝေးထိုင်ပြီး ကြိုတင်ပြင်ဆင်နေပါတယ်။ ပထမအကြိမ်လွှတ်တော်ခေါ်ပြီးကြားကာလထဲမှာ ဥပဒေကြမ်းတွေ အသီးသီးရေးဆွဲထားတာကိုကွန်ဖန်း(အတည်ပြု)ဖို့ပါလိမ့်မယ်။ ရေးထားပြီးသားတွေရှိနေကြမှာပါ။ သမ္မတကြီး ဦးသိန်းစိန်လက်ထက် မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့လွှတ်တော်လို့ ဆိုရမှာပါ။ ဒါကြောင့် အရင်ကျင်းပပြီးခဲ့တဲ့ လွှတ်တော်နဲ့ အများကြီးကွာလိမ့်မယ်။ အခုကဝန်ကြီးအသစ်တွေ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီး သီးမှာရှိနေပြီဆိုတော့ မေးသမျှတွေကို ကျကျနန ပြန်ဖြေဆိုပေးနိုင်မယ်လို့ ထင်ပါတယ်။ ပိုမေးနိုင်ပြီး ပိုဖြေပေးနိုင်လိမ့်မယ်ထင်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်မှာတုန်းက အဆိုပြုတင်ပြချက်တွေထဲမှာ အရေးကြီးတဲ့အချက် ၆ ချက်လောက်မေးမြန်းဖြစ်ခဲ့ပါတယ်"






# လွတ် လပ် စွာ ပြော ဆို ခွင့် နဲ့ အင်တာနက်

မောင်ဝံသ

တစ်ချိန်က ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိကသတင်းစာတွေအပြိုင်အဆိုင် မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွန်းစည်ပင်ခဲ့တဲ့ ခေတ်တစ်ခေတ် ရှိခဲ့ဖူးတယ်ဆိုတာကို သိမီလိုက်သူတွေမှတ်မိကြမှာပါ။ အဲဒီ သတင်းစာတွေဟာ သူ့ဝါဒ၊ သူ့ဦးတည်ချက်၊ သူ့ပန်းတိုင်နဲ့သူ ကိုယ်စီရှိကြတာမို့ သတင်းစာမှာ ဖော်ပြတဲ့ သတင်းဆောင်းပါးတွေ အပါအဝင် အကြောင်းအရာတွေဟာကွဲပြားခြားနားပြီး ပဒေသာပင်တွေလို အမျိုးမျိုးအဖုံဖုံ အထွေထွေ အပြားပြားသော ပရိသတ်အလွှာပေါင်းစုံကိုလည်း ဆွဲဆောင်နိုင်ခဲ့ပါတယ်။

အဲဒီအကြောင်းအရာမျိုးစုံတွေထဲမှာ ပရိသတ်အလွှာတစ်ခုကို တမ်းတမ်းစွဲဖြစ်အောင် ဆွဲဆောင်နိုင်တဲ့ကဏ္ဍတစ်ခုကတော့ သတင်းစာခေါင်းကြီးလို့လည်း ခေါ်ကြတဲ့ အယ်ဒီတာ့အာဘော် အခန်းပါပဲ။ အယ်ဒီတာ့အာဘော်ဆိုတာ သတင်းစာတစ်စောင်ကိုင်စွဲထားတဲ့ မူဝါဒ၊ ယူထားတဲ့ ရပ်တည်ချက်နဲ့ အရောက်သွားမယ့် ပန်းတိုင် စတဲ့သတင်းစာရဲ့ ဥပဓိရုပ်(Identity)ဖော်ပြတဲ့အကြောင်းအရာဖြစ်တာမို့ အယ်ဒီတာ့အာဘော်ကို အင်မတန်ရှားပါးတဲ့အခြေအနေမျိုးလောက်ကလွဲပြီး သတင်းစာရဲ့ အယ်ဒီတာချုပ်မရေးနိုင်တဲ့အခါမျိုးတွေမှာတောင်ဒုတိယအယ်ဒီတာချုပ်လောက်ကပဲရေးခွင့်ရကြတဲ့စာမျိုးဖြစ်တယ်။ အယ်ဒီတာ့အာဘော်ကို အဲဒီတုန်းက အဲသလောက်အလေးထားခဲ့ကြတယ်။

သိကြတဲ့အတိုင်း အဲဒီခေတ်တုန်းက အယ်ဒီတာချုပ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေထဲမှာရောမအများစုကြီးကလည်း တကယ့်ကို ‘ပညာပြည့်ဝနှလုံးလှ’သူတွေမဟုတ်လား။ ဒေသန္တရဘာသန္တရဗဟုသုတကလည်း ပြည့်ဝ၊ လူမှုအလွှာပေါင်းစုံအကြောင်းလည်း နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင် ပြည့်ပြည့်စုံစုံသိ၊ တွေးခေါ် မြော်မြင်ဆင်ခြင်မှုနဲ့လည်း ပြည့်ဝဆိုတော့သူတို့ရေးတဲ့ အယ်ဒီတာ့အာဘော်တွေဟာတကယ့်ကို ဆွဲဆောင်နိုင်စွမ်းရှိပြီး နေ့စဉ်လွတ်မသွားရအောင်စောင့်ဖတ်ခဲ့ကြရတဲ့ စာမျိုးတွေဖြစ်ပါတယ်။

အခုကျွန်တော်တို့နိုင်ငံမှာပုဂ္ဂလိကသတင်းစာတွေထွက်မလာသေးပေမယ့် ပုဂ္ဂလိက ဂျာနယ်တွေ ပေါ်ထွက်နေခဲ့တာ ဆယ်စုနှစ်တစ်ခုကျော်မျှ ရှိခဲ့ပြီမို့ ဒီကာလအတွင်း အယ်ဒီတာချုပ်တွေ၊ ဒုတိယအယ်ဒီတာချုပ်တွေ၊ အမှုဆောင်အယ်ဒီတာတွေ၊ အယ်ဒီတာတွေ၊ လက်ထောက်အယ်ဒီတာတွေ စတဲ့ သတင်းစာပေ ဖန်တီးတည်းဖြတ်တဲ့လုပ်ငန်းကို လုပ်ဆောင်တဲ့သူတွေနဲ့ အရေအတွက်က ထောင်ဂဏန်းမရှိတောင် ရာဂဏန်းအတော်များများတော့ရှိခဲ့ပြီလို့ဆိုနိုင်လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ပဲ အဖတ်အရှုမနှံ့စပ်လို့လား မပြောတတ်ဘူး။ ဂျာနယ်တွေထဲမှာ အယ်ဒီတာ့အာဘော်တွေရေးသားဖော်ပြလာကြတာသိပ်မကြာလှသေးဘူး။ အလွန်ဆုံး ၉နှစ်၊ ၁၀နှစ်လောက်ပဲ ရှိလိမ့်ဦးမယ်လို့ ကျွန်တော်ထင်မိပါတယ်။ ဒါပေမယ့် ဒီဘက်နောက်ပိုင်းနှစ်အနည်းငယ်မှ အယ်ဒီတာ့အာဘော်ဖော်ပြမှုတွေ များလာတာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က အယ်ဒီတာ့အာဘော်တွေကို စိတ်ဝင်တစားဖတ်ရှုလေ့ရှိသူတစ်ဦးဖြစ်တာကြောင့် တတ်နိုင်သလောက် အဲဒီဂျာနယ်တွေရဲ့ အယ်ဒီတာ့အာဘော်တွေကိုဖတ်ပါတယ်။



**နယူးယောက်တိုင်းမ် အာဘော်**

အယ်ဒီတာ့အာဘော်တွေအကြောင်း စကားဦးသန်းနေရတာကတော့ ကျွန်တော် ဖတ်ခဲ့ရတဲ့ ဇူလိုင်လ ၃ရက်နေ့ထုတ် နယူးယောက်တိုင်းမ် သတင်းစာရဲ့ အယ်ဒီတာ့အာဘော်အကြောင်းစာဖတ်သူတွေကို ဖောက်သည်ချချင်လို့ပဲဖြစ်ပါတယ်။

လွတ်လပ်စွာ သဘောထားထုတ်ဖော်ခွင့်နဲ့ အင်တာနက်လို့ ခေါင်းစဉ်တပ်ထားတဲ့အဲဒီဆောင်းပါးမှာ အယ်ဒီတာက ပြီးခဲ့တဲ့လက ဂျီနီဗာမှာ ကျင်းပခဲ့တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးမှာ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ အထူးကိုယ်စားလှယ်တင်သွင်းခဲ့တဲ့အစီရင်ခံစာကိုကိုးကားပြီး လွတ်လပ်စွာ သဘောထားထုတ်ဖော်ခွင့်နဲ့ အင်တာနက်ကိုဆက်စပ်ဖော်ပြထားပါတယ်။

အင်တာနက် အသုံးပြုခွင့်ရရှိရေးဟာ လူသားတွေ မရမဖြစ်ရရမှာဖြစ်တဲ့ အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်တယ်လို့ ကုလသမဂ္ဂက ပြောဆိုထားတဲ့အကြောင်းနဲ့ အစပြုပြီး ကုလကိုယ်စားလှယ် တင်သွင်းတဲ့ အစီရင်ခံစာထဲမှာ အဲဒီ လူ့အခွင့်အရေးဟာ ကမ္ဘာတစ်လွှားမှာ အာဏာရှင်အစိုးရတွေအပြင် ဒီမိုကရေစီအစိုးရတွေရဲ့ ခြိမ်းခြောက်အန္တရာယ်ပြုမှုနဲ့ပါ ရင်ဆိုင်နေရတယ်လို့ ဖော်ပြထားကြောင်းအယ်ဒီတာကရေးပါတယ်။

**အစိုးရတွေက ကာကွယ်စောင့်ရှောက်ရမယ်**

ဒါပေမဲ့ သူ အဓိကစိုးရိမ်တာကတော့ မိမိနဲ့ သဘောထားမတူတဲ့ နိုင်ငံရေးအတိုက်အခံတွေရဲ့ နိုင်ငံရေးနဲ့ ဆက်နွယ်တဲ့ အင်တာနက်ဆက်သွယ်အသုံးပြုမှုတွေကို ကန့်သတ်နှိပ်ကွပ်ဖို့ကြိုးစားနေတဲ့ အာဏာရှင်အစိုးရတွေရဲ့ လုပ်ရပ်တွေပဲဖြစ်တယ်လို့ အယ်ဒီတာကရေးတယ်။ သူက အင်တာနက် အသုံးပြုပြီး ပညာရှင် မူပိုင်ခွင့်ချိုးဖောက်တဲ့ လုပ်ရပ်တွေ၊ ကလေးသူငယ် ညစ်ညမ်းဓာတ်ပုံဗီဒီယိုဖြန့်ချိတဲ့လုပ်ငန်းတွေကို တားဆီးဖို့ကိစ္စဟာ အစိုးရတွေရဲ့ တာဝန်ဖြစ်တယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ အစိုးရတွေမှာ ပြည်သူတွေရဲ့ လွတ်လပ်စွာ သဘောထားထုတ်ဖော်ခွင့်ကိုကာကွယ်စောင့်ရှောက်ပေးဖို့လည်း တာဝန်ရှိတယ်လို့ ရေးပါတယ်။

**မှတ်တမ်းယူခွင့်ရှိမရှိ**

ပြည်သူတွေ အင်တာနက်အသုံးပြုမှုနယ်ပယ်ထဲကို ဒီမိုကရေစီအစိုးရအချို့ ဝင်ရောက်လာခဲ့ပုံ၊ ဝင်ရောက်ဖို့ ကြိုးစားနေပုံတွေကိုလည်း အယ်ဒီတာက ရေးသားထားတယ်။ အီတလီမှာ အင်တာနက်အသုံးပြုသူတစ်ယောက်ကကိုယ်အင်္ဂါချို့တဲ့နေတဲ့ ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးရက်ရက်စက်စက်မတရားအပြုခံနေရတဲ့ ဗီဒီယိုရိုက်ချက်တစ်ခု အွန်လိုင်းပေါ် တင်တာကို ခွင့်ပြုခဲ့တဲ့အတွက် ဂူးဂဲလ်တာဝန်ရှိသူတွေကို တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်ခဲ့တယ်။ ဘရာဇီးမှာ အသရေဖျက်မှုလို ရာဇဝတ်မှုကို တရားရုံးအမိန့်မပါဘဲ အာဏာပိုင်တွေက စုံစမ်းထောက်လှမ်းနိုင်ဖို့အတွက် အင်တာနက်ဝန်ဆောင်တဲ့ကုမ္ပဏီတွေအနေနဲ့ မိမိတို့ ဖောက်သည်တွေရဲ့ ပထမ သုံးနှစ်အတွင်း အင်တာနက်ဆက်သွယ်မှုတွေကိုမှတ်တမ်းယူထားခွင့် ရှိမယ့် ဥပဒေတစ်ခု ပြဋ္ဌာန်းနိုင်ဖို့ ကွက်ဂရက်လွှတ်တော်မှာ ငြင်းခုံဆွေးနွေးနေကြတယ်။ ပြင်သစ်နဲ့ ဗြိတိသျှပါလီမန်တွေကလည်း မူပိုင်ခွင့်မှတ်ပုံတင်ထားတဲ့အရာတွေကိုအင်တာနက်အသုံးပြုသူတွေ အွန်လိုင်းပေါ်က တရားမဝင် ဒေါင်းလုတ်လုပ်တာကို တားမြစ်တဲ့ပြင်းထန်တဲ့ဥပဒေတစ်ခုကို အတည်ပြုပြဋ္ဌာန်းပြီးခဲ့ကြပြီ။ အမေရိကန်ကွန်ဂရက်လွှတ်တော်ကလည်း ပညာရှင် မူပိုင်ခွင့်ချိုးဖောက်မှုကို ပံ့ပိုးကူညီအားပေးဖို့ အလားအလာရှိတဲ့ ဝက်ဘ်ဆိုက်မျိုးစုံကို အရေးယူနိုင်ဖို့ အစိုးရ(သို့မဟုတ်)ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေကို ခွင့်ပြုမယ့် ပညာရှင် မူပိုင်ခွင့် ဥပဒေမူကြမ်းတစ်ခုကို အတည်ပြုသင့် မသင့်စဉ်းစားနေတယ်။

**အွန်လိုင်းကို ဘယ်လို စိစစ်ဖြတ်တောက်မလဲ**

ဒါပေမဲ့လွတ်လပ်စွာသဘောထားထုတ်ဖော်ခွင့်နဲ့ပတ်သက်ပြီး ကုလသမဂ္ဂက ခိုင်မာတဲ့လမ်းညွှန်ချက်တွေချမှတ်ထားတယ်။ အွန်လိုင်းပေါ်တင်တဲ့အကြောင်းအရာတွေကိုစိစစ်ဖြတ်တောက်မှုဟာ ပွင့်လင်းမြင်သာမှုရှိရမယ်။ တရားရုံးအမိန့်အရပဲဖြစ်ရမယ် စသဖြင့် ယေဘုယျလမ်းညွှန်ထားတယ်။ ဒါတွေကို အစိုးရတွေအနေနဲ့ အလေးထားကြရလိမ့်မယ်လို့ အယ်ဒီတာက ထောက်ပြသတိပေးပါတယ်။ ဒါ့အပြင် အစိုးရတွေအနေနဲ့ အကြမ်းဖက်ဝါဒတန်ပြန်ဆန့်ကျင်တိုက်ဖျက်ရေးကို ပြည်သူတွေ အင်တာနက်အသုံးပြုခွင့်ပိတ်ပင်ဖို့ ဆင်ခြေတစ်ခုအဖြစ်အသုံးမပြုသင့်ဘူး။ ခြွင်းချက်အနည်းငယ်ကလွဲပြီး အစိုးရတွေဟာ အင်တာနက်အသုံးပြုသူတွေ သူတို့ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မဖြစ်မနေဖော်ပြဖို့လိုအပ်တဲ့ အင်တာနက်မှတ်ပုံတင်ဥပဒေတွေကို ချမှတ်ပြဋ္ဌာန်းတာမျိုးမလုပ်သင့်ဘူး။ နိုင်ငံရေးသဘောထားထုတ်ဖော်ပြောဆိုမှုတွေကို ဖိနှိပ်ရာမှာ ဥပဒေလက်နက်ကိရိယာတန်ဆာပလာတစ်ခုအဖြစ် မကြာခဏ အသုံးပြုခြင်းခံရလေ့ရှိတဲ့ အသရေဖျက်မှုဆိုတာကိုလည်း ရာဇဝတ်မှုမြောက်တယ်လို့ သတ်မှတ်ထားတာကို ပယ်ဖျက်ရုပ်သိမ်းသင့်တယ်လို့ အယ်ဒီတာက အကြံပြုပြီး နောက်ဆုံးမှာတော့ ကမ္ဘာပေါ်မှာ ဘယ်သူမှအင်တာနက်အသုံးပြုခွင့်ပိတ်ပင်ခြင်းမခံရသင့်ဘူး။ အင်တာနက်ဟာ လွတ်လပ်စွာ ပြောဆိုခွင့်ကို အားအင်ပြည့်ဖြိုးစေရေးမှာ အခြေခံကျတဲ့ လက်နက်ကိရိယာတန်ဆာပလာတစ်ခုဖြစ်တယ်ဆိုတဲ့စကားနဲ့ အယ်ဒီတာက သူ့အာဘော်ကို နိဂုံးချုပ်ထားပါတယ်။

**အင်တာနက်ကျေးဇူးတွေ**

နယူးယောက်တိုင်းမ် သတင်းစာအယ်ဒီတာရဲ့ အာဘော်ကိုဖတ်ရင်း ကျွန်တော်တို့ ကမ္ဘာကြီးကို ရွာကြီးတစ်ရွာလို ဖြစ်အောင် အဓိကနေရာက ကူညီပံ့ပိုးနေတဲ့ အင်တာနက်ကွန်ရက်စနစ်အကြောင်း ကျွန်တော်တွေးနေမိပါတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ်တစ်ခုလောက်က ကမ္ဘာ့အရေးအရာတွေအကြောင်း သိရဖို့ ကျွန်တော်တို့ လှိုင်းတိုရေဒီယိုကလေးတွေကိုသာ အဓိကအားကိုးခဲ့ကြရပါတယ်။ ပြည့်ပြည့်စုံစုံသိချင်တယ်ဆိုရင် ကျွန်တော်တို့ဆီနှစ်ရက်သုံးရက်လောက်နောက်ကျပြီးမှ ရောက်လာတတ်တဲ့ အိမ်နီးချင်းနိုင်ငံအချို့က သတင်းစာတွေကို မျှော်ခဲ့ကြရပါတယ်။ အခုတော့ စီအင်န်အင်န်ကြည့်မလား၊ ဘီဘီစီကြည့်မလား၊ အယ်လ်ဂျာဇီးယားကြည့်မလား၊ ဆီးရီးယားမှာ၊ လစ်ဗျားမှာ၊ ယီမင်မှာနဲ့ ကမ္ဘာတစ်လွှားမှာ ဖြစ်ပျက်နေတာတွေကို အချိန်မဆိုင်းမြင်တွေ့နိုင်ပါတယ်။ သိချင်တာမှန်သမျှအတွက်လည်း ဘယ်စာကြည့်တိုက်ကိုမှ အချိန်ကုန် ငွေကုန် လူပင်ပန်းခံပြီး သွားစရာမလိုတော့ဘူး။ ကွန်ပျူတာမောက်စ်ကို တစ်ချက်နှိပ်လိုက်ရုံနဲ့ ထွက်ကျလာတဲ့ သတင်းအချက်အလက်နဲ့သိမှတ်စရာတွေကဒလဟော။ လွန်ခဲ့တဲ့အနှစ်၇၀လောက်တုန်းက မြန်မာနိုင်ငံရေးခေါင်းဆောင်တစ်စုဟာ ‘ညိုထွန်းတို့ မိဂဒါဝုန်ရောက်ပြီ’ဆိုတဲ့ သတင်းစကားလေးတစ်ခွန်းကို ကြားရဖို့ တမေ့တမော စောင့်ခဲ့ရတယ်။ အခုတော့ ကွန်ပျူတာရှေ့ ထိုင်လိုက်တာနဲ့ မိုင်ပေါင်းထောင်သောင်းချီဝေးတဲ့နေရာက မိတ်ဆွေနဲ့ မျက်နှာချင်းဆိုင် စကားပြောနေရသလိုမျိုး ပြောနိုင်ပြီ။ အီးမေးလ်ပို့မလား၊ ချက်တင်ထိုင်မလား၊ ဗီဒီယိုကွန်ဖရင့် လုပ်မလား။ အဲဒါတွေအားလုံးဟာ အင်တာနက်ရဲ့ ကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။

ဘယ်အရာမဆို အကောင်းနဲ့အဆိုး ဒွန်တွဲရှိနေတယ်ဆိုတဲ့ စကားလိုပဲ အင်တာနက်မှာလည်း မှောင်တဲ့အခြမ်းရှိတယ်။ ဘာတွေလဲဆိုတာကိုတော့ အများစုကသိပြီးသားမို့ မပြောတော့ဘူး။ ဒါပေမဲ့ အဆိုးတွေပါလာမှာစိုးလို့ တားဆီးတာ၊ ပိတ်တာ ဆို့တာတွေသိပ်လုပ်ရင် အကောင်းရဖို့နှောင့်နှေးသွားမှာကို ကျွန်တော်တော့စိုးရိမ်မိတယ်။ ကမ္ဘာကြီးက ‘စူပစပီ’ ဆိုတဲ့ အသုံးအနှုန်းနဲ့တောင် မလုံလောက်တော့တဲ့ ‘ဟိုက်ပါစပီ’နဲ့ ဖြတ်ပြေးသွားချိန်မှာ ကျွန်တော်တို့က ပါးစပ်အဟောင်းသားလေးနဲ့ နောက်မှာ ကျန်ရစ်မနေခဲ့ချင်ဘူးလေ။ ။

Ref; NYT(3-7-11)

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# မသိကျိုးကျွန်



**တစ်**နေ့သ၌ ကျွန်ုပ်သည် ညဘက် အလုပ်ညဥ့်နက်ကာမနက်၄နာရီထိုးသွားသည်နှင့် အညီ ၁၁ နာရီမှ အိပ်ရာထကာ အိမ်ရှင်မဖျော်ပေးလာသောကော်ဖီခါးခါးစိမ့်စိမ့်ကိုသောက်နေပြီး သကာလ ယနေ့ထွက် သတင်းဂျာနယ်တစ်စောင်ကိုစိတ်ဝင်စားစွာဖတ်ရှုနေဖြစ်ပါပေ၏။ ဂမ္ဘီရ၊ အားကစား၊ အနုပညာ၊ ကျန်းမာရေးနှင့် ကလေးဂျာနယ်အချို့မှာ ဆင်ဆာတင်စရာမလိုတော့ဘဲဖြစ်ကာ ဤသတင်းဂျာနယ်တို့မှာကား စိစစ်ရေးသွားနေရဆဲဖြစ်ကြောင်း သိရပါပေ၏။

မည်သို့ပင်ဆိုစေကာမူ မည်သူမဆို ဥပဒေထိုထို၏အရိပ်တွင် ခိုဝင်လျှောက်လှမ်းကြရသည်ဖြစ်ရာ၊ ဟိုကိစ္စမှာဟိုလို၊ ဒီကိစ္စမှာဒီလို၊ ဥပဒေကို အမျိုးအစားမခွဲခြားဘဲ တစ်သားတည်း တစ်စိတ်တည်းထားကာ ဘယ်သူလာလာ ဒါက ဒါပဲဖြစ်လျှင် အဆင်ပြေမည်ဖြစ်ပါ၏။ အကယ်စင်စစ်မှာမူ မည်သူမဆို ဥပဒေကို လေးစားလိုက်နာကြလျက် မိမိတို့အတွက် ဒုက္ခရတက်ပွေစရာကိစ္စမဟာများကို ရှောင်ရှားရေးသားဖော်ပြကြမည်သာဖြစ်ပါ၏။ ပြဋ္ဌာန်းထားသည့်ဥပဒေများကား ပြည့်စုံစွာရှိပြီးသားဖြစ်ရာ ယခုအခါ 'ကိုယ့်တာဝန်ကိုယ်ယူ'ကြလျက် ဘေးထွက်ဆိုးကျိုးနည်းစွာ တက်ညီလက်ညီ လျှောက်လှမ်းချီတက်ကြရမည့် အခါသမယပင်ဖြစ်ပါပေ၏။ အနှီ သတင်းဂျာနယ်ထဲတွင် အကြံပေးပညာရှင်တို့၏ ပညာရပ်စကားများပါသလို ထိုထိုဤဤ ပြည်သူလူတန်းစားပေါင်းစုံ၏ အသံအချို့ကိုလည်းတွေ့ရပါပေ၏။ 'ပြည်သူလူထု'ဟုဆိုရာတွင် အကြံပေးပညာရှင်ရော၊ဌာနဆိုင်ရာဝန်ထမ်းများရော၊ ကသောကမျောအပြေးအလွှားဈေးရောင်းစားနေကြရသည့် ပီဘိ လမ်းမပေါ်မှ ဈေးသည်မှအစ လမ်းခွပေါင်းစုံမှာ တာဝန်ယူဆဲ ပြည်သူ့ရဲများအထိ အစုံအစေ့ပါရှိပေရာ. . အမေးအဖြေခံစားချက်များ စံထားချက်များမှာ အလွန်တရာ စိတ်ဝင်စားစရာပါပေ။

သို့ဖြင့် စာဖတ်၍ ကောင်းနေဆဲ မိုဘိုင်းခရီးဆောင်ဖုန်းထဲမှ အသံထွက်ပေါ်လာပေရာ UMF-CCI မှ ထုတ်ဝေသည့် ဂျာနယ်တစ်စောင်မှ ဖြစ်နေပါပေ၏။ အကြောင်းကိစ္စကားအခြားမဟုတ်။ ကျွန်ုပ်အား 'စာမူခများ' လာမထုတ်သေးဘူးလား အတော်များနေပြီဟု အကြောင်းကြားကာ အယ်ဒီတာက ဖုန်းဆက်လာခြင်းပါပေ။ သူတို့တစ်တွေထံမှ လွန်ခဲ့သည့် သုံးလခန့်က ကျွန်ုပ်အား စာမူများလှမ်းတောင်းခဲ့ရာကျွန်ုပ်မှာလည်း ထုံးစံအတိုင်း လူကိုယ်တိုင်မသွားဖြစ်ဘဲ သူတို့ဂျာနယ်အီးမေးလ်လိပ်စာထဲသို့သာ အွန်လိုင်းမှ ပို့ပို့ပေးနေကြဖြစ်ရာ တစ်ကြိမ်တစ်ခါမှ စာမူခသွား မထုတ်ဖြစ်သည်မှာ ယခုကာလ အထိဖြစ်ပါ၏။ ယနေ့တော့ ကျွန်ုပ်လည်း အချိန်နည်းနည်းယူကာ UMFCCI ရုံးခန်းမသို့ဝင်ရောက်ရန်အကြံဖြစ်ပါတော့၏။

သည့်နောက် ကျွန်ုပ်လည်း ရေမိုးချိုး၊ အဝတ်အစားလဲကာ လက်ရှိအခြေချနေထိုင်ရာ စမ်းချောင်းအရပ်မှနေ၍ အမှတ် ၅၁ မ. ထ. သဘတ်စ်ကားကို စီးကာလာခဲ့ပါတော့၏။ အချိန်ကား နေ့လယ် ၁ နာရီခန့်ရှိသွားပြီဖြစ်ရာ လူသိပ်မကျပ်ဘဲဖြစ်ပြီးသကာလ ထိုင်ခုံအစေ့လောက်သာ လူပါလျက် မတ်တပ်ခရီးသည်မှာ ကျွန်ုပ်တစ်ဦးတည်းသာ ရှိပါပေ၏။

ကျွန်ုပ်လည်း'ဤခရီးဤခရီး' အနီးကလေးများကို ထိုင်ခုံရလျှင်ပင် ဝင်ရောက်ထိုင်ခြင်းအမှုမပြုဖြစ်ဘဲ မတ်တပ်ခဏသာ လိုက်ပါမြဲဖြစ်ပါ၏။ ယခု ကျွန်ုပ်မတ်တပ်ရပ်နေရာအနီး နောက်ဆုံးခြောက်ယောက်ထိုင် ခုံတန်းရှည်ကြီးမှာကား မိသားစု လေးယောက်သာ ထိုင်နေပါပေ၏။

မြေနီကုန်းမှတ်တိုင်မှဘတ်စ်ထွက်စပြုပြီးချိန်မတော့ အရှိန်ကိုပြန်လျှော့ကာ အထုပ်အပိုးနှင့် အဘိုး၊ အဘွားနှစ်ဦးကို ဖေးမကာ ကားပေါ်တက်စေပါ၏။ ပြီးသည်နှင့် ကျွန်ုပ်တို့ဘတ်စ်လည်း ဇတ်ခနဲ ထွက်လာခဲ့ပြီး သကာလ အရှိန်ရလာတော့ပြီ ဖြစ်ပါ၏။ အထုပ်အပိုးနှင့် အဘိုး၊ အဘွားတို့ကား ဟိုနားကြည့်ကြည့် ဒီနားကြည့်ကြည့်နှင့်သာ လစ်လပ်သည့်နေရာကို ရှာဖွေနေရာ ရှေ့ဘက်ထိုင်ခုံအသီးသီးမှ သပ္ပုရိသအပေါင်းမှာ အနောက်ဘက်ခုံတန်းရှည်ကြီးဆီသို့သာ ညွှန်ပြလျက်ခရီးကိုဆက်လက်ဖြတ်သန်းခဲ့ကြပါတော့၏။

သို့ဖြင့် . . ပြည်သူ့လွှတ်တော်ရှေ့သို့ ရောက်သည့်အခါ စပယ်ယာဖြစ်သူက ခရီးသည်များတစ်ဦးနှင့်တစ်ဦးစေ့ပြီးထိုင်ကြပါရန်အသံကျယ်ကျယ်ပြုပြီးသကာလ ဟယ်လ်ပင်မှတ်တိုင်အရောက်တွင် လူထပ်တင်ပါလေ၏။ ကျွန်ုပ်မတ်တပ်ရပ်နေရာအနီး ခြောက်ယောက်ထိုင်ခုံတန်းရှည်ကြီးတွင်ကား မိသားစုလေးဦးတည်းသာ ပုံ့ပုံ့ကြီးတွေထိုင်လျက် မပျက်မကွက်လိုက်ပါနေဆဲဖြစ်ပါ၏။

ဖခင်ဖြစ်သူမှာ 'နဖောင်ပြူးပြူး'ရွှေကိုင်းမျက်မှန်ကြီးကို အထူးတပ်ကာ မိခင်ဖြစ်သူမှာ မျက်ပေါက်မှေးမှေး၊ သူတို့ကလေးနှစ်ဦးမှာလည်း ယိမ်းထိုးဆော့ကစားနေကြလျက် ပတ်ဝန်းကျင်ဘက်ကို လုံးဝတစ်ချက်ကလေးဂရုစိုက်အလေးမထားကြပုံပါပေ။ ခရီးသည်ခြောက်ဦး ထိုင်ရမည့်ခုံမှာ သူတို့လေးဦးသာ ချဲကားထိုင်လျက် မျက်နှာကြောမာမာများဖြင့်မတင့်မတယ်လွန်းစွာ ဤခရီးတာတိုတိုကလေးကို ချိုမြိန်စွာဖြတ်သန်းနေပုံပါပေ။

ဤသို့ဖြင့် ပဲခူးကလပ်မှတ်တိုင်မှာ ဆင်းသူက တစ်ဦးစ နှစ်ဦးစ. . တက်လာသူများကား ထုံးစံအတိုင်း များပြားစွာဖြစ်လျက် ခရီးကိုဆက်ခဲ့ကြပါ၏။ ကျွန်ုပ်ဘေးနားရှိ အဘိုး၊ အဘွားနှစ်ဦးကား ဘာစကားမှမပြောကြဘဲ လေးယောက်တည်း ချဲကားထိုင်နေကြသော မိသားတစ်စုကို ခွင့်လွှတ်ကြည့်ဖြင့်သာ လိုက်ပါခဲ့ကြပါ၏။ ထို့နောက် ကျွန်ုပ်လည်း မင်းရဲကျော်စွာလမ်း စိန်ဂွန်းဈေးဂိတ်တွင် ဆင်းရမည်ဖြစ်ရာ အထက်ဖော်ပြပါဇာတ်လမ်းကိုဆက်လက်ကြည့်ရှုလိုသော်ငြား ထားခဲ့ရပါတော့၏။

ကျွန်ုပ်. . ကားပေါ်မှဆင်းပြီး UMFCCI ရုံးသို့ ဆက်လက်လျှောက်လှမ်းခဲ့ကာ ယခုကြုံတွေ့ခဲ့ရာဇာတ်လမ်းပမာလေးကိုဆက်တွေးမိပါပေ၏။

'နေရာ'မရှိ၍ 'နေရာမပေးခြင်း' အမှုကို စေ့စေ့ငုငု ဘာမှ မပြောနိုင်သော်ငြား 'နေရာ' ရှိလျက်သားနှင့် မသိကျိုးကျွန်ပြုကာ မောင်ပိုင်စီးထားခြင်းများကား အရုပ်ဆိုးအကျည်းတန်မှု၏ ပြယုဂ်များဟုပင် ဆင်ခြင်မိပါတော့သည်မိတ်ဆွေ။ ॥

## JOKE

### အသားကျနေမှ

အိမ်ထောင်ကျခါစ အမျိုးသမီးငယ်မှာ အိမ်အလုပ်မှလွဲ၍ ကျန်သည့်အရာအားလုံးကိုစိတ်ဝင်စားသည်။ အားလုံး နေသားတကျရှိနေရာမှ တစ်နေ့တွင်သူ့ယောကျ်ားက အိမ်ရှေ့ခန်းမှနေ၍ လှမ်းအော်ပြောလိုက်သံကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။ ယောကျ်ားကပြောသည်မှာ. . .

"ချစ်ရေ၊ အိမ်ရှေ့ခန်းက စားပွဲခုံကို ဘာလို့ဖုန်သုတ်လိုက်ရတာလဲကွာ။ အဲဒီစားပွဲပေါ်မှာ ကိုယ့်သူငယ်ချင်းဖုန်းနံပါတ်မှတ်ထားတာကွ" ဟူ၍ . . .

### ပိုချမ်းသာအောင်

အမေသည် အိမ်၏ဝင်ငွေယိုပေါက်များကိုပိတ်ရန်ကြိုးစားနေပြီး ပိုက်ဆံချွေတာရန် အစွမ်းကုန်ကြိုးစားသည်။ တစ်နေ့တွင် အဝတ်အစားများကို လူငှားလျှော်မည့်အစား သူမှဟာသူလက်ဖြင့်လျှော်ဖွပ်လိုက်သည်။ အင်္ကျီတစ်ထည်လျှော်ပြီးသွားသောအခါ အမေက ဂုဏ်ယူစွာ ဖြင့် အဖေ့ဘက်သို့လှည့်၍

"ဖရက်ဒ်ရေ ဒီအင်္ကျီကို ကျွန်မကိုယ့်ဘာသာကိုယ့်လက်နဲ့လျှော်လိုက်လို့ ကျွန်မတို့ ငါးဒေါ်လာပိုချမ်းသာသွားပြီရှင့်"ဟု ပြောလိုက်ရာ အဖေက . . .

"အေး ကောင်းသားပဲကွ။ အဲဒီအင်္ကျီကို နောက်တစ်ခေါက်ထပ်လျှော်ကွာ" ဟု ဆိုလိုက်ပါသည်။

## PSB မြန်မာမိသားစုက မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ ငွေလှူ

သီဟ

**ရန်ကုန်၊ ဇူလိုင် - ၄**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင်အလုပ်လုပ်လျက်ရှိသည့် PSA မြန်မာမိသားစုက ယခုလအတွက်အလှူငွေအား မကွေးမြို့ရှိ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ ကျပ်တစ်ဆယ့်လေးသိန်းနှစ်သောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ကရုဏာရှင်များ နာရေးကူညီမှုအသင်းသည် ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အသင်းဖွဲ့စည်းခါစက ဆင်းရဲချမ်းသာမရွေး နာရေးကူညီမှုလုပ်ငန်းများအား အခမဲ့ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် အောက်ဆီဂျင်အိုး ငှားရမ်းလှူဒါန်းခြင်း၊ ကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ယခုနှစ် မေလကလည်း မီးသဂြိုဟ်စက် တပ်ဆင်လှူဒါန်းခဲ့ကြောင်းသိရသည်။

## ငါးနီတူလုပ်ငန်းရှင်များအသင်း စတင်ဖွဲ့စည်းရန်စီစဉ်

ဥက္ကာကိုကို၊ သန်းဌေး

**သံတွဲ၊ ဩဂုတ်-၁**

သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စုတွင် ငါးနီတူလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန်စီစဉ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းအောင်က ပြောသည်။"ငါးဦးစီးရယ်၊ ကျော့ပိုက်လုပ်ငန်းရှင်တွေရယ် ညှိနှိုင်းနေပါတယ်။ အစုဝင် ၃၀၀၀ ကို တစ်စု ကျပ်တစ်သောင်းနှုန်းနဲ့ စမယ်" ဟု ၎င်းကပြောသည်။ ရခိုင်ပြည်နယ်သည် ငါးနီတူငါးမျိုးစိတ်မှာ အဓိကထွက်ရှိပြီး ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တင်ပို့သည့်အပြင်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပါတင်ပို့ရောင်းချရသည်။

"တစ်ရွာမှာ တစ်စုတစ်ဖွဲ့တည်ထောင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို လူကြီးတွေလမ်းညွှန်လို့ပါ"ဟု ဦးစိန်ထွန်း အောင်ကပြောသည်။ လွန်ခဲ့သော သုံးလေးနှစ်ကာလအတွင်းက နေ့စဉ်အချိန်တိုင်း ကုန်ကားကြီးများဖြင့် ပင်လယ်ထွက်ကုန်များအားတင်ပို့ပေးနေရသော်လည်း ယခုအခါလုပ်ငန်းလည်ပတ်ရုံသာရှိတော့ကြောင်း သပြုချိုင်ကျေးရွာမှ ငါးနီတူငါးဖမ်းစက်တပ်လှေအသင်း ဥက္ကဋ္ဌဦးကိုကိုကြီးကပြောသည်။ "ပင်လယ်ထွက်ကုန်တွေကျလာလို့ပါ" ဟု၎င်းကပြောသည်။ ယခုကဲ့သို့ ကျေးရွာများတွင် အစုအဖွဲ့လေးများ ဖွဲ့စည်းကာစုပေါင်းညှိနှိုင်းလုပ်ဆောင်မှုမှာကောင်းမွန်သောအစီအမံဖြစ်ကြောင်း၎င်းကပြောသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၀၊ ၂၄၃ ၅၄၂၊ ၃၀၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7Day News Journal

Vol.10, No.21 • AUGUST 11, 2011

## အဆင့်နိမ့် ကျောက်စိမ်း အရောင်းပွဲ ကျပ်ငွေဖြင့် ဝယ်ယူနိုင်၍ အသေးစားလုပ်ငန်းရှင်များ အာရုံစိုက်

**မင်းဒင်**

**ရန်ကုန်၊ ဩဂုတ်-၆**

အဆင့်နိမ့် အသားကျောက် ကျောက်စိမ်းအထူးရောင်းချပွဲကို ဩဂုတ်လလယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာတန်ဖိုးနည်းကျောက်ထည်လုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ပစ္စည်းများဝယ်ယူနိုင်မည့်အခွင့်အရေးရရှိနိုင်ကြောင်း မန္တလေးမြို့ခံ ကျောက်စိမ်းကုန်သည်တစ်ဦးက ပြောကြားသည်။

အဆိုပါကျောက်စိမ်းပြပွဲကို ဩဂုတ်လ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာကျပ်ငွေဖြင့်ဝယ်ယူနိုင်မည့်ပြပွဲတစ်ခုဖြစ်သည်။

"အဆင့်နိမ့် တန်ဖိုးနည်း အသားကျောက်တွေကို ပုတီး၊ ပန်းပု၊ လက်ကောက်၊ ပါကေးတွေသုံးတယ်။ လက်လုပ်လက်စားသမားတွေ အဓိကလာနိုင်တယ်။ ပယ်ကျောက်တွေထဲကလည်း သိန်းရာဂဏန်းအထိ ပွင့်တာမျိုးတွေရှိတယ်။ အဓိကကတော့ မြန်မာငွေနဲ့ ဝယ်လို့ရတဲ့ အခွင့်အရေးနဲ့ ကျောက်များများကြည့်ရနိုင်တာပါပဲ"လို့ ပြပွဲအပေါ် စိတ်ဝင်စားမှုကို လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုကဲ့သို့ အဆင့်နိမ့် တန်ဖိုးနည်းကျောက်များအား ပုတီး၊ လက်ကောက်၊ ပန်းပု၊ ပါကေးလုပ်ငန်းများတွင်သုံးစွဲကြရာလက်လုပ်လက်စားသမားများအတွက် ခုံစားကျောက်အဖြစ် အလုပ်ဖြစ်သည့် ကျောက်များဖြစ်ကြောင်း သိရသည်။

"ကျပ်သိန်း လေးဆယ်၊ ငါးဆယ်လောက်နဲ့ဝယ်လို့ပြုလို့ရနိုင်တယ်။ မန္တလေးမှာ ပြီးခဲ့တဲ့ ကျောက်မျက်ပြပွဲပြီးလို့ ပစ္စည်းတွေရောက် ကျောက်တွေဖြတ်အလုပ်ဖြစ်နေတာက ဈေးမြင့်ကျောက်တွေ အခုပြပွဲကတော့ လက်လုပ်လက်စားသမားတွေအတွက် အဓိကပွဲပါပဲ"ဟု ကျောက်စိမ်းလက်ကောက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပုတီး၊ ပန်းပုလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပြီး ထိုလုပ်သားများအတွက် အလုပ်ဖြစ်နိုင်သည့်ကျောက်စိမ်းပြပွဲတစ်ခုဖြစ်သည်။

ရွှေလီကျောက်စိမ်းဈေးကွက်တွင် အရောင်းအဝယ် အေးနေသော်လည်း ပြီးခဲ့သည့် ပြပွဲ၌ မန္တလေးကျောက်သမားအများစုလေလံအောင်ခဲ့သည့် ကျောက်စိမ်းတွဲများမှာ ဈေးကွက်အတွင်းသို့ အဆက်မပြတ်ဝင်ရောက်နေရာ ဈေးကွက်တွင်ဝယ်သူ အသာစီးရအနေအထားဖြစ်နေကြောင်း ကျောက်သမား အများစုက ပြောသည်။

### ကုန်တင်ခကျ ကုန်ကားအချို့ ရပ်ထားရပြန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၆**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် တန်ချိန်သတ်မှတ်ချက်များ ဆက်လက်ရှိနေသော်လည်း ကုန်တန်ဆာခများ ကျဆင်းနေခြင်းကြောင့် ကုန်တင်ယာဉ်ကြီးအချို့ ရပ်နားထားရသည့်ဖြစ်ရပ်များပင်ရှိနေကြောင်းသိရသည်။

ရန်ကုန်-ပုသိမ်လမ်းပိုင်း၌ အာဆီယံစံချိန်စံညွှန်းများသတ်မှတ်ချိန်တွင် ဘိလပ်မြေနှင့် မြေဆီတစ်အိတ်လျှင် ၇၀၀ ကျပ် ဝန်းကျင်ရှိနေရာမှ ယခုရက်ပိုင်းတွင် ၅၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးနေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

ထို့ပြင် ပုသိမ်-ရန်ကုန်လမ်းပိုင်းတွင်လည်း ယခင်က ဆန်တစ်အိတ်လျှင် ၈၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးနေရာမှ ယခုရက်ပိုင်းတွင် ၆၅၀-၇၀၀ ကျပ်ဖြင့် ပြေးဆွဲပေးနေကြောင်းသိရသည်။

"တန်ဆာခတွေက ကျနေပြီး တန်သတ်မှတ်ချက်က ၁၈ တန်ပဲ ဖြစ်နေတော့ ကုန်နည်းနည်းပဲ တင်ရတဲ့ကားတွေမကိုက်လို့ မဆွဲတော့တာတွေ အများကြီးပဲ"ဟု ရန်ကုန်-ပုသိမ်လမ်းပိုင်းပြေးဆွဲသော ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

လက်ရှိကာလတွင် အာဆီယံတန်သတ်မှတ်ချက်ရှိနေသော်လည်းတန်ဆာခများ ကျဆင်းနေခြင်းမှာ ကုန်စည်စီဆင်းမှုနည်းနေ၍ ကားဂိတ်များမှ တန်ဆာခများ လျှော့ချပေးနေရခြင်းကြောင့်ဖြစ်သည်ဟု ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

လက်ရှိတန်သတ်မှတ်ချက်အရ ခြောက်ဘီးကားယာဉ်ကြီးမှာ ဆန်အိတ်ရေ ၂၀၀ သာတင်နိုင်ပြီး ၁၄ ပေဒိုင်နာယာဉ်မှာ အိတ်ရေ ၂၂၀ ထိ တင်ဆောင်နိုင်ကြောင်း သိရသည်။

သို့သော် ၆ ဘီးကုန်တင်ယာဉ်ကြီးများမှာ ဆီဂါလန် ၂၄ ဂါလန်အထိအပြန်အသွားကုန်ကျပြီး ၁၄ ပေဒိုင်နာမှာ ၁၇ ဂါလန်သာ ကုန်ကျ၍ ကားကြီးများမှာ ကုန်ကျစရိတ်အားဖြင့်လည်း ပိုမိုကုန်ကျနေကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ထို့ပြင် ၁၄ ပေဒိုင်နာမှာ မြို့အဝင်တွင်ကဲ့ကားဖြင့် သယ်ယူစရာမလို၍ ခြောက်ဘီးယာဉ်များထက် ကျပ် ၃၀,၀၀၀ အထိ ကုန်ကျစရိတ်သက်သာနိုင်သည်။

ထို့ကြောင့်ကုန်စည်ပို့ဆောင်သူများမှာ ကုန်ကျစရိတ်သက်သာပြီး အိတ်ရေပိုတင်နိုင်သော ၁၄ ပေဒိုင်နာများဖြင့်သာ ပို၍ ပြေးဆွဲလာကြကြောင်းသိရသည်။

### ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၇၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၃၅ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၃၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၉ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၀၀ | ကျပ် |

၂၀၁၁ ဩဂုတ် ၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၀၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၃၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၄၀၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၇၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၁၆၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၇. ၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၁၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၁၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၀. ၉၅၇၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၁. ၁၈၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၂၈. ၀၆၅ | ရူဘယ် | (ရုရှား) |
| ၁ဒေါ်လာ | ၃. ၆၇၃ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၅၁. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၃၇၀ |
| ငွေ | ၁ အောင်စ | ၃၈. ၂၁၁ |
| ကြေးနီ | ပေါင် | ၄၁၁. ၇၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၄၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဩဂုတ် ၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။






7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရွှေဈေးတက်သော်လည်း အရောင်းအဝယ်ကောင်းနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်- ၆**

ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများလိုက်ပါမြင့်တက်နေသော်လည်း ဈေးကွက်တွင်း၌ အရောင်းအဝယ်ကောင်းနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဒီရက်ပိုင်းဈေးက အမြင့်ဆုံးဈေးဖြစ်နေပေမယ့် အရောင်းအဝယ်ကောင်းတယ်။ အဓိက ကတော့ မန္တလေးဘက်ကအဝယ်လိုက်တော့ ဒီဘက်မှာအရောင်းအဝယ်ကောင်းတဲ့သဘောပဲ"ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းတွင် အရောင်းအဝယ်ပြုလုပ်သော ရွှေကုန်သည်တစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် မန္တလေးမှ ဝယ်လိုအားကောင်းလာခြင်းမှာ ပြင်ပပေါက်ဈေးနှင့် ပြည်တွင်းဈေးနှုန်းမှာ ကျပ်တစ်သောင်းကျော်ကွာခြားနေခြင်းဖြစ်ကြောင်း လိုင်းဆွဲအားကောင်းနေခြင်းကြောင့်ဖြစ်သည်ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမြင့်တက်နေခြင်းကြောင့် ယခု ဩဂုတ် ၆ ရက်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၄,၂၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ ၆၃၄,၅၀၀ ကျပ်ရှိသည်။

"ဈေးအမြင့်ပိုင်းဆိုတော့ အပိုင်းဈေးကွက်မှာကထုတ်ရောင်းတဲ့သူများတဲ့အချိန်ပဲ"ဟု အသင်းရုံး၌အရောင်းအဝယ်ပြုလုပ်နေသော ရွှေကုန်သည်ကပြောသည်။

ရွှေအရောင်းအဝယ်တွင် ဈေးနှုန်းများမှာ တစ်ရက်တွင်း၌ ကျပ် ၅,၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းအတက်အကျဖြစ်နေကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁၆၆၄ ဒေါ်လာဝန်းကျင်တွင် ဈေးနှုန်းအတက်အကျဖြစ်နေသည်။


"ဒီရက်ပိုင်းမှာ ရွှေဈေးကမငြိမ်ဘူး။ ပုံမှန်အားဖြင့် ပိတ်ရက်ဆို ၅၀၀-၂,၀၀၀ ကျပ်လောက်ပဲဈေးကွာတယ်။ ဒီနေ့ဆို ၃,၀၀၀ ကျပ်လောက်ထိဈေးကွာတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိကာလတွင်ကမ္ဘာ့ရွှေဈေးနှုန်းမှာကျရိပ်ပြနေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ အမေရိကန်ငွေဈေးပေါ် တွင်မူတည်၍ ဈေးနှုန်းအတက်အကျဖြစ်နေကြောင်းသိရသည်။






## 7DAY BOOK REVIEW




အလက်ဇန္ဒား (ပါရဂူ)



ရန်ကုန်တက္ကသိုလ် နှစ်(၉၀)ပြည့်အမှတ်တရ

အလက်ဇန္ဒားသည်ဂရိတ် (ဘီစီ ၃၂၃-၃၅၆) သည် ကမ္ဘာ့သမိုင်း၌ ထင်ရှားကျော်ကြားခဲ့သော စစ်ဘုရင်တစ်ဦးဖြစ်သည်။ ဂရိနိုင်ငံတော်ဖိလစ်ဘုရင်၏ သားတော်ဖြစ်ပြီး အတွေးအခေါ်ပညာရှင်'အရစ္စတိုတယ်' ၏ တပည့်တစ်ဦးလည်းဖြစ်သည်။ အလက်ဇန္ဒားသည် အသက်အရွယ်ငယ်ငယ်ဖြင့် ဥရောပတိုက်ကြီးတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် လှုပ်ခါနိုင်သူစစ်ဘုရင်တစ်ဦးဖြစ်ခဲ့ပြီး ၎င်း၏ အင်ပါယာကို အိန္ဒိယနိုင်ငံတွင်းသို့ ချဲ့ထွင်နိုင်အောင်ကြိုးစားရင်း ကံတော်ကုန်ခဲ့ရရှာသော လူသားသမိုင်း၌ အလွန်ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ခဲ့သည်။ ထိုသို့သော ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို နိုင်ငံအသီးသီး၌ ဘာသာစကားအမျိုးမျိုးဖြင့် မှတ်ကျောက်တင်ရေးသားပြုစုခဲ့ကြသည်။

ယခုစာအုပ်၏ မူရင်းစာအုပ်မှာ ဟိန္ဒူဘာသာဖြင့် ကျစ်လျစ်စွာရေးဖွဲ့ထားသည့် ဝတ္ထုဟန် အတ္ထုပ္ပတ္တိဖြစ်ပြီး ကွယ်လွန်သူစာရေးဆရာကြီးပါရဂူ၏ နောက်ဆုံးလက်ရာများထဲမှ တစ်ကြိမ်တစ်ခါမျှ စာအုပ်အဖြစ် လုံးချင်းမရိုက်နှိပ်ရသေးသောစာအုပ်ဖြစ်ပါသည်။ ထိုသို့သော စာမူကို ဖူးပွင့်ဝေဝေ စာအုပ်တိုက်၏ နိုးကြားမှုဖြင့် တစ်ပေါင်းတစ်စည်းတည်း လုံးချင်းအဖြစ်ဖတ်ရှုနိုင်ပြီဖြစ်သည်။

ပါရဂူ၏ အမှာစာတွင်'ဝတ္ထု၌ စာရေးဆရာ၏ စွမ်းရည်ကွက်ကွက်ကွင်းကွင်းပေါ်နေသည်။ ဝတ္ထု၌ ပါသောဖိလစ်၊ အလက်ဇန္ဒား၊ အရစ္စတိုတယ် စသော ဇာတ်ဆောင်တို့၏ သရုပ်သကန်ကို ဖော်ထုတ်ရာ၌ စာရေးဆရာသည် အောင်မြင်မှုသရဖူဆောင်းသည်ဟုဆိုရမည်'ဟုရေးသားခဲ့သည်။ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ ဂေါရီ၊ အမ္ဗပါလီတို့ကဲ့သို့ဖတ်၍ မငြီးနိုင်သော စာအုပ်ကောင်းတစ်အုပ်ဟုဆိုနိုင်ပါသည်။ ဖူးပွင့်ဝေဝေ စာအုပ်တိုက်မှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

၁၉၂၀ပြည့်နှစ်ကတည်ထောင်ခဲ့သောရန်ကုန်တက္ကသိုလ်သည် ၂၀၁၀ ပြည့်နှစ်တွင် နှစ်ပေါင်း ၉၀ တင်းတင်းပြည့်ခဲ့ပြီဖြစ်ပါသည်။ စတင်တည်ထောင်ဖွင့်လှစ်ချိန်မှ ယနေ့အချိန်ထိ ရန်ကုန်တက္ကသိုလ်သည်နိုင်ငံ့အတွက် အကျိုးဖြစ်ထွန်းစေမည့် ပညာတတ်၊ပညာရှင်ထောင်သောင်းမက မွေးထုတ်ပေးနိုင်ခဲ့ပြီးယခုလည်း ဆက်လက်မွေးထုတ်နေဆဲဖြစ်ပါ၏။

ရန်ကုန်တက္ကသိုလ်သည်မြန်မာနိုင်ငံ၏ ပညာရပ်အပေါင်းစုဝေးသည့် ဘူမိနက်သန်နေရာမှန်ဖြစ်ခဲ့ပြီး တစ်ချိန်ကဆိုလျှင် အရှေ့တောင်အာရှနိုင်ငံများထဲ၌ထိပ်တန်းရှိခဲ့ပြီး အိမ်နီးချင်းနိုင်ငံများကပင်လျှင် အချို့သော ပညာရပ်တို့အား လာရောက်သင်ကြားရာပညာရွှေမြေအဖြစ်လည်း ရှိခဲ့သည်။ ယင်းသို့သော နယ်မြေဝန်းကျင်သည် မမေ့အပ်သော နေရာဌာနတစ်ခုအဖြစ်လည်း တည်ရှိနေဆဲဖြစ်ပါ၏။ ကျေးဇူးတရားကို သိနားလည်သော ပုဂ္ဂိုလ်တို့က ရန်ကုန်တက္ကသိုလ်နှင့်စပ်လျဉ်း၍ စာကောင်းပေမွန်များရေးသားခဲ့ရာယခုစာအုပ်ပေါ် ထွက်လာခြင်းဖြစ်သည်။

စာအုပ်တွင် ဆောင်းပါးစုစုပေါင်း ၂၆ ပုဒ်ပါဝင်ပြီး တက္ကသိုလ်မောင်မောင်ကြီး၏ ပလာတာကောလိပ်၊ ဦးခင်မောင်လတ်၏ တက္ကသိုလ် ကျောင်းတော်ကြီးရဲ့ အစဉ်အလာ၊ ဦးသန်းထွတ်၏ တက္ကသိုလ်တွင် မြန်မာစာအစ ဆရာကြီးဦးပွားက၊ လှကြည်၏ လူအများမသိသေးသော ဒေါက်တာသာလှ၊ သံအမတ်ကြီးဟောင်း ဦးသက်ထွန်း၏ ကမ္ဘာ့စီးပွားရေးပညာရှင် ဒေါက်တာလှမြင့်နှင့် ဒေါက်တာ ညီညီ၏ ကျွန်တော့်ဆရာများ ဆောင်းပါးများသည် ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်ကို လွှမ်းခြုံပြည့်စုံစေသည့် စာကောင်းစာမွန်များ ဖြစ်ပါ၏။

စာအုပ်ကိုခေတ်ပြတိုက်စာပေမှတန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ပိုးဟပ်တွေက လူ့အသက်ကို ကယ်နိုင်သတဲ့

အင်္ဂလန်ရှိနော်တင်ဟမ်တက္ကသိုလ်မှသုတေသီများအဖွဲ့၏ လေ့လာချက်အရ ပိုးဟပ်များ၏ကောင်းကျိုးပြုမှုကိုတွေ့ရှိခဲ့သည်။ ပိုးဟပ်နှင့်ကျိုင်းကောင်များ၏ဦးနှောက်အတွင်းရှိစွမ်းအားမြင့်ပဋိဇီဝဓာတ်ပစ္စည်းသည် လူကိုသေစေနိုင်လောက်အောင် ဒုက္ခပေးတတ်သည့် ဘက်တီးရီးယားပိုးအရေအတွက် ၉၀ ရာခိုင်နှုန်းကျော်ကို ချေမှုန်းပေးနိုင်စွမ်းရှိကြောင်းသိရသည်။

ပဋိဇီဝဆေးဖြင့် မနှိမ်နင်းနိုင်သည့် ဘက်တီးရီးယားနှင့် ရောဂါဖြစ်ပွားစေသည့် အခြားဘက်တီးရီးယားများကိုလူ့ခန္ဓာကိုယ်အတွင်းရှိဆဲလ်များမပျက်စီးစေဘဲ နှိမ်နင်းနိုင်သည်ဟုဆိုသည်။ ယခုသုတေသနပြုချက်မှာ ပြီးခဲ့သည့်နှစ်ကနော်တင်ဟမ်တွင်ပြုလုပ်သည့် အထွေထွေအဏုဇီဝဗေဒဆိုင်ရာ ဆွေးနွေးပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ပြီး ဘက်တီးရီးယားကြောင့် ဆေးယဉ်ပါးမှုဖြစ်ခြင်းများကို ကာကွယ်ကုသနိုင်သည့် အဖိုးတန်ဆန်းသစ်သောကုထုံးသစ်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည်။

*—Source:Reader's Digest*

## တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၁၀ မှ ၁၆ ရက် အထိ

### ARIES မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

အလိုရှိသည်များအားလုံး ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်ရန်အခါသင့်သည်။ မူလစီစဉ်ထားသည်များနှင့် လက်တွေ့ကွာဟနေမည်။ ဖရိုဖရဲဖြစ်နေမည်။ သို့သော် လက်တွေ့ဆောင်ရွက်မှုတိုင်းတွင် ကောင်းသောအကျိုးဆက်ရရှိမည်။ မိမိအပေါ် ဒုက္ခပေးသူအားလုံးကိုဖယ်ရှားနိုင်မည်။ ခရီးကိစ္စစီစဉ်ခြင်းများအဆင်ပြေမည်။ ရန်အတိုက်အခံများ ကျော်လွှားနိုင်မည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

ကျန်းမာရေးဂရုစိုက်ပါ။ စကားများရမည်။ မိသားစုအတွင်း ရံဖန်ရံခါဝင်ရောက်ပတ်သက်သူတစ်ဦးမှ မိမိအား အပြစ်တင်ဝေဖန်ခြင်းကြုံမည်။ ဆွေမျိုးတွင်းမှ အကြီးအကဲများ၏ ဆိုစကားကိုနာယူတတ်သည်။ တစ်ကြိမ်မကလုပ်ပြီးမှ အရာရာအဆင်ပြေမည်။ ဦးတည်ဆောင်ရွက်ရင်း အနှောင့်အယှက်ကြုံပါက လက်ငင်းဖြေရှင်းပြီး ရှေ့ဆက်တိုးပါ။ ငွေကြေးကိစ္စတွင်အာမခံခြင်းမပြုရ။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

မိတ်ဆွေကောင်းအထောက်ကူရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ရန်အားလုံးကိုကျော်လွှားနိုင်မည်။ ပြဿနာကြားမှ တက်လမ်းပေါ် ထွန်းမည်။ သွားလေရာ၊ ရောက်လေရာတွင် စန်းပွင့်ခြင်း၊ ကောင်းသောအထောက်အကူရခြင်းကြုံတွေ့ရမည်။ ကာလအတန်ကြာ ခက်ခက်ခဲခဲဆောင်ရွက်နေသည့်ကိစ္စများပြီးမြောက်သွားမည်။ စိတ်မြန်ခြင်း၊ အလောတကြီးဆောင်ရွက်ခြင်းမပြုမိအောင်သတိပြုပါ။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အလွန်သတိရှိရမည်။ အနှောင့်အယှက်ကြုံပြီးမှ အောင်မြင်တတ်သည်။ မိမိအပေါ် ကောင်းကျိုးပြုသူများနှင့်တွေ့ရမည်။ ထိပ်တိုက်တွေ့နေရသောအခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်မည်။ သူတစ်ပါးနှင့်မိမိအကြား ဖြစ်ပေါ်နေသော ပဋိပက္ခများလျော့နည်းသွားမည်။ နှောင့်နှေးကြန့်ကြာသည့်အရာအားလုံးအဆင်ပြေပြေနှင့်ပြီးမြောက်အောင်မြင်နိုင်ပါသည်။ ဝမ်းသာစရာသတင်းစကားကြားရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

အိမ်တွင်း၌ မကြာခဏ စကားများ ရန်ဖြစ်ရတတ်သည်။ အိမ်တွင် အကြောင်းမရှိ အကြောင်းရှာ၊ တွေးတောပူပင်၊ တဗျစ်တောက်တောက်ပြောပြီး ရန်မဖြစ်ရင် မနေနိုင်၊ စကားဆိုးပြောသောသူတစ်ဦးကြောင့် တစ်အိမ်လုံးစိတ်ညစ်ရမည်။ ပြင်ပလောကတွင် စိတ်အေးချမ်းမှုရှိသလောက် အိမ်တွင် စိတ်အနှောင့်အယှက်များရှိနေမည်။ လုပ်ငန်းခွင်ရှိသူများ တစ်ပါးသူလုပ်သမျှ ဒိုင်ခံဖြေရှင်းနေရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

မရဲတရဲလုပ်သောကိစ္စများမှ အောင်မြင်မှုရရှိမည်။ ရင်းနှီးသောသူများနှင့်စကားများရမည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ မကြာမီ လက်ဝယ်ပြန်လည်ရရှိမည်။ ရည်မှန်းချက်အသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ မိမိအပေါ် မနာလိုပြီး တစ်ဖက်သတ်ရန်ရှာနေသူများနှင့် တွေ့ကြုံရမည်။ နေရာအပြောင်းအလဲရှိပြီးသည့်နောက် ကြုံတွေ့နေရသောအညံ့များ လွတ်ကင်းသွားမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

အရာရာ အဆင်ပြေ၍ အလိုရှိရာ အဆင်ပြေခြင်းသို့ဦးတည်မည်။ ငွေကြေးကံကောင်းမည်။ ဥစ္စာတိုးပွားမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှားပြီး အဆင့်ဆင့် တိုးတက်မှုရှိမည်။ တစ်ပါးသူကြောင့် ဖြစ်သောပြဿနာများဖြေရှင်းနိုင်မည်။ လူမှုရေး၊ စီးပွားရေးကိစ္စများ အဆင်ပြေမည်။ မိသားစုအတွင်း အလုပ်အဆင်ပြေပြီး စီးပွားတိုးတက်ခြင်းကြုံမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

အခက်အခဲများကျော်လွှားနိုင်မည်။ ဆုံးဖြတ်ချက်အောင်မြင်မည်။ လမ်းကြောင်းသစ်နှင့်လုပ်ကိုင်၍ တက်လမ်းများပွင့်မည်။ နေရာဝန်းကျင်သစ်များနှင့်ထိတွေ့ရမည်။ မူလက လုပ်ကိုင်ဖူးခြင်းမရှိသော လုပ်ငန်းများ လုပ်ကိုင်ရင်းဖြင့် ကြီးပွားတိုးတက်မှုရရှိမည်။ စနေ၊ တနင်္ဂနွေနေ့မွေးသောသူများကိုရှောင်ပါ။ မိမိအားဒုက္ခပေးတတ်သည်။ တစ်ပိုင်းတစ်စဖြင့် လုပ်နေသည့်ကိစ္စများကို အပြီးသတ်ဆောင်ရွက်သင့်သည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

အဘက်ဘက်မှကောင်းသည်။ ပေါ့ပေါ့တန်တန်လုပ်သောကိစ္စများမှ အဆင်ပြေချောမွေ့မည်။ ထူးခြားသောပြောင်းလဲခြင်းကြုံမည်။ မထင်မှတ်ထားသောအခွင့်အရေး၊ အခွင့်ထူးများရရှိခံစားရမည်။ မရည်ရွယ်ဘဲ ခရီးထွက်ရမည်။ ဤသို့ဖြစ်ကကောင်းသည်။ မင်္ဂလာကိစ္စများတွင် ပါဝင်ပတ်သက်ကူညီရမည်။ ကပ်စေးနှဲခြင်းရှိသလောက် ယခုကာလအတွင်းငွေကြေး အသုံးအစွဲကြမ်းနေမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

အစစအရာရာကို သတိနှင့်ယှဉ်ပြီး ဆောင်ရွက်ပါ။ အညံ့အဆိုးကြုံနေသောကာလဖြစ်သည်။ ငွေလက်လွှန်ခြင်း၊ မှန်းထားသည်များ တလွဲတချော်ဖြစ်ခြင်းကြုံမည်။ ရုတ်တရက်ဖြစ်ပေါ် လာသောပြဿနာများကိုပေါ့ပေါ့တန်တန်သဘောထားသောကြောင့် စိတ်အနှောင့်အယှက်များကြုံရမည်။ သူတစ်ပါးအားကိုးခြင်းမပြုပါနှင့်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရန်မသင့်ပါ။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အလုံးစုံသတိရှိရမည်။ အမှားများ တစ်မျိုးပြီးတစ်မျိုး ကျူးလွန်တတ်သည်။ အခါတိုင်းထက်ပို၍ အပျော်အပါးကိစ္စများ စိတ်ဝင်စားမည်။ ငွေအသုံးအဖြုန်းကြီးမည်။ တွန့်တိုမှုမရှိ ပေါပေါများများသုံးမည်။ မိမိရှိငွေထက်ပို၍ သုံးလိုမည်။ တစ်ပါးသူထံမှ ယူသုံးရန်ဝန်မလေးသောစိတ်ပေါ် မည်။ ဤကာလအတွင်း ကြွေးတင်က ပြန်ဆပ်ရန်ခက်ခဲတတ်သည်။ အရာရာကိုသတိနှင့်ယှဉ်၍ဆောင်ရွက်ပါ။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

အလွန်သတိရှိရမည်။ အမှားအယွင်းမရှိအောင်ဆောင်ရွက်ပါ။ အခက်အခဲကြုံက ချက်ချင်းဖြေရှင်းပါ။ လုပ်ကိုင်ဆောင်ရွက်ထားသည်များ ရုတ်တရက် ရပ်တန့်သွားပါက ချက်ချင်း အဖြေရှာပြီး ရှေ့တိုး၍ ဆောင်ရွက်ပါ။ သို့မဟုတ်ပါက အရာရာကို ပြန်လည်စတင်ရန်ခက်ခဲမည်။ တနင်္ဂနွေနေ့၊ သောကြာနေ့ မွေးသူများကို သတိနှင့်ဆက်ဆံပါ။ ထိုနေ့ဖွားများနှင့်ဆက်စပ်ပြီး လုပ်ကိုင်ပါက ဒုက္ခရောက်တတ်သည်။

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011



# မျက်တောင်ခတ်သူ အရှုံးလား

**ကြည်နေဝင်းမင်း**

ကြွေးမြီပျက်ကွက်မှုနှင့်ပတ်သက်ပြီး ဝါရှင်တန်မှာ သဘောတူညီမှုရပြီဆိုတဲ့ သတင်းတွေကြောင့်ရှယ်ယာဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်တွေ ဈေးနှုန်းမြင့်တက်လာချိန်မှာပဲ တစ်ချိန်တုန်းက ဆိုဗီယက်ခေါင်းဆောင် နီခီတာကရုရှက်ဖ်ဟာ ကမ္ဘာကြီးကိုကယ်တင်ခဲ့တဲ့အတွက် အကောင်းပြောမခံခဲ့ရဘူးဆိုတာကို အမှတ်ရချင်ကြပါလိမ့်မယ်။

ဒါပေမဲ့ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည် အကျပ်အတည်းကာလတကယ့် ကျဉ်းထဲကျပ်ထဲရောက်နေချိန်က အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒီယန်းရပ်ခ်ကပြောင်ပြောင်မြောက်မြောက်ပြောခဲ့တဲ့စကားလုံးတွေကို ပြန်စဉ်းစားကြည့်လိုက်ပါ။ "ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် စူးစူးဝါးဝါး ကြည့်နေချိန်မှာပဲ တစ်ဖက်က မျက်တောင်ခတ်သွားတယ်" ဟူ၍. . .

အဲဒီနျူကလီးယား ရင်ဆိုင်မှုမှာ သူရဲ့ အောင်မြင်ခဲ့မှုမှာ ယခုအချိန်အထိ ရာဇဝင်စာတင်နေရတဲ့ သမ္မတဂျွန် အက်ကနေဒီအတွက် အဓိကကျခဲ့ပါတယ်။ အရှုံးပေးမှုလို့ရှုမြင်ခံရတဲ့ ကရုရှက်ဖ်ရဲ့မျက်တောင်ခတ်မှုကနေပြီး သူ့ကိုပြုတ်ကျသွားစေခဲ့တဲ့ နိုင်ငံရေးအာဏာသိမ်းမှု ဖြစ်ပေါ်လာခဲ့ပြီး လီယိုနစ်ဘရက်ဇညက်ကို အာဏာရရှိလာစေခဲ့ပါတယ်။

စိတ်ဝင်စားစရာ ကောင်းတာက ကရုရှက်ဖ်ကသာ မျက်တောင်မခတ်ခဲ့ဘူးဆိုရင် ဘာတွေများဖြစ်ခဲ့မှာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ အဲဒီတုန်းက ဆိုဗီယက်သင်္ဘောတွေဟာဒုံးကျည်တွေတင်ပြီးကျူးဘားနိုင်ငံကိုခုတ်မောင်းခဲ့တာကို အမေရိကန် ရေငုပ်သင်္ဘောတွေက နှစ်မြုပ်ပစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ဆိုဗီယက်တပ်ဖွဲ့တွေဟာ ကျူးဘားကျွန်းပေါ်မှာ နျူကလီးယားလက်နက်တွေ ချထားပြီး အသုံးပြုခွင့်ရှိခဲ့တယ်ဆိုတာ နောက်ပိုင်းမှ ကျွန်တော်တို့ သိလာရပါတယ်။ စစ်ပွဲတွေ အားလုံးကို အဆုံးသတ်မယ့်စစ်ပွဲကြီးဖြစ်ခဲ့မှာပါ။

ဒါပေမဲ့ ကရုရှက်ဖ်က မျက်တောင်ခတ်ခဲ့ပါတယ်ဆိုတာနဲ့ဆက်စပ်ပြီး ဒီတစ်ပတ်မှာဖြစ်ပျက်ခဲ့တဲ့ ကြွေးမြီအကျပ်အတည်းနဲ့ ပတ်သက်ပြီးငွေကြေးဈေးကွက်တွေ၊ ဝေဖန်ပြောဆိုသူတွေတချို့နဲ့ အမေရိကန်တွေအမှတ်ရနေမှာကတော့ အမေရိကန်သမ္မတအိုဘားမား မျက်တောင်ခတ်လိုက်တယ်ဆိုတာပါပဲ။ အဲဒီနဲ့ဆန့်ကျင်ဘက်မှာရီပက်ဘလေကန်တွေက မာမာထန်ထန်တင်းခံခဲ့ပြီး အောင်ပွဲခံခဲ့ပါတယ်။ ဒီသဘောတူညီချက်က အခွန်ငွေတိုးမြှင့်မှုဆိုတာတွေထက် ဖြတ်တောက်မှုလုပ်ရမှာတွေပိုများပါတယ်။ တကယ်တော့ အခုအမေရိကန်ကြုံတွေ့နေရတဲ့ ဘဏ္ဍာရေးဒုက္ခတွေဟာ သမ္မတဘုရှ်လက်ထက် အခွန်ဖြတ်တောက်မှုကြောင့်ဖြစ်ပေါ်ခဲ့တဲ့ ကန်ဒေါ်လာ ၃ ထရီလီယံ ယိုပေါက်ကြီးနဲ့ အီရတ်နဲ့ အာဖဂန်စစ်ပွဲတွေရဲ့ ကုန်ကျစရိတ်တွေကြောင့်ပဲဖြစ်ပါတယ်။

ကြွေးမြီပျက်ကွက်မှုကို ရှောင်လွှဲနိုင်ခဲ့လို့ ဈေးကွက်တွေ အပျော်ကြီးပျော်နေခဲ့ပေမယ့်လည်း ဒီသဘောတူညီချက်အတွက် တန်ဖိုးတစ်ခုပေးဆပ်ရပါလိမ့်မယ်။

၂၀၀၈ ခုနှစ်စီးပွားရေးနှိုးဆွမှုအစီအစဉ်အများအပြား သက်တမ်းစေ့လာချိန်မှာ အမေရိကန်စီးပွားရေးဟာ တဖြည်းဖြည်းပြန်နှေးလာပါတယ်။ နောက်နှစ်မှာ အစိုးရက ထပ်သုံးမယ်ဆိုတဲ့ ငွေကြေးကန်ဒေါ်လာ ၃၀၀ ဘီလီယံဟာလည်း ငွေကြေးတန်ဖိုးလျော့ကျမှုထဲ စီးမျောသွားပါလိမ့်မယ်။ အစိုးရအလုပ်အကိုင်တွေကိုလည်း ထပ်ပြီးလျှော့ချရပါလိမ့်မယ်။ အခုတောင် ၂၀၀၈ ခုနှစ်နဲ့ နှိုင်းစာရင် အစိုးရဌာနအလုပ်အကိုင် ၅ သိန်းလျော့သွားခဲ့ပါပြီ။

ခြိုးခြံချွေတာမှု အခြေအနေသစ်ဟာ အခုဆိုရင် ကမ္ဘာပတ်နေပါပြီ။ ဂရိ၊ စပိန်၊ အိုင်ယာလန်၊ အီတလီမှာ ဖြတ်တောက်မှုတွေ ရက်ရက်စက်စက် လုပ်နေရတဲ့အပြင် ယူရိုငွေကြေးသုံး ယူရိုဇုန်နိုင်ငံတွေမှာလည်း ၂၀၁၃ ခုနှစ်အရောက်မှာ ဘတ်ဂျက်လိုငွေပြမှုတွေကို ဂျီဒီပီ (စုစုပေါင်း အမျိုးသားထုတ်ကုန်တန်ဖိုး) ရဲ့ ၃ ရာခိုင်နှုန်းအထိ လျှော့ချဖို့ စိုင်းပြင်းနေကြပါတယ်။ ဂျာမနီ၊ ဖင်လန်နဲ့ ဩစတီးယားနိုင်ငံတွေမှာ ဒီပစ်မှတ်ကို ရောက်နိုင်ပါတယ်။ တခြားနိုင်ငံတွေမှာကတော့လျှော့ချဖြတ်တောက်မှုတွေ ထပ်လုပ်ရဖို့ပဲ ရှိပါတယ်။

ဗြိတိန်နိုင်ငံမှာဒီနှစ်အတွင်း အစိုးရသုံးစွဲမှုကို ကန်ဒေါ်လာ ၁၀၀ ဘီလီယံဖြတ်တောက်ပါမယ်။ ရလဒ်က ရှင်းနေပါတယ်။ လက်လီရောင်းဝယ်မှုတွေ လျော့ကျ ဖွံ့ဖြိုးတိုးတက်မှုက သုညနားမှာပဲကပ်နေပြီး ဘဏ်တွေက အလုပ်သမား လျှော့ချမှုတွေရှိလာမှာပါပဲ။

တရုတ်မှာဆိုရင်လည်း ဗဟိုဘဏ်နဲ့ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေကြေးဖောင်းပွမှုကို ရှောင်လွှဲနိုင်ဖို့ ဘဏ်တွေရဲ့ အကြွေးတွေကိုဇက်သတ်နေပြီး ဒေသဆိုင်ရာအစိုးရတွေရဲ့ အသုံးစရိတ်တွေကို ထိန်းချုပ်နေပါတယ်။



တစ်ကမ္ဘာလုံးမှာပါပဲ။ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကျပ်အတည်းကိုတုံ့ပြန်ဖို့ အစိုးရအသုံးစရိတ်တွေတိုးမြှင့်ခဲ့တာကို အခုဆိုရင် ဘက်ဂီယာပြန်ထိုးနေကြပါတယ်။ ဒီလိုတစ်ကမ္ဘာလုံး ခြိုးခြံချွေတာမှုလုပ်တာဟာ ကမ္ဘာ့စီးပွားရေးကို နောက်တစ်ကြိမ် ဆုတ်ကပ်ထဲ ပြန်ရောက်သွားစေနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေကြားထဲကပဲ ဒီလိုလုပ်နေကြတာပါ။

အစိုးရတွေနဲ့ဗဟိုဘဏ်တွေဟာလည်း တကယ့်ကို ခက်ခဲတဲ့ ရွေးချယ်စရာတွေနဲ့ ရင်ဆိုင်နေရတာပါ။ အစိုးရသုံးစွဲမှုကို ရပ်လိုက်ရင် စီးပွားရေးပိုပြီးနှေးကွေးသွားမယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း အစိုးရတွေအပေါ်မှာတင်ရှိနေတဲ့ အကြွေးတွေကလည်း တောင်လိုပုံလာပြီး ဒါကိုတစ်နည်းနည်းနဲ့ ထိန်းချုပ်နိုင်အောင် ပြန်လုပ်ရပါမယ်။

နိုင်ငံရေးသမားတွေကတော့ ကြိုတင်ခန့်မှန်းလို့ရတဲ့ အတိုင်းပဲ နှစ်ခြမ်းကွဲသွားကြပါတယ်။ ဘဏ္ဍာရေးကွန်ဆာဗေးတစ်တွေက အကြွေးတင်နေတာကို ဦးစားပေးရမယ်။ ထိန်းချုပ်ရမယ်။ လတ်တလောမှာ နာကျင်မှုတွေရှိရှိ လုပ်ရမယ့်လို့ ဆိုပါတယ်။ ဘဏ္ဍာရေးအလယ်အလတ်သမားတွေကတော့လိုငွေပြနေချိန်မှာ ငွေပိုသုံးမှအလုပ်ဖြစ်မယ်။ စီးပွားရေးပြန်ကောင်းလာပြီး အခွန်ငွေတွေပြန်များလာရင် ကြွေးမြီတွေကို ပြန်ပြီးကိုင်တွယ်နိုင်လိမ့်မယ်လို့ ဆိုကြပါတယ်။

ဒီလို ဆုပ်လည်းဆူး၊ စားလည်းရူးအခြေအနေမှာ အန္တရာယ်အကင်းဆုံးနည်းလမ်းကတော့စီးပွားရေးနှိုးဆွမှုအစီအစဉ်ကို နောက်တစ်နှစ်လောက် ဆက်ထား၊ အဲဒီအချိန်မှာ စီးပွားရေးပြန်လည်နာလန်ထူလာမယ်လို့မျှော်လင့်ပြီး နောင်အနာဂတ်မှာ ကြွေးမြီကို လျှော့ချပါမယ်ဆိုပြီး သွေးသစ္စာဆိုတာ အကောင်းဆုံးလို့စီးပွားရေးပညာရှင်အများစုက ဆိုကြပါလိမ့်မယ်။

ဒါပေမဲ့ ဘယ်ဟာအဖြေမှန်လဲဆိုတာ သေချာတပ်အပ်ပြောလို့မရပါဘူး။ လွယ်လွယ်ကူကူလည်း အဖြေထုတ်လို့ မရပါဘူး။ စိတ်ပျက်စရာ အဖြစ်အပျက်နှစ်ခုကတော့ သမိုင်းမှာ ရှိခဲ့ဖူးပါတယ်။

ပထမတစ်ကြိမ်ကတော့ ၁၉၃၇-၃၈ အမေရိကန်နိုင်ငံမှာကြုံခဲ့တာပါ။ အဲဒီတုန်းက ကမ္ဘာ့စီးပွားပျက်ကပ်ဟာ အဆိုးဆုံးကိုကျော်လာခဲ့ပြီလို့သမ္မတရုစဘဲ့အစိုးရက ထင်မြင်ခဲ့ပြီး လိုငွေပြချိန်သုံးစွဲမှုကို လျှော့ချလိုက်ပါတယ်။ အဲဒီကစပြီး နိုင်ငံ့စီးပွားရေးပြိုလဲသွားလိုက်တာ ဒုတိယကမ္ဘာစစ်က ကယ်တင်လိုက်ချိန်အထိပါပဲ။

ဒုတိယရှေ့ပြေးနမူနာကတော့ ဂျပန်နိုင်ငံမှာကြုံခဲ့တာပါ။ ၁၉၉၁ ခုနှစ် အိမ်ရာကဏ္ဍနဲ့ ငွေကြေးကဏ္ဍပူဖောင်းတွေ ပေါက်သွားခဲ့တာကနေစပြီး ဆယ်စုနှစ်နှစ်ခု သုညရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ တအိအိဆွဲသွားတဲ့ စီးပွားကျကပ်ကြုံတွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ လိုငွေပြချိန် သုံးစွဲမှု အမြောက်အမြား ရှိခဲ့ပေမယ့်လည်း ကြွေးမြီဝန်ထုပ်ဝန်ပိုးဟာ အစိုးရဂျီဒီပီရဲ့ ၃၀၀ ရာခိုင်နှုန်းနီးပါး ရောက်ရှိလာခဲ့ပါတယ်။

အဲဒီလို အခြေအနေမျိုးမှာ စီးပွားရေးပညာရှင်တွေနဲ့ ဗဟိုဘဏ်တွေဟာ အကြွေးပိုအတင်ခံမလား၊ ပိုပြီးစီးပွားရေးအကျခံမလားဆိုတဲ့ကြားမှာ လူးလိမ့်နေရပါတယ်။ ဒီနေရာမှာ သတိထားရမှာကတော့ သူတို့ဘာလုပ်နေတယ်ဆိုတာ သူတို့သိတယ်ထင်တဲ့နိုင်ငံရေးသမားတွေပါပဲ။ အစိုးရဟာ စီးပွားရေးကို အိမ်ရှင်မတစ်ယောက်စဉ်းစားသလို စဉ်းစားရမယ်။ အကြွေးတင်တယ်ဆိုတာ ဘယ်တော့မှ မကောင်းဘူးဆိုတဲ့ ဆေးမြီတိုတွေကို အသုံးပြုမယ့်နိုင်ငံရေးသမားတွေကို သတိထားရပါမယ်။

အဆိုးဆုံးကတော့ ဝါရှင်တန်ကြွေးမြီ ကန့်သတ်မှုတိုက်ပွဲမှာမျက်တောင်ခတ်လိုက်တဲ့ အိုဘားမားရှုံးနိမ့်သွားပြီး ရီပက်ဘလေကန်တွေ အောင်ပွဲရတယ်ဆိုတဲ့ အမြင်တွေကို ကြောင့်ကြရပါမယ်။ ကျွန်တော်တို့ အမှတ်ရရမှာကတော့ကရုရှက်ဖ်ဟာမျက်တောင်ခတ်လိုက်ပြီး ဒီကမ္ဘာမြေပေါ်က လူသားမျိုးနွယ်ကို ကယ်တင်လိုက်တာ ဖြစ်ကောင်းဖြစ်မယ်ဆိုတာပါပဲ။

*—Ref: Who Just Blinked*
*By Martin Walker*


POND'S
perfect matte™
Unilever
POND'S
perfect matte™
Oil Control
Cleansing Foam
အဆီပြန်ခြင်းကင်း၍
ပိုမိုဆွဲဆောင်သောအလှ
အဆီစုပ်ယူသည့် အစေ့ကလေးများ အမြောက်အများ
ပါဝင်သောကြောင့် အဆီပြန်ခြင်း ကင်းဝေးစေပါသည်။

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.21 · AUGUST 11, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,545 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,770 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,600 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 153,755 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,525 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 49,105 |
| MSI H55M-E32 (1156) Motherboard | 76,475 |
| MSI P67A-GD55 (B3) (1155) Motherboard | 122,360 |
| ASUS P5G41T-MLX (775) Motherboard | 49,910 |
| ASUS P7H55-MLX (1156) Motherboard | 72,450 |
| ASUS P7H55M/USB3 (775) Motherboard | 96,600 |
| Gigabyte G41MT-S2P (775) Motherboard | 49,910 |
| Gigabyte H55M-S2V (1156) Motherboard | 80,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,835 |
| 1 GB DDR2 (800) Kingston Memory | 14,490 |
| 2 GB DDR2 (800) Kingston Memory | 23,345 |
| 4 GB DDR3 (1333) Kingston Memory | 29,785 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,300 |
| ASUS DVD Writer (SATA) | 24,955 |
| HP DVD Writer (SATA) | 24,955 |
| **အိတ်ဆောင်တီပီငွေကအဘီတန်** | 160,000 |

Technoland ဆိုင်မှ ဩဂုတ်(၆) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၅၀ |
| ဘိလပ်မြေ (ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၅၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၆၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၄) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၃,၅၀၀-၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀- ၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဩဂုတ် (၆) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀- ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဉ/ဘဲဉ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀- ၂,၆၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၃,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀- ၂,၁၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀- ၂,၄၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၈၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၈၀၀-၇,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀- ၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၈,၀၀၀-၁၂,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၀၀၀-၁၂,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၆,၀၀၀-၃၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀- ၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |

ဩဂုတ်(၆)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဂူကီး ဝက်ဂွန် R⁺ | - | ၁၀/၂၀ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ၇၈/၈၈ | ၂၂၀ |
| စူဂူကီး R- (2Way) | - | ၂၀ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၉ | ၄၀ | ၇၇၅ |
| ဆပ် | ၉၇ | ၄၀/၅၀ | ၁၃၀၀ |
| ပါဂျဲရို | ၉၇ | ၅၀ | ၁,၀၂၀ |

ဩဂုတ်(၆)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | July (30) | July (31) | Aug (1) | Aug (2) | Aug (3) | Aug (4) | Aug (5) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# တိုးမြှင့်ပင်စင်ခံစားခွင့်ရှိသူအားလုံး ခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေး

**ဝန်ထမ်းတစ်ဦး**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အငြိမ်းစား လစာခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်လစာခံစားခွင့်ကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ တိုးမြှင့်ခံစားခွင့်ပြုကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ၃၀-၆-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၁ နှင့် ၂၀၇/၂၀၁၁ တို့ဖြင့်ထုတ်ပြန်ပေးခဲ့ခြင်းအား အငြိမ်းစားများနှင့် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြပါသည်။ အခြားဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် အငြိမ်းစားခံစားခွင့်များ မပြေမလည်ဖြစ်ကြ၊ ရန်ပုံငွေအခက်အခဲကြောင့် အခွင့်အရေးများ လျှော့ချလို့ မကျေမနပ်ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အစိုးရသစ်က ယခုလို ခွင့်ပြုပေးလိုက်ခြင်းဟာအစိုးရ၏စေတနာပြတ်သားမှုကိုပြလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်က ပေးလိုက်သည့်အခွင့်အရေးကို ပေးကားပေး၏ ရလည်းရအောင်လုပ်ပေးရမယ်လို့ခံယူပြီး ကျွန်တော်တို့ ဝန်ထမ်းတွေက ကြိုးစားပမ်းစားဆောင်ရွက်ပေးလျက်ရှိပါသည်။

ပင်စင်အကျိုးခံစားခွင့်များကို ဆောင်ရွက်သည့်အခါ အချက်အလက်များ စုံလင်စွာတင်ပြနိုင်သူရှိသလို မစုံလင်တဲ့သူများကိုလည်း တွေ့ရှိရပါတယ်။ အချက်အလက်မစုံလို့၊ အထောက်အထားမစုံလို့ ခံစားခွင့်မဆုံးရှုံးစေရန် ဆောင်ရွက်ပေးရမည်ကို ကျွန်တော်တို့ဝန်ထမ်းများ စိတ်ဆုံးဖြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပင်စင်စားများ စိုးရိမ်ကြောင့်ကြမှုမရှိရန် အသိပေးပြောကြားလိုပါတယ်။

**ပင်စင်စာအုပ်မပါတဲ့ကိစ္စ**

ပင်စင်စာအုပ်ယူလာဖို့ သတ်မှတ်တာကတော့ ပင်စင်စာအုပ်ထဲမှာ ပင်စင်ထုတ်ယူမှုအခြေအနေ၊ ပင်စင်စားရဲ့ အရေးကြီးတဲ့အချက်အလက်တွေပါလို့တောင်းခြင်းဖြစ်ပါတယ်။ သက်သေခံအနေနဲ့ တောင်းတာမဟုတ်ပါဘူး။ အချက်အလက်အစုံအလင်ရတော့ မူရင်းပင်စင်လစာ၊ ပင်စင်စား၏ လုပ်သက်၊ နောက်ဆုံးထုတ် လစာတွေကို အလွယ်တကူတွက်ချက်ပြီး တိုးမြှင့်ပင်စင်လစာကို မြန်မြန်ဆန်ဆန်အမိန့်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။

ဒါပေမဲ့ ပင်စင်လစာစာအုပ်မပါဘဲ တောင်းခံလာပါက ဘဏ်မှ ပင်စင်စားမှတ်တမ်းပါလာလည်း တိုးမြှင့်ပင်စင်လစာကိုရရှိမှာဖြစ်ပါတယ်။ စာအုပ်သစ်ထုတ်ပေးပြီး တိုးမြှင့်ပင်စင်လစာရိုက်နှိပ်ဆောင်ရွက်ပေးပါတယ်။

ပင်စင်စာအုပ်ဟောင်း ပျက်နေလျှင်လည်း အသစ်တစ်အုပ်နှင့် လဲလှယ်ပေးမှာဖြစ်ပါတယ်။ ပြန်လွှတ်လိုက်တာမရှိပါဘူး။ စာအုပ်ပျောက်ဆုံးပါက အခြားထောက်ခံချက်တွေမပါဘဲ ဘဏ်ထောက်ခံချက်နဲ့ပဲ



*ပင်စင်လျှောက်လွှာဖြည့်သွင်းနေသူများ*  ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထုတ်ပေးနေကြောင်း အားလုံးကိုအသိပေးလိုပါတယ်။

**အချက်အလက်မစုံလင်သည့်ကိစ္စ**

ပင်စင်တောင်းခံလွှာစာရွက်မှာ ပင်စင်စားက အချက်(၁၉)ချက်ဖြည့်စွက်ပေးရပါတယ်။ ဒါကလည်း အချက်အလက်စုံလင်တော့ တိုးမြှင့်ပင်စင်လစာပေးရတာ လွယ်တယ်၊ လွယ်တော့ မြန်မြန်ပြီး၊ မြန်မြန်လစာရအောင် ဖြည့်ခိုင်းတာပါ။

ဒါပေမဲ့ ပင်စင်စားများက စုံလင်အောင် မဖြည့်စွက်နိုင်ကြဘူး။ ဒါကြောင့် မစုံလင်လည်း ပင်စင်စားကိုပြန်မလွှတ်ပါနဲ့၊ မိမိဌာနက ဖြည့်ပေးပါ၊ မဖြည့်ပေးနိုင်ပါက ပင်စင်ဦးစီးဌာနကို အကူအညီရယူပြီး ဖြည့်ပေးပါလို့ ဌာနအားလုံးကို အကြောင်းကြားပြီးလုပ်ပေးနေပါတယ်။

ပုံမှန်ရက်တွေမှာ တိုးမြှင့်ပင်စင်လစာ အမှုတွဲများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနတွေနဲ့ညှိနှိုင်းပြီး စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေမှာလည်း ပင်စင်ဦးစီးဌာနက ကွန်ပျူတာမှတ်တမ်းနဲ့ ပင်စင်အမှုတွဲဟောင်းမှတ်တမ်းတွေကနေ ရှာပေးလျက်ရှိလို့ အချက်အလက်မစုံမှာကို မပူပန်ကြရန်အသိပေးလိုပါတယ်။

**မိသားစုပင်စင်အတွက် သေစာရင်းမူရင်းမရှိသည့်ကိစ္စ**

သေစာရင်းမူရင်းမရှိလို့ ခံစားခွင့်လည်း မဆုံးရှုံးစေရပါဘူး။ သေစာရင်းတောင်းတယ်ဆိုတာ မှန်ကန်အောင်လို့ဖြစ်ပါတယ်။ မှန်တယ်ဆိုတာသေချာလျှင် နည်းလမ်းတစ်နည်းနည်းနဲ့ရစေမှာဖြစ်ပါတယ်။

သေစာရင်းမိတ္တူရှိလျှင် ဌာနအကြီးအကဲ (သို့) အာဏာခွဲဝေပေးခံရသူအရာရှိက အတည်ပြုလက်မှတ်ရေးထိုးလိုက်လျှင် မူရင်းထဲသို့ သုံးလို့ရပါတယ်။

သေစာရင်းမိတ္တူ၊ မူရင်းမရှိတော့လည်း ဖွားသေစာရင်းမှတ်ပုံတင်ရုံး၏ ထောက်ခံစာ၊ မှန်ကန်ကြောင်းထောက်ခံစာ စတဲ့အသုံးပြုလို့ရတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မိသားစုပင်စင်လျှောက်ထားသူများ သေစာရင်းအတွက် ပူပင်ကြောင့်ကြမှုမဖြစ်စေရန် အသိပေးလိုပါတယ်။

**မကျန်းမာတဲ့သူ/အသက်ကြီးသူများကိစ္စ**

မကျန်းမာလျှင် ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ပါ။ အသက်ကြီးလျှင်လည်း ကိုယ်စားလှယ်နှင့် စေလွှတ်ပြီး ဆောင်ရွက်နိုင်ကြောင်း တဝန်ရှိတဲ့ဌာနတွေ၊ ဘဏ်တွေက လုပ်ပေးနေပါတယ်။ လက်မှတ်မထိုးနိုင်ပါက လက်ဗွေနဲ့ဆောင်ရွက်နိုင်ပါတယ်။ မိခင်ဌာနဘဏ်တွေက လိုအပ်လျှင် ဌာန/ဘဏ်က ကိုယ်စားလှယ်လွှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မကျန်းမာတဲ့ ပင်စင်စားတွေ၊ အသက်ကြီးတဲ့ ပင်စင်စားတွေ ကိုယ်တိုင်မလာပါနဲ့ ကိုယ်စားလှယ်နဲ့ ဆောင်ရွက်ပေးပါတယ်လို့ အသိပေးလိုပါတယ်။

**တိုးမြှင့်ပင်စင်လစာထုတ်ခွင့်အကြောင်းကြားခြင်း**

ပင်စင်လစာထုတ်ယူခွင့်ကို ဘဏ်နှင့်ဌာနကို အကြောင်းကြားသလို ပင်စင်စားထံလည်း ထုတ်ယူခွင့်စာတစ်စောင်ပို့ပေးတာမို့ အိမ်မှာ အေးအေးဆေးဆေးနဲ့နေပါ အကြောင်းကြားစာပို့ပေးမှာဖြစ်တယ်လို့ အသိပေးလိုပါတယ်။

ပင်စင်စားတွေအရေးကို ကျွန်တော်တို့ ဝန်ထမ်းတွေ တာဝန်ယူမှုအပြည့်၊ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်နေပါကြောင်း၊ ပင်စင်ခံစားခွင့်ရှိသူအားလုံး ခံစားရမှာဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်ခင်ဗျား။

# နိုင်ငံကြီးသားပီသစေချင်တယ်

သားမောင်ရေ. . . . . . .

အဝေးရောက်နေတဲ့ အဖေ သားကျန်းမာချမ်းသာရှိပါစေလို့ အဖေဆုတောင်းပါတယ်။ သားအနေနဲ့ အဖေတို့ဆီကို ငွေလွှဲပို့မယ်ဆိုလို့ "မိသားစုအပေါ် သိတတ်တဲ့သား"ဆိုပြီး အဖေဂုဏ်ယူမိတယ်သား။ ဒါပေမဲ့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့ သားမောင်ကို နည်းနည်းတော့ အဖေမှာချင်တယ်သား။ သားမောင် ငွေလွှဲပို့ချင်တယ်ဆိုရင် တရားဝင် အခွန်ဆောင်ပြီးမှ အဖေတို့ဆီကို တရားဝင်ငွေလွှဲပို့စေချင်တယ်။ သားပြောသလို ဟွန်ဒီလမ်းကြောင်းက ငွေလွှဲပို့တာတကယ်တော့ တရားမဝင်ဘူးသားမောင်။ သားမောင် ပို့တဲ့ငွေကို အဖေလိုချင်ပေမယ့် တရားမဝင်လွှဲပို့ငွေကို အဖေ မသုံးချင်ဘူးသား။ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားမို့ နိုင်ငံတော်က သတ်မှတ်ထားတဲ့အတိုင်း ဖြစ်စေချင်တယ်သား။ အခွန်ဆိုတာနဲ့ပတ်သက်ပြီး သားမောင်ကို အဖေအနည်းငယ်ရှင်းပြချင်တယ်သား. . .

နိုင်ငံတော်မှာအခွန်ကောက်ခံတယ်ဆိုတာ နိုင်ငံတော်ရငွေတစ်ခုတည်းအတွက် ကောက်ခံတာမဟုတ်ဘူး။ အခွန်ကောက်ခံရတဲ့ ရည်ရွယ်ချက်တွေ အများကြီးပဲရှိတယ်သား။ အကျဉ်းချုပ်ပြောရရင် နိုင်ငံတော်မှာ ညီညွတ်မျှတတဲ့ အရအသုံးငွေကြေးစနစ်ကို ဖြစ်ပေါ်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှုမပေါ်ပေါက်အောင် ထိန်းသိမ်းပေးဖို့၊ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်နဲ့ ထိန်းညှိပေးဖို့၊ ကုန်ဈေးနှုန်း တည်ငြိမ်မှုအတွက် အထောက်အပံ့ဖြစ်စေဖို့၊ ဓနအင်အားမျှတစေဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေဖို့ဆိုတဲ့ ဘဏ္ဍာရေးမူဝါဒများနှင့်အညီ ဆောင်ရွက်နေခြင်းပဲ ဖြစ်တယ်သား။ သားမောင်တို့လို ပြည်သူတွေဆီက ကောက်ခံရတဲ့ အခွန်တွေကို နိုင်ငံတော်အနေနဲ့ ပညာရေး၊ လူမှုရေး၊ ကာကွယ်ရေးအစရှိတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ လိုအပ်တဲ့နေရာတွေမှာ ထိထိရောက်ရောက် အသုံးချနေတာမို့ အခွန်ပေးတယ်ဆိုတာ ခံယူတတ်ရင် အလှူဖြစ်တာပေါ့ သားမောင်. . .။

ဒီနေ့ နိုင်ငံတော်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ အများကြီးလုပ်လာတဲ့နည်းတူ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာစေဖို့ နိုင်ငံတော်အနေနဲ့ အဖက်ဖက်က ကူညီပေးခဲ့တာမို့ သားတို့ငယ်ငယ်တုန်းက စတိုးဆိုင်ဆိုတာ ဆိုင်အကြီးကြီးလို့ ထင်ရပေမယ့် အခုဆိုရင် စူပါမားကက်တွေ၊ ဟိုက်ပါမားကက်တွေ၊ ရှော့ပင်းမောလ်ဆိုတဲ့ဆိုင်ကြီးတွေဆိုတာ မြို့တိုင်း၊ မြို့တိုင်းမှာ သားပြန်လာရင် အထင်အရှားတွေ့ရမှာပါ သား. . .။ နိုင်ငံတော်က ဒီလိုအထောက်အပံ့တွေ ပေးသလိုလုပ်ငန်းရှင်များဘက်ကလည်း အခွန်တာဝန်ကို မှန်မှန်ကန်ကန် ပေးဆောင်ဖို့ မလိုဘူးလား. . သားမောင်စဉ်းစားကြည့်စေချင်တယ်။ အခွန်ဆိုတာ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ လုပ်ကိုင်တဲ့ လုပ်ငန်းက ဝင်ငွေရှိလာရင် မလွှဲမသွေ ပေးဆောင်ရမှာပဲ ဖြစ်တယ်သား။ ဒါပေမဲ့ လုပ်ငန်းရှင်အချို့ မမှန်ကန်တဲ့ စာရင်းတွေ၊ ဝင်ငွေတွေ တင်ပြကြပြီး အခွန်လျှော့နည်းပေးဆောင်နိုင်ဖို့ အခွန်ရှောင်ဖို့ ကြိုးစားနေတာကို ကြားသိရတော့ အဖေစိတ်မကောင်းဖြစ်မိတယ်သား။ ဒါကြောင့်မို့ အဖေတို့မိသားစုလည်း အခွန်ရှောင်တဲ့ မိသားစုမဖြစ်ချင်ဘူးလား။ လူတိုင်းဟာ မိမိလုပ်ကိုင်တဲ့ လုပ်ငန်းက အခွန်ပေးဆောင်ထိုက်တဲ့ ဝင်ငွေရှိလာရင် ပေးဆောင်ရမှာ နိုင်ငံသားတိုင်း တာဝန်ပဲဖြစ်တယ်သား။ ဒီလဆိုရင် အဖေထုတ်နေတဲ့ ပင်စင်ရာဂဏန်းလေးကနေ နိုင်ငံတော်က ချီးမြှင့်ထောက်ပံ့မှုကြောင့် ပင်စင်လစာတွေ ပိုပြီးထုတ်ခွင့်ရမှာမို့ နိုင်ငံတော်အပေါ် အဖေတို့ တာဝန်ပိုပြီး သိတတ်ရမယ်သား။ စားသောက်ဆိုင်တွေမှာ ပြည်သူတွေ့စားသုံးမှုအပေါ်ကောက်ခံထားတဲ့ ကုန်သွယ်လုပ်ငန်းခွင်ကို နိုင်ငံတော်ကို ပြန်မပေးချင်ဘဲ အရောင်းစာရင်းတွေ လျှော့ပြပြီး ပြည်သူတွေဆီကရယူထားတဲ့ငွေကို ကိုယ်ကျိုးစီးပွားအဖြစ် အသုံးချနေတာတွေကိုလည်း ကြားသိနေရတယ် သား. .။

အဖေ့မိတ်ဆွေ အခွန်ရုံးကအဖွဲ့တွေ ပြောပြတာဆိုရင် အခွန်ရုံးတွေအနေနဲ့လည်း အခွန်ထမ်းပြည်သူတွေ မရှင်းမလင်းတဲ့ ကိစ္စတွေ မေးမြန်းနိုင်ဖို့ အခွန်ရုံးတိုင်းမှာ ပြည်သူ့ဆက်ဆံရေးဌာနစိတ်တွေ ဖွင့်လှစ်ထားပြီး ဆောင်ရွက်ပေးနေတာတို့၊ လိုအပ်ရင် အခွန်ပညာပေးပွဲတွေ ဆောင်ရွက်ပေးနေတာတို့၊ အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက် အသစ်ထုတ်တိုင်း ပြည်သူတွေ သိနားလည်အောင် လိုက်လံရှင်းလင်းဆွေးနွေးပွဲတွေ ဆောင်ရွက်ပေးနေတာတို့ ရှိနေပြီးသား။ ရှင်းလင်းလွယ်ကူတဲ့ အခွန်စနစ်နဲ့ အခွန်ထမ်းပြည်သူတွေ အခွန်ကို မိမိတို့ကိုယ်တိုင် အခွန်စည်းကြပ်တဲ့ SAS စနစ်ကို သွားနိုင်ဖို့ ဆောင်ရွက်နေတာမို့ ဒီလို အစီအစဉ်တွေမှာ အဖေတို့အနေနဲ့ မှန်ကန်တဲ့စာရင်းတွေ တင်ပြပြီး မှန်မှန်ကန်ကန် အခွန်ပေးဆောင်ဖို့ သားတို့မှာ တာဝန်ရှိနေပြီသား။ အခုဆိုရင် အခွန်ရုံးများရဲ့ အခွန်ထမ်းတွေအပေါ်မှာ ထားရှိတဲ့ အမြင်တစ်ခုဆိုရင် "အခွန်ထမ်းပြည်သူများသည် မှန်ကန်သော စာရင်းများကို တင်ပြကြသည်" ဆိုတဲ့ အခွန်ရုံးနဲ့ အခွန်ထမ်းပြည်သူအကြား ထားရှိတဲ့အမြင်ကို ပြောင်းလဲဆောင်ရွက်နေပြီသား။ နိုင်ငံတော် ပိုမိုတိုးတက်ဖို့ နိုင်ငံတော်အစိုးရမှာသာ တာဝန်ရှိတာမဟုတ်ဘူး သား။ အစိုးရနဲ့အတူ ပြည်သူအားလုံးက လက်တွဲညီညီ ဆောင်ရွက်ဖို့ လိုတယ်သား။ သားလည်း ပညာတတ်တစ်ယောက်မို့ အဖေဆိုလိုတာကို ဒီလောက်ဆို သဘောပေါက်မယ်လို့ အဖေယုံကြည်တယ်သား။ ဒါကြောင့်မို့ အဖေတို့ဆီကို ငွေလွှဲပို့မယ်ဆိုရင် တရားဝင်အခွန်ဆောင်ပြီး တရားဝင်ငွေလွှဲပို့စေတယ်။ "နိုင်ငံကြီးသားပီသဖို့ အခွန်မှန်မှန် ပေးဆောင်စို့"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နေလိုက်စမ်းပါ သားမောင်။ အဖေရှင်းပြတာကို သားမောင်ရဲ့ မိတ်ဆွေတွေကိုလည်း ရှင်းပြလိုက်ပါ သားမောင် . . .။

သားမောင်ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေ သားချစ်တဲ့ . . . . . .

အဖေ (ဘကျော်)

Environment

7 DAY NEWS JOURNAL

Vol.10, No.21 • AUGUST 11, 2011

# ဆယ်နှစ်အတွင်း သစ်တောစိုက်ခင်းဟက်တာငါးသိန်းကျော် တည်ထောင်ခဲ့ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အနှစ် ၃၀ အမျိုးသားသစ်တောစီမံကိန်း၏ ၁၀နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်း၌သစ်တောစိုက်ခင်းဟက်တာငါးသိန်းကျော်တည်ထောင်စိုက်ပျိုးခဲ့ကြောင်းသတင်းရရှိသည်။

အနှစ် ၃၀ အမျိုးသားသစ်တောစီမံကိန်းကို ၂၀၀၁ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပြီး၊ စီမံကိန်းကာလကုန်ဆုံးနှစ်မှာ ၂၀၃၀ ပြည့်နှစ်ဖြစ်သည်။ နှစ် ၃၀ စီမံကိန်း ကာလအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လုပ်ဆောင်ရမည့်လုပ်ငန်းမြောက်မြားစွာပါရှိသည်။ ယင်းအနက် သစ်ပင်စိုက်ပျိုးခြင်းသည်လည်း အပါအဝင်ဖြစ်ပြီး စီမံကိန်းကာလပြီးဆုံးပါက သစ်တောပြုန်းတီးမှုလျော့နည်းစေရန်အတွက် လိုအပ်သောသစ်တောထုတ်ယူသုံးစွဲမှုကို အစုအဖွဲ့ပိုင်သစ်တောများမှ ၂၅ ရာခိုင်နှုန်း၊ စိုက်ခင်းများမှ ၂၅ ရာခိုင်နှုန်း၊ သဘာဝသစ်တောမှ ၅၀ ရာခိုင်နှုန်း အသုံးချနိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်ထားကြောင်း အငြိမ်းစားသစ်တောဝန်ထမ်းတစ်ဦးဖြစ်သူ ဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းကပြောကြားသည်။

"အနှစ် ၃၀ ပြည့်သွားရင် သဘာဝတောက ထုတ်ယူမှုလျော့ဖို့အတွက် အဲလိုစီမံခန့်ခွဲထားတာတော့ရှိတယ်။ အခုက သဘာဝတောကပဲ အများဆုံးသုံးဖြစ်နေတယ်"ဟု ယင်းစီမံကိန်းရေးဆွဲရာတွင်ပါဝင်ရေးဆွဲခဲ့သူဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ထပ်မံပြောသည်။ယင်းစီမံကိန်းတွင်သစ်ပင်စိုက်ပျိုးခြင်းအပြင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ဘေးမဲ့တောများ တိုးမြှင့်သတ်မှတ်ခြင်း၊ အစု အဖွဲ့ပိုင်တောများ တည်ထောင်စိုက်ပျိုးရန်သတ်မှတ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တီထွင်အသုံးပြုခြင်းများပါဝင်သည်။

ဘေးမဲ့တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ခြင်း အတွက် ၁၀ နှစ်တာ ကာလအတွင်း၃၆ နေရာအကောင်အထည်ဖော်သတ်မှတ်ထားခဲ့သည်။ ယခုနှစ်တွင် အမျိုးသားစိမ်းလန်းရေးလုပ်ငန်းအစီအစဉ်အရ အပင်မျိုးစုံ၇၉သန်း စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

# မြန်မာနိုင်ငံတွင် နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ကို ဟက်တာငါးသန်းကျော်ခံစားနေရ

**အိဖြူမွန်**

**ရန်ကုန်၊**

**ဩဂုတ် - ၂**

မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုအကြိမ်အများဆုံး သဘာဝဘေးအန္တရာယ်မှာ မုန်တိုင်းနှင့် မြစ်ရေကြီး ရေလျှံမှုများဖြစ်ပြီး တစ်နှစ်လျှင် ရေလွှမ်းမိုးမှုမှာ ဟက်တာငါးသန်းကျော် ခံစားရကြောင်း မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်း ကနဦး အမျိုးသားအစီရင်ခံစာတွင်ဖော်ပြထားသည်။



*မြောက်ဦးမြို့တွင် ဇူလိုင်တတိယပတ်က ရေလျှံနေသည်ကို တွေ့ရစဉ်*

ရေလွှမ်းမိုးမှုခံရသော ဟက်တာငါးသန်းကျော် *(တစ်ဟက်တာလျှင် ၂ ဒသမ ၄၇ ဧကရှိပြီး ဟက်တာငါးသန်းတွင် ဧကပေါင်း သန်း ၁၂ ဒသမ ၃၅ ရှိသည်)* အနက် နှစ်သန်းသည် ပြင်းထန်စွာခံစားရပြီး ၃ ဒသမ ၂၅ သန်းသည် အသင့်အတင့် ခံစားရသည်။ အချို့သော ရေလွှမ်းမိုးမှုများသည် မုန်တိုင်းများကြောင့်ဖြစ်သည်။ ရေလွှမ်းမိုးမှု အများဆုံးဖြစ်ပေါ်သော အကြောင်းရင်းမှာ မြစ်များ၏ရေဝေရေလဲဒေသများတွင် သစ်တောသစ်ပင်ပြုန်းတီးခြင်းများကြောင့်ဖြစ်သည်ဟုဆိုသည်။

ယင်းရေလွှမ်းမိုးမှုများကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ မြေဆီပြုန်းတီးခြင်း၊ သဲနုန်းပို့ချမှုများခြင်းနှင့် ကူးစက်ရောဂါဖြစ်ပွားမှုများကိုခံစားရကြောင်း စာတမ်းတွင် ဖော်ပြထားသည်။

ယခုနှစ် မိုးရာသီကာလတွင်လည်း မိုး စံချိန်သစ်တင်ခဲ့သော မြို့များ ရှိခဲ့သည်။ မိုးရေချိန် စံချိန်တင်သော မြို့နယ်နှင့် ကျေးလက်ဒေသအချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ မြစ်ရေများအားလုံးတွင် စိုးရိမ်ရေမှတ်များမြင့်တက်ခဲ့သည်။ ဧရာဝတီမြစ်မှ ခွဲထွက်သော ငဝန်မြစ်ရေကြီးမှုကြောင့် ဟင်္သာတနှင့် ငါးသိုင်းချောင်းမြို့နယ်၊ သံလွင်မြစ်ရေတက်မှုကြောင့်ဘားအံနှင့်မော်လမြိုင်မြို့နယ်၊ ပဲခူးမြစ်ရေ တက်မှုကြောင့် ပဲခူးမြို့နယ်၊ စစ်တောင်းမြစ်ရေကြီးမှုကြောင့် ရွှေကျင်၊ မဒေါက်မြို့နယ်များတွင် ရေလွှမ်းမိုးမှုများကိုခံခဲ့ကြရသည်။

# ရခိုင်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သုံးနှစ်စီမံကိန်းဆောင်ရွက်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးများကို သုံးနှစ်စီမံကိန်းချမှတ်မည်ဖြစ်ရာ ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းခုနစ်ဖွဲ့က ပူးပေါင်းလုပ်ဆောင်မည်ဟု သတင်းရရှိသည်။

ကျေးရွာပေါင်း ၆၂ ရွာပါရှိမည်ဖြစ်ပြီး သံတွဲခရိုင်၊ ကျိန္တလီမြို့နယ်ခွဲမှ ကျေးရွာများ အများဆုံးပါဝင်မည်ဖြစ်သည်။ ကျေးရွာပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်း ကျင်အား ဒေသခံများထိန်းသိမ်းတတ်စေရန်နှင့်အဓိကအရေးကြီးဆုံးဖြစ်သည့် ကျေးရွာဒေသခံများ လူမှုဖူလုံရေး၊ စားဝတ်နေရေးပြေလည်စေရေးအတွက်အိမ်ထောင်စုများအား အခြေခံလိုအပ်ချက်သွင်းအားစုများကို ပထမဆုံးပံ့ပိုးပေးမည်ဟု သိရသည်။

စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေသော ကျေးရွာများအား စိုက်ပျိုးရေးဆိုင်ရာသွင်းစုများဖြစ်သည့်ဓာတ်မြေဩဇာ၊ မျိုးစပါးနှင့် စိုက်ပျိုးရာတွင် အကုန်အကျသက်သာသော နည်းပညာများကို ဖြန့်ဖြူးပညာပေးမည်ဟု သတင်းရရှိသည်။ တံငါလုပ်ငန်းလုပ်ကိုင်သူများအတွက် အဖွဲ့လိုက်ရေတွက်၍ ငါးဖမ်းလုပ်ငန်းသုံးပစ္စည်းများပံ့ပိုးပေးခြင်း၊ ဥယျာဉ်ခြံမြေများအတွက် သီးပင်စားပင်များပံ့ပိုးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ(နွား၊ဝက်၊ ဆိတ်၊ ဘဲ၊ ကြက်)ပံ့ပိုးခြင်း၊ကဏန်းမွေးမြူရေးအတွက်ကဏန်းများ ဖြန့်ဝေခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်ပံ့ပိုးပေးခြင်းများကို လုပ်ဆောင်ပေးမည်ဟု သတင်းရရှိသည်။

အခြေခံလူမှုဖူလုံရေးများထောက်ပံ့ပြီးပါက သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များတွင် ကျေးရွာဒေသခံများ ပါဝင်လာနိုင်စေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အသိပညာမြှင့်ဟောပြောပွဲများပြုလုပ်ပေးမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဘက်စုံသုံးရေချိုပျိုးဥယျာဉ် ၆ ခု၊ ဒီရေတောပျိုးဥယျာဉ် ၆ ခု၊ ဒီရေတောစိုက်ခင်း ဧက ၁,၅၀၀၊ Enrichment Planting ၆,၀၀၀ ဧက၊ RIF ဧက ၃,၀၀၀ တို့ကို အဆင့်လိုက် လုပ်ဆောင်မည်ဖြစ်သည်။ ကျေးရွာဒေသခံများပါဝင်သော အစုအဖွဲ့ပိုင်သစ်တောဧက ၄,၅၀၀ ကို သစ်တောအသုံးပြုသူ များအဖွဲ့ ၁၅ ဖွဲ့ခွဲ၍ ထူထောင်ပေးခြင်းနှင့်ရေရရှိရေးလုပ်ငန်းများကို လုပ်ဆောင်ပေးမည်ဟု သိရသည်။

ကျေးရွာဒေသအတွင်း ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုအား ထိန်းညှိပေးရေးအတွက် တိကျမှန်ကန်သော အချက်အလက်များရယူရန် စီမံကိန်းကျေးရွာများ၏ အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ သစ်တော၊ ဒီရေတော သယံဇာတစာရင်းကောက်ယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်းများကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းကာလပြီးဆုံးပါက ကျေးရွာဒေသခံများ အချင်းချင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရေးအတွက် စီမံကိန်းကာလအတွင်း ကျေးရွာအခြေပြုအဖွဲ့များ ဖွဲ့စည်းပေးခြင်းများနှင့် အများပြည်သူသိရှိစေရှိရန်သတင်းအချက်အလက်စင်တာ(Community Information Center)များကို ယခုကတည်းက စီမံဆောင်ရွက်ခဲ့မည်ဟု သိရသည်။ ယခုစီမံကိန်းကာလကို ၂၀၁၁ ခုနှစ် ဇူလိုင်မှ ၂၀၁၄ ခုနှစ် ဇွန်လအတွင်းသတ်မှတ်ထားပြီး ယင်းစီမံကိန်းတွင်ပါဝင်မည့် အင်န်ဂျီအိုအဖွဲ့များမှာ ECCDI, ECODev, BANCA, Network Activities Group (NAG) စွမ်းရည်ဖောင်ဒေးရှင်း၊ ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၊ BDA(Border area Development Association) တို့ဖြစ်သည်။

ရခိုင်ပြည်နယ်အတွက် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းများစုပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပထမဆုံးဆောင်ရွက်သည့် စီမံကိန်းသစ်တစ်ခုဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကိုအများဆုံး ခံရသောဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

## Environment Cartoon




# သစ်ဆွေးမြေများ ထိန်းသိမ်းရန် လိုအပ်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၃**

အသုံးပြုမှုရှိပါက ကာဗွန်ထုတ်လွှတ်မှုရှိသော ကျောက်မီးသွေး ဖြစ်ပေါ်မှုတွင် အဆင့်တစ်အဆင့်ရှိသည့် သစ်ဆွေးမြေ Peat Land များကို ထိန်းသိမ်းကာကွယ်ရန်လိုအပ်ကြောင်း ဖရီဒါအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းကပြောသည်။

သစ်ဆွေးမြေသည် သစ်ရွက်ခြောက်များအား ရေတိုက်စားမှုကြောင့် မြေဆွေးဖြစ်ရာမှ နှစ်ပေါင်းများစွာကြာမြင့်သောအခါ ကျောက်မီးသွေးအဖြစ်သို့ ပြောင်းလဲသွားသည့် မြေတစ်မျိုးဖြစ်သည်။ ယင်းမြေအမျိုးအစားပေါ်တွင် စားသုံးသီးနှံနှင့် စိုက်ပျိုးလုပ်ငန်းလုပ်ကိုင်ပါက မြေဆီဩဇာကောင်း၍ သီးနှံဖြစ်ထွန်းသည်။

သို့သော် သစ်ဆွေးမြေပေါ်တွင် မီးရှို့ပါက လောင်ကျွမ်းလွယ်ပြီး ကာဗွန်ထုတ်လွှတ်မှုလည်းများသည်။ ထို့ကြောင့် အာဆီယံဒေသအတွင်း မလေးရှားနိုင်ငံကဦးဆောင်၍ သစ်ဆွေးမြေများ ထိန်းသိမ်းမှုများကို ၂၀၀၄ ခုနှစ်မှဆောင်ရွက်ခဲ့သော်လည်း မြန်မာနိုင်ငံသည်ပါဝင်မှုအားနည်းခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"အင်ဒိုနီးရှား၊ ဘရူနိုင်း၊ မလေးရှားမှာတော့ လုပ်နေကြပြီ။ အင်ဒိုနီးရှားမှာ Peat Land မီးလောင်ပြီး လေထုညစ်ညမ်းမှုတွေ ဖြစ်လို့ ထိန်းသိမ်းဖို့လုပ်ကြတယ်။ မြန်မာနိုင်ငံမှာတော့ ဟိုးအရင် ရှမ်းပြည်နယ်ဘက်မှာ လောင်ခဲ့တဲ့တောမီးကြောင့် ထိုင်းမှာ လေထုညစ်ညမ်းမှုတွေ ရှိခဲ့ဖူးတယ်။ အဓိက သစ်ဆွေးမြေရှိတဲ့နေရာတွေက သစ်တောတွေရဲ့ အောက်ခြေမှာရှိတဲ့ မြေဆွေးတွေလေ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ကမ္ဘာပေါ်တွင် သစ်ဆွေးမြေသည် သုံးရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးကန်၊ တီကျစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နှင့် ကရင်ပြည်နယ်တို့တွင်ရှိသည်။ ပမာဏမည်မျှအထိရှိသည်ကို တိကျသော Peat Land Assegement လုပ်ရန်လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

Tourism

7 DAY NEWS JOURNAL

Vol.10, No.21 • AUGUST 11, 2011

# အခန်းခကို ကျပ်ငွေဖြင့်ယူသော ဟိုတယ်များလာ

အောင်သူရ

**ရန်ကုန်၊ ဩဂုတ် - ၆**

ကမ္ဘာလှည့်ခရီးသွားများအတွက် အမေရိကန်ဒေါ်လာ (သို့မဟုတ်) အက်ဖ်အီးစီဖြင့် သတ်မှတ်ထားသောဟိုတယ်အခန်းခအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲသတ်မှတ်သည့်ဟိုတယ်များလာကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။

“ဒေါ်လာဈေးမငြိမ်မသက်ဖြစ်နေတာကြောင့် အခိုက်အတန့်အနေနဲ့ အခန်းခကို မြန်မာကျပ်ငွေနဲ့သတ်မှတ်တာပါ။ ဒေါ်လာပေးချင်ရင် အဲဒီနေ့ ပေါက်ဈေးနဲ့ တွက်ပေးလို့ရပါတယ်”ဟု ကလောမြို့ရှိHill Top Villa Resort ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုဟိုတယ်အပြင်အခြားသော ဟိုတယ်အချို့ကလည်း အခန်းခများအားမြန်မာကျပ်ငွေဖြင့် ပြောင်းလဲသတ်မှတ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများက ဆိုသည်။ ယခင်က နိုင်ငံခြားသားများအတွက် ၃၃ ဒေါ်လာဖြင့် ရောင်းချသောအခန်းမှာ ၃၅,၀၀၀ ကျပ် ထိဈေးမြင့်သွားပြီး ဒေါ်လာဖြင့် ပေးချေပါက ၃၀ ရာခိုင်နှုန်းခန့် ဈေးတက်သွားသလိုဖြစ်သွားကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။ မကြာသေးမီက ကားငှားခဈေးနှုန်းများ၊ လေဆိပ်ခွန်၊ ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဟိုတယ်များ အခန်းခဈေးနှုန်းတက်လာခဲ့သဖြင့် Package Tour များအတွက် ဈေးနှုန်းများတက်လာခဲ့ပြီး ဝယ်ယူသူအချို့က ဈေးကြီးသည်ဟုပြောလာကြကြောင်း သိရသည်။

## အဝေးပြေးယာဉ်လိုင်းများ ခရီးသည်ရရှိမှု သိသာစွာ လျော့ကျ

ထူးသန့်

**နေပြည်တော်၊ ဩဂုတ်- ၃**

ဆောက်လုပ်ရေးလုပ်ငန်းအများစု လုပ်ငန်းယာယီရပ်နားခဲ့သည့် အချိန်မှစ၍ နေပြည်တော်မှထွက်ခွာပြေးဆွဲသည့်အဝေးပြေးယာဉ်လိုင်းများ ခရီးသည်ရရှိမှု သိသာစွာ လျော့နည်းသွားခဲ့ကြောင်း နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး) ဥက္ကဋ္ဌ ဦးဝင်းဆွေကပြောကြားသည်။

ပြီးခဲ့သည့်ဇူလိုင်လလယ်ခန့်က ရန်ကုန်သို့ခရီးသည်ထွက်ခွာမှုအလွန်များပြားခဲ့သော်လည်း လကုန်ပိုင်းမှစ၍ ယနေ့အချိန်ထိ ခရီးသည်ရရှိမှု သိသာစွာလျော့နည်းခဲ့ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်ဝင်လုပ်သားများ နေရပ်ပြန်သွားကြ၍ဖြစ်နိုင်ကြောင်း ယခုအချိန်တွင်မူနေပြည်တော်သို့ အဝင်ခရီးသည်ပါ လျော့နည်းလာကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

“အရင်လတွေတုန်းက တစ်လကို ပုံမှန်ခရီးသည် ၆၅,၀၀၀ လောက်ရတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လချုပ်ကတော့ ခရီးသည် ၇၂,၀၀၀ လောက်ရှိနေတယ်။ ပြောရရင်တော့ လုပ်ငန်းခွင်တွေက လုပ်သား ၇,၀၀၀ လောက်ကားနဲ့ပြန်သွားကြတယ်လို့ ဆိုနိုင်တယ်။ ဒီလချုပ်စာရင်းမှာတော့ သေချာတယ်ခရီးသည်ဦးရေပုံမှန်ထက်နည်းတော့မယ်”ဟူ၍ ခရီးသည်ဝင်ထွက်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။ နေပြည်တော်ကို အခြေပြု၍ ရန်ကုန်-မန္တလေး-မုံရွာမြို့ကြီးများနှင့် ချိတ်ဆက်ပြေးဆွဲလျက်ရှိသော ကြယ်စင်ဟိန်း မော်တော်ယာဉ်အသင်းကလည်း ယခုလဒုတိယပတ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုးမြို့နှင့် နေပြည်တော်ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ခရီးသည် ရရှိမှုနှုန်း လျော့နည်းသွားသည့် အခြေအနေတွင် ယာဉ်အသင်းငယ်များ ရေရှည်ရပ်တည်နိုင်ရန် ရုန်းကန်ရဖွယ်ရှိကြောင်းလည်း ယာဉ်လိုင်းပိုင်ရှင်တစ်ဦးကသုံးသပ်ပြောကြားသည်။

## ငပလီကမ်းခြေတွင် ဝိုင်ဖိုင်အင်တာနက်စနစ် တပ်ဆင်နိုင်တော့မည်

ဥက္ကာကိုကို၊ သန်းဌေး

**သံတွဲ၊ ဩဂုတ်-၁**

ငပလီပင်လယ်ကမ်းခြေတွင် ဝိုင်ဖိုင်အင်တာနက်စနစ် စတင်တပ်ဆင်အသုံးပြုနိုင်တော့မည်ဖြစ်၍ လာရောက်အပန်းဖြေသူများ အင်တာနက်ကို ဈေးသက်သာစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သံတွဲမြို့မှ မြို့ခံအိုင်တီပညာရှင်ကိုစည်သူအောင်ကပြောသည်။



ငပလီကမ်းခြေတွင် ဝိုင်ဖိုင်အင်တာနက်စနစ် တိုးချဲ့ပေးနိုင်ရန် တပ်ဆင်ပေးထားသော တာဝါတိုင်

ဓာတ်ပုံ-ဥက္ကာကိုကို


“နောက်နှစ်လကြာရင်ငပလီကမ်းခြေကိုဝိုင်ဖိုင်ပေးမှာပါ။ စက်တစ်လုံးကိုတစ်လကျပ်နှစ်သောင်းနှုန်းပဲကျမယ်” ဟု ၎င်းက ပြောသည်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေတွင် နိုင်ငံခြားခရီးသွားများ တည်းခိုရာ ဟိုတယ်များ၌သာ အင်တာနက်သုံးစွဲနိုင်သည်။ ပြည်တွင်းခရီးသွားအများပြည်သူများ ကမ်းခြေသို့ရောက်လာ၍ ဘန်ဂလိုများတွင် တည်းခိုရင်း အင်တာနက်သုံးစွဲနိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

သံတွဲမြို့ပေါ်တွင် ၂၀၁၀ အောက်တိုဘာမှ စတင်ကာတစ်မြို့လုံး ဝိုင်ဖိုင်ပေးနိုင်ခဲ့ပြီး ငပလီကမ်းခြေသို့ ထပ်မံလွှင့်ထုတ်ပေးနိုင်ရန် တောင်တန်းများကာရံနေမှုကို နည်းပညာအရ ကျော်လွှားနိုင်ရေးအတွက်စီစဉ်နေရကြောင်း ကိုစည်သူအောင်ကပြောသည်။

“ငပလီမှာ အင်တာနက်ကို ဈေးသက်သက်သာသာ သုံးခွင့်ရမယ်ဆိုရင် အလုပ်မပျက် အပန်းဖြေလို့ရတာပေါ့”ဟု ငပလီကမ်းခြေသို့ ခေတ္တလာရောက် အပန်းဖြေသော ရန်ကုန်မြို့မှ လူငယ်တစ်ဦးကပြောသည်။


နိုင်ငံခြား ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများပါ လာရောက် အပန်းဖြေလေ့ရှိသော ငပလီကမ်းခြေသည် ပွင့်လင်းရာသီနှင့်သင်္ကြန်ကာလများတွင်ဧည့်သည်များဖြင့် အလွန်စည်ကားလေ့ရှိကြောင်း ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လှိုင်ကလည်းပြောသည်။ ကမ်းခြေတစ်လျှောက် အင်တာနက်သုံးစွဲနိုင်ပါက ဧည့်သည်များအတွက် ပိုမိုအဆင်ပြေ၍ ဝမ်းမြောက်ပါကြောင်း ၎င်းကပြောသည်။

ငပလီကမ်းခြေတွင် မဇင်ကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ငပလီကျေးရွာ၊ မြပြင်ကျေးရွာ၊ ဂျိတ္တောကျေးရွာ၊ လုံးသာကျေးရွာများ၏ ကမ်းခြေတစ်လျှောက်၌ ဟိုတယ်၊ တည်းခိုခန်းနှင့် ဘန်ဂလိုများတည်ဆောက်ထားသည်။ ယခုအခါ နိုင်ငံခြားခရီးသွားများ တည်းခိုရာ ဟိုတယ်များနှင့် မြပြင်ရွာတွင်သာ အင်တာနက်ကို ဈေးနှုန်းကြီးမြင့်စွာပေး၍ သုံးစွဲနေရကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# Cartoon






















7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# နိုင်ငံခြားလုပ်သားများ နောက်ဆုံး မှတ်ပုံတင်ရမည့်ရက်ကို ဩဂုတ်လကုန်အထိ မလေးရှားအစိုးရက တိုးမြှင့်သတ်မှတ်

**ကွာလာလမ်ပူ၊ ဩဂုတ် - ၂**



မလေးရှားအစိုးရသည် တရားမဝင်နိုင်ငံခြား အလုပ်သမားများအတွက်နောက်ဆုံး မှတ်ပုံတင်ရမည့်ရက်ကို မကြာမီက ထုတ်ပြန်ခဲ့သည့်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်အရ ဩဂုတ်လကုန်အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။ မလေးရှားနိုင်ငံတွင် နိုင်ငံခြားလုပ်သား နှစ်သန်းကျော်မှာ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးများ၌ မှတ်ပုံတင်ရန်အတွက် ဓာတ်ပုံရိုက်ခြင်း၊ လက်ဗွေပုံစံနှိပ်ခြင်း စသည့်ကိစ္စများ သွားရောက်ပြုလုပ်ခဲ့သော်လည်း စာရင်းသွင်း သည့်ကွန်ပျူတာများ ချို့ယွင်းမှု ပြဿနာကြောင့် လုပ်ငန်းစဉ်များစွာ နှောင့်နှေးခဲ့ရသည်။

တရားဝင်မှတ်ပုံတင်ရန်အတွက်နိုင်ငံခြားလုပ်သားများစွာမှာပြီးခဲ့သည့်လကစ၍ နံနက်စောစောအချိန်ပိုင်းများတွင်စတင်တန်းစီစောင့်ဆိုင်းခဲ့ရပြီး အချို့မှာလူဝင်မှုရုံးများ၏အပြင်ဘက်၌ ညအိပ်ကာပင် စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။ မလေးရှားအာဏာပိုင်များသည် မှတ်ပုံတင်မည့် လုပ်သားဦးရေများပြားလွန်းသည့် အတွက် ကွာလာလမ်ပူဘောလုံးကွင်းကြီးကို ယာယီမှတ်ပုံတင်ဌာနအဖြစ် ပြောင်းလဲအသုံးပြုနေရသည်။

ယခုအခါ မလေးရှားနိုင်ငံတွင် တရားဝင်လုပ်သား ၁ ဒသမ ၂သန်းခန့်မှာလူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်အရ မှတ်ပုံတင်ပြီးဖြစ်သည်။ မလေးရှားတွင် လက်ရှိ၌ တရားမဝင်လုပ်သားဦးရေမှာတစ်သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ဥပဒေသစ်အရ မှတ်ပုံတင်ခြင်း မရှိသူများ ဖမ်းဆီးခံရပါကနိုင်ငံမှ နှင်ထုတ်ခံရမည်ဖြစ်သည်။

—Ref: CNA



# ထိုင်းပါလီမန်က လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်

**ဘန်ကောက်၊ ဩဂုတ် - ၁**

ထိုင်းနိုင်ငံ၏ပါလီမန်သစ်သည်ရွေးကောက်ပွဲပြီးနောက်ပထမဦးဆုံးအကြိမ် စတင်အစည်းအဝေးပြုလုပ်ပြီး နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် အာဏာရယူရေးအတွက် လမ်းခင်းပေးမည့် ကနဦးခြေလှမ်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌအား ရွေးချယ်ခဲ့သည်။

ဝန်ကြီးချုပ်လောင်း ယင်လပ်ရှင်နာဝါထရာ၏ ပြူထိုင်းပါတီဝင်တစ်ဦးဖြစ်သူ ဆွန်ဆက်ကက်ဆူရာနွန်အား ပါလီမန်ဥက္ကဋ္ဌအဖြစ် ပြိုင်ဘက်မရှိရွေး ချယ်ခဲ့သည်။ ပါလီမန်အစည်းအဝေးများ စတင်ဖွင့်လှစ်ပြီး ဒုတိယနေ့တွင် ပါလီမန်ဥက္ကဋ္ဌကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့ခေါင်းဆောင်ဟောင်းသက်ဆင်ရှင်နာဝါထရာ၏ ညီမဖြစ်သူယင်လပ်ခ်အားယခုရက်သတ္တပတ်နှောင်းပိုင်းတွင်ဝန်ကြီးချုပ်သစ်အဖြစ် ပါလီမန်က မဲပေးဖွယ်ရှိသည်။ ၎င်း၏ ပါလီမန်ဥက္ကဋ္ဌနေရာအား ဘုရင်၏ အသိအမှတ်ပြုမှုရရှိပြီးပါက ယင်လပ်ခ်အတွက် ပါလီမန်မဲခွဲမှုစတင်မည်ဟု မစ္စတာဆွန်ဆက်ကတ်ဆူရာနွန်က ပြောကြားသည်။

ပြူထိုင်းပါတီသည် ဇွန်လ ၃ ရက်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး နိုင်ငံရေးအတွေ့အကြုံနုနယ်သေးသူယင်လပ်ခ်က ခြောက်ပါတီညွန့်ပေါင်းဖွဲ့စည်းထားသည်။ ထို့အတွက် အမတ်နေရာ၅၀၀ရှိသောအောက်လွှတ်တော်တွင်အမတ်နေရာငါးပုံ သုံးပုံကို ချုပ်ကိုင်ထားသည်။

ယင်လပ်ခ်၏ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတွင် တည်ငြိမ်မှုရရှိရေးအတွက်စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် စစ်ဘက်ကအာဏာသိမ်း၍ သက်ဆင်အား ဖြုတ်ချခဲ့ပြီးနောက်ပိုင်း ထိုင်းနိုင်ငံတွင် နိုင်ငံရေးအကျပ်အတည်းအခြေအနေများစွာ ကြုံတွေ့ခဲ့သည်။

သူမ၏ အစိုးရအဖွဲ့အတွက် ဝန်ကြီးနေရာထက်ဝက်ကို ဆုံးဖြတ်ပြီးဖြစ်ကြောင်း ပါလီမန်အစည်းအဝေးမစတင်မီ မစ္စယင်လပ်ခ်ရှင်နာဝါထရာက သတင်းထောက်များအား ပြောကြားသည်။

—Ref: AFP

# ယန်းငွေအားနည်းသွားစေရန် ဂျပန်အစိုးရက ငွေကြေးဈေးကွက်တွင် ကြားဝင်ကိုင်တွယ်

**တိုကျို၊ ဩဂုတ် - ၄**

အမြတ်ရရန် မျှော်မှန်းသူများ၏ မောင်းနှင်မှုကြောင့်မြင့်တက်လာသောဈေးနှုန်းများကို တန်ပြန်ရေးအတွက် ဂျပန်အစိုးရက ငွေကြေးဈေးကွက်တွင်ကြားဝင်ကိုင်တွယ်ခဲ့ကြောင်း သိရသည်။ ယန်းငွေသည် ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ဒုတိယကမ္ဘာစစ်နောက်ပိုင်း တန်ဖိုးအမြင့်ဆုံးနီးပါးရောက်ရှိနေ၍ ယန်းငွေအားနည်းသွားစေရန် အစိုးရက လုပ်ဆောင်နေခြင်းဖြစ်သည်။

ယင်းသို့ကိုင်တွယ်မှုကြောင့် ကန်ဒေါ်လာတစ်ဒေါ်လာလျှင် ၇၆ ဒသမ ၉၉ ယူနစ်ရှိခဲ့သော ယန်းငွေမှာ ၇၈ ဒသမ ၄၅ သို့ ရောက်ရှိလာသည်။ ယူရိုနှင့် နှိုင်းယှဉ်ပါကလည်း ၁၁၀ ဒသမ ၄၅ ယူနစ်မှ ၁၁၂ ဒသမ ၆ ယန်းသို့ ရောက်ရှိလာသည်။

သို့သော်အစိုးရကဝင်ရောက်ကိုင်တွယ်၍ ကနဦးသက်ရောက်မှုမှာ တစ်နာရီအတွင်းမှာပင် ပြန်လည်၍ ၇၈ ဒသမ ၃၅ သို့မြင့်တက်လာခဲ့သည်။

ဂျပန်ယန်းငွေသည် တစ်ဖက်သတ် အလွန်အကျွံ လှုပ်ရှားနေ၍ ယင်းကိုတန်ပြန်ရန် နိုင်ငံခြားငွေလဲလှယ်ရေး ဈေးကွက်တွင် မိမိတို့တစ်ဦးတည်း ကြားဝင်ကိုင်တွယ်ခဲ့ခြင်း ဖြစ်သည်ဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီး ယိုရှိဟိကိုနိုဒါက အတည်ပြုပြောကြားသည်။

ယင်းသို့လှုပ်ရှားမှုများဆက်လက်ဖြစ်ပေါ်နေပါက ဂျပန်စီးပွားရေးနှင့်ဘဏ္ဍာရေးတည်ငြိမ်မှုအပေါ် ထိခိုက်နိုင်ကြောင်းနှင့် ဈေးကွက်ကိုဆက်လက်၍ အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဂျပန် ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

—Ref: AFP

# အမျိုးသားနေ့ အခမ်းအနားများတွင် အလံလွှင့်ထူမည် မဟုတ်ကြောင်းစင်ကာပူနိုင်ငံသား ၇၇ ရာခိုင်နှုန်း ဖြေကြား


**စင်ကာပူ၊ ဩဂုတ် - ၁**


စင်ကာပူသတင်းဌာန ချန်နယ်နယူးစ်အေးရှားက ပြုလုပ်လျက်ရှိသော စစ်တမ်းတစ်ခုအရ စင်ကာပူနိုင်ငံသား ၈၇ ရာခိုင်နှုန်းသည်နိုင်ငံ၏ အမျိုးသားနေ့ပွဲတော်များတွင် စင်ကာပူအလံများကိုနေအိမ်နှင့် ကားများ၌ ချိတ်ဆွဲလွှင့်တင်သွားမည် မဟုတ်ကြောင်း ဖြေကြားခဲ့သည်ဟုဆိုသည်။ ယခုအခါစင်ကာပူအစိုးရသည်နိုင်ငံပိုင်မီဒီယာများ၊ အဖွဲ့အစည်းများမှနေတစ်ဆင့်နိုင်ငံသားများအား စင်ကာပူအလံများ လွှင့်ထူကြရန်တိုက်တွန်းလျက်ရှိသည်။

အစိုးရအဖွဲ့အစည်းများသည် အိမ်များတွင် အလံများလွှင့်ထူခြင်းနည်းပါးနေ၍ ဘင်္ဂလားဒေ့ရှ်လုပ်သားများအား ငှားရမ်းကာအများပိုင် လူသွားလမ်းကော်ရစ်ဒါများ၊ ရထားဘူတာရုံများနှင့် ဈေးဝယ်စင်တာများ၌ အလံများချိတ်ဆွဲခိုင်းထားသည်ဟု သိရသည်။ စင်ကာပူအာဏာရပါတီ ပီအေပီ၏ ဥပဒေဝန်ကြီး ရှန်မူဂန်ကလည်း စင်ကာပူသည် မလေးရှားမှခွဲထွက်ပြီး ၄၆ နှစ်အကြာရောက်ရှိနေပြီဖြစ်သော်လည်း နိုင်ငံသားအများစုမှာ ဇာတိဒေသကိုနိုင်ငံတစ်ခုအဖြစ်မမြင်ဘဲ မြို့တော်တစ်ခုအဖြစ်သာ ခံစားနေကြကြောင်းဆိုသည်။ စင်ကာပူအမျိုးသားနေ့သည် လာမည့်အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

—Ref: CNA

# အချမ်းသာဆုံးအိန္ဒိယသူဌေး ဇိမ်ခံအိမ်တည်ဆောက်မှုအတွက် စစ်ဆေးခံရဖွယ်ရှိ





**မွမ်ဘိုင်း၊ ဩဂုတ် - ၂**

အိန္ဒိယ၏ အချမ်းသာဆုံး ပုဂ္ဂိုလ် မူကတ်ရှ်အမ်ဘာနီသည်ကမ္ဘာ့တန်ဖိုးအကြီးဆုံးပုဂ္ဂလိက အဆောက်အအုံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ၎င်း၏ ၂၇ ထပ်ဇိမ်ခံအိမ်တည်ဆောက်မှုအတွက်ပြည်နယ်အစိုးရ၏ စုံစမ်းစစ်ဆေးမှု ခံရဖွယ်ရှိနေကြောင်း သိရသည်။

အိန္ဒိယမီဒီယာများ၏ အဆိုအရ မဟာရတ်ရှ်ထရာ ပြည်နယ်အစိုးရသည် မစ္စတာအမ်ဘာနီ၏ အိမ်တည်ဆောက်ရာ မြေနေရာကို ဝယ်ယူခဲ့သည့်ကိစ္စနှင့် ပတ်သက်၍စုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။

Reliance Industries ကုမ္ပဏီ၏ ဥက္ကဋ္ဌ မစ္စတာအမ်ဘာနီသည် Forbes မဂ္ဂဇင်း၏ အဆိုအရကမ္ဘာ့နဝမမြောက် အချမ်းသာဆုံးဖြစ်ကာကန်ဒေါ်လာ ၂၇ ဘီလီယံအထိ ကြွယ်ဝသည်။ ၎င်းသည်ယမန်နှစ်မှစ၍ အမြင့်ပေ ၅၇၀ (၁၇၄ မီတာ) ရှိသော ယင်းမျှော်စင်အဆောက်အအုံပေါ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ပြည်နယ်အစိုးရသည် မစ္စတာအမ်ဘာနီ၏မြေနေရာ ဝယ်ယူမှုကို စုံစမ်းရာတွင် မူလက ထိုမြေမှာ မွတ်ဆလင်ကလေးငယ်များ ပညာရေးအတွက် သီးသန့်ဖယ်ထားသော ဘာသာရေးမြေဖြစ်၍ မြေရောင်းရာတွင် သာမန်ဈေးထက် နှိမ့်၍ ဝယ်ခြင်းရှိမရှိကို စုံစမ်းမည်ဟု ဆိုသည်။

အဆိုပါမြေကို ဘာသာရေးအဖွဲ့ ကာရင်မ်ဘွိုင်အီဘရာဟင် ခိုဂျာ မိဘမဲ့ကလေးရန်ပုံငွေအဖွဲ့ထံမှ အမ်ဘာနီကကန်ဒေါ်လာ ၄ ဒသမ ၇၇ သန်း (ရူပီး ၂၁၅ သန်း) ဖြင့် ၂၀၀၂ တွင်ဝယ်ယူခဲ့သည်။ ပြည်နယ်အစိုးရ အတိုက်အခံခေါင်းဆောင်တစ်ဦးကမူ ယင်းမြေမှာအမှန်တကယ်အားဖြင့် ရူပီးငါးဘီလီယံတန်ကြေးရှိကြောင်း ဆိုထားသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## နောက်ကျောဖုံး - ဆီးရီးယားနိုင်ငံမှ ဆော်ဒီအာရေးဗီးယား သံအမတ်ကြီးအား ပြန်လည်ခေါ်ယူ မှ

အာရပ်အဖွဲ့ချုပ်ကြီးနှင့် ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GCC)တို့က လည်း ဆီးရီးယားအပေါ် အလားတူတိုက်တွန်းပြောကြားမှုများ ရှိခဲ့ပြီးနောက် ဆော်ဒီအာရေးဗီးယားဘုရင်၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ် သည်။

"ဆီးရီးယားနိုင်ငံမှာ ဖြစ်ပျက်နေတာတွေဟာ ဆော်ဒီအာရေးဗီးယားနိုင်ငံအတွက် လက်ခံနိုင်စရာမရှိပါဘူး"ဟု အယ်လ်အာရေးဗီးယားဂြိုဟ်တုတယ်လီဗေးရှင်းမှဖတ်ကြားသည့် စာရေးသားထုတ်ပြန်ချက်တွင်ဖော်ပြသည်။ ထို့အပြင် ဆီးရီးယားနိုင်ငံမှ အဖြစ်အပျက်များသည် ဘာသာရေး၊ တန်ဖိုးများ၊ ကျင့်ဝတ်သိက္ခာများနှင့်ကိုက်ညီမှုမရှိဟု ဘုရင်ကြီးကပြောကြားကြောင်း ဆက်လက်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးကလည်း ဝါရှင်တန်တွင်ပြောကြားရာ၌ ဆော်ဒီအာရေးဗီးယားဘုရင်၏ကြေညာချက်မှာ ဆီးရီးယားသမ္မတ ဘာရှားအယ်အာဆတ်အတွက် အားကောင်းသော အချက်ပြမှုဖြစ်ကြောင်းပြောသည်။

*—Ref: Reuters*

## နောက်ကျောဖုံး - အာရှစတော့ရှယ်ယာဈေးနှုန်းများ ကျဆင်း မှ



ဘဏ္ဍာရေးဈေးကွက်များတည်ငြိမ်စေရေးအတွက် လိုအပ်သောအရေးယူဆောင်ရွက်မှုများကိုလုပ်ဆောင်သွားမည်ဟု ကမ္ဘာ့စက်မှုနိုင်ငံကြီးများ ဂျီ-၇ အဖွဲ့၏ ဗဟိုဘဏ်အကြီးအကဲများက ပြောကြားပြီး ဥရောပကြွေးမြီများကို ဝယ်ယူသွားမည်ဟု ဥရောပဗဟိုဘဏ်က ကတိကဝတ်ပေးမှုများရှိပြီးနောက်မှာပင် စတော့ရှယ်ယာဈေးကွက်ဈေးနှုန်းများကျဆင်းလာခြင်းဖြစ်သည်။

တိုကျို၊ ဆိုးလ်နှင့် ဩစတြေးလျစတော့ဈေးကွက်များအားလုံး၏ အဓိကညွှန်းကိန်းများ ၁ ရာခိုင်နှုန်းနှင့် ၂ ရာခိုင်နှုန်းကြားအသီးသီးကျဆင်းခဲ့သည်။ နယူးယောက်မြို့ကုန်စည်ဈေးကွက်၏ အဓိကကုန်စည် ရေနံစိမ်းအနာဂတ်ဈေးနှုန်းလည်း ၂ ဒသမ ၄၈ ဒေါ်လာတန်ဖိုးကျဆင်းလာပြီး ရေနံတစ်စည်လျှင် ၈၄ ဒသမ ၄၀ သို့ရောက်ရှိလာခဲ့သည်။ နယူးယောက်မြို့စက်မှုထုတ်ကုန်ဒေါင်ဂျုံးဈေးကွက်မှာလည်း ၂၀၀၈ ခုနှစ်နောက်ပိုင်း ဈေးနှုန်းများအကြီးမားဆုံးကျဆင်းခဲ့သည်။ ယန်းနှင့် ယူရိုငွေကြေးတို့နှင့်နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာဈေးနှုန်းတန်ဖိုးကျဆင်းခဲ့သည်။


အမေရိကန်နိုင်ငံ၏ ငွေကြေးစိတ်ချရမှုကို အကောင်းဆုံးအဆင့် AAA မှ AA+ သို့ လျှော့ချခံရပြီးနောက် ရှုန်းကန်နေရသော အမေရိကန်စီးပွားရေးအပေါ် ယုံကြည်မှုရှိရန်ထိုးနှက်ခံခဲ့ရသည်။ နိုင်ငံတကာငွေကြေးအဆင့်သတ်မှတ်သော ဘဏ္ဍာရေးကုမ္ပဏီကြီး Standard & Poor's က အမေရိကန်ဒေါ်လာ၏ ယုံကြည်စိတ်ချရမှုအဆင့်ကိုဩဂုတ်လ ၅ ရက် ညနေပိုင်းတွင်လျှော့ချခဲ့သည်။ ထို့အတွက် ကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သော အမေရိကန်သည် စီးပွားရေးဆုတ်ယုတ်မှုဆီသို့ပြန်လည်ဦးတည်နေသည်ဆိုသောစိုးရိမ်မှုများပိုမိုကြီးထွားလာသည်။

S & P's ၏ ဆုံးဖြတ်ချက်အား အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာက ဝေဖန်ပြောကြားပြီး နိုင်ငံတကာငွေကြေးအဆင့်သတ်မှတ်ရေးအေဂျင်စီသည် 'ဆိုးဆိုးရွားရွားအကဲဖြတ်မှုတစ်ရပ်' ပြုလုပ်ခဲ့ကြောင်းနှင့် အမေရိကန် အစိုးရဘဏ်တိုက်အာမခံလက်မှတ်များမှာ ခါတိုင်းကဲ့သို့ပင် ယုံကြည်စိတ်ချရမှုရှိကြောင်း ရင်းနှီးမြှုပ်နှံသူများအားပြောကြားသည်။

*—Ref: AFP/AP*

## Leader's Profile

# ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်



— ရဲမင်း —

ဘာရှားအယ်လ်အာဆတ်သည် ဆီးရီးယား အာရပ်သမ္မတနိုင်ငံ၏ သမ္မတဖြစ်ပြီး ဘာ့သ်ပါတီ၏ ဒေသဆိုင်ရာ အတွင်းရေးမှူးဖြစ်သည်။ ဆီးရီးယားနိုင်ငံအား ၂၉ နှစ်ကြာ အုပ်ချုပ်ခဲ့သူ ၎င်း၏ဖခင် ဟာဖက်အယ်လ်အာဆတ် သေဆုံးချိန် ၂၀၀၀ပြည့်နှစ်တွင် ဆီးရီးယားနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။

ဘာရှားကို ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင်ဒမတ်စကတ်မြို့၌ မွေးဖွားခဲ့သည်။ ဘာရှားသည် ငယ်စဉ်ကနိုင်ငံရေးရည်မှန်းချက်များ မရှိခဲ့ဘဲ ၎င်း၏ဖခင်ကလည်း သားအကြီးဘာဆေးလ်အယ်လ်အာရှတ်အား နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်ဖြစ်လာရန် ပြုစုပျိုးထောင်နေခဲ့သည်။ ဘာရှားသည် ၁၉၈၈ ခုနှစ်တွင် ဒမတ်စကတ်တက္ကသိုလ်၌ မျက်စိခွဲစိတ်ကုသမှုဘာသာရပ်ကို သင်ယူနေခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင်ဆက်လက်ပညာသင်ကြားခဲ့သည်။ သို့သော် ၁၉၉၄ ခုနှစ်တွင် ၎င်း၏ အစ်ကို ဘာဆေးလ် ယာဉ်မတော်တဆမှုဖြင့် သေဆုံးသွားသောအခါ ဖခင်ဟာဖက်က ဘာရှားအား လန်ဒန်မှပြန်လည်ခေါ်ယူခဲ့ပြီး ဆီးရီးယားစစ်တပ်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်စေခဲ့သည်။ စစ်ဘက်၌ ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ရင်း ၁၉၉၉ ခုနှစ်တွင် ဗိုလ်မှူးကြီးဖြစ်လာသည်။

၂၀၀၀ပြည့်နှစ်တွင် ၎င်း၏ဖခင်ဟာဖက်အယ်လ်အာရှတ် သေဆုံးချိန်၌ဘာရှားအယ်လ်အာဆတ်သည် ဘာ့သ်ပါတီခေါင်းဆောင်နှင့် စစ်ဘက်၏ အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဆီးရီးယား ပါလီမန်ကလည်း ပါလီမန်အမတ်များ၏ အနိမ့်ဆုံးအသက်အား ၄၀ မှ ၃၄ နှစ်သို့ လျှော့ချရန် အလျင်အမြန်မဲခွဲဆုံးဖြတ်ခဲ့ပြီး ဘာရှားအယ်လ်အာဆတ်ကိုလည်း နိုင်ငံ၏ သမ္မတအဖြစ် ပြိုင်ဘက်မရှိ ရွေးချယ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင်လည်း ဘာရှားအား ယှဉ်ပြိုင်မည့်သူမရှိဘဲဆန္ဒခံယူပွဲတစ်ခု ကျင်းပခဲ့ပြီး ထောက်ခံမဲ ၉၇ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဒုတိယ ၇ နှစ်သမ္မတသက်တမ်းအတွက် ထပ်မံခန့်အပ်ခဲ့သည်။

ဘာရှားအယ်လ်အာဆတ်သည် ပြည်တွင်းရေးရာပေါ်လစီများတွင် လူ့အခွင့်အရေးကို ဂရုမစိုက်ဟု ဝေဖန်ခံရသည်။ ၎င်း၏လက်ထက်တွင် စီးပွားရေးလျော့ရဲလာသည်၊ လာဘ်ပေးလာဘ်ယူမှုကြီးထွားလာသည်ဟုလည်း ဝေဖန်ခံရသည်။ နိုင်ငံခြားရေးတွင် အာဆတ်သည် အမေရိကန်နိုင်ငံနှင့်အစ္စရေးနိုင်ငံတို့အား ပေါ်ပေါ်ထင်ထင် ဝေဖန်သူဖြစ်သည်။

ဘာရှားအယ်လ်အာဆတ်သည်သမ္မတဖြစ်လာခါစတွင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့ပြီး မက်ဇာအကျဉ်းထောင်အားပိတ်ပစ်ခဲ့သော်လည်း တစ်ဖက်တွင် လုံခြုံရေးအရ နှိမ်နင်းမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ပုဂ္ဂလိကဘဏ်စနစ်ကိုစတင်မိတ်ဆက်ခဲ့ပြီး ရေနံကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးခဲ့သည်။ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုအချို့က နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုရှိခဲ့သည်။

အင်တာနက်ကဖီးများကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ပြီး ယူကျူ့ဘ်၊ ဖေ့စ်ဘွတ်ခ်စသော ဝက်ဘ်ဆိုက်များကို ပိတ်ပင်ခဲ့သည်။ ဘာရှားအစိုးရသည် နိုင်ငံရေးတိုက်အခံများကိုဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ထောင်သွင်းအကျဉ်းကျခြင်းပုံမှန်ပြုလုပ်သည်ဟု နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့ကစွပ်စွဲပြောကြားသည်။ အီရတ်နိုင်ငံနှင့် မသင့်မြတ်သော်လည်း ၂၀၀၃ ခုနှစ်တွင် အမေရိကန်က အီရတ်အား ကျူးကျော်ခြင်းကို ဆန့်ကျင်ခဲ့သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဆီးရီးယားနိုင်ငံ၌ ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်ခဲ့ရာ အစိုးရက ဆန္ဒပြသူများအပေါ် တင့်ကားများကိုပါ အသုံးပြု၍ နှိမ်နင်းခြင်းအတွက် နိုင်ငံတကာက ဝေဖန်ရှုတ်ချခဲ့သည်။

အရပ် ၆ ပေ ၂ လက်မရှိသူ ဘာရှားအယ်လ်အာဆတ်သည် အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားများ ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုတတ်ပြီး အင်္ဂလန်နိုင်ငံတွင် မွေးဖွားသူ ဆီးရီးယားလူမျိုးဇနီးသည် အက်စ်မာအာဆတ်နှင့် သားသမီး သုံးဦးထွန်းကားထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - လန်ဒန်တွင်ဖြစ်ပေါ်ခဲ့သည့် အဓိကရုဏ်းနှင့်ပတ်သက် ရဲတပ်ဖွဲ့စတင်စစ်ဆေး မှ

တော့တင်ဟမ်ဒေသတွင် အိမ်များမီးရှို့ခံရပြီး ဆိုင်များ၌ လုယက်မှုများဖြစ်ပေါ်ခဲ့သည်။

အဓိကရုဏ်းများအတွင်း ရဲတပ်ဖွဲ့ဝင် ၂၆ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း နောက်တစ်ရက်တွင် ဆေးရုံမှဆင်းသွားခဲ့သည်။ ဩဂုတ်လ ၅ ရက်က ဖြစ်ပေါ်ခဲ့သည့် အဓိကရုဏ်းတွင် လူပေါင်း ၅၅ ဦးအား ဖမ်းဆီးလိုက်ကြောင်း သိရပြီး မတည်မငြိမ်ဖြစ်အောင်ဖန်တီးမှုများကို လုံးဝဥဿုံလက်ခံနိုင်စရာမရှိကြောင်း ပြိုတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏ရုံးမှပြောကြားသည်။



Operation Withern ဟု ခေါ်တွင်မည့် စုံစမ်းစစ်ဆေးမှု စတင်မည်ဖြစ်ကြောင်း လန်ဒန်မက်ထရိုပိုလစ်တန်ရဲတပ်ဖွဲ့က ကြေညာပြီး မျက်မြင်သက်သေများကို မေးမြန်းစုံစမ်းခြင်းနှင့် လုံခြုံရေးကင်မရာစီစီတီဗီများကြည့်ရှု၍ ရဲကားနှစ်စီး၊ နှစ်ထပ်ဘတ်စ်ကားတစ်စီးနှင့် အဆောက်အအုံများကိုမီးရှို့ခဲ့သည့် ဆူပူမှုဖန်တီးသူများအား ရှာဖွေသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြား သည်။

*—Ref: AFP/Reuters*



## နောက်ကျောဖုံး - အာဖဂန်နစတန်တွင် လူ ၃၈ ဦး သေဆုံးခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှု နေတိုးအဖွဲ့ စုံစမ်းစစ်ဆေးမည် မှ

ယင်းရဟတ်ယာဉ်အား ဒုံးအားသုံးပုံးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့လက်ချက်ဖြစ်ကြောင်း တာလီဘန်များက အလျင်အမြန်ပြောကြားခဲ့သည်။ ရဟတ်ယာဉ်မှာ ပစ်ချခံရခြင်းဖြစ်နိုင်ကြောင်း အမေရိကန်အရာရှိတစ်ဦးက ဝါရှင်တန်တွင် ပြောကြားခဲ့သော်လည်း ယင်းရဟတ်ယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ကဘူးလ်ရှိ လုံခြုံရေးအထောက်အကူပြုနိုင်ငံတကာတပ်ဖွဲ့(ISAF) ကပြောသည်။ *—Ref: Reuters*

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011



# အမေရိကန်ကြွေးမြီကန့်သတ်ချက်ဥပဒေအကြောင်း အမေးအဖြေများ

ကျော်မျိုး



ပြီးခဲ့တဲ့ အင်္ဂါနေ့ ဩဂုတ် ၃ ရက်မှာအမေရိကန်သမ္မတအိုဘားမားဟာ တစ်ကမ္ဘာလုံးက စောင့်ကြည့်လျက် ရှိနေတဲ့ စီးပွားရေးပြန်လည်နာလန်ထရေးအတွက်ကြွေးမြီကန့်သတ်ချက်ဥပဒေကိုအမေရိကန်ကွန်ဂရက်ရဲ့ သဘောတူညီချက်ရအပြီးမှာ လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် အသက်ဝင်စေခဲ့ပါတယ်။ အမေရိကန်ကွန်ဂရက်လွှတ်တော်ထဲမှာ ဒီဥပဒေကြမ်းကို သမ္မတကလက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် အာဏာသက်ဝင်စေဖို့အတွက် အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်နှစ်ခုစလုံးရဲ့ အတည်ပြုချက်ရအောင် အချိန်အတော်ကြာစောင့်ဆိုင်းခဲ့ရတာပါ။ အမေရိကန်ကွန်ဂရက်အတွင်း အတိုက်အခံနဲ့ အာဏာရပါတီတွေဖြစ်တဲ့ ရီပက်ဘလေကန်နဲ့ ဒီမိုကရက် အမတ်တွေဟာ နိုင်ငံ့အကျိုးအတွက် အပြင်းအထန်ငြင်းခုံဆွေးနွေးခဲ့ပြီးမှ ကမ္ဘာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်တဲ့ ဒီဥပဒေကြမ်းကိုအတည်ပြုနိုင်ခဲ့တာပါ။ ဒီကြွေးမြီဥပဒေအရ ဝါရှင်တန်အစိုးရဲ့ ကြွေးမြီကန့်သတ်ချက်ဟာမူလက ဒေါ်လာ ၁၄ ဒသမ ၃ ထရီလီယံအထိသာ ကန့်သတ်ထားရာမှ နောက်ထပ်ကန်ဒေါ်လာ ၂ဒသမ ၄ ထရီလီယံအထိ ထပ်တိုးပေးလိုက်တဲ့အတွက် ၁၆ ဒသမ ၇ ထရီလီယံ အထိရှိသွားပါတယ်။ ဒါကြောင့် ကန်အစိုးရအနေနဲ့ နိုင်ငံအတွက်ပေးဆောင်ကျခံရမယ့် စစ်ဝန်ထမ်းလစာများ၊ လက်ရှိချေးငွေများအတွက် အတိုးများ၊ Medicare လို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များအတွက် ကန့်သတ်ချက် ၁၆ ဒသမ ၇ ထရီလီယံမရောက်မချင်း ငွေထပ်မံချေးယူအသုံးပြုခွင့်တွေ ရရှိသွားပြီး စီးပွားရေးပြန်လည်နာလန်ထရေးအတွက်ပါ မြှုပ်နှံမှုတွေ ထပ်မံပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ယခုဖော်ပြပေးလိုက်တာကတော့ ဘီဘီစီသတင်းရဲ့ အမေးအဖြေကဏ္ဍမှ အမေရိကန်ကြွေးမြီကန့်သတ်ချက်ဥပဒေအကြောင်း သိကောင်းစရာအမေးအဖြေတွေကိုနောက်ဆုံးရသတင်းများနဲ့ဖြည့်စွက်ကာပြန်လည်တင်ပြထားခြင်းပါပဲ။

**ကန်အောက်လွှတ်တော်မှာ အဆိုတင်သွင်း အတည်ပြုခဲ့တဲ့ ဒီဥပဒေကြမ်းဟာ ဘာပါလဲ။**

သဘောတူညီချက်အရ အမေရိကန်ရဲ့ ဘဏ္ဍာရေးလိုငွေပြနေမှုကို လာမယ့်ဆယ်နှစ်တာကာလအတွင်း အနည်းဆုံး ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံအထိ လျှော့ချသွားဖို့ပါ။ ဒါ့အပြင် အမေရိကန်အစိုးရရဲ့ ငွေချေးငှားပိုင်ခွင့်အကန့်အသတ်ကို လက်ရှိ ဒေါ်လာ ၁၄ ဒသမ ၃ ထရီလီယံ အကန့်အသတ်ကနေ ဒေါ်လာ ၂ ဒသမ၄ ထရီလီယံတိုးမြှင့်ထားပြီး အမြင့်ဆုံး ကန့်သတ်ချက် ဒေါ်လာ ၁၆ ဒသမ ၇ ထရီလီယံအထိရှိစေဖို့ဖြစ်ပါတယ်။ ကွန်ဂရက်လွှတ်တော်ရဲ့ အသစ်ဖွဲ့စည်းလိုက်တဲ့ ဘဏ္ဍာရေးကော်မတီတစ်ရပ်ကလည်း နောက်ထပ်လိုငွေပြမှုလျှော့ချရေးဥပဒေတွေကို ချမှတ်ပြဋ္ဌာန်းရမှာဖြစ်ပြီး ကော်မတီက လွှတ်တော်ကို လာမယ့်နိုဝင်ဘာမှာပြန်အစီရင်ခံပေးရမှာဖြစ်ပါတယ်။ ဒီဥပဒေကို အတည်မပြုနိုင်ခင်စပ်ကြားမှာတော့ အတိုက်အခံရီပက်ဘလေကန်အမတ်အချို့နဲ့အောက်လွှတ်တော် ဒီမိုကရက်တွေက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသေးတယ်။

**ကြွေးမြီကန့်သတ်ချက် Debt Ceiling ဆိုတာ ဘာလဲ။**

အမေရိကန်အစိုးရဟာပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွေ၊ လက်ရှိ ချေးယူထားတဲ့ ချေးငွေတွေအတွက် အစိုးရအနေနဲ့ အကုန်အကျခံပေးစရာရှိတာတွေကို ပေးချေနိုင်ဖို့အတွက် ငွေပမာဏအကန့်အသတ်ရှိပါတယ်။ အစိုးရဟာ ပြီးခဲ့တဲ့လပိုင်းအတွင်းမှာ ခန့်မှန်းခြေကြွေးမြီ ဒေါ်လာ ၁၅ ဒသမ ၅ ထရီလီယံအထိ ရှိလာခဲ့တာမို့ မကြာမီမှာပဲ ပေးချေစရာရှိတာတွေအတွက် လက်ရှိ ကြွေးမြီအကန့်အသတ် ဒေါ်လာ ၁၄ ဒသမ ၃ ထရီလီယံနဲ့ မလုံလောက်တော့ဘဲ ထပ်ချေးယူမှုရမှာပါ။ ဒါကြောင့် လက်ရှိကြွေးမြီကန့်သတ်ချက် ၁၄ ဒသမ ၃ ထရီလီယံကို ၂ ဒသမ ၄ ထရီလီယံအထိ ထပ်တိုးလိုက်မှ လုံလောက်မှာဖြစ်တယ်။ အဲဒါကြောင့် ကြွေးမြီကန့်သတ်ချက်ကိုထပ်တိုးမြှင့်ရေးကိစ္စက နိုင်ငံ့စီးပွားရေးအတွက်ပါ အရေးကြီးလာတာဖြစ်ပါတယ်။

**ဘာကြောင့် သမ္မတအိုဘားမားဟာ ကိုယ့်ဘာသာ ငွေပိုချေးယူလို့ မရတာလဲ။**

ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်အနေနဲ့ ဒီလိုငွေပိုထပ်ချေးယူပိုင်ခွင့်ဆိုတာ သမ္မတအိုဘားမားရဲ့ လုပ်ပိုင်ခွင့်အာဏာဘောင်ထဲမှာမရှိပါဘူး။ ကြွေးမြီကန့်သတ်ချက်ကို ဥပဒေနဲ့အတည်ပြုရတာဖြစ်ပြီး၊ အဲဒီဥပဒေကိုလည်း ကွန်ဂရက်လွှတ်တော်ကသာ အတည်ပြုပေးမှအသက်ဝင်ပါတယ်။

အစိုးရအတွက် ကြွေးမြီကန့်သတ်ချက်စည်းမျဉ်းကို ၁၉၁၇ မှာ ကွန်ဂရက်က စတင်အတည်ပြုခဲ့ပြီး ပထမကမ္ဘာစစ်မှာ အစိုးရရဲ့ ငွေအသုံးစရိတ်တွေအတွက် ထောက်ပံ့ပေးရာမှာ လွယ်ကူအောင်လုပ်ခဲ့တယ်။ အဲဒီကစလို့ ကြွေးမြီကန့်သတ်ချက်ပမာဏဟာ အကြိမ်ဒါဇင်နဲ့ချီပြီး ထပ်ကာထပ်ကာတိုးမြှင့်ပေးလာခဲ့ပြီး ထုံးစံတစ်ခုလိုလည်းဖြစ်လာပါတယ်။ ကွန်ဂရက်လွှတ်တော်ဟာ အစိုးရရဲ့ အသုံးစရိတ်တွေနဲ့ အခွန်တိုးကောက်ပိုင်ခွင့်အာဏာတွေကို ချမှတ်ပြဋ္ဌာန်းပေးတယ်။ ဒါကြောင့် ဥပဒေအသက်ဝင်လာတဲ့အခါ အိုဘားမားအစိုးရအနေနဲ့ ဝင်ငွေထက်ကျော်လွန်တဲ့ငွေပမာဏကို ပိုသုံးရဖွယ်ရှိပြီး၊ အစိုးရလိုငွေပြမှုကို ထေမိအောင် အခြားအသုံးစရိတ်တွေဖြတ်တောက်၊ လျှော့ချရတာ၊ အခွန်တိုးကောက်ရတာတွေလုပ်ရနိုင်ပါတယ်။

**အခုချိန်မှာ အမေရိကန်ကြုံတွေ့နေရတဲ့ပြဿနာက ဘာပါလဲ။**

ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းနဲ့ အမေရိကန်ရဲ့ လက်ရှိစီးပွားရေးအခြေအနေကမကောင်းသေးတာကြောင့် အစိုးရဟာ အသုံးစရိတ်ပိုတိုးရဖွယ်ရှိပြီး အခွန်ကပြန်ရတဲ့ဝင်ငွေကလည်းနည်းနေဦးမှာပါ။ ဒါကြောင့် အစိုးရရဲ့ လိုငွေပြမှုမြင့်မားလာနိုင်တယ်။ အောက်လွှတ်တော်ကို ထိန်းချုပ်ထားတဲ့ ရီပက်ဘလေကန်အမတ်တွေကတော့ လိုငွေပြမှုကိုပဲ ထိန်းချုပ်ဖို့ကြိုးစားပြီး ကြွေးမြီကန့်သတ်ချက်ကို ထပ်မတိုးမြှင့်စေချင်ခဲ့ဘူး။

**ဩဂုတ် ၂ ရက်နေ့မှာသာ လွှတ်တော်တွေရဲ့ သဘောတူညီချက်မရလို့ ဥပဒေဖြစ်မလာခဲ့ရင် ဘာဖြစ်နိုင်ပါသလဲ။**

အောက်လွှတ်တော်က အတည်ပြုပေးပြီးတဲ့ နောက် အထက်လွှတ်တော်ဆီးနိတ်ကလည်း အတည်ပြုပေးဖို့ သေချာသလောက်တော့ဖြစ်သွားခဲ့တယ်။ တကယ်လို့ဖြစ်မလာဘဲ အမေရိကန်အနေနဲ့ ကြွေးမြီတွေကိုပြန်ဆပ်ဖို့ပျက်ကွက်ရရင်တော့ တင်မ်ရိုက်ထနာပြောသလိုပဲ 'ကပ်ဆိုးတစ်ခု'ဖြစ်လာမယ်။ ကြွေးမြီကန့်သတ်ချက်ကို မတိုးမြှင့်ပေးနိုင်ခဲ့ရင် အိုဘားမားအစိုးရအနေနဲ့ ရွေးစရာတချို့လည်းရှိခဲ့ပါသေးတယ်။
၁။ အစိုးရအနေနဲ့ အကြွေးပြန်ဆပ်နေတာတွေအပါအဝင် ပေးစရာအားလုံးကို ရပ်တန့်ပစ်တာမျိုးပါ။ အဲဒီလိုလုပ်ရင်တော့ ဘဏ္ဍာရေးဈေးကွက်တွေ အကြီးအကျယ်ထိခိုက်သွားပါလိမ့်မယ်။
၂။ ဒါမှမဟုတ်ရင်လည်း တချို့ပေးစရာရှိနေတာတွေ အထူးသဖြင့် ချေးငွေအတိုးတွေကို ဦးစားပေးပြန်ဆပ်ပြီး လက်ထဲ ငွေပြတ်သွားတဲ့အထိ ဆပ်လိုက်တာမျိုးပါ။ သီအိုရီအရတော့ ဩဂုတ် ၃ ရက်နေ့မှာ ပေးရမယ့် လူမှုဖူလုံရေးအသုံးစရိတ်ငွေ ဒေါ်လာ ၂၃ ဘီလီယံကို ဆိုင်းငံ့ထားတာလည်း လုပ်နိုင်တယ်။ ဒါပေမဲ့ ဒီငွေတွေက သူ့အချိန်အတိုင်းအတာအတိုင်း ကွန်ပျူတာစနစ်နဲ့ အလုပ်လုပ်လည်ပတ်ပြီး ထုတ်ပေးနေတာဆိုတော့ နည်းပညာပိုင်းအရ စက်တွေကို ရပ်တန့်ဖို့မဖြစ်တော့ဘူး။ ဒါတွေအပြင် လူမှုဖူလုံရေးအတွက် ပေးတာတွေရပ်လိုက်ရင် ဒီမိုကရက်မဲဆန္ဒရှင်ပြည်သူအများစုကို ထိခိုက်စေပါလိမ့်မယ်။ အစိုးရအပေါ် ပြည်သူထောက်ခံမှုကျသွားမယ်။ အစိုးရဟာလည်း ဒီလိုနည်း သို့မဟုတ် တခြားတစ်နည်းနဲ့ ပေးစရာရှိတာတွေကို ဆိုင်းငံ့ထားပိုင်ခွင့်ရော ဥပဒေအရ အခွင့်အာဏာရှိ မရှိကလည်း မရှင်းလင်းဘူး။
၃။ ကြွေးမြီကန့်သတ်ချက်ကိုမစဉ်းစားဘဲ အစိုးရဟာ လိုအပ်တဲ့ငွေတွေကိုဆက်ချေးယူနေမယ်ဆိုရင်လည်းဖြစ်မယ်။ ဒါပေမဲ့ တချို့ထောက်ပြတာက အမေရိကန်ဖွဲ့စည်းပုံအခြေခံမှာ သမ္မတကို ဒီလိုလုပ်ပိုင်ခွင့်အာဏာ အပ်နှင်းမထားပါဘူး။ သမ္မတက ဇွတ်လုပ်ရင် အခြေခံဥပဒေအကျပ်အတည်းတစ်ရပ်ဖြစ်လာမယ်။

**တကယ်လို့ အမေရိကန်လွှတ်တော်ကသာ ကြွေးမြီတွေဆပ်ဖို့ ပျက်ကွက်မယ်ဆိုရင် ဘာဖြစ်နိုင်တယ်လို့ ပညာရှင်တွေကပြောပါသလဲ။**

ဂျော့ချ်ဝါရှင်တန်တက္ကသိုလ်က ပါမောက္ခဂျူးလီယက်စ်ဟော့ဆင်ကတော့ အိမ်ခြံမြေဝယ်ယူမှုတွေ၊ ကားငှားရမ်းဝယ်ယူမှုတွေ၊ အကြွေးဝယ်ကတ်တွေအတွက် အတိုးနှုန်းတွေ မတရား ထိုးတက်သွားမယ်လို့ပြောတယ်။ ဒါ့အပြင် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းတွေဟာလည်း အမေရိကန်ဒေါ်လာနဲ့ ငွေတိုက်စာချုပ်တွေဝယ်ထားတာဆိုတော့ သူတို့လက်ထဲက ငွေတွေ တန်ဖိုးကျမယ်။ ဒေါ်လာတန်ဖိုး ကျသွားပါမယ်။

ဟားဗတ်တက္ကသိုလ်က စီးပွားရေးပါမောက္ခဂျက်ဖရီမီရွန်ကတော့ နိုင်ငံခြားမြီရှင်တွေဟာ အမေရိကန်ဘဏ်တွေမှာ ထည့်ထားတဲ့ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုငွေတွေကို ပြန်လည်ထုတ်ယူကြတာတွေဖြစ်လာမယ်လို့ပြောတယ်။ ဒါ့အပြင် သူပြောတာက အစိုးရဆီကရနေတဲ့ လူမှုဖူလုံရေးရန်ပုံ ငွေခံစားနေသူတွေဟာ ထောက်ပံ့ ငွေထုတ်ပေးတာ ဆိုင်းငံ့ခံရနိုင် တယ်လို့ဆိုတယ်။

**ဒါဆို အမေရိကန်ဟာ အခုဥပဒေအတည်ဖြစ်သွားတော့ သူ့ရဲ့ ကြွေးမြီတွေကိုပြန်ဆပ်နိုင်ဖို့ကြိုးစားမှာ သေချာရဲ့လား။**

အမေရိကန်ဟာ ငွေချေးယူမှုပမာဏတွေကို ထပ်ပြီးတိုးမြှင့်တာ အရမ်းလုပ်မှာမဟုတ်ပါဘူး။ ၂၀၁၁ နှစ်ကုန်မှာ ကြွေးမြီပမာဏက ဒေါ်လာ ၁၅ ဒသမ ၅ ထရီလီယံရှိပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)က ဒေါ်လာ ၁၅ ထရီလီယံရှိမယ်လို့ ခန့်မှန်းထားတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ဘတ်ဂျက်လိုငွေပြမှု နည်းနိုင်တယ်လို့ အိုင်အမ်အက်ဖ်ရဲ့ ခန့်မှန်းချက်အရသိရတယ်။

*—Ref: Q & A: US debt-ceiling deal: BBC and AP/AFP News.*

Entertainment

7DAY NEWS JOURNAL

Vol.10, No.21 • AUGUST 11, 2011



# မိန်းမလျာအခွင့်အရေးလှုပ်ရှားမှုကို ထောက်ခံသောအားဖြင့် မိုင်လီဆိုင်းရပ်စ် ဆေးမင်ကြောင်ထိုး

**လော့စ်အန်ဂျလိစ်၊ ဩဂုတ် - ၁**

အဆိုတော် မိုင်လီဆိုင်းရပ်စ်သည် အမေရိကန်ပြည်တွင်း၌ မိန်းမလျာအခွင့်အရေးလှုပ်ရှားမှုများကို ထောက်ခံသောအားဖြင့် သူမ၏ လက်ညှိုးပေါ်တွင် ဆေးမင်ကြောင်ရုပ် အသစ်တစ်ခုထိုးခဲ့ကြောင်း သိရသည်။ တွစ်တာဝက်ဘ်ဆိုက်တွင် ဆေးမင်ကြောင်အရုပ်သစ်နှင့်အတူ "ချစ်ခြင်းမေတ္တာအားလုံးဟာ တန်းတူညီမျှတယ်။ သမ္မာကျမ်းစာမှာ တခြားသူတွေကို တရားစီရင်ဖို့ ဘယ်နေရာမှ ပြောထားလဲ။ ဘုရားသခင်သာ တစ်ဦးတည်းသော တရားသူကြီးဖြစ်တယ်။ ဘုရားသခင်ဆိုတာ ချစ်ခြင်းမေတ္တာပါပဲ" ဟုဝက်ဘ်ဆိုက်မှပရိသတ်တစ်ဦးနှင့်လည်း ပြောဆိုဖော်ပြထားသည်။

မိုင်လီဆိုင်းရပ်စ်သည် ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်ပုံများ နေရာအနှံ့ထိုးထားရာ လက်ညှိုးပေါ်တွင် အသည်းနှလုံးပုံ၊ ခါးပေါ်တွင် ကျောက်ဆူးပုံ၊ ရင်ခေါင်းပေါ်တွင် အိပ်မက်မက်နေသူပုံ၊ ရင်အုံဘယ်ဘက်ခြမ်းတွင် ကွယ်လွန်သူသူငယ်ချင်းတစ်ဦးအား ဂုဏ်ပြုသောအားဖြင့် Just Breathe ဟူသော စာသားများရေးထိုးထားသည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင်လိင်တူထိမ်းမြားခွင့် တရားဝင်မရသေး၍ သူမက ဝေဖန်ခဲ့သည်။

—Ref: Xinhua



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

C Talk

# အိန္ဒြာကျော်ဇင် ပြောပြတဲ့ မိခင်မေတ္တာ

ချမ်းခိုက်ခိုက်


**အနုပညာအလုပ်တွေကိုဆယ်စုနှစ်တစ်ခုကျော် နေ့ညမအားလုပ်ကိုင်လာခဲ့တဲ့ထိပ်တန်းမင်းသမီးတစ်ဦး ဖြစ်သူ အိန္ဒြာကျော်ဇင်က အခုချိန်မှာတော့ သူမရဲ့မကြာမီမွေးဖွားလာတော့မယ့် ရင်သွေးလေးအတွက် နေအိမ်မှာ အနားယူနေပါတယ်။ ကိုယ်ဝန်ဆောင်တစ်ယောက်ဆိုပေမယ့် အရင်လိုပဲ သွက်လက်၊ လှပ၊ ပျော်ရွှင်နေတဲ့ သူမရဲ့မိခင်လောင်းဘဝဖြတ်သန်းမှုလေးကို ဒီကဏ္ဍလေးကနေ အခုလိုပြောပြခဲ့တာပါ။ အလုပ်တွေကိုနားထားရလို့ မနေတတ်မထိုင်တတ်ဖြစ်နေတယ်ဆိုတဲ့ သူမရဲ့မိခင်လောင်းမေတ္တာခံစားချက်ကို ဖတ်ကြည့်ပါဦး။**

ကိုယ်ဝန်ရှိပြီလို့နှစ်ယောက် လုံးပြိုင်တူသိသိချင်းမှာ ကိုပြေတီဦးက အရမ်းကိုပျော်တယ်။ သူက အရမ်းလည်းလိုချင်နေသလိုယူပြီးပြီးချင်းမှာပဲ အချိန်ကာလ အကြာကြီးစောင့်စားလိုက်ရတာမဟုတ် တော့ အဲဒီအပေါ်မှာလည်း သူအရမ်းပျော်တယ်။ အူဝဲမိသားစုဘက်မှာမေမေဆိုရင် ကလေးအငယ်လေးနဲ့ အဆက်ပြတ်သွားတာ ကြာပြီဆိုတော့ အငယ်လေးကို အရမ်းတောင့်တနေတဲ့အချိန်မှာ ခုလိုရလာတော့မယ်ဆိုတော့ အရမ်းပျော်ကြတယ်။ ကိုပြေတီဦးတို့ဘက်ကဆိုလည်း အစ်မတို့ကလေးက မြေးဦးဆိုတော့ အရမ်းကို ပျော်ကြတယ်။

အိမ်ထောင်ကျပြီးပြီးချင်း မိခင်ဘဝကိုတန်းရလိုက်တဲ့အချိန်မှာ အူဝဲစိတ်မှာ ခံစားချက်နှစ်ခု ဒွန်တွဲနေတယ်။ တစ်ခုကပျော်တယ်။ ကိုယ်က ကလေးချစ်တတ်တော့ ကလေးရသွားပြီဆိုတာကို ပျော်တယ်။ နောက်တစ်ခုက စိုးရိမ်စိတ်။ ဩော် ငါမိခင်နေရာ ရောက်ရတော့မှာပါလား။ ငါ မိခင်တစ်ယောက်ရဲ့နေရာကိုယူရတော့မယ့်အခါ မိခင်တစ်ယောက်ပီသအောင် ဘာတွေလိုအပ်မလဲ၊ ဘာတွေဖြည့်ဆည်းရမလဲဆိုတဲ့ လိုအပ်ချက်တွေအတွက်ကိုကြိုပြီး စိုးရိမ်ပူပန်တဲ့စိတ်ဖြစ်မိတယ်။

ကိုယ်ဝန်စရှိပြီဆိုတာကိုသိသိချင်း အိုဂျီမမေသူမျိုးညွန့်နဲ့ပြတယ်။ နောက်တစ်ခုက ကလေးကိုထိခိုက်မယ့်ဟာတွေ အပူအစပ်တွေအရမ်းစားတာမျိုးတို့၊ အရမ်းကြိုက်တဲ့ကော်ဖီကိုလည်း ကလေးအတွက်ကျတော့ ကဖိန်းဓာတ်တွေက မကောင်းတဲ့အတွက် ရှောင်လိုက်တယ်။ သွားတာလာတာကအစ ကိုယ်က အရင်တည်းက တတောက်တောက်နဲ့ အရမ်းအလျင်အမြန်သွားတတ်တဲ့သူမျိုးဆိုတော့အနေအထိုင်ကို သတိလေးနဲ့ နေလိုက်ရတယ်။ တစ်ခါတလေကျရင် ကိုယ့်မှာ ဗိုက်ကြီးပူနေတာလည်းသိသားနဲ့ သတိလွတ်ပြီး အထိုင်အထတွေမြန်မြန်ဆန်ဆန်လုပ်လိုက်မိတာမျိုးရှိတယ်။ နောက်မှ အမလေး ဒုက္ခပါပဲ။ အထဲမှာများ ဘာတွေဖြစ်သွားပြီလဲမသိဘူး ဆိုပြီးပြန်စိုးရိမ်တယ်။

စာ(၄၉)သို့



ဓာတ်ပုံ - အေးသူစံ

# ဝတ်မှုန်ရွှေရည်၏ ဓာတ်ပုံအယ်လ်ဘမ်စာအုပ် ရောင်းရငွေများကို မိဘမဲ့ကလေးများထံ လှူဒါန်းမည်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် - ၅**

ကြော်ငြာမင်းသမီးဟု နာမည် ကြီးနေသော သရုပ်ဆောင်ဝတ်မှုန်ရွှေရည်သည် မိဘမဲ့ကလေးငယ်များထံ လှူဒါန်းရန်ရည်ရွယ်၍ သူမ၏ဓာတ်ပုံအယ်လ်ဘမ်စာအုပ်ကို ဩဂုတ်လ ၁၄ရက်တွင် လက်မှတ်ရေးထိုးရောင်းချမည်ဖြစ်ကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။

"ဒီစာအုပ်အတွက် ဓာတ်ပုံတွေကိုလွန်ခဲ့တဲ့ ၂နှစ်လောက်တည်းက အချိန်ယူပြီး ရိုက်ခဲ့တာပါ။ ရန်ကုန်အပြင် နယ်ဘက်တွေထွက်ရိုက်သလို ဘန်ကောက်ကကမ်းခြေမှာ ရိုက်ထားတဲ့ပုံလေးတွေလည်း ထည့်ထားပါတယ်။ စာမျက်နှာ ၁၈၀ ဆိုတော့ဓာတ်ပုံတွေကို ဝေဝေဆာဆာထည့်ထားပါတယ်"ဟု ၎င်းက မွေးနေ့အလှူနှင့်ပတ်သက်ပြီး ပြောကြားသည်။

The Portfolio of HMONE HMONE ဟုအမည်ရသော ယင်းစာအုပ်တွင် ဝတ်မှုန်ရွှေရည်၏ ကိုယ်နေဟန်ထား မျိုးစုံဖြင့် အလှဆုံး၊ အဆန်းသစ်ဆုံးဖက်ရှင် ဒီဇိုင်းများနှင့် ဓာတ်ပုံများကို မြင်တွေ့ရမည်ဖြစ်ပြီး ဓာတ်ပုံထက်အောင်ကျော်က ရိုက်ကူးထားသည်။ ဒီဇိုင်းကိုမျိုးကျော်ကပြုလုပ်ပေးထားပြီး စာပေလောက(၅)၊ သိင်္ဂီရွှေဝါစာအုပ်တိုက်က တန်ဖိုးကျပ် ၁၃,၅၀၀ ဖြင့် ဖြန့်ချိမည်ဖြစ်သောကြောင့် စာ(၄၉)သို့



## ယူတူးအဖွဲ့၏ ကမ္ဘာလှည့်ဂီတ ဖျော်ဖြေပွဲဝင်ငွေ စံချိန်တင်

**လော့စ်အန်ဂျလိစ်၊**
**ဩဂုတ် - ၃**

အိုင်ယာလန်ရော့ခ်ဂီတအဖွဲ့ ယူတူးသည် ပြီးခဲ့သော ၂ နှစ်အတွင်း သမိုင်းတွင်အအောင်မြင်ဆုံး ကမ္ဘာလှည့်ဂီတ ဖျော်ဖြေပွဲကို ကမ္ဘာ့တိုက်ကြီး ငါးတိုက်၌ ပြုလုပ်နိုင်ခဲ့ပြီး စံချိန်တင်ဝင်ငွေ ကန်ဒေါ်လာ ၇၃၆ သန်းအထိရရှိခဲ့ကြောင်း ပွဲစီစဉ်သည့်ကုမ္ပဏီလိုက်ဗ်နေးရှင်းကပြောသည်။

ယင်းကုမ္ပဏီမှ ပြောခွင့်ရပုဂ္ဂိုလ်ကကမ္ဘာလှည့်ဖျော်ဖြေပွဲမှ ရရှိသည့် အပြီးသတ်ဝင်ငွေစာရင်း မထွက်ပေါ်သေးသော်လည်း ဝင်ငွေကန်ဒေါ်လာသန်း ၇၀၀ ကျော်သွား၍ ရိုးလင်းစတုန်းအဖွဲ့က ၂၀၀၅-၀၇ တွင်ဖျော်ဖြေခဲ့သည့် ကမ္ဘာ့လှည့် ပွဲစဉ်ထက် စံချိန်တင်ဝင်ငွေကျော်လွန်ခဲ့ကြောင်းဆိုသည်။

ဘေလ်ဘုတ်မဂ္ဂဇင်း၏ အဆိုအရလည်း ယူတူးအဖွဲ့၏ ဖျော်ဖြေပွဲဝင်ငွေသည် ရိုးလင်းစတုန်းအဖွဲ့က စံချိန်တင်ထားခဲ့သော ဝင်ငွေကန်ဒေါ်လာ ၅၅၈ သန်းကို ကျော်လွန်ခဲ့ကာ ပွဲကြည့်ပရိသတ်ဦးရေလည်း စံချိန်တင်ခဲ့ကြောင်း သိရသည်။ ယူတူးအဖွဲ့သည် ၂၀၀၉ ဇွန်လမှစ၍ ဘာစီလိုနာတွင်ကမ္ဘာ့လှည့်ဖျော်ဖြေပွဲ ခရီးစဉ်စတင်ခဲ့ပြီး ကမ္ဘာ့အနှံ့ပွဲစဉ်ပေါင်း ၁၁၀ ပါဝင်ခဲ့ကာ ပြီးခဲ့သည့်ဇူလိုင် ၃၀ရက်က ကနေဒါနိုင်ငံမွန်တန်မြို့တွင် အဆုံးသတ်ခဲ့သည်။ ယူတူးအဖွဲ့သည် ပြီးခဲ့သည့်မေ ၁၄ ရက်က မက္ကဆီကိုစီးတီးမြို့တော်ရှိ အက်ဇ်တက်ကာအားကစားကွင်းတွင် ဖျော်ဖြေပွဲလုပ်ခဲ့ရာ ပရိသတ်ဦးရေ ၁၀၈,၈၀၀ ဦးအထိ စံချိန်တင်ကြည့်ရှုခဲ့ကြသည်။ —Ref: AFP





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မင်္ဂလာသတင်းကြားရဖို့နီးစပ်လာတဲ့ ကြိုးကြာ

**အေးသူစံ**

**ရန်ကုန်၊**
**ဩဂုတ် ၅**

မိန်းကလေးခံစားချက် သီချင်းအေးအေးလေးများဖြင့် ပရိသတ်ရရှိထားသူတေးသံရှင်ကြိုးကြာက သူမ၏ မင်္ဂလာပွဲနှင့်ပတ်သက်ပြီး ယခုကဲ့သို့ပြောကြားသည်။

"သမီးရဲ့မင်္ဂလာ သတင်းကတော့ ပထမတုန်းကတော့ ဒီဇင်ဘာလို့စီစဉ်ထားခဲ့ပါတယ်။ ဒါပေမဲ့အခုဒီဇင်ဘာကလည်းကပ်နေပြီဆိုတော့နောက်ရွှေ့ဖြစ်မယ်ထင်တယ်။ သေချာအတိအကျ ဘယ်ရက်ရယ်လို့တော့ မပြောချင်သေးဘူး"ဟု သူမကပြောသည်။

ကြိုးကြာ၏ ချစ်သူမှာ အနုပညာလောကထဲမှပင်ဖြစ်ပြီး သူမ၏ချစ်သူကိုဘဝလက်တွဲဖော်အဖြစ်မည်သည့် အကြောင်းအချက်များကြောင့် ရွေးချယ်ဖြစ်သည်ကိုလည်း "ဘဝတစ်ခုလုံးလက်တွဲသွားဖို့အတွက် အဓိကကတော့ သမီးသူ့အပေါ် ယုံကြည်တယ်။ အဲဒါကြောင့်လည်း စေ့စပ်ဖြစ်သွားတာပါ။ နှစ်ယောက်လုံးရဲ့အလုပ်နဲ့ပတ်သက်ရင်တော့သူ့ကို အဝတ်အစားပိုင်း အကြံပေးဖြစ်တယ်။ ကျန်တာတော့ သိပ်မရှိပါဘူး"ဟု ချစ်သူနှင့်ပတ်သက်ပြီး ပြောပြသည်။

ကြိုးကြာက သူမ၏ မင်္ဂလာပွဲကို နံနက်ပိုင်းတွင် ဘုရားကျောင်း၌တစ်ပွဲပြုလုပ်ပြီးညဘက်တွင် ညစာစားပွဲတစ်ပွဲ စုစုပေါင်းနှစ်ပွဲသာပြုလုပ်ရန် စဉ်းစားထားသည်ဟုဆိုသည်။ လတ်တလောတွင်ဂီတနှင့်ပတ်သက်၍ ဘုရားသီချင်းများ သီဆိုဖြစ်နေပြီး အစ်မဖြစ်သူ စင်ဒီနှင့် နှစ်ယောက်တွဲအခွေ စီစဉ်နေသည်မှာလည်း တစ်ဝက်ခန့် ပြီးစီးသွားပြီဟု ပြောသည်။ သီချင်းအမျိုးအစားမှာ နှစ်ယောက်လုံးနှင့်လိုက်ဖက်သည့် သီချင်းအေးများဖြစ်ပြီး R&Bနှင့် Pop ရောထားသည့် သီချင်း ပုံစံလေးများ ထည့်သွင်းထားသည်ဟု ဆိုသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011



## စာ-၄၇၊ အိန္ဒြာကျော်ဇင်ပြောပြတဲ့ မိခင်မေတ္တာ မှ

4D အထရာဆောင်း ရိုက်ကြည့်တော့ မိန်းကလေးလို့သိလိုက်ရချိန်မှာ သူများတွေ ပြောကြသလို သားဦးမိန်းကလေးဆိုကြီးလာရင်အမေအတွက်လည်း အားကိုးရတယ်ကြားထားတော့ ပျော်တယ်။ ကိုပြေတီဦးက ခဏခဏပြောပါတယ်။ မိန်းကလေးဆို အိန္ဒြာကျော်ဇင်အသေးစားလေးပေါ့။ ယောကျ်ားလေးဆို ပြေတီဦးအသေးစားလေးပေါ့တဲ့။ အခု အိန္ဒြာကျော်ဇင်အသေးစားလေးက ဘယ်သူနဲ့ပိုတူမလဲဆိုတဲ့ စိတ်မျိုးလေးတွေနဲ့ကြိုတွေးပြီး ပျော်နေတယ်။

ကိုယ်ဝန်ဆောင်ချိန်မှာ ကိုယ့်ကိုယ်ကိုယ် သတိထားကြည့်မိသလောက်တော့ စိတ်အပြောင်းအလဲက အရမ်းကြီးကြီးမားမားကြီးမဖြစ်ဘူး။ အားငယ်စိတ်ကလေးတော့ နည်းနည်းဖြစ်တယ်။ ကိုယ့်ဘေးနားမှာ အားလုံးကလိုလေသေးမရှိ ဂရုစိုက်နေပေမယ့် လည်း စိတ်က Sensitive ဖြစ်တယ်။ သိပ်အထိမခံနိုင်တာမျိုးပေါ့။

အူဝဲရဲ့အမေရောအစ်မရော ကိုယ်ဝန်ရှိပြီဆိုကတည်းက စာအုပ်တွေဖတ်ရမယ်ဆိုပြီး ဝယ်ပေးတယ်။ ကိုယ်တိုင်ဖတ်ကြည့်တဲ့အခါ စိတ်ဝင်စားဖို့လည်းကောင်းသလို သိထားဖို့လည်းလို အပ်တယ်။

ကလေးနဲ့ပတ်သက်တာရော၊ မိခင်လောင်းနဲ့ပတ်သက်တာရောနှစ်ခုလုံးဖတ်တယ်။ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် ကိုယ်ဝန်ဆောင်စဉ်မှာဖြစ်တဲ့ စိတ်နေစိတ်ထားတွေ၊ ဆောင်ရန်ရှောင်ရန်တွေ၊ မွေးတဲ့အခါ ဘယ်လိုမွေးရင်ကောင်းမလဲ၊ ကလေးရဲ့အနေအထားလေးတွေ စသဖြင့် ကိုယ်သိချင်တာတွေအကုန်ကိုပါနေတယ်။ နောက်ပြီးတော့ ကလေးလေးမွေးပြီးပြီဆိုရင်လည်း ကလေးပေါက်စလေးနဲ့ အဖေအမေစိတ်ထားလေးတွေကအစပါတယ်။ အကုန်လုံးမှတ်သားစရာတွေချည်းပါပဲ။

ကိုယ်ဝန်ရှိမှဘာသာရေးကိုပိုလုပ်ဖြစ်တယ်။ အရင်က အလုပ်တစ်ဖက်နဲ့ဆိုတော့ အချိန်သိပ်မရတာလည်းပါတယ်။ အခုဆို အရင်ကထက် ဘုရားရှိခိုးချိန်ပိုရတယ်။ ဘာသာရေးကို ကိုပြေတီဦးက ပိုလုပ်ဖြစ်တယ်။ အူဝဲကိုလည်း လုပ်ဖို့ တိုက်တွန်းတယ်။ အင်္ဂလိမာလသုတ်ကိုတော့ နံနက်တိုင်းရွတ်တယ်။ ကိုယ်က ပထမဆုံးကလေးမွေးရမှာဆိုပေမယ့်မွေးမယ့်အချိန်ကိုကြိုတွေးပြီးကြောက်တာမျိုးမဖြစ်ဘူး။ အူဝဲက သတ္တိရှိတယ်။ ရိုးရိုးမွေးမှာလား၊ ခွဲမွေးမှာလားလို့ စဉ်းစားတာတော့ရှိတာပေါ့။ ခုတော့ခွဲမွေးဖို့ဆုံးဖြတ်လိုက်တယ်။ ဒါက မဖြစ်မနေကြုံတွေ့ခံစားရမှာပဲဆိုတော့ နာမလားလို့ နည်းနည်းပါးပါးကြောက်စိတ်လေးတော့ဖြစ်မိတယ်။ အဲဒီလောက်လေးပါပဲ။

ကလေးလေးမွေးလာမယ့်အချိန်မှာ သူ့ကိုအမှတ်တရပြဖို့ ဓာတ်ပုံတွေဘာတွေရိုက်ပြီးတကူးတကစုဆောင်းနေစရာတောင် မလိုဘူး။ ဒီကိုယ်ဝန်ဆောင်ကာလမှာကို ကြော်ငြာဓာတ်ပုံတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်မျက်နှာဖုံးတွေ ရိုက်နေရတော့ ဒါလေးတွေက အမှတ်တရဖြစ်သွားတာပေါ့။

မွေးဖို့ဆေးရုံက ဝိတိုရိယနဲ့ ပန်းလှိုင် ဘယ်ဟာဖြစ်မလဲတော့ စဉ်းစားနေတုန်းပါပဲ။ ကလေးမွေးပြီးပြီးချင်း သုံးလကျော်ကျော်လောက်အထိ မိခင်နို့ရော နို့မှုန့်ရော နှစ်မျိုးလုံးတိုက်မယ်လို့ အူဝဲစဉ်းစားတယ်။ သုံးလကျော်ရင်တော့ အနုပညာအလုပ်တွေပြန်လုပ်ဖြစ်မယ်ထင်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအချိန်မှာ ကိုယ့်ကျန်းမာရေးအနေအထားရယ်၊ ကလေးနားကမခွဲနိုင်မခွာရက်နဲ့ အလုပ်တွေလက်မခံချင်သေးဘူးဖြစ်မှာလည်းစိုးလို့ စကားအကုန်တော့ပြောလို့မရသေးဘူး။(ရယ်လျက်)

ဒီကဏ္ဍလေးကနေ အူဝဲဖွင့်ဆိုချင်တဲ့ မိခင်မေတ္တာလေးကတော့ကိုယ်ဝန်ဆောင်နေတဲ့အချိန်ကတည်းမှာကိုက စိတ်ထဲမှာ၊ ခေါင်းထဲမှာ အချိန်တိုင်းသူပဲ။ အရင်တုန်းက ကိုယ့်ဟာကိုယ်ပဲ ဂရုစိုက်တယ်လေ။ အခုဆို ငါ တစ်ခုခုများ လှုပ်ရှားတာမှားသွားရင် ကလေးများ ဘာဖြစ်သွားမလဲ၊ ငါစားတာမှားသွားရင်ကလေးကို များထိခိုက်မလား။ ဒါလေးတွေက အစ သားသမီးပေါ်ထားတဲ့မေတ္တာစိတ်ကလေးတွေ ဖြစ်လာတယ်။ ကလေးနဲ့ပတ်သက်ပြီးမိခင်တစ်ယောက်က ထားတဲ့အနစ်နာခံတဲ့စိတ်ကလေးတွေကတော့ အူဝဲမှာ တော်တော်လေးသိသိသာသာခံစားလာရပါတယ်။ ကိုပြေတီဦးကတော့ ခုတည်းက အူဝဲဗိုက်နားကပ်ပြီး သူ့ကိုပိုချစ်ဖို့ ကလေး ကိုစည်းရုံးနေတယ်။ (ရယ်လျက်) မိခင်တစ်ယောက်ဘဝကို ရတော့မှာမိခင်မေတ္တာကိုပိုနားလည်လာတာတော့မဟုတ်ပါဘူး။ အရင်တည်းက နားလည်ပြီးသားပါ။ တစ်ခုဘာပိုပြီးခံစားမိလဲဆိုတော့ အခုကိုယ်ဝန်ဆောင်နေတဲ့အချိန်လေးမှာ ဒီ သားသမီးအပေါ်မှာထားတဲ့စိတ်။ အဲဒီစိတ်က ဘာနဲ့မှမတူဘူးဆိုတာ ကိုယ်လက်တွေ့ခံစားလာရတဲ့အချိန်မှာ ကိုယ့်အမေတုန်းကလည်း ဒီလိုဖြစ်မှာပဲလို့ ယှဉ်ပြီး သိလာပါတယ်။

## အနုပညာသတင်းတိုများ

**အေးသူစံ**

■ရဲလေး၏ လေးကြိမ်မြောက်တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုစက်တင်ဘာလ ၄ ရက်နေ့ နေ့လယ် ၂နာရီတွင် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲကို မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်ရန်ပုံငွေအဖြစ် ရဲလေးနှင့် ဘိုဘိုအန်တာတိန်းမန့်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယနေ့ခေတ်လူငယ်များ၏ ဂီတဖန်တီးမှုစွမ်းရည်ကို ပြသလိုခြင်း၊ ရဲလေး၏ ဂီတသက်တမ်းကိုးနှစ်ပြည့်ဖြစ်ခြင်း စသည်တို့ကြောင့် ယခုကဲ့သို့တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရဲလေးက ပြောသည်။

■မယ်လိုဒီဝေါမှ ဆုရအဆိုရှင်တစ်ဦးဖြစ်သူ ခိုင်ရွှေဝါ၏ တစ်ကိုယ်တော်စီးရီး 'ဒီထက်ပိုပြီးချစ်ပြချင်ပါတယ်' တိပ်၊ စီဒီ၊ ဗီစီဒီကို ဩဂုတ်လ ၉ရက်တွင် Excellent Creation က ဖြန့်ချိမည်ဖြစ်သည်။ နောင်နောင် (SF)၊ ဟဲလေး၊ မိုးမင်းအိမ်နှင့် လေးနက်တို့ရေးသားသော သီချင်း ၁၃ပုဒ်ပါဝင်ပြီး ပေ့ါပ်အမျိုးအစားတေးသီချင်းများဖြစ်သည်။ ခိုင်ရွှေဝါသည် 'ငယ်ချစ်ပုံပြင်' သီချင်းဖြင့် ပရိသတ်ရရှိခဲ့သူဖြစ်ပြီး 'ဝေးနေလို့လား၊ မေ့နေလို့လား'၊ 'ဝင်လာမစဲတသဲသဲ'၊ 'သကြၤန်ကား' စသည့်အတွဲခွေများတွင် ပါဝင်သီဆိုထားသည်။

■May & Mark ကျောက်မျက်ရတနာဆိုင်ပိုင်ရှင် ဒေါ်Sခေါင်နန်း၏ မွေးနေ့အလှူအဖြစ် ဩဂုတ်လ ၄ ရက်က မောန္ဒေလဘုရားကျောင်းတွင် မွတ်ဆလင်ကုသိုလ်ဖြစ်ဆေးရုံ၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မေတ္တာရင်ခွင်မိဘမဲ့ဂေဟာ (မြစ်ကြီးနား) မြန်မာနိုင်ငံ လူငယ်ခရစ်ယာန်များအဖွဲ့သို့ ငွေကျပ် ၁၅ သိန်းစီနှင့် နာရေးကူညီမှုအသင်းနှင့် အနာကြီးရောဂါအသင်းများသို့ ငွေကျပ်သိန်း ၂၀စီလှူဒါန်းခဲ့ကြောင်းသိရသည်။

## စာ-၄၇၊ ဝတ်မှုန်ရွှေရည်၏ ဓာတ်ပုံအယ်လ်ဘမ်စာအုပ် မှ

ဈေးနှုန်းအနည်းငယ် မြင့်မားနေခြင်းကို "တန်ဖိုးများတယ်ဆိုတာက သုံးထားတဲ့ အရည်အသွေးကြောင့်ရယ်၊ ထုတ်ဝေသူရဲ့ဆုံးဖြတ်ချက်ကြောင့်ရယ်ပေါ့။ ဒါပေမဲ့ ဝယ်မယ့်သူတွေအတွက် အတတ်နိုင်ဆုံးလျှော့ပေးထားတာပါ။ ဒီစာအုပ်ကို များများဝယ်လေ အလှူဒါနပြုလေပါပဲ။ ရသမျှအကျိုးအမြတ်ကို အကုန်ပြန်လှူမယ်ဆိုတော့ ပရိသတ်အလှူလည်း ပါဝင်ပါတယ်"ဟုပြောသည်။ သူမ၏ယခုနှစ်မွေးနေ့ပွဲကို ကုသိုလ်ရေးဖြင့် တွဲဖက်လုပ်ကိုင်မည့်ဝတ်မှုန်ရွှေရည်က ယင်းစာအုပ်ထွက်ရှိမည့် ဩဂုတ်လ ၁၄ရက်၊ မွန်းလွဲ ၂နာရီတွင် ကရဝိက်ဥယျာဉ်ရှိ Suvienior မြက်ခင်းပြင်၌ ပရိသတ်နှင့်တွေ့ဆုံကာ လက်မှတ်ရေးထိုးရောင်းချမည်ဖြစ်သည်။ ပြန်လည်လှူဒါန်းမည့် မိဘမဲ့ဂေဟာကိုရွေးချယ်နေဆဲဖြစ်ပြီးစာအုပ်များထပ်မံရိုက်နှိပ်ရောင်းချရပါကလည်း ရောင်းချရသည့်အကျိုးအမြတ်များကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

## စီးရီးခေါင်းစဉ်ကို ဖခင်သီချင်းအမည်ပေးသော အိမ့်ချစ်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်- ၅**

အဆိုတော်အိမ့်ချစ်သည် ဖခင်ဖြစ်သူ အဆိုတော် ချစ်ကောင်း၏ နာမည်ကြီးသီချင်းတစ်ပုဒ် ဖြစ်သော 'ကိုယ်တိုင်ရေးပုံတူ' သီချင်း၏အမည်ကို တစ်ကိုယ်တော်အခွေ၏ခေါင်းစဉ်အဖြစ်ပေးထားကြောင်းအိမ့်ချစ်ကပြောသည်။

"ညီမဘဝအတွက် အမှတ်တရတွေအများကြီးရှိခဲ့တဲ့ သီချင်းမို့လို့ ညီမဘဝရဲ့ ပထမဆုံး တစ်ကိုယ်တော်ခွေမှာ ဒီသီချင်းကိုပြန်ထည့်ထားပြီး ဂုဏ်ပြုတဲ့အနေနဲ့ စီးရီးခေါင်းစဉ်ပေးဖြစ်တာပါ" ဟုသူမကပြောသည်။

အိမ့်ချစ်က ဖခင်ချစ်ကောင်း၏ သီချင်းပေါင်းများစွာအနက်မှ 'ကိုယ်တိုင်ရေးပုံတူ'၊ 'စက်ရုပ်မဟုတ်ဘူး'၊ 'မျှိုသိပ်ခြင်းမီးခိုး'နှင့် 'အချစ်ကြေညာစာတမ်း' စသည့် သီချင်းလေးပုဒ်ကို ယခုအခွေတွင် ပြန်လည်ထည့်သွင်းသီဆိုထားသည်။

"အဖေ့သီချင်းတွေ အများကြီးထဲကမှ ဒီသီချင်းလေးပုဒ်က ညီမ အကြိုက်ဆုံးတွေလည်းဖြစ်သလို အဖေ့သီချင်း တော်တော်များများက ညီမနဲ့သိပ်မလိုက်ဖက်ဘဲဆိုဖို့ သိပ်အဆင်မပြေတော့ ကိုယ်နဲ့ စကားလုံးအပ်စပ်တာကို ရှာပြီးမှဒီလေးပုဒ်ကိုရွေးဖြစ်တာပါ"ဟုပြောသည်။

ဩဂုတ်လ ၁၂ရက်တွင် တိပ်၊ စီဒီထွက်ရှိမည်ဖြစ်ပြီး ပရိုမိုးရှင်းပွဲလုပ်ဖြစ်မည်မဟုတ်ဟု သိရသည်။ ဗီစီဒီကိုစီးရီးထွက်ပြီး နှစ်လအကြာတွင် စတင်ရိုက်ကူးမည်ဖြစ်သည်။ ဝင်းမင်းထွေး၊ မောင်သစ်မင်း၊ ဂျေမီ၊ ရေမွန်၊ ရဲလေး၊ ကမ္ဘာ၊ သားကြီး၊ Ar T နှင့် အိမ့်ချစ်ကိုယ်တိုင်ရေး သီချင်းများပါဝင်ပြီး သားကြီးနှင့်ဂျေမီတို့က Featuring သီဆိုပေးထားသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Cowboys & Aliens | Universal Pic: | ၃၆,၄၃၁,၃၀၀ | ၁ |
| ၂။ | The Smurfs | Sony Pic: | ၃၅,၆၁၁,၆၀၀ | ၁ |
| ၃။ | Captain America: The First Avenger | Paramount Pic: | ၁၁၇,၄၂၂,၀၀၀ | ၂ |
| ၄။ | Harry Potter and Deathly Hallows: Part II | Warner Bros: | ၃၁၈,၅၁၂,၀၀၀ | ၃ |
| ၅။ | Crazy, Stupid, Love | Warner Pic: | ၁၉,၁၀၄,၃၀၀ | ၁ |
| ၆။ | Friends With Benefits | Screen Gems | ၃၈,၁၇၆,၀၀၀ | ၂ |
| ၇။ | Horrible Bosses | Warner Pic: | ၉၆,၂၉၀,၉၀၀ | ၄ |
| ၈။ | Transformers 3: Dark of the Moon | Paramount Pic: | ၃၃၈,၀၀၈,၀၀၀ | ၅ |
| ၉။ | The Zookeeper | Columbia Tristar | ၆၈,၈၃၂,၇၀၀ | ၄ |
| ၁၀။ | Cars 2 | Walt Disney | ၁၈၂,၁၁၉,၀၀၀ | ၆ |

## Movie Review

### Fright Night




မြို့ကြီးတစ်မြို့၏ ဆင်ခြေဖုံးဒေသတွင် နေထိုင်သူလူငယ်တစ်ဦးသည် ကျောင်း၌ ပေါ်ပြူလာဖြစ်ရန်ကြိုးစားနေသည်။ အထက်တန်းကျောင်းတွင် စီနီယာတစ်ဦးဖြစ်လာပြီး ခပ်ဆိုးဆိုးသူငယ်ချင်းနှင့် လမ်းခွဲလိုက်သောအခါ ချာလီတစ်ယောက် သူသဘောအကျဆုံးမိန်းကလေးနှင့် နီးစပ်လာသည်။ ထိုအချိန်မှာပင် ၎င်းတို့ရပ်ကွက်သို့ ခပ်ချောချောနှင့် ရုပ်ဖြောင့်သည့်လူငယ်တစ်ဦး ပြောင်းရွှေ့လာခဲ့ရာ မိန်းကလေးများအားလုံးက သူ့ကိုစိတ်ဝင်စားသည်။ သို့သော် ထိုခပ်ချောချောလူငယ်မှာ သရဲတစ်ကောင်ဖြစ်နေကြောင်း ချာလီကပြောပြသော်လည်း မည်သူမျှ သူ့ကိုမယုံကြည်ဘဲရှိရာ ချာလီတစ်ယောက်ထိုကိစ္စကိုဘယ်လိုဖြေရှင်းမည်လဲဆိုတာ. . .။

ထိတ်လန့်တုန်လှုပ်စရာနှင့် ဟာသရောစပ်ထားသည့် ဇာတ်ကားအား Craig Gillespie က ရိုက်ကူးထားပြီး Anton Yelchin၊ Collin Ferrel၊ Toni Lollette တို့ပါဝင်သရုပ်ဆောင်ထားကာ Walt Disney က ဩဂုတ်လ ၁၉ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# မြန်မာ – အိုမန်ပွဲ နောက်ပိုင်း ဘောလုံးကွင်းအဝင် လုံခြုံရေးတင်းကျပ်လာ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်- ၃**

ပွဲပျက်ခဲ့သော မြန်မာ-အိုမန်ပွဲစဉ် အပြီးတွင် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ၌ လုံခြုံရေး စစ်ဆေးမှုများပို၍ တင်းကျပ်လာ ကြောင်းသတင်းရရှိသည်။

ဩဂုတ်လ ၁ ရက်ကပြန် လည်စတင်ခဲ့သော ၂၀၁၁ မြန်မာ နေရှင်နယ်လိဂ်ဒုတိယအကျော့ ပြိုင်ပွဲ ပွဲစဉ်များတွင် ပရိသတ်ဝင် ရောက်မှု အလွန်နည်းပါးသော်လည်းလုံခြုံရေးစစ်ဆေးမှုများမှာ ယခင်ကထက် ပို၍ တင်းကျပ်လာကြောင်း ပရိသတ်များကပြောသည်။

“အခုသုဝဏ္ဏကွင်းအပြင် ဝင်းအဝမှာကတည်းက လုံခြုံရေး တပ်ဖွဲ့ဝင်တွေ စစ်ဆေးပါတယ်။ နောက်သံဆူးကြိုးတပ်အကာအရံ တွေလည်း ချထားတယ်။ ကွင်းထဲ အဝင်ဂိတ်ပေါက်ဝမှာ စစ်တယ်။ ပွဲကြည့်စင်အပေါ် တက်တဲ့ လှေကားအတက်မှာလည်း ထပ်စစ်ပါတယ်။ ကွင်းထဲကို မီးခြစ်ကအစ ယူဆောင်ခွင့်မပေးတော့ပါဘူး” ဟု ဩဂုတ်လ ၂ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်သို့ သွားရောက်ကြည့်ရှုခဲ့သူပရိသတ်တစ်ဦးကပြောသည်။

“မြန်မာ-အိုမန်ပွဲစဉ်က ဖြစ်ရပ်တွေကြောင့်ထင်ပါတယ်။ အခုပြည်တွင်းပွဲစဉ်တွေမှာ ပရိသတ်နည်းပါးပေမယ့် လုံခြုံရေးဂရုစိုက်မှုပိုများလာတာတွေ့ရတယ်”ဟု အောင်ဆန်းကွင်းတွင် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်သွားရောက်ကြည့်ရှုခဲ့သူတစ်ဦးကဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၂၈ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့်ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) ဒုတိယအဆင့်ပြိုင်ပွဲတွင် ပရိသတ်အချို့၏ ကွင်းအတွင်းသို့ အရာဝတ္ထုပေါင်းစုံနှင့်ပစ်ပေါက်ကာ ဒေါသ ခံမှုကြောင့် ပွဲပျက်ခဲ့သည်။ အဖွဲ့ချုပ်အနေဖြင့်လည်း ဖီဖာသို့ဖြစ်စဉ်ရှင်းပြခွင့်စာနှင့် အိုမန်ဘောလုံးအဖွဲ့ချုပ်ထံသို့ တောင်းပန်စာများ ပို့သွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက ယခုလ ၃ ရက်တွင် ပြောသည်။

ထို့ပြင် ၎င်းပွဲစဉ်ဖြစ်ရပ်များကို ဖီဖာမှ စစ်ဆေးစုံစမ်းမှုများ ပြုလုပ်မည်ဖြစ်ပြီး ဒဏ်ကြေးငွေအပြင် နိုင်ငံတကာ ပွဲစဉ်များအား လက်ခံကျင်းပခွင့် ဆုံးရှုံးနိုင်ခွင့်ရှိနေသည်။ မြန်မာနိုင်ငံသည်လာမည့် စက်တင်ဘာလတွင် ပြုလုပ်မည့် အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည်။



**ကွင်းအတွင်းသို့ အရာဝတ္ထုအစုံဖြင့် ပစ်ပေါက်နေသောပရိသတ်များကို လိုက်လံတောင်းပန်နေသော ဦးဇော်ဇော်၊ လုံခြုံရေးအရာရှိနှင့် သတင်းထောက်များ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ကျော်ကိုကို ဒဏ်ကြေးဒေါ်လာ ၂၅၀၀ ဆောင်ရမည်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်- ၅**

မွန်ဂိုလီးယားနှင့် အဝေးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်တွင်အနီကတ်ပြသခံခဲ့ရသည့် မြန်မာအသင်း တိုက်စစ်မှူး ကျော်ကိုကိုအား ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီက ဒဏ်ကြေးကန်ဒေါ်လာ ၂,၅၀၀ပြစ်ဒဏ်ချမှတ် အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ဇွန်လ ၂၉ ရက်က မွန်ဂိုလီးယားနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်၌ မြန်မာအသင်းသည် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပိုင်းပွဲပြီးခါနီးအချိန်တွင် ကွင်းလယ်ဒိုင်က ကျော်ကိုကိုအား တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

“အဲဒီတုန်းက ကျွန်တော်က ရည်ရွယ်ချက်ရှိရှိခဲ့တာလည်း မဟုတ်ပါဘူး။ ဘောလုံးတောင်းပြီး လမ်းကြောင်းအတိုင်း ပြေးတာကိုတစ်ဖက်နောက်ခံလူက လမ်းကြောင်းပိတ်တော့ဝင်တိုက်မိတာပါ။ မပြင်းထန်ပါဘူး။ အနီကတ်ကြောင့် တစ်ပွဲပယ်ခံရပြီးပါပြီ။ ခုလို သီးခြားပြစ်ဒဏ်လည်း ထပ်ချမှတ်တယ်ဆိုတော့ နားမလည်ဖြစ်ရပါတယ်”ဟု ကျော်ကိုကိုကပြောသည်။

အဆိုပါအနီကတ်ပြစ်ဒဏ်ကြောင့်ကျော်ကိုကိုသည် မွန်ဂိုလီးယားနှင့်အိမ်ကွင်း(ဒုတိယအကျော့)ပွဲစဉ်တွင်ပါဝင်ခွင့်မရှိခဲ့သော်လည်း မြန်မာအသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုချမှတ်ခံရသော ဒဏ်ကြေးငွေအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပေးဆောင်သွားမည်ဖြစ်ကြောင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

# အာရှသက်ငယ်တန်းအားကစားပြိုင်ပွဲတွင် အားကစားနည်းနှစ်မျိုး မြန်မာယှဉ်ပြိုင်မည်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်- ၃**

ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာရှသက်ငယ်တန်းအားကစားပြိုင်ပွဲ Asia Junior Sports Exchange Games 2011 သို့ မြန်မာနိုင်ငံမှ ဂျူဒိုနှင့်ကြက်တောင်အားကစားနည်းနှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဩဂုတ်လ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဂျူဒိုနှင့် ကြက်တောင်အားကစားနည်း နှစ်မျိုးဝင်ရောက် ယှဉ်ပြိုင်ရန် ဖိတ်ကြားခံရခြင်းဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်အားကစားသမားများအား အသက် ၁၈နှစ်အောက် သတ်မှတ်ထားသည့် ဂျူဒိုပြိုင်ပွဲတွင် မြန်မာလူငယ်အားကစားသမား ၆ ဦး (ကျား ၃ ဦး၊ မ ၃ ဦး) သည် ဝိတ်တန်းခြောက်တန်း၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ကြက်တောင်ပြိုင်ပွဲတွင်မူပြိုင်ပွဲဝင်အားကစားသမားများအား အသက် ၁၆ နှစ်အောက်သတ်မှတ်ထားပြီး မြန်မာလူငယ်အားကစားသမား ၆ ဦး (ကျား ၃ ဦး၊ မ ၃ ဦး) ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

“ကြက်တောင်ပြိုင်ပွဲမှာ တစ်ဦးချင်းနဲ့ နှစ်ယောက်တွဲ ပြိုင်ပွဲအမျိုးအစားငါးမျိုးစလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ မြန်မာလူငယ်လေးတွေမှာ အသက် အငယ်ဆုံး ၁၁ နှစ်ပါဝင်ပါတယ်။ အဓိက ၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်လေ့ကျင့်နေတဲ့ ကလေးတွေပါ”ဟု မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

## ကမ္ဘာ့တိုက်ကွမ်ဒို ပြိုင်ပွဲဝင်ပြီးပါက ကိုရီးယားနှင့် မြန်မာပူးတွဲလေ့ကျင့်မည်

**ဗိုလ်ဗိုဝင်း**

**ရန်ကုန်၊ ဩဂုတ်-၃**

ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်တိုက်ကွမ်ဒိုအားကစားသမားများသည် ၎င်းပြိုင်ပွဲအပြီးတွင် ကိုရီးယားအားကစားသမားများနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ကြောင်းသတင်း ရရှိသည်။

(Kukkiwon) ကူကီဝန်ကျောင်းတော်မှ ကြီးမှူးကျင်းပသည့် Hanmadang ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲကို ဩဂုတ်လ ၁၀ ရက်မှ ၁၃ ရက်အထိ ကိုရီးယားနိုင်ငံ၊ Gyounggido မြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအားကစားသမား ငါးဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီပြိုင်ပွဲမှာ ကကွက်အမျိုးအစားအပြင် တစ်ဦးချင်း၊ အဖွဲ့လိုက်ထိုးတာခွဲတာ Breaking ပါမယ်။ နောက် Dance ပါမယ်။ မြန်မာက ကကွက်ပြိုင်ပွဲနဲ့ အထိုးအခွဲပြိုင်ပွဲတွေမှာ အတိုက်ကစားသမားတွေက အတွေ့အကြုံရရှိအောင်ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ကမ္ဘာ့နိုင်ငံပေါင်းစုံက အားကစားသမားပေါင်းများစွာဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ဒီပြိုင်ပွဲမှာ အာဆီယံနိုင်ငံတွေကလည်း ဝင်ရောက်လက်ရည်စမ်းကြမှာဖြစ်တဲ့အတွက် ဆီးဂိမ်းအကြိုပြင်ဆင်နေတဲ့ မြန်မာအားကစားသမားတွေအတွက် အကျိုးအများကြီးရှိပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အဆိုပါပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာတိုက်ကွမ်ဒိုအတိုက်ကစားသမား သုံးဦးသည် Gwang-wando မြို့ရှိ Samill ကျောင်း၌ ပူးတွဲလေ့ကျင့်မှုများ တစ်လခန့် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

## ပေါင်းလောင်းကွင်းတွင် မြန်မာနေရှင်နယ်လိဂ်ပွဲများ လက်ခံကျင်းပ



**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ ဩဂုတ် - ၆**

နေပြည်တော်ဘောလုံးအသင်း၏ အိမ်ကွင်းအဖြစ် ပေါင်းလောင်းကွင်းတွင် ဩဂုတ် ၆ ရက်က ၂၀၁၁ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပွဲစဉ်များကို ဖွင့်လှစ်လက်ခံကစားခဲ့သည်။

ကွင်းဖွင့်ပွဲနှင့်အတူ အိမ်ရှင်နေပြည်တော်အသင်းနှင့်ကမ္ဘောဇအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး တစ်ဂိုးစီသရေကျခဲ့သည်။ အဆိုပါကွင်းသည် အိမ်ကွင်းလက်ခံကျင်းပချိန်၌ အထူးတန်းပရိသတ်ဦးရေ ၁,၅၀၀၊ ရိုးရိုးတန်း(အရှေ့ဘက်ပွဲကြည့်စင်) ၁,၄၀၀ နှင့် VIP ၁၀၀ ဝင်ဆံ့ပြီး ထိုင်ခုံအပြည့်တပ်ဆင်ထားခြင်းဖြစ်သည်။ ကွင်းဘေးပတ်လည်တွင် ပေ ၂၀ မြင့်သံဆန်ခါများ ကာရံထားပြီး ပရိသတ် ၆,၀၀၀ ဆံ့သည်အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း နေပြည်တော်အသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် ၂,၀၀၀ နှင့် ရိုးရိုးတန်းကျပ် ၁,၀၀၀သတ်မှတ်ထားသည်။ ၂၀၁၁ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပွဲစဉ်များ နေပြည်တော်(အိမ်ကွင်း)တွင် ပွဲစဉ်ငါးပွဲ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အဝေးကွင်းပွဲတွေမှာ အသင်းကြီးတွေအားလုံးနီးပါး နိုင်ပွဲရနိုင်တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၁) ပွဲကြိုခန့်မှန်းချက်



**ကိုထိုက်**

ဒီတစ်ပတ်စနေ၊တနင်္ဂနွေ(ဩဂုတ် ၁၃၊ ၁၄)နေ့မှာတော့ အားလုံးစောင့်မျှော်နေတဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေ စတင်တော့မှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်(၁)မှာ ယမန်နှစ်ချန်ပီယံမန်ယူအပါအဝင်ချယ်လ်ဆီး၊အာဆင်နယ်၊ဗီလာတို့ အဝေးကွင်းပွဲတွေကစားရမှာဖြစ်ပြီး စပါး၊ လီဗာပူး၊ နယူးကာဆယ်တို့ကတော့ အဝေးကွင်းပွဲတွေကစားရမှာပါ။ ပရီးမီးယားလိဂ်ရဲ့ ဒီအဖွင့်ပွဲစဉ်မှာ နယူးကာဆယ်-အာဆင်နယ်တွေ့ဆုံမှုကတော့ အာဆင်နယ်အတွက် ယမန်နှစ်က ရလဒ်ဆိုးတွေကိုပြန်ဖျက်ဖို့ကြိုးစားရမယ့်ပွဲပါ။

<u>၁၃ ဩဂုတ်၊ စနေ</u>

**ည ၈း၃၀ နာရီ**

**ဘလက်ဘန်း-ဝုလ်**

**ယမန်နှစ်ရလဒ် ၃-၀**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုရလဒ်ပိုင်းအရ ၂၀၀၄ ဇန်နဝါရီကစလို့ ဘလက်ဘန်းဟာ ဝုလ်ကို သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရထားပြီး ယမန်နှစ်က နှစ်ကျော့လုံးနိုင်ထားခဲ့တယ်။ အိမ်ရှင်ဘလက်ဘန်းတို့ ရာသီသစ်ရဲ့ အိမ်ကွင်းအဖွင့်ပွဲလုမယ့်ပွဲပါ။ ညှော်သည်ဝုလ်တို့ နိုင်ခြေနည်းနေပါတယ်။

**ဖူလ်ဟမ်-ဗီလာ**

**ယမန်နှစ်ရလဒ် ၁-၁**

ယမန်နှစ်က နှစ်သင်းလုံး လိဂ်နှစ်ကြိမ်တွေ့ဆုံမှုမှာ သရေချည်းရခဲ့ပါတယ်။ ဗီလာဟာ မကြာမီက ပရီးမီးယားလိဂ်အာရှဖလားပွဲမှာလည်း ချယ်လ်ဆီးကို ရှုံးနိမ့်ထားတယ်။ အဘွန်လဟော်၊ ဒယ်လ်ဖူရီ၊ အိုင်ယာလန်တို့ပါဝင်ပေမယ့် ဗီလာဟာ အိမ်ကွင်းမာကျောတဲ့ ဖူလ်ဟမ်ကို နိုင်ဖို့ခက်ခဲမှာပါ။ ဖူလ်ဟမ်နိုင်ခြေရှိပြီး ဂိုးနည်းမယ့်ပွဲပါ။

**လီဗာပူး-ဆန်းဒါးလန်း**

**ယမန်နှစ်ရလဒ် ၂-၂**

လီဗာပူးဟာ အသင်းခေါင်းဆောင်ဂျရတ်မပါဝင်ပေမယ့် တောင်အမေရိက အကောင်းဆုံးဆုရထားတဲ့ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်၊ ဒေါ့ကုတ်တို့အပြင် မိုင်ရေးလက်စ်လည်း ပါဝင်နေတဲ့ တိုက်စစ်နဲ့အိမ်ကွင်းနိုင်ပွဲရနိုင်ခြေရှိတယ်။ ဆွာရက်ဇ်ရဲ့ ခြေစွမ်းကို စောင့်ကြည့်ရမှာဖြစ်ပြီး၊ လီဗာပူးတို့ နှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။

**ကျူပီအာ-ဘော်လ်တန်**

**ယမန်နှစ်ရလဒ် - မရှိ**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံဖူးတာ ၂၀၀၁ ချန်ပီယံရှစ်ပထမတန်းမှာဖြစ်ပြီး ထိုစဉ်က သုံးကြိမ်တွေ့ဆုံရာမှာ တစ်ကြိမ်စီအပြန်အလှန်နိုင်ပြီး တစ်ကြိမ်သရေကျခဲ့ပါတယ်။ ရာသီအဖွင့်မှာ တန်းတက်အသင်းတို့ ရုန်းကန်အားပိုကောင်းတတ်တာမို့ ပရီးမီးယားလိဂ်ဝါရင့် ဘော်လ်တန်တို့ အားထည့်ကစားမှ ကပ်နိုင်ခြေရှိမယ်။ ဂိုးနည်းမယ့်ပွဲဖြစ်လာမှာပါ။

**စပါး-အဲဗာတန်**

**ယမန်နှစ်ရလဒ် ၁-၁**

ခြေညီတဲ့ နှစ်သင်းဖြစ်ပြီး ၂၀၀၉ ဒီဇင်ဘာကစလို့ တွေ့ဆုံမှုလေးကြိမ်မှာ ဂိုးမပြတ်ခဲ့ပါဘူး။ နှစ်ကြိမ်သရေကျပြီး တစ်ကြိမ်စီ အပြန်အလှန်နိုင်ခဲ့တယ်။ အိမ်ရှင်စပါးတို့ ခရောက်ချ်၊ ဒီဖိုး၊ ဗန်ဒါဗတ်တို့ရဲ့စွမ်းရည်နဲ့ တိုက်စစ်ဖိကစားနိုင်တယ်။ တိုက်စစ်အားသာတဲ့ စပါးကို ရွေးချယ်ထားရပါမယ်။

**ဝီဂန်-နောဝစ်ချ်**

**ယမန်နှစ်ရလဒ် - မရှိ**

ဝီဂန်တို့အတွက် တန်းတက်နောဝစ်ချ်ကို အိမ်ကွင်းမှာ ကစားရတာဟာ အားသာချက်ပါပဲ။ ဝီဂန်ဟာ ရာသီအထွက်ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ ဒီပွဲကို အနိုင်ကစားရမှာပါ။

**နယူးကာဆယ်-အာဆင်နယ်**

**ယမန်နှစ်ရလဒ် ၄-၄**

ညှော်သည်အာဆင်နယ်တို့ အီမရိတ်ဖလားမှာ ဗိုလ်မစွဲနိုင်ခဲ့တဲ့အတွက် ဒီပွဲကို အလေးထားကစားသွားဖွယ်ရှိပါတယ်။ အီမရိတ်ဖလား လူစာရင်းအတိုင်း အာဆင်နယ်မှာ ဗန်ပါစီ၊ အာရှာဗင်၊ ရမ်ဆေး၊ နာဆရီ၊ ဝီလ်ရှီးယားတို့နဲ့ပွဲထွက်လာနိုင်ပြီး ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ တိုက်စစ်ကစားဟန်ကိုမြင်ရမှာပါ။ အာဆင်နယ်ဟာ ယမန်နှစ်က အိမ်ကွင်းမှာ နယူးကာဆယ်ကို ၀-၁ ဂိုးနဲ့ ကပ်ရှုံးခဲ့သလို အဝေးကွင်းမှာလည်း ၄-၄ ဂိုးသရေကျခဲ့တယ်။ အာဆင်နယ်တို့ အမြင့်ဆုံး ၁-၀၊ ၂-၁ ဂိုးလောက်နဲ့ပဲ ကပ်နိုင်ခြေရှိနေပါတယ်။

<u>၁၄ ဩဂုတ်၊ တနင်္ဂနွေ</u>

**ည ၇း၀၀ နာရီ**

**စတုတ်စီးတီး-ချယ်လ်ဆီး**

**ယမန်နှစ်ရလဒ် ၁-၁**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ တစ်ကြိမ်ပဲ သရေကျဖူးပြီး ချယ်လ်ဆီးက လေးကြိမ်နိုင်ထားပါတယ်။ ပရီးမီးယားလိဂ်အာရှဖလားကို ဗိုလ်စွဲခဲ့တဲ့ချယ်လ်ဆီးဟာ ဂိုးသွင်းခြေပြန်ရလာနေတဲ့ တောရက်စ်နဲ့ အနယ်လ်ကာ တိုက်စစ်ကို ထုတ်သုံးဖွယ်ရှိပြီး ရာသီအဖွင့်ရဲ့ အဝေးကွင်းနိုင်ပွဲကို သက်သောင့်သက်သာရသွားနိုင်ပါတယ်။ ချယ်လ်ဆီးတို့ နှစ်ဂိုးအသာလောက်ရနိုင်ပါတယ်။

**ဝက်စ်ဘရွန်း-မန်ယူ**

**ယမန်နှစ်ရလဒ် ၁-၂**

မန်ယူဟာ ဝက်စ်ဘရွန်းနဲ့ နောက်ဆုံးတွေ့ဆုံထားတဲ့ အဝေးကွင်းသုံးပွဲလုံး အနိုင်ရထားပြီး ယမန်နှစ်က အိမ်ကွင်းမှာသာ တစ်ကြိမ်သရေကျခဲ့ရတာပါ။ ဟာနန်ဒက်စ်မပါဝင်နိုင်ပေမယ့်မန်ယူမှာ ပထမကစားသမားတွေအပြင် အသစ်ခေါ်ယူထားတဲ့ အက်ရှ်လေယန်း၊ ဖီးလ်ဂျုံးစ်တို့ကိုပါ မြင်ရဖွယ်ရှိတယ်။ မန်ယူတို့ မထင်မှတ်ဘဲ ရဂိုးများနိုင်တယ်။

<u>၁၆ ဩဂုတ်၊ အင်္ဂါ</u>

**ည ၁း၃၀ နာရီ**

**မန်စီးတီး-ဆွမ်းဆီးစီးတီး**

**ယမန်နှစ်ရလဒ် - မရှိ**

မန်စီးတီးဟာ ဒဗ္ဗလင်ဖလားမှာ ဥရောပဝါရင့် အင်တာမီလန်ကို ၃-၀ ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြသခဲ့ပါတယ်။ အသစ်ခေါ်ယူထားတဲ့ အဂူရိုနဲ့ ဘာလော့တယ်လီ၊ ရိုက်ဖီးလစ်တို့ရဲ့ တိုက်စစ်ကို မြင်တွေ့ရဖွယ်ရှိပြီး အိမ်ကွင်းနိုင်ပွဲရှာဖွေသွားမှာပါ။ မန်စီးတီးတို့ ကွင်းလယ်က ဆေးလ်ဗား၊ ဘယ်ရီတို့ရဲ့ ပံ့ပိုးမှုကောင်းခဲ့ရင် ဂိုးပြတ်နိုင်ခြေရှိပါတယ်။

## ဆီးဂိမ်းအတွက် လက်ရွေးစင် လက်ဝှေ့သမားများကို အမျိုးသားတံခွန်စိုက်ပြိုင်ပွဲမှ ရွေးချယ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၃**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးအဆင့်အားကစားသမားများကို အမျိုးသားတံခွန်စိုက်ပြိုင်ပွဲမှ ရွေးချယ်သွားမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ်လ ၁၆ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးအလွတ်တန်းနှင့် အမျိုးသား သက်ငယ်တန်း ပြိုင်ပွဲအမျိုးအစားများပါဝင်မည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲဖြစ်သဖြင့် ပြိုင်ပွဲဝင်ဦးရေသတ်မှတ်ချက်မရှိဘဲ ကိုယ်အလေးချိန်အတန်းလိုက်ပြိုင်ပွဲအမျိုးအစား၏ အရည်အချင်းသတ်မှတ်ချက်နှင့်အညီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်းလက်ဝှေ့အဖွဲ့ချုပ်မှသတင်း ရရှိသည်။

ပြိုင်ပွဲဝင်အားကစားသမားများ၏ အသက်သတ်မှတ်ချက်ကိုမူ အမျိုးသား၊ အမျိုးသမီးအလွတ်တန်းအတွက် အသက် ၁၇ နှစ်မှ ၃၄ နှစ်အတွင်းနှင့် အမျိုးသားသက်ငယ်တန်းအတွက် အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း သတ်မှတ်ထားကြောင်းသိရသည်။

ဝိတ်တန်းအလိုက် ပထမဆုငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆုငွေကျပ်ငါးသောင်းနှင့် အကောင်းဆုံးအားကစားသမားဆုအတွက် ငွေကျပ် သုံးသိန်းချီးမြှင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# လန်ဒန်ဒိုင်းမွန်းလိဂ် မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် ဒေးရွှန်ရိုဘယ်လ်ဗိုလ်စွဲ



**လန်ဒန်၊ ဩဂုတ် - ၆**

အိုလံပစ်တန်းကျော်ပြေးချန်ပီယံ ဒေရွှန်ရိုဘယ်လ်သည် ဩဂုတ်လ ၅ ရက်က လန်ဒန်တွင်ကျင်းပသည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပွဲစဉ်၌ မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင် စံချိန်သစ် ၁၃ ဒသမ ၀၄ စက္ကန့်ရကာ ဗိုလ်စွဲသွားခဲ့သည်။

လက်ရှိကမ္ဘာ့စံချိန်ရှင် ရိုဘယ်လ်သည် အမေရိကန်နိုင်ငံမှ ဂျေဆင်ရစ်ချက်ဆင်ကိုအနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မီတာ ၁၀၀ ပွဲစဉ်တွင်မူ ဂျမေကာနိုင်ငံမှ အဆာဖာပိုဝဲလ် ဒဏ်ရာကြောင့် မပါဝင်နိုင်၍ တစ်နိုင်ငံတည်းသား ယိုဟန်ဘလိတ်ခ်က ၉ ဒသမ ၉၅ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ သည်။

မီတာ ၄၀၀ ပြိုင်ပွဲတွင် ဂရင်း နေဒါနိုင်ငံမှ ၁၈ နှစ်အရွယ် ကီရာနီဂျိမ်းစ်က ယခုရာသီ၏အကောင်း ဆုံးစံချိန် ၄၄ ဒသမ ၆၁ စက္ကန့် ဖြင့် ဗိုလ်စွဲခဲ့သည်။ ဂျိမ်းစ်သည် ၎င်း၏ ပထမဆုံး ပရော်ဖက်ရှင်နယ်ကစားသမားပြိုင်ပွဲ၌ပင် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

*—Ref: Xinhua*

# အာဂျင်တီးနားမှ ခုနစ်နှစ်အရွယ် ဘောလုံးသမားလေးတစ်ဦးကို ရီးရဲလ်မက်ဒရစ် စာချုပ်ချုပ်ဆိုခေါ်ယူ

**ဗြူနိုအေးရိစ်၊ ဩဂုတ် - ၆**


စပိန်ထိပ်သီး ရီးရဲလ်မက်ဒရစ်ကလပ်သည် အာဂျင်တီးနားမှ အသက်ခုနစ်နှစ်အရွယ် လူငယ်ဘောလုံးသမားတစ်ဦးအား လူငယ်အသင်းအတွက် ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။

လီယွန်နယ်အိန်ဂျယ်ဟုခေါ်သည့်အဆိုပါကလေးငယ်၏ဖခင်မှာ ဘောလုံးလေ့ကျင့်ရေးမှူးတစ်ဦးဖြစ်ပြီး ၎င်း၏သားကို စပိန်ကလပ် ရီးရဲလ်က ခေါ်ယူစာချုပ်ချုပ်ခဲ့သည့်အတွက် ဝမ်းသာခဲ့ရကြောင်း ဒေသခံ အာဂျင်တိုင်းရေဒီယိုအသံလွှင့်ဌာနတစ်ခုသို့ပြောသည်။ ၎င်းကလေးငယ် လီယွန်နယ်အိန်ဂျယ်သည် ဘာစီလိုနာမှ အာဂျင်တီးနား လူငယ်ကစားသမားမက်ဆီကို အားကျသူဖြစ်ပြီး ၎င်း၏ ၁၆နှစ်အရွယ် အစ်ကိုတစ်ဦးမှာလည်း စပိန်ကလပ်ဗယ်လာဒိုးလစ်တွင် ကစားနေသူဖြစ်သည်။

လီယွန်နယ်၏ဖခင် ကွိုင်ရာက ၎င်း၏သားငယ်သည် ရီးရဲလ်တွင် ဘောလုံးနှင့် ကျောင်းပညာရေးပါ သင်ကြားခွင့်ရမည်ဖြစ်၍ ဝမ်းမြောက်မိကြောင်း၊ လီယွန်နယ်သည် ရီးရဲလ်၌ စက်တင်ဘာလ ၆ ရက်မှစ၍ လေ့ကျင့်ရေးဝင်မည်ဖြစ်ကြောင်းပြောကြားသည်။ လီယွန်နယ်သည် ရီးရဲလ်ကလပ်၏သမိုင်းတွင် အသက်အငယ်ဆုံးဖြင့် ခေါ်ယူစာချုပ်ချုပ်ဆိုခံရသည့် ကစားသမားစံချိန်သစ်ကို ရရှိခဲ့ကြောင်းသိရသည်။

*—Ref: Xinhua*

# ဖာဘရီဂတ်စ်အပေါ် ဘာစီလိုနာ၏ နောက်ဆုံးကမ်းလှမ်းမှု ပယ်ချခံရ



**လန်ဒန်၊ ဩဂုတ် - ၆**

အာဆင်နယ်အသင်းသည် အသင်းမှ စပိန်ကွင်းလယ်လူ ဖာဘရီဂတ်စ်အား ဘာစီလိုနာအသင်းမှ နောက်ဆုံးအကြိမ်ခေါ်ယူရန်ကြိုးပမ်းမှုကိုပယ်ချခဲ့ကြောင်းသိရသည်။


စကိုင်းစပို့ရုပ်သံ၏အဆိုအရ အာဆင်နယ်သည်ဖာဘရီဂတ်စ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ရမှသာ ရောင်းချရန်သတ်မှတ်ထားပြီး ဘာစီလိုနာဘက်မှ မူလကမ်းလှမ်းထားသည့် ပေါင် ၂၉ သန်းအပြင် အပိုခြောက်သန်းတိုးမြှင့်၍ ပေါင် ၃၅ သန်းဝန်းကျင်ဖြင့် ကမ်းလှမ်းခဲ့ကြောင်းသိရသည်။

ထို့ပြင် သတင်းများအရလည်း ဖာဘရီဂတ်စ်သည် ဘာစီလိုနာသို့ အပြောင်းအရွှေ့အောင်မြင်ရန်အတွက် ၎င်းပိုင်ငွေ ပေါင်သုံးသန်းကို ထပ်မံဖြည့်ပေးခဲ့သော်လည်း စုစုပေါင်း ပေါင် ၃၈ သန်းဝန်းကျင်သာရှိသေး၍ အာဆင်နယ်၏ သတ်မှတ်ကြေးကို မမီနိုင်ကြောင်းသိရသည်။

ဖာဘရီဂတ်စ်သည် ပြီးခဲ့သည့်နှစ်ကလည်း ဘာစီလိုနာနှင့် အပြောင်းအရွှေ့ကိစ္စချိတ်ဆက်ခဲ့သော်လည်း အာဆင်နယ်ဘက်မှ တောင်းဆိုသည့်ပြောင်းရွှေ့ကြေးကိစ္စညှိမရ၍ ပရီးမီးယားလိဂ်မှာပင် ဆက်နေခဲ့ရသည်။

*—Ref: AFP*





## ဗြိတိန်နိုင်ငံတွင် လူနှင့်တိရစ္ဆာန် မျိုးစပ်သန္ဓေသားများ ဖန်တီးခဲ့မှုကို ကမ္ဘာတစ်ဝန်းက ဝေဖန်

**ဘေဂျင်း၊ ဩဂုတ် – ၁**

ဗြိတိန်နိုင်ငံတွင် တိရစ္ဆာန်နှင့် လူသားမျိုးစပ်ထားသည့် သန္ဓေသားများဖန်တီးစမ်းသပ်ခဲ့ကြောင်း သတင်းများပေါ်လာသည့်အတွက် ကမ္ဘာတစ်ဝန်းမှ ဝေဖန်မှုများခံနေရကြောင်း ဗြိတိန်သတင်းစာ ဒေးလီးမေးလ်က ဖော်ပြလိုက်သည်။ သတင်းစာ၏အဆိုအရ ဗြိတိန်တွင် လူသားနှင့်တိရစ္ဆာန်တို့၏ မျိုးဗီဇဆိုင်ရာ ပစ္စည်းများ ပါဝင်သောမျိုးစပ်သန္ဓေသားလောင်း ၁၅၅ ခုကို ဖန်တီးခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၈ ခုနှစ်က လူ့သန္ဓေသားမျိုးပွားခြင်းဆိုင်ရာ အက်ဥပဒေပုဒ်မကို ပြဋ္ဌာန်းပြီးနောက်ပေါ် ထွက်လာခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံတွင်ယခုအခါထိုကဲ့သို့သောစမ်းသပ်မှုများအတွက် အငြင်းပွားဖွယ်ရာများဖြစ်နေသော်လည်း ဥပဒေအရစမ်းသပ်မှုများကို ခွင့်ပြုထားသည်။ ဗြိတိန်တွင် ၂၀၀၈ သန္ဓေသားဥပဒေအရ တိရစ္ဆာန်မှထုတ်ယူထားသော ဆဲလ်အတွင်းသို့ လူ့မျိုးဗီဇမှ ချူကလီးယပ်ထည့်သွင်းကာ ပုံတူမျိုးပွားသန္ဓေသားများဖန်တီးခြင်းကို ခွင့်ပြုထားပြီးဖြစ်သည်။ —*Ref: Xinhua*

## သူငယ်ချင်းဘဝနှင့် နီးစပ်လာပါကလူမှုရှုပ်ထွေးမှု ဖြစ်လာနိုင်

**နယူးယောက်၊ ဩဂုတ် – ၁**

"Friends with Benefits"ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ပြနေသလို သူငယ်ချင်းများဘဝဖြင့် နီးကပ်သောဆက်ဆံရေး(လိင်မှုရေးရာ)ရှိလာပါက နှစ်ဦးသားဆက်ဆံရေးအပေါ် ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာသည်ဟု အမေရိကန်သုတေသီတစ်ဦးက ပြောကြားသည်။

နယူးယောက်မြို့ အီသာကာကောလိပ်မှ လူမှုဗေဒတွဲဖက် ပါမောက္ခရီဘက်ကာပလန်တေးက ကောလိပ်ကျောင်းသားအရွယ်လူတစ်ဦးချင်းစီအား သုတေသနပြုလုပ်ခဲ့ပြီး ယောက်ျားနှင့် မိန်းမ အတူနေထိုင်မှု၊ တွဲသွားတွဲလာလုပ်မှု၊ နီးစပ်မှုတို့ကို သုတေသနပြုလုပ်ခဲ့သည်။

ယင်းသို့လေ့လာရာတွင် သူငယ်ချင်းများ၏ ဆက်ဆံရေး၌ လိင်မှုရေးရာနီးစပ်မှု ရှိလာပါက ပထမဦးစွာ ကမောက်ကမ အခြေအနေဖြစ်လာကြောင်း တဖြည်းဖြည်းနှင့် နှစ်ဦးသားဆက်ဆံရေးအဆင်မပြေမှုလည်း ဖြစ်ပေါ်လာပြီးနောက်ဆုံး ဆက်ဆံရေးရပ်တန့်သွားကြောင်း သုတေသီက ၎င်း၏တွေ့ရှိချက်တွင် ဖော်ပြသည်။



သုတေသီရီဘက်ကာနှင့်အဖွဲ့သည် တက္ကသိုလ်ပေါင်းများစွာမှကောလိပ်ကျောင်းသားပေါင်း ၁၄,၀၀၀ အားလိင်မှုရေးရာနှင့်ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ယူဆချက်များကိုမေးမြန်းခဲ့ရာမှယခု အချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်သည် လိင်မှုရေးရာအရ ပွင့်လင်းသည့် လူ့အဖွဲ့အစည်းဟုယူဆကြသော်လည်း လိင်ပိုင်းဆိုင်ရာ ရင်းနှီးမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုမှုနည်းပါးသည်ဟု သုတေသီများက ပြောကြားပြီး မီဒီယာများတွင် လိင်ဆက်ဆံရေး အကြောင်းများ ပါဝင်သော်လည်း ပညာပေးမှုနည်းပါးကြောင်း သုတေသီများက ၎င်းတို့၏ တွေ့ရှိချက်တွင် ဖော်ပြသည်။ —*Ref: UPI*


## လစ်သူယေးနီးယားမြို့တော်ဝန်က စည်းကမ်းမဲ့ကားတစ်စီးကို တင့်ကားဖြင့် တက်ကြိတ်ပြသည့် ကြော်ငြာရိုက်ကူး

**လန်ဒန်၊ ဩဂုတ် – ၂**



လစ်သူယေးနီးယားနိုင်ငံမြို့တော် ဗီလ်နီးယပ်စ်၏ မြို့တော်ဝန် အာတာရတ်စ်ဇူအိုကတ်စ်သည် မြို့တွင်းလမ်းများပေါ်၌ တရားမဝင်ကားရပ်နားထားမှုများကို သတိပေးသည့်အနေဖြင့် တင့်ကားတစ်စီးအား ကိုယ်တိုင်မောင်းနှင်ကာ စည်းကမ်းမဲ့ကားတစ်စီးကို တက်ကြိတ်ပြသည့် ကြော်ငြာရိုက်ကူးခဲ့ကြောင်းသိရသည်။ မြို့တော်ဝက်ဘ်ဆိုက်တွင် ပညာပေးအစီအစဉ်အဖြစ်ဖော်ပြခဲ့သောယင်းဗီဒီယို၌ မြို့တော်ဝန်သည် ဆိုဗီယက်ခေတ်သုံးတင့်ကားတစ်စီးကို ကိုယ်တိုင်မောင်းနှင်ကာ အခွင့်မရဘဲ လမ်းဘေး၌ စည်းမဲ့ကမ်းမဲ့ ရပ်ထားသည့် ကားတစ်စီးအား တက်ကြိတ်ပြခဲ့ပုံကို ဖော်ပြထားသည်။

မြို့တော်ဝန်က ထိုပြကွက်နှင့်ပတ်သက်၍ "တကယ်လို့သင်တို့ဟာကိုယ့်ကားကို ဒီလိုစည်းကမ်းမဲ့ရပ်ထားမယ်ဆိုရင် ဘာဖြစ်မလဲဆိုတာကို ပြလိုက်တာပါ" ဟုပြောသည်။ မြို့တော်ဝန်၏ ယခုကဲ့သို့စတန့်ထွင်သည့် ဗီဒီယိုမှာပေါ်ပြူလာဖြစ်ခဲ့ပြီး ဆွီဒင်ရုပ်သံအစီအစဉ်တစ်ခုက ပညာပေးကြော်ငြာတစ်ခုအဖြစ် ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။ လစ်သူယေးနီးယားမြို့တော် ဗီလ်နီးယပ်စ်တွင် အခွင့် မရှိဘဲ လမ်းပေါ်တွင်ကားရပ်ခြင်းမှာ ပြဿနာကြီးတစ်ခု မဟုတ်သော်လည်း မြို့တော်ဗဟိုလမ်းမကြီးများတွင်မူ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် တားမြစ်ထားသည်။ —*Ref: BBC*






7DAY NEWS JOURNAL
Vol.10, No.21 · AUGUST 11, 2011

# အပြစ်မရှိကြောင်း မူဘာရက် လျှောက်လဲ

**ကိုင်ရို၊ ဩဂုတ် - ၃**


ယခုနှစ် အစောပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် လူထုအုံကြွမှုများအတွင်း ဆန္ဒပြသူများအား သတ်ဖြတ်ခြင်းနှင့်ခြစားခြင်း စွဲချက်များတွင် အပြစ်မရှိကြောင်း အီဂျစ်သမ္မတဟောင်း ဟို့စနီမူဘာရက်က လျှောက်လဲခဲ့ကြောင်း သိရသည်။

"ကျွန်တော့် အပေါ်တင်ထားတဲ့ စွဲချက်တွေကို လုံးဝငြင်းဆိုပါတယ်" ဟုကိုင်ရိုမြို့ ရဲတပ်ဖွဲ့အကယ်ဒမီ၌ ပြုလုပ်ခဲ့သည့် ရုံးတင်စစ်ဆေးမှု၏ပထမဆုံးနေ့တွင် မူဘာရက်ကပြောသည်။

မူဘာရက် (၈၃ နှစ်)၏အမှုကြားနားမှုအား ဩဂုတ်လ ၁၅ ရက်တွင်ပြန်လည်စတင်ရန်တရားသူကြီးအာမက်ရာဖတ်က အမိန့်ချမှတ်ပြီး ၎င်းနှင့်အတူပူးတွဲစစ်ဆေးခံရသူများ၏ကြားနာမှုကိုနောက်တစ်ရက်တွင် ဆက်လက်ကြားနာရန်တရားသူကြီးက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မူဘာရက်နှင့် ၎င်း၏ သားနှစ်ဦးဖြစ်သောအာလာမူဘာရက်နှင့် ဂါမယ်မူဘာရက်၊ ပြည်ထဲရေးဝန်ကြီးဟောင်းဟာဘစ်အယ်လ်အက်ဒလီနှင့် ရဲအရာရှိကြီး ၆ ဦးတို့သည်ခြစားမှု၊ဆန္ဒပြသူများအား သတ်ဖြတ်မှုတို့ဖြင့် အမှုရင်ဆိုင်နေရသည်။ ထင်ရှားသော စီးပွားရေးသမားဖြစ်သူမူဘာရက်၏ လူယုံ ဟူစိန်ဆာလမ်းအား ၎င်း၏ မျက်ကွယ်တွင် အမှုစစ်ဆေးလျက်ရှိသည်။ ဟူစိန်ဆာလမ်းမှာစပိန်နိုင်ငံသို့ ထွက်ပြေးသွားခဲ့ရာ ၎င်းအား နေရပ်သို့ပြန်ပို့ရေး အီဂျစ်နိုင်ငံက တောင်းဆိုထားသည်။





အစိုးရရှေ့နေများက မူဘာရက်အပေါ်တင်ထားသည့်စွဲချက်များတွင် ဆန္ဒပြသူများအား သတ်ဖြတ်ရန် ပြည်ထဲရေးဝန်ကြီးဟောင်းနှင့် ပူးပေါင်းကြံစည်ခြင်း၊ ကျည်ဆန်အစစ်များ သုံးရန်ခွင့်ပြုခဲ့ခြင်း၊ ဆန္ဒပြသူများအား ကားများဖြင့် ဝင်တိုက်ရန်ခွင့်ပြုခြင်း၊ ဆန္ဒပြသူ အများအပြားအသတ်ခံရခြင်းအတွက် တာဝန်ရှိခြင်း၊ စီးပွားရေးသမား ဟူစိန်ဆာလမ်းနှင့် ပူးပေါင်း၍ ၎င်းနှင့် ၎င်း၏ သားများအတွက် အိမ်ကြီးအိမ်ကောင်းများရယူထားခြင်း၊ စီးပွားရေးသမားဆာလမ်းအား ကိုယ်စားပြုစေ၍ Eastern Mediterranean ဓာတ်ငွေ့ကုမ္ပဏီမှ တစ်ဆင့် အစ္စရေးသို့ ဓာတ်ငွေ့များရောင်းချ၍ အကျိုးအမြတ်ရယူခြင်းစသည့် စွဲချက်များ ပါဝင်သည်။

မူဘာရက်အား ၎င်းဆေးကုသမှုခံယူနေရာ ရှမ်အယ်လ်ရှိတ်မှ ကိုင်ရိုမြို့ နိုင်ငံတကာဆေးပညာစင်တာသို့ ရွှေ့ပြောင်းခဲ့သည်။ ယင်းသို့ ခရီးသွားရန် ကြံ့ခိုင်မှုရှိသည်ဟု ယူဆခဲ့ကြပြီး တရားရုံးတွင် ဆေးရုံခုတင်ပေါ်မှနေ၍ စစ်ဆေးမေးမြန်းခံရခြင်းဖြစ်သည်။

မူဘာရက်အား စစ်ဆေးကြားနာမှု မစတင်မီ တရားရုံးအပြင်ဘက်တွင် ၎င်းအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြားခိုက်ရန် ဖြစ်ပွားခဲ့သည်။

ထိုအတောအတွင်း အစ္စရေးနိုင်ငံတွင် ပေါ်ထွက်လာသောသတင်းတစ်ရပ်အရ မူဘာရက်အား နိုင်ငံရေးခိုလှုံခွင့်ပေးရန် အစ္စရေးဝန်ကြီးချုပ် နာတာညာဟုနှင့်၎င်းတို့ကကမ်းလှမ်းခဲ့ကြောင်း၊ သို့သော်ယင်းကမ်းလှမ်းချက်ကို "မိမိသည် မျိုးချစ်တစ်ဦးဖြစ်သည်" ဟုပြောကာမူဘာရက်က ပယ်ချခဲ့ကြောင်း အစ္စရေးလေဘာပါတီဝင်တစ်ဦးဖြစ်သူ ဘင်ဂျမင်ဘင်အီလီဇာက ဟားရက် သတင်းစာအားပြောကြားခဲ့သည်။

*—Ref: UPI*






# ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆီးရီးယားအစိုးရအား ရှုတ်ချ

**ဒမတ်စကတ်၊ ဩဂုတ် - ၃**

ဟားမားမြို့လယ်တွင် ဆီးရီးယားတင့်ကားများ ဝင်ရောက်နေရာယူထားစဉ်မှာပင် ဆန္ဒပြသူများအပေါ် ပြင်းပြင်းထန်ထန်နှိပ်ကွပ်နေခြင်းအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆီးရီးယားအစိုးရအားပြစ်တင်ရှုတ်ချလိုက်ကြောင်း သိရသည်။



ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့များကနိုင်ငံတကာဖိအားများကို ဆန့်ကျင်၍ ဟားမားမြို့တွင် တိုက်ခိုက်မှုများထပ်မံစတင်လိုက်ချိန်မှာပင် လုံခြုံရေးကောင်စီ၏ အရေးယူမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ဟားမားမြို့မှာ အစိုးရအားဖြုတ်ချရန် အဓိကကြိုးပမ်းနေသည့်မြို့ဖြစ်သည်။

သို့သော်လည်း ဆီးရီးယားအပေါ် မည်မျှအထိပြင်းပြင်းထန်ထန်တုံ့ပြန်ရမည်ကို လုံခြုံရေးကောင်စီ၌သဘောမတူနိုင်ဖြစ်နေခဲ့သည်။ လုံခြုံရေးကောင်စီသည် ဩဂုတ်လ ၃ ရက်တွင် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပြီးအရပ်သားများအပေါ် ဆီးရီးယားအာဏာပိုင်များက အင်အားသုံးနေခြင်းနှင့် လူ့အခွင့်အရေး ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်နေမှုများကိုရှုတ်ချလိုက်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ သို့သော်ယင်းကြေညာချက်တွင်နိုင်ငံတကာကအရေးယူနိုင်သော တောင်းဆိုချက် (သို့မဟုတ်) ပိတ်ဆို့တားဆီးမှုများ မပါဝင်ကြောင်း သံတမန်များက ပြောကြားသည်။

အမေရိကန်နှင့် အနောက်နိုင်ငံများက နိုင်ငံတကာ ဥပဒေသက်ရောက်မှုရှိမည့်ဆုံးဖြတ်ချက်ချရန်ကြိုးပမ်းခဲ့ကြသော်လည်း ရုရှားအပါအဝင် အချို့နိုင်ငံများက ကြေညာချက်တစ်ရပ် ထုတ်ပြန်ရန်သာ တိုက်တွန်းခဲ့သည်။

ထိုအတောအတွင်း ဆီးရီးယားနိုင်ငံ၌ ဟားမားမြို့စွန်ဒေသများတွင် သုံးရက်တာ နေရာယူထားခဲ့သည့် သံချပ်ကာ ယာဉ်များသည် မြို့တွင်းသို့ ဝင်ရောက်၍ အက်ဆီရင်ပြင်၌ တပ်စွဲထားကြောင်းနှင့် အနီးတစ်ဝိုက်အဆောက်အအုံများပေါ်တွင်လည်း လက်ဖြောင့်တပ်သားများ နေရာယူထားကြောင်း သိရသည်။

*—Ref: UPI*

# မြောက်ကိုရီးယားသို့ စားနပ်ရိက္ခာ အကူအညီပေးမှု တောင်ကိုရီးယားအဖွဲ့ သွားရောက်စောင့်ကြည့်မည်

**ဆိုးလ်၊ ဩဂုတ် - ၃**

မြောက်ကိုရီးယားနိုင်ငံသို့ပေးအပ်လိုက်သည့် စားနပ်ရိက္ခာအကူအညီများကိုလိုအပ်သည့်ကလေးများထံသို့ဖြန့်ဝေမှုရှိစေရန်နှင့်စစ်ဘက်သို့လွှဲပြောင်းပေးခြင်းမရှိစေရေးစောင့်ကြည့်ရန် အဖွဲ့ဝင်ခြောက်ဦးပါ တောင်ကိုရီးယားအရပ်သားအဖွဲ့တစ်ဖွဲ့မှာ မြောက်ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားသည်ဟု တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ပြန်လည်၍ ရင်ကြားစေ့ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ကိုရီးယားကောင်စီက ၎င်းတို့၏အရာရှိများသည် မြောက်ကိုရီးယား အနောက်တောင်ပိုင်း စထရီဝမ်မြို့နေ့ကလေးထိန်းစင်တာများနှင့် မူကြိုကျောင်းများသို့ သွားရောက် ကြည့်ရှုမည်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းအဖွဲ့က ဂျုံတန်ချိန် ၆၀၀ ကို မြောက်ကိုရီးယားသို့သင်္ဘောဖြင့် နှစ်ကြိမ်ခွဲပို့ခဲ့ပြီးဖြစ်သည်။ ဩဂုတ်လကုန်ပိုင်းအထိ ဂျုံတန်ချိန် ၂၅၀၀ အထိ တင်ပို့ရန်တောင်ကိုရီးယားအဖွဲ့ကရည်မှန်းထားသည်။

“အစားအစာတွေကို ဖြန့်ဖြူးရေးအစီအစဉ် စာရွက်စာတမ်းမှာပါတဲ့အတိုင်းဖြန့်ဝေပေးနေသလားဆိုတာကြည့်ရှုဖို့နေရာအများ အပြားကို အရာရှိတွေသွားရောက်ကြည့်ရှုမှာဖြစ်ပါတယ်”ဟုဆိုးလ်ရှိပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး လီဂျော်ဂျူးကပြောသည်။

ပေးပို့လိုက်သော စားနပ်ရိက္ခာများအားယင်းသို့ခြေရာမခံပါက စစ်ဘက်သို့ အလွယ်တကူလမ်းကြောင်းပြောင်းပေးလိုက်နိုင်သည်ဟု တောင်ကိုရီးယား အရာရှိများကယုံကြည်ကြသည်။

နှစ်နိုင်ငံနယ်စပ်တွင် တင်းမာမှုများရှိခဲ့ပြီးနောက် တောင်ကိုရီးယားသည် ၂၀၀၈ ခုနှစ်မှစ၍ ဆင်းရဲမွဲတေနေသည့် မြောက်ကိုရီးယားနိုင်ငံသို့ နှစ်စဉ်ဆန်တန်ချိန် လေးသိန်းတင်ပို့ခြင်းကို ရပ်ဆိုင်းခဲ့သည်။

*—Ref: AFP*




7DAY NEWS JOURNAL
# International
Vol.10, No.21 • AUGUST 11, 2011

# အာဖဂန်နစ္စတန်တွင် လူ ၃၈ ဦး သေဆုံးခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှု နေတိုးအဖွဲ့ စုံစမ်းစစ်ဆေးမည်

**ကဘူးလ်၊ ဩဂုတ် - ၈**

ဆယ်နှစ်ကြာ အာဖဂန်နစ္စတန် စစ်ပွဲအတွင်း အဖြစ်အပျက်တစ်ခုကြောင့် လူအသေအပျောက် အများဆုံးဖြစ်ခဲ့သော တပ်ဖွဲ့ဝင် ၃၈ ဦးသေဆုံးခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှုတွင် ယင်းရဟတ်ယာဉ်အား တာလီဘန်သူပုန်များက ပစ်ချခဲ့သည်လားဆိုသည်ကို နေတိုးအဖွဲ့က ဆုံးဖြတ်ရန်ကြိုးစားနေသည်။

ရဟတ်ယာဉ်ပျက်ကျပြီး နောက်တစ်ရက်တွင်လည်း အာဖဂန်နစ္စတန်တောင်ပိုင်းနှင့် အရှေ့ပိုင်း၌ သူပုန်များ၏ တိုက်ခိုက်မှုနှစ်ခုကြောင့် နေတိုးတပ်ဖွဲ့ဝင် လေးဦး ထပ်မံသေဆုံးခဲ့သည်။





အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းကာပီဆာဒေသတာဂရက်ချိုင့်ဝှမ်းဒေသတွင် သူပုန်များ၏ တိုက်ခိုက်မှုကြောင့် ပြင်သစ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ပါရီမြို့ အခြေစိုက် ပြင်သစ်သမ္မတရုံးက ပြောကြားသည်။

ဩဂုတ်လ ၅ ရက် ညက ဖြစ်ပေါ်ခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှုတွင် အိုစမာဘင်လာဒင်အား စီးနင်းသတ်ဖြတ်ခဲ့သည့် ကြည်း၊ ရေ၊ လေအထူးတပ်ဖွဲ့(၆)မှ အထူးတပ်ဖွဲ့ဝင်များအပါအဝင် အမေရိကန်တပ်ဖွဲ့ဝင် ၃၀ နှင့် အာဖဂန်တပ်ဖွဲ့ဝင်ခုနစ်ဦး၊ စကားပြန်တစ်ဦး စုစုပေါင်း လူ ၃၈ ဦးသေဆုံးခဲ့သည်။ နိုင်ငံ၏လုံခြုံရေးကို နိုင်ငံခြားတပ်ဖွဲ့များက အာဖဂန်တပ်ဖွဲ့များဆီသို့ လွှဲပြောင်းပေးပြီး ရက်သတ္တပတ်နှစ်ပတ်အကြာတွင် ယခုအဖြစ်အပျက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

စာ(၄၅)သို့

## ဆီးရီးယားနိုင်ငံမှ ဆော်ဒီအာရေးဗီးယား သံအမတ်ကြီးအား ပြန်လည်ခေါ်ယူ

**ဂျက်ဒါ၊ ဩဂုတ် - ၈**

ဆီးရီးယားနိုင်ငံတွင် သွေးထွက်သံယိုမှုများအဆုံးသတ်ရန် ဆော်ဒီအာရေးဗီးယားဘုရင် အဗ္ဗဒူလာက တောင်းဆိုလိုက်ပြီး ဆီးရီးယားနိုင်ငံရှိ ဆော်ဒီအာရေးဗီးယားသံအမတ်ကြီးအား နိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့ကြောင်းသိရသည်။ ယင်းမှာ အာရပ်ကမ္ဘာတွင် ဩဇာအကြီးဆုံးခေါင်းဆောင်တစ်ဦးက အခြားအာရပ်နိုင်ငံတစ်နိုင်ငံ၌ ရှားရှားပါးပါး ကြားဝင်ကိုင်တွယ်မှုဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

စာ(၄၅)သို့

## အာရှစတော့ရှယ်ယာဈေးနှုန်းများ ကျဆင်း


**ဟောင်ကောင်၊ ဩဂုတ် - ၈**



ယခင်ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ အဆင့်နှိမ့်ချခံရပြီးနောက် လွန်ခဲ့သည့်သီတင်းပတ်များကုန်ရက်တွင် ငွေကြေးဈေးကွက်တည်ငြိမ်ရေးအတွက် ထိတ်လန့်တကြား ကြိုးပမ်းမှုများရှိခဲ့သော်လည်း ဩဂုတ်လ ၈ ရက်၌ အာရှစတော့ရှယ်ယာဈေးနှုန်းများ ကျဆင်းလာကြောင်းသိရသည်။

စာ(၄၅)သို့

**Interview**



### အမေရိကန်ကြွေးမြီကန့်သတ်ချက် ဥပဒေအကြောင်း အမေးအဖြေများ

စာ-၄၆

**News Analysis**



### မျက်တောင်ခတ်သူ အရှုံးလား

စာ-၃၆

## လန်ဒန်တွင်ဖြစ်ပေါ်ခဲ့သည့် အဓိကရုဏ်းနှင့်ပတ်သက် ရဲတပ်ဖွဲ့စတင်စစ်ဆေး

**လန်ဒန်၊ ဩဂုတ် - ၈**

ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဒေသခံတစ်ဦးသေဆုံးခဲ့ခြင်းအတွက် လန်ဒန်မြို့တွင် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးအဓိကရုဏ်းဖြစ်ပေါ်ခဲ့ခြင်းအပေါ် လန်ဒန်ရဲတပ်ဖွဲ့က 'အဓိကစုံစမ်းစစ်ဆေးမှု'တစ်ရပ်ကိုစတင်လိုက်ကြောင်းသိရသည်။

လန်ဒန်မြို့မြောက်ဘက် အန်းဖီးလ်ဒေသတွင် အဓိကရုဏ်းများဖြစ်ပေါ်ခဲ့ရာနေရာ၌ လူငယ်များက ရဲကားတစ်စီးကိုဖျက်ဆီးခဲ့ပြီး အဆောက်အအုံမှန်များကိုရိုက်ခွဲခဲ့ခြင်းအတွက် စကော့တလန်ယာ့ဒ်ရဲတပ်ဖွဲ့က ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။

လန်ဒန်မြို့တောင်ဘက် ဘရစ်တန်ဒေသတွင် လူငယ်အဖွဲ့များက ရဲတပ်ဖွဲ့အား ပုလင်းများနှင့်ပစ်ပေါက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ပြောကြားသည်။ လူမှုရေးကွန်ရက်မှနေ၍ အဓိကရုဏ်းများပြုလုပ်ရန်စီစဉ်နေခြင်းကိုလည်း သတင်းများထောက်လှမ်းရရှိထား၍ စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။

မငြိမ်မသက်ဖြစ်နေသော ရပ်ကွက်များတွင် ရဲတပ်ဖွဲ့ဝင်များတိုး၍ ချထားကြောင်း သိရသည်။

စာ(၄၅)သို့









7 DAY NEWS JOURNAL

# အထူးအချပ်ပို

Vol.10, No.21 • AUGUST 11, 2011



ရန်ကုန်မြို့လယ်ရှိ ဝယ်သူမျှော်နေသော အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မိုးရေစက်များအောက်မှ

# မြန်မာ့စီးပွားရေး

**အောင်သူရ၊ ပြည်သိမ်း**

ရန်ကုန် မိုးရာသီ၏ နေ့တစ်နေ့။ ဩဂုတ်လ ၇ ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့လယ်ရှိ အီလက်ထရွန်နစ်အရောင်းဆိုင်တစ်ဆိုင်၏ အရောင်းခန်းမမှာ တိတ်ဆိတ်၍ ရှင်းလင်းနေသည်။ ဆိုင်အတွင်းပိုင်း၌အရောင်းဝန်ထမ်း၇ဦးက အေးဆေးစွာ တီဗီကြည့်နေကြသည်။ သူတို့၏ ဘေးတွင် နေကြာစေ့နှင့် အာလူးကြော်အိတ်အခွံအချို့ကို တွေ့ရသည်။ ဆိုင်တာဝန်ခံမန်နေဂျာက ကောင်တာ၌ထိုင်ကာ ဖုန်းပြောနေသည်။

ထိုအခိုက်အသက်၄၀ကျော် အမျိုးသမီးနှစ်ဦးသည် ဆိုင်အတွင်းသို့ဝင်လာသည်။ ဝန်ထမ်းများက ကြည့်နေသော တီဗီကိုပိတ်ကာ ချိုသာစွာ နှုတ်ဆက်လိုက်ကြသည်။ ထို့နောက်ဈေးဝယ်သူဝယ်ချင်သော အဝတ်လျှော်စက်မျိုးစုံအား ဆိုင်တာဝန်ခံက စိတ်ရှည်လက်ရှည်ရှင်းပြသည်။

ကြိုက်နှစ်သက်သောပစ္စည်းတွေရှိပါကသတ်မှတ်ထားသောဈေးထက် ထပ်လျှော့မည်ဟု ဆိုင်တာဝန်ခံကဆိုသည်။ သို့သော် ထိုအမျိုးသမီးနှစ်ဦးမှာပြသသည်များကို ကြည့်ရှုပြီးနောက် ဘာပစ္စည်းမှ မဝယ်ဘဲ ပြန်ထွက်သွားတော့သည်။

“ငွေပေါ်အောင် အရှုံးခံပြီး လျှော့ရောင်းတာတောင်ဝယ်မယ့်သူမရှိဘူး။ ဒီနေ့ဆိုင်ဈေးဦးတောင်မပေါက်သေးဘူး”ဟု မဟာဗန္ဓုလပန်းခြံလမ်းရှိလျှပ်စစ်ပစ္စည်းရောင်းချသော ဆိုင်မှ တာဝန်ခံက ပွင့်ပွင့်လင်းလင်းပြောသည်။

ယခင်က တစ်နေ့လျှင် အနည်းဆုံး လျှပ်စစ်ပစ္စည်း ၈ လုံးခန့်ရောင်းချရသော လျှပ်စစ်ပစ္စည်းဆိုင်မှာ ယခုနှစ်ဇွန်လဆန်းမှစ၍ တစ်နေ့လေးလုံးပင် မရောင်းချနိုင်ဖြစ်နေလေသည်။

လျှပ်စစ်ပစ္စည်းဆိုင်များနည်းတူ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချသော ဈေးဝယ်စင်တာကြီးများရှိ ဆိုင်ခန်းများမှာလည်း ဝယ်ယူသူ အလွန်နည်းပါးနေသည်။

“ငွေရှင်းကောင်တာတစ်ခုပိတ်ထားတာ ၂ ပတ်ရှိပြီ။ ပိတ်ရက်လည်းလူမရှိဘူး၊ ရုံးဖွင့်ရက်လည်း လူမရှိဘူး”ဟု အေးရှားလိုက်ဈေးဝယ်စင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့နည်းတူ နယ်မြို့ကြီးများရှိ ရွှေဆိုင်များနှင့် စတိုးဆိုင်များတွင်လည်း ဝယ်သူမရှိသလောက်အရောင်းအဝယ်အေးနေပြီး ရွှေပြန်ရောင်းချသူများသာရှိသည်ဟု စုံစမ်းသိရသည်။

“ငွေတန်ဖိုးကျတော့ပို့ကုန်မပို့နိုင်၊ ထုတ်ကုန်လည်းမလုပ်နိုင်၊ အလုပ်သမားတွေအတွက်ဝင်ငွေမကောင်းတော့ဘူး။ လစာတွေတိုးပေးချင်ပေမယ့် မပေးနိုင်ဘူး။ အဲဒီတော့ သုံးစွဲနိုင်မှုကျတယ်။ ဝယ်လိုအားကျသွားတာပေါ့”ဟု ကုန်သည်စက်မှုအသင်းချုပ်မှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းကဲ့သို့ပင် ဒေါ်လာဈေးကျသည့်အတွက် ပြည်တွင်းအလုပ်အကိုင်အတွက် အလုပ်သမားခေါ်ယူမှုမှာလည်း အနည်းငယ်လျော့လာသည်။

“လုပ်ငန်းကြီးတွေက ခေါ်သင့်သလောက် မခေါ်ကြဘူး”ဟုပြည်တွင်းအလုပ်အကိုင်အေဂျင်စီတစ်ခုမှ တာဝန်ရှိသူကဆိုသည်။

ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့် နှုန်းထားများသိသိသာသာကျဆင်းလာသဖြင့် အမေရိကန်ဒေါ်လာဖြင့် ရင်းနှီးလုပ်ကိုင်ထားသူများမှာ အလိုလိုအရှုံးပြခဲ့ကြသည်။

ဒေါ်လာဈေးကျသဖြင့် အများနှင့်သက်ဆိုင်သော ဆန်၊ ပဲမျိုးစုံနှင့် ငါးများတင်ပို့မှု ကျဆင်းခဲ့ပြီး လုပ်ငန်းရှင်များနှင့် တောင်သူများပါ အထိနာခဲ့ကြသည်မှာ သုံးလကျော်ကြာခဲ့ပါပြီ။

အကျိုးဆက်ရလဒ်များအနေဖြင့်ပြည်တွင်းဝယ်လိုအားကျဆင်းလာသဖြင့် ပြည်တွင်းရှိကုန်ထုတ်လုပ်ငန်းများမှာ လုပ်ငန်းရပ်ရန်စဉ်းစားလာကြပြီး အသုံးစရိတ်လျှော့ချလာကြသည်။ အထူးသဖြင့် လူသုံးကုန်ပစ္စည်းများတွင် ပိုသက်ရောက်မှုများသည်။ ယခင်က အပတ်စဉ် ကြော်ငြာထည့်သော လူသုံးကုန်ပစ္စည်းများမှာ နှစ်ပတ်တစ်ခါသာ ထည့်လာကြသည်။

“အရမ်းကြီးတော့ လျော့ကျမသွားဘူး။ စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းကြော်ငြာတွေတော့ လျော့ကျသွားတာရှိတယ်”ဟု Mango ကြော်ငြာအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် အခြားဝင်ငွေကောင်းသော လုပ်ငန်းများဖြစ်သည့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်သူများနှင့်ဒေါ်လာနှင့် အက်ဖ်အီးစီရသောဝန်ထမ်းများ၏ မိသားဝင်ငွေများလည်း ငွေတန်ဖိုးကျဆင်းခြင်းနှင့် အတူဝင်ငွေအလိုလိုကျဆင်းလာခဲ့သဖြင့် သုံးစွဲနိုင်မှုလျော့ကျလာခဲ့ကြသည်။

ထိုကဲ့သို့ဒေါ်လာတန်ဖိုးကျဆင်းလာသဖြင့် ခရီးသွားလုပ်ငန်းတွင် ဟိုတယ်များအခန်းခဈေးနှုန်းများတက်လာခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များတက်လာခြင်းကြောင့် ခရီးစဉ်များ ရောင်းချရန်ခက်ခဲလာကြသည်ဟုခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

“မနှစ်ကဒေါ်လာ တစ်ထောင်လောက်နဲ့ရောင်းတဲ့ ခရီးစဉ်တစ်ခု၊ ဒီနှစ် ဒေါ်လာ ၁,၄၀၀ လောက်အထိဈေးတက်လာတယ်။ အဲဒီတော့ ဈေးကြီးလို့မဝယ်ကြတော့ဘူး။ နောက်ပြီး တစ်ဒေါ်လာ၈၀၀ကျပ်တွက်ရောင်းထားတဲ့ ခရီးစဉ်တွေလည်းရှုံးနေပြီ” ဟု ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

ထို့ကြောင့် ရှေ့ဆက်ခရီးစဉ်များရောင်းချရန်နှင့် ပြည်ပခရီးစဉ်များအတွက် တွက်ချက်ရောင်းချရန် ခက်ခဲလာကြသဖြင့် မည်သို့ဆက်လုပ်ရမည်ကိုမသိဖြစ်နေကြသည်ဟု ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများက ပြောသည်။

ထိုအခြေအနေမျိုးနှင့် ကြုံတွေ့နေချိန် ရာသီဥတုဖောက်ပြန်မှုများကလည်း ဘူးလေးရာဖရုံဆင့်သလိုဖြစ်နေလေသည်။

ပဲနှင့် စပါးများပေါ်ချိန်တွင် မိုးရွာသွန်းခဲ့သဖြင့် ပဲနှင့်စပါး အရည်အသွေးကျသွားသဖြင့် တစ်တင်းလျှင် လေးသောင်းကျပ်ခန့်ရှိ ပဲတီစိမ်းမှာ ယခုအခါ နှစ်သောင်းကျပ်ဝန်းကျင်သာ ဈေးရှိသဖြင့် လက်ဝယ်ရှိကုန်သည်နှင့် တောင်သူများ ၅၀ ရာခိုင်နှုန်းခန့် အရှုံးပေါ်နေသည်။ အသစ်တက်လာသော အစိုးရက ပို့ကုန်အခွန်အား သုံးရာခိုင်နှုန်းလျှော့ပေးခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်း ကျဆင်းလာရာမှ ဖြစ်ပေါ်သော အကျိုးဆက်မှာပို့ကုန်လုပ်ငန်းအပြင် သွင်းကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် အခြားသော ဆက်စပ်သည့်လုပ်ငန်းများထိခိုက်လာပြီး လုပ်ငန်းအားလုံး နောက်ပြန်ဆွဲသည့်အခြေအနေဖြစ်လာနေပြီဟု လုပ်ငန်းရှင်ကြီးများကပြောသည်။

**အချပ်ပို(B)သို့**



7 DAY NEWS JOURNAL
Vol.10, No.21 · AUGUST 11, 2011

## ပြောင်းဖူးစေ့ ပြည်ပတင်ပို့မှု ရပ်ဆိုင်းလုနီး

ပြည်သိမ်း

ရန်ကုန်၊ ဩဂုတ်-၄

ဈေးနှုန်း မလျှော့ချနိုင်သောကြောင့်ပြည်ပဈေးကွက်သို့ပြောင်းဖူးစေ့ တင်ပို့မှုရပ်ဆိုင်းလုနီးပါးဖြစ်နေကြောင်း ပြည်ပသို့ ပြောင်းတင်ပို့သောလုပ်ငန်းရှင်များကပြော သည်။

ပြည်ပဈေးကွက်၌ပြောင်းဖူးစေ့ဈေးကျဆင်းလာသဖြင့်ပြောင်းတင်ပို့သူများမှာ ပို့ကုန်ရငွေ (Export Earning)တန်ဖိုးကျဆင်းနေခြင်း၊ ငွေလဲနှုန်းမတည်ငြိမ်ခြင်းတို့ကြောင့် ဈေးနှုန်းကိုလျှော့ချမပေးနိုင်ကြပေ။ ပြည်ပဈေးကွက်တွင်ပြောင်းဈေးမှာတစ်တန်လျှင် ကန်ဒေါ်လာ ၃၀ မှ ၅၀ ကြားကျဆင်းလာသည်။ ယခင်တစ်တန်လျှင် ဆိပ်ကမ်းအရောက်ဈေး (FOB) ဒေါ်လာ ၃၀၀ ကျော်သော်လည်း ယခုအခါ တစ်တန်လျှင် ဒေါ်လာ ၂၇၀ ဝန်းကျင်သာဈေးရကြောင်း လုပ်ငန်းရှင်များကဆိုသည်။

"ဝယ်သူက ဒီဈေးပဲပေးပေမယ့် ကိုယ်ကမပို့နိုင်တော့ ဈေးကွက်ပျောက်သွားရတာပေါ့။ ပြည်တွင်းဈေးကို လျှော့ဝယ်ပေမယ့်လည်း ငွေလဲနှုန်းနဲ့က ဘယ်လိုမှ လုပ်ဖို့ မလွယ်ဘူး" ဟု ပြည်ပသို့ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြည်တွင်းငွေလဲလှယ်ရေးဈေးကွက်တွင် ပြည်ပပို့ကုန်ရငွေတန်ဖိုးမှာ တစ်ယူနစ်လျှင် ၈၀၀ ကျပ်ဝန်းကျင်သာရှိသည်။

ပို့ကုန်သမားများ၏ အဆိုအရ ပို့ကုန်ရငွေ တန်ဖိုးတစ်ယူနစ်လျှင် ၉၀၀ ကျပ်ဝန်းကျင်ရှိမှသာလျှင်လုပ်သာကိုင်သာရှိသည်။

"ပြောင်းဈေးက တစ်အိတ်ကို ၂,၀၀၀ ကျပ်လောက်ကျတယ်။ အရောင်းအဝယ်လည်း အရမ်းကိုနည်းတယ်"ဟုဘုရင့်နောင်မှပြောင်းကုန်သည်တစ်ဦးကဆိုသည်။

ပြောင်းဈေးကျသည့်အတွက် ပြည်တွင်း ကုန်သည်များနှင့်လှောင်သူများတွင် ယခင်ပြောင်းလက်ကျန်များရှိနေသေးသည်။ ဇလွန်၊ ဟင်္သာတ၊ ရှမ်းပြည်နယ်ဘက်မှ ပြောင်းတို့ ကျန်နေသေးသည်။ နယ်စပ်ကုန်သွယ်ရေးတွင်လည်း ယွမ်ငွေတန်ဖိုး ကျဆင်းနေသည့်အတွက် တင်ပို့နိုင်မှုများလျော့နည်းနေခြင်းလည်း ပါဝင်သည်။

ပြည်တွင်းဈေးကွက်၌ ပြောင်းဈေးမှာ ၅၄ ပိဿာတစ်အိတ်လျှင် ကျပ် ၂,၀၀၀ ဝန်းကျင်ဈေးကျလာသည်။ ပြည်ပပို့ကုန်ရငွေတန်ဖိုးမကျဆင်းခင်က ၅၄ ပိဿာတစ်အိတ်လျှင် ကျပ် ၁၈,၀၀၀ ဝန်းကျင်ရှိသော်လည်း ယခုအချိန်တွင် ၁၆,၀၀၀ ကျပ်ထိ ဈေးကျလာခြင်းဖြစ်သည်။ ဟင်္သာတပြောင်းများမှာ တစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း ဘုရင့်နောင်ဈေးကွက်မှစုံစမ်းသိရသည်။




## စပါးဈေးတိုးဝယ်ရန် ဆန်စပါးအသင်းနှင့် ပြည်ခိုင်ဖြိုးပါတီ ဆွေးနွေးသဘောတူ

အောင်သူရ

ရန်ကုန်၊ ဩဂုတ် - ၅

တောင်သူလယ်သမားများ မနစ်နာစေရန်အတွက် စပါးဈေးတိုးပေး၍ ဝယ်ယူရန် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့်ပြည်ခိုင်ဖြိုး ပါတီတို့၏ တွေ့ဆုံပွဲတွင် သဘောတူညီချက်ရရှိခဲ့ကြောင်း ပြည်ခိုင်ဖြိုးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကပြောသည်။

ဒေါ်လာဈေးကျဆင်းခြင်းကြောင့် တောင်သူများနှင့် လုပ်ငန်းရှင်များမထိခိုက်စေရန်မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် ပြည်ခိုင်ဖြိုးပါတီတို့သည် ဩဂုတ်လ ၅ရက်က ကုန်သည်/စက်မှုအသင်းချုပ်ရှိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းရုံး၌ ၂နာရီခန့်ကြာ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့သည်။ ထို့အပြင် ပို့ကုန်ရငွေပေါ်မှ အခွန်ကောက်ခံမှုကို ထပ်မံလျှော့ချပေးရန်ရှိကြောင်းလည်း သတင်းရရှိသည်။

ထိုင်းနိုင်ငံ ရွေးကောက်ပွဲတွင် ပြူထိုင်းပါတီ၏ ဆန်တစ်တန်အနိမ့်ဆုံး ဘတ် ၁၅,၀၀၀ (ဒေါ် ၅၀၀)ဖြင့် ပေးဝယ်မည့် ပေါ်လစီနှင့် လက်ရှိကြုံတွေ့နေသော ရာသီဥတုဖောက်ပြန်နေသည့် အခြေအနေကြောင့် ပြည်တွင်းစပါးဈေး တက်လာစရာ အကြောင်းရှိကြောင်း ပဲခူးတိုင်းဒေသကြီး(အနောက်ဘက်)ရှိအထူးပြုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် မကြာသေးမီက ကမ္ဘာ့ဆန်ဈေးကွက်တွင်မြန်မာ့ ၂၅ မှတ်ဆန်မှာ ဈေးတက်လာပြီး တစ်တန်လျှင် ဒေါ်လာ ၄၁၀ ဝန်းကျင်ထိရောင်းချလာရကြောင်း အဆိုပါအထူးပြုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် ထိုအခြေအနေနှင့် တိုက်ဆိုင်စွာ ဆန်တစ်အိတ်သယ်ယူခမှာလည်း တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ဈေးတက်လာခြင်း၊ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်သည့်နှုန်းထားများ ကျဆင်းလာခြင်းကြောင့် ဆန်စပါးဈေးများ သိသိသာသာတက်လာခြင်းမရှိခဲ့ပေ။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ၂၅မှတ်ဆန် တစ်အိတ်လျှင် ၁၄,၀၀၀ကျပ်ဝန်းကျင်ဖြင့် ရန်ကုန်ဈေးကွက်၌ အရောင်းအဝယ် ဖြစ်နေကြောင်းသတင်းရရှိသည်။

ပြည်ခိုင်ဖြိုးပါတီနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းတို့ တွေ့ဆုံဆွေးနွေးမှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ထို့အပြင် ထုတ်လုပ်မှုမြင့်မားတိုးတက်ရန် သဘောတူညီခဲ့ကြောင်း ပါတီအထွေထွေအတွင်း ရေးမှူး ဦးဌေးဦးကပြောသည်။

အချပ်ပို-A၊ မိုးရေစက်များအောက်မှ မြန်မာ့စီးပွားရေး မှ

ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီအချို့ဝန်ထမ်းအင်အား လျှော့ချရန်စီစဉ်လာခြင်းနှင့် ရေချိုငါးမွေးမြူထုတ်လုပ်သူအချို့မှာ အရှုံးပေါ်ပြီး အကြွေးပြန်မဆပ်နိုင်၍ ငါးမွေးကန်များ အသိမ်းခံရသည့်ဖြစ်ရပ်များက သက်သေပြနေသလိုဖြစ်နေသည်။

ယနေ့စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ စီးပွားရေးပညာရှင်တစ်ဦးကလည်း အောက်ပါအတိုင်း သုံးသပ်အကြံပြုသည်။

"ဒေါ်လာဈေးကျတာကို အစိုးရကလည်း ဆောင်ရွက်နေတယ်။ လက်ရှိ အနေအထားကို သုံးသပ်ရမယ်ဆိုရင် ဒေါ်လာဈေးကျတာက နိုင်ငံတကာမှာဖြစ်နေတာ။ အမေရိကန်ဒေါ်လာကြောင့် ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်စသဖြင့် အားလုံးပြဿနာတွေနဲ့ ကြုံတွေ့နေရတာပဲ။ ကိုယ့်တစ်နိုင်ငံတည်း တက်အောင်ချွန်လုပ်ဖို့ကစဉ်းစားဖို့လိုတယ်။ စီးပွားရေးသမားကတော့ နဲ့သမားလိုပဲ။ ပိန်လိုက်ဖောင်းလိုက်နဲ့ပဲ။ သူတို့အတွက် ကောင်းနေရင်တော့ဘာအသံမှမထွက်ဘူး။ သူတို့ဘက်ကရှုံးပြီဆိုရင်တော့စွတ်အော်နေတာပဲ"ဟု စီးပွားရေးပညာရှင် ပါမောက္ခ ဦးမော်သန်းကသုံးသပ်သည်။

ပညာရှင်က မြန်မြန်သွက်သွက်ဆောင်ရွက်ရန် အကြံပြုနေချိန်တွင် ရာသီဥတုမှာ မိုးနှင့်အတူ အေးနေလေသည်။ မိုးကောင်း၍ လယ်ကွင်းနှင့် မြစ်ချောင်းများ ရေလျှံနေသော်လည်း လူတွေ ရေမလျှံနိုင်သည်မှာ ကြာခဲ့ပါပြီ။

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011



"ငါးမွေးကန်ကေမျာ်းလေ၊ငါးမြစ်ချင်းများလေ၊အရှုံးများလေပဲ။ များများမွေးထားတဲ့သူက များများရှုံးနေတာပေ့ါ။ အရင်ကတော့ ငါးမြစ်ချင်းက အခိုင်မာဆုံး သစ္စာအရှိဆုံးပဲ" တွံတေးမြို့နယ်မှ ငါးမွေးကန်ပိုင်ရှင်တစ်ဦးက ရေချိုငါးဖြစ်သော ငါးမြစ်ချင်းမွေးမြူ သူများ အရှုံးပေါ်နေပုံကို ဖွင့်ဟပြောကြားသည်။

ငါးမြစ်ချင်းငါးမွေးမြူသူများမှာပြည်ပဝယ်လိုအား ကျဆင်းမှုနှင့် ဒေါ်လာတန်ဖိုးကျဆင်းမှုစသောအကြောင်းများကြောင့် ဈေးနှုန်းများပြုတ်ကျကာ အရှုံးပေါ်သည်။ ထိုအခြေအနေကို ၂၀၁၀ နှစ်ကုန်ပိုင်းမှ စတင်ကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး၊ ဆုံးရှုံးမှုအများဆုံးကာလများမှာ ဒေါ်လာတန်ဖိုးအကျဆုံးကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများဖြစ်ကြသည်။

# ငါးမွေးမြူသူများ၏ အခက်ခဲဆုံးအချိန်



**ငါးမြစ်ချင်းငါးများကို လုပ်သားများက ငါးမွေးကန်မှ ဖမ်းယူ၍နေစဉ်**

**အားမာန်**

ငါးသားပေါက်မှ ဈေးကွက်ရောင်းချသည်အထိ တစ်နှစ်တာကာလအတွင်း ငါးမြစ်ချင်းတစ်ပိဿာ ကုန်ကျစရိတ်မှာ ပျမ်းမျှ ၁,၉၀၀ ကျပ်ဝန်းကျင် ရှိသော်လည်း လက်ရှိ ကန်ဖော်ဈေးနှုန်းမှာ တစ်ပိဿာ ၁,၄၀၀ ကျပ်ဝန်းကျင်သာရှိသည်။ ထို့ကြောင့် တစ်ပိဿာရောင်းတိုင်း ၅၀၀ ကျပ်ဝန်းကျင်အတွင်း အရှုံးပေါ်နေသည်။

"ငါးမွေးမြူရေးက စိုက်ပျိုးရေးနဲ့ မတူဘူး။ စိုက်ပျိုးရေးက ရိတ်သိမ်းပြီး အကြာကြီးသိုလှောင်ရလည်း စရိတ်မတက်ဘူး။ မွေးမြူရေးကတော့ ဈေးမကောင်းလို့ လှောင်ချင်ရင်တောင်နေ့စဉ်ကျွေးရတာ။ ဒါကြောင့် မရောင်းဘဲမွေးထားလေ ရှုံးချက်နာလေပဲ။ အဲဒါကြောင့် ငါးမွေးတောင်သူတွေ အခု ခံစားနေရတာ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ရေချိုငါးမွေးမြူကန်ဧကနှစ်သိန်းတစ်သောင်းကျော်ရှိပြီး ငါးမွေးတောင်သူ နှစ်သောင်းဝန်းကျင်ရှိသည်။ ရေချိုငါးမွေးမြူမှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမှာ ငါးမြစ်ချင်းငါးကို မွေးမြူထားခြင်းဖြစ်သည်။ ငါးကြင်းဖြူကို ဆယ်ရာခိုင်နှုန်းခန့် မွေးမြူပြီး ငါးတန်၊ ငါးသိုင်းခေါင်းပွ၊ ရေချိုငါးမုတ်၊ ရွှေဝါငါး၊ တီးလားပီးယားတို့ကို အနည်းငယ်စီမွေးမြူသည်။

ငါးမွေးကန်တစ်ကန်မှ ပျမ်းမျှတစ်ဧကလျှင် တစ်နှစ် ပိဿာချိန် ၁,၃၀၀ ခန့်ထွက်၍ တစ်နိုင်ငံလုံးမှ တစ်နှစ်တန်ချိန် ၄ ဒသမ ၅ သိန်းဝန်းကျင်ထွက်သည်။ ပြည်ပသို့ တန်ချိန်တစ်သိန်းနီးပါးတင်ပို့၍ တန်ချိန် ၃ ဒသမ ၅ သိန်းကို ပြည်တွင်း၌ စားသုံးကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်သောစာရင်းဇယားများတွင်ဖော်ပြထားသည်။ ငါးမြစ်ချင်းငါး ပြည်ပတင်ပို့မှုမှာ ကမ္ဘာတွင် အများဆုံးဖြစ်သည်။ သို့သော် အခြားနိုင်ငံများမှာ မွေးမြူရေးကာလကြာရှည်ပြီး ဈေးမရသောကြောင့် ငါးမြစ်ချင်းငါးကို အားထည့်၍မမွေးမြူကြပေ။

ရေချိုငါးမွေးမြူမှုမှာ ၁၉၉၇ နှင့် ၂၀၁၀ ခုနှစ်အတွင်း အဖွံ့ဖြိုးဆုံးဟုဆိုသည်။ ယနေ့ကာလကဲ့သို့ ငါးမြစ်ချင်းငါးမွေးမြူသူများ ဆုံးရှုံးမှုမများမီ ၂၀၀၉ ခုနှစ်၌ ငါးမွေးမည့်သူအများစု အကျိုးအမြတ်များခဲ့သည်။ ငါးအစာဈေးနှုန်းကျဆင်းခြင်း၊ ကုန်ကြမ်းပေါများခြင်းတို့ကြောင့်ထုတ်လုပ်မှုစရိတ်သက်သာခဲ့သော်လည်း ရောင်းချသည့်အချိန်တွင် ဈေးကောင်းရခဲ့၍ဖြစ်သည်။ ထို့ကြောင့် ၂၀၁၀ တွင် ငါးများကို တိုး၍မွေးမြူခဲ့ကြပြီး ငါးမွေးမြူသူများခြင်းကြောင့် အစာဝယ်လိုအားမြင့်ကာ အစာဈေးနှုန်းတက်လာကာ ထုတ်လုပ်မှုစရိတ်များခဲ့သည်။

၂၀၁၀ စက်တင်ဘာတွင် ပြည်ပဝယ်လိုအားကျဆင်းပြီး ဒေါ်လာဈေးနှုန်းများပါ ကျဆင်းခဲ့၍ ငါးဈေးနှုန်းများ ဆက်တိုက်ကျခဲ့သည်။ ထိုအခြေအနေမှာ ဆက်လက်ကြုံတွေ့နေပြီး ၂၀၁၁ မေလတွင် ဒေါ်လာတစ်ယူနစ်လျှင် မြန်မာကျပ်ငွေ ၇၅၀ အထိ စံချိန်တင်ကျဆင်းခဲ့၍ ငါးမွေးသူများ ပိုမိုဆုံးရှုံးခဲ့သည်။ ဒေါ်လာတန်ဖိုး ပြန်အတက်ကိုမျှော်ကာ ငါးကန်မဖော်ဘဲစောင့်ဆိုင်းနေသူများမှာ အထက်ပါအတိုင်း စရိတ်များတက်လာကာ အထိပိုနာကြကုန်သည်။

ထိုအခြေအနေများကြောင့် ပုဂ္ဂလိကမှ ချေးငွေရယူ၍ ငါးမွေးမြူသူအချို့မှာအရှုံးများပြီး အကြွေးပြန်မဆပ်နိုင်သောကြောင့် ငါးကန်နှင့် နေအိမ်ကို အကြွေးရှင်သို့ ထိုးအပ်လိုက်ရသူအချို့ပင် ရှိလာသည်။ ယခုအတိုင်းသာ ဖြစ်နေပါက ထိုဖြစ်စဉ်မှာ ပိုမိုဆိုးလာနိုင်ကြောင်းလည်း ဦးဝင်းကြိုင်က ရှင်းပြသည်။

ဒေါ်လာဈေးကို မမျှော်လင့်တော့ဘဲ အရှုံးခံ၍ ငါးကန်ဖော်ရောင်းချသူများလာခြင်းကြောင့် ယခုရက်ပိုင်းအတွင်း ပြည်တွင်းဈေးကွက်၌ ငါးမြစ်ချင်းများ အလျှံပယ်ဝင်ရောက်နေသည်။ ထိုအခြေအနေများကြောင့် ငါးမွေးမြူမှုအင်နှင့်အားနှင့် လုပ်ကိုင်သောကုမ္ပဏီကြီးအချို့မှာ အခြားလုပ်ငန်းများသို့ ကူးပြောင်းရန် စီမံနေကြပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငါး လုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးပြောသည်။ ယခုနှစ်၌ ဆုံးရှုံးမှုများနေသော ငါးမွေးတောင်သူများမှာ လာမည့်နှစ်တွင် မွေးမြူမှုလျော့နည်းသွားတော့မည်ဖြစ်သည်။ ငါးမွေးတောင်သူများမှာ တစ်ကြိမ်ရှုံးပြီးပါက ထိုအရှုံးကိုဖာထေးမိပြီး ပုံမှန်ပြန်ဖြစ်ရန် သုံးနှစ်ခန့်အချိန်ယူရကြောင်းလည်း မွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။

"ဒီအတိုင်းသာ ရှုံးနေရင် ရှေ့နှစ်မှာ ငါးမွေးသူ ရာနှုန်းပြည့် မဟုတ်တောင် ၃၀ ရာခိုင်နှုန်းလောက်တော့ရပ်သွားမှာ"ဟု တွံတေးမြို့နယ်မှ ငါးမွေးတောင်သူတစ်ဦးကပြောသည်။

"ငါးမွေးမြူသူတွေ စိုးရိမ်နေတာ တစ်ခုရှိတယ်။ အဲဒါက အခုရှုံးပြီး ထပ်မွေးရင် ရှုံးဦးမှာလားဆိုတာကိုပဲ"ဟု ငါးမွေးမြူသူတစ်ဦးကပြောသည်။

"လက်ရှိအခြေအနေကတော်တော်လေး ချည့်နဲ့သွားလို့ ဒီကဏ္ဍပြိုလဲသွားမှာစိုးရိမ်တယ်" ဟု ဦးဝင်းကြိုင်ကလည်း သူ၏ပူပန်မှုကိုပြောသည်။

ရေချိုငါးမွေးမြူသူများက ၎င်းတို့၏လုပ်ငန်းမှာ ပုစွန်မွေးမြူသူများကဲ့သို့ မလုပ်ကိုင်နိုင်တော့၍ ရပ်သွားရမည်ကို စိုးရိမ်နေသည်။ ပုစွန်ကျားမွေးမြူမှုမှာ ထုတ်လုပ်မှုစရိတ်မြင့်မားသည့်အတွက် နာဂစ်မုန်တိုင်းနှင့် ကမ္ဘာ့စီးပွားပျက်ကပ်တို့အပြီးတွင် လုပ်ကိုင်သူများ အရှုံးပေါ်၍ ရာနှုန်းပြည့်နီးပါး ရပ်နားထားရသည်။ အခြားနိုင်ငံများနှင့် ဈေးလျှော့၍ ယှဉ်ပြိုင်မရောင်းချနိုင်ခြင်း၊ ပုစွန်ကန်များ၌ ရောဂါကျရောက်ခဲ့၍ဖြစ်သည်။

ဒေါ်လာတန်ဖိုးကျဆင်းခြင်း၏ဂယက်ကို အဆိုးရွားဆုံး ထိခိုက်ခံစားနေရသည်မှာ ရေချိုငါးမွေးမြူရေးလုပ်ငန်းနှင့် ကဏန်းပျော့မွေးမြူခြင်းတွင်သာဖြစ်ပြီး ရေငန်ငါးဖမ်းလုပ်ငန်းနှင့်အခြားရေထွက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းအပေါ်တွင် များစွာသက်ရောက်မှုမရှိဟု ဆိုသည်။

ငါးမွေးတောင်သူများ ဆုံးရှုံးမှုများနေသည့်အခြေအနေကို လွှတ်မြောက်ရန် ဒေါ်လာဈေးနှုန်းမှာ ငါးမွေးမြူသူနှင့် ထုတ်လုပ်သူများအားလုံး လုပ်ကိုင်နိုင်သောဈေးနှုန်းဖြစ်ရန်၊ ဘဏ်တိုးနှုန်းလျှော့ချရန်၊ ပို့ကုန်အခွန်ကောက်ခံမှုကိုပယ်ဖျက်ခြင်း (သို့မဟုတ်) လက်ရှိကောက်ခံနေသော ၇ ရာခိုင်နှုန်းမှ များစွာလျှော့ချပေးရန် လိုကြောင်း ဦးဝင်းကြိုင်ကပြောသည်။

ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့်ဖြစ်ပေါ်လာသော အခက်အခဲများကို အစိုးရမှ ဝင်ရောက်ကူညီဖြေရှင်းပေးရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်းလည်း ဦးဝင်းကြိုင်က ဆက်လက်ပြောသည်။

ကိုယ်တိုင်ငါးမွေးမြူသူများအနေဖြင့်လည်း ငါးမြစ်ချင်းငါးတစ်မျိုးသာအဓိကထုတ်လုပ်နေခြင်းမှ ပြည်ပနိုင်ငံများ အထူးသဖြင့်စီးပွားရေးအင်အားကြီးတရုတ်နိုင်ငံဈေးကွက်အကြိုက်ငါးများကို တိုးချဲ့မွေးမြူရန်လိုသည်။ ထို့အပြင် ဆုံးရှုံးမှုနည်းရန် မွေးမြူရေးနည်းစနစ်များ ပြုပြင်ပြောင်းလဲရန်နှင့် ပြည်ပဈေးကွက်ကိုသာမက ပြည်တွင်းဈေးကွက်ကိုပါ ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် ကြိုးပမ်းသင့်ကြောင်းလည်း ငါးမွေးမြူရေးလုပ်ငန်း ကျွမ်းကျင်သူများက ပြောသည်။

ဒေါ်လာနှင့်ပို့ကုန်တန်ဖိုးကျဆင်းမှုကြောင့် အထိနာသောလုပ်ငန်းမှာ ရေချိုငါးမွေးမြူရေးသာမက အခြားသော ပို့ကုန်အများစု၌လည်း ကြုံတွေ့နေရသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်အများစု မျှော်လင့်နေသည်မှာ အစိုးရ၏ စီးပွားရေးနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲမှုများနှင့် ဖေးကူမှုများသာဖြစ်သည်။

## တစ်လအတွင်း မှတ်ပုံတင်တစ်သောင်းကျော် ထုတ်ပေး

NLA၊ KTH

**ရန်ကုန်၊ ဩဂုတ် - ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းစီမံချက်ဖြင့် နိုင်ငံခြားစိစစ်ရေးကတ်ပြားထုတ်ပေးမှုဆောင်ရွက်ခဲ့ရာတစ်လတာကာလအတွင်း လူဦးရေတစ်သောင်းခွဲနီးပါးခန့်အား မှတ်ပုံတင်ထုတ်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်၊ မြို့နယ်ခွဲ ၁ မြို့နယ်တို့တွင် ယင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုကြောင့် ကုန်ကျငွေခြောက်ကျပ်ဖြင့် လူဦးရေ ၁၄,၇၂၄ ဦးအား ထုတ်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောကြားသည်။

"ဒီစာရင်းက တကယ့်အတိအကျပါပဲ။ ဒီလိုလုပ်ပေးလိုက်လို့တကယ်ခက်ခဲနေတဲ့လူတွေရသွားတာအများကြီးပဲ။ တကယ်ဝမ်းသာပြီးပြောတဲ့ တကယ့်အသံတွေ ကျွန်တော်တို့ကြားနေရတယ်"ဟု အထက်ပါပုဂ္ဂိုလ်က 7Day News သို့ပြောကြားသည်။

အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား လူဦးရေ ၄,၀၀၀ ကျော်၊ ၁၈ နှစ်နှင့်အထက် ၅,၀၀၀ ကျော်၊ ၁၈ နှစ်ပြည့်လဲလှယ်သူ ၂,၅၀၀ နီးပါးနှင့်ပျောက်ဆုံး/ပျက်စီး(မိတ္တူ) ၂,၄၀၀ ကျော်ပါဝင်ကြောင်းသိရသည်။

အလားတူ အိမ်ထောင်စုစာရင်းမရရှိသေးသည့် မိသားစုများကိုလည်း ယင်းကာလအတွင်း အိမ်ထောင်စုစာရင်း စုစုပေါင်း ၇,၀၀၀ နီးပါးပြုလုပ်ပေးခဲ့ကြောင်းလည်း ၎င်းကပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.21 • AUGUST 11, 2011

# ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန် တိုင်းရင်းသားကုမ္ပဏီများကိုဖိတ်ခေါ်

အားမာန်

ရန်ကုန်၊ ဩဂုတ် - ၈

**စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားရေနံကုမ္ပဏီများအား အဆိုပြုလွှာခေါ်ယူထားသည့် ကုန်းပိုင်းလုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းများကို နိုင်ငံခြား ရေနံကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ရန်စိတ်ဝင်စားသည့်မြန်မာတိုင်းရင်းသားကုမ္ပဏီများအား မှတ်ပုံတင်နိုင်ရန် တရားဝင်အသိပေးကြေညာထားသည်။**

နိုင်ငံခြားရေနံကုမ္ပဏီများအား အဆိုပြုလွှာများ တင်သွင်းရန် ဇူလိုင် ၁၄ရက်က အသိပေးခဲ့သည့် ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၁၈ ကွက်တွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားသောပြည်တွင်းကုမ္ပဏီများကို ဩဂုတ် ၃ရက်ထုတ် နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် တရားဝင်ကြေညာအသိပေးထားခြင်းဖြစ်သည်။

အဆိုပါလုပ်ကွက် ၁၈ ကွက်တွင် လေးကွက်မှာ အသစ်ဖြစ်ကြောင်းလည်း ရေနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသော လုပ်ငန်းရှင်အချို့ကပြောသည်။

ပြည်တွင်းကုမ္ပဏီများကို ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ခြင်းနည်းပညာရပ်များ ရရှိစေရန်၊ နိုင်ငံတကာရေနံလုပ်ငန်းအတွေ့အကြုံများရရှိစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ရရှိစေရန်ရည်ရွယ်၍ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်စေခြင်းဖြစ်ကြောင်းလည်း စွမ်းအင်ဝန်ကြီးဌာန၏ တရားဝင်ကြေညာချက်တွင်ဖော်ပြထားသည်။

ထိုသို့ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို ပြည်တွင်းကုမ္ပဏီများအား နိုင်ငံခြားကုမ္ပဏီများနှင့်ပူးပေါင်း၍ တရားဝင်လုပ်ကိုင်စေရန် စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

စိတ်ဝင်စားသော မြန်မာတိုင်းရင်းသားကုမ္ပဏီများမှာ မိမိကုမ္ပဏီ၏ မှတ်ပုံတင်လက်မှတ်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးခိုင်မာမှုအထောက်အထား စသောအချက်အလက်များပြည့်စုံစွာဖြင့် ၂၀၁၁ စက်တင်ဘာ ၉ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သည်။ ထိုသို့လျှောက်ထားပါက ညွှန်ကြားရေးမှူးချုပ်၊ စွမ်းအင်စီမံရေးရာဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်-၆၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားရမည်ဖြစ်သည်။

အထက်ပါလုပ်ကွက် ၁၈ ကွက်အတွက် အဆိုပြုသော နိုင်ငံခြားကုမ္ပဏီများကို စွမ်းအင်ဝန်ကြီးဌာနက စိစစ်ရွေးချယ်၍ Short List ပြုလုပ်မည်ဖြစ်သည်။ စိစစ်ရွေးချယ်ခံရသည့် နိုင်ငံခြားကုမ္ပဏီများထဲမှ ကုမ္ပဏီနှင့် အစုရှယ်ယာထည့်ဝင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသောမြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများက စွမ်းအင်ဝန်ကြီးဌာနသို့လျှောက်ထားမှတ်ပုံတင်ရမည်ဖြစ်သည်။ ထိုသို့မှတ်ပုံတင်လာသောကုမ္ပဏီများကို လုပ်ငန်း ပူးပေါင်းဆောင်ရွက်ခွင့်ရရှိစေရန်အတွက် ရွေးချယ်ခံထားရသည့် နိုင်ငံခြားကုမ္ပဏီသို့ စွမ်းအင်ဝန်ကြီးဌာနကအသိပေးသွားမည်ဖြစ်သည်။ ထို့နောက် ထိုနိုင်ငံခြားကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီ အစုရှယ်ယာထည့်ဝင်ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ရေးကို အသေးစိတ်ဆက်လက်ဆွေးနွေးရမည်ဖြစ်သည်။

ထိုသို့ အစုရှယ်ယာထည့်ဝင်ရင်းနှီးမြှုပ်နှံပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် အစုရှယ်ယာရာခိုင်နှုန်းအချိုးအစားတစ်ရပ်ကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းသဘောတူညီရမည်ဖြစ်သည်။ ထိုသဘောတူညီထားသည့် အစုရှယ်ယာထည့်ဝင်မှုရာခိုင်နှုန်းအချိုးအစားကို ဖော်ပြကာ အဆိုပါကုမ္ပဏီနှစ်ခုက နှစ်ဦး နှစ်ဖက် သဘောတူညီမှုစာချုပ်တစ်ရပ်ရပ်ကို လက်မှတ်ရေးထိုးကြရမည်ဖြစ်သည်။

"ဒါက ကောင်းတဲ့အခွင့်အရေးဖြစ်တယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ ဝင်မလုပ်ကြမှာစိုးတယ်" ဟုရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးကသူ၏အမြင်ကိုပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ နှစ်ဆန်းပိုင်းအထိ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရကုန်းတွင်းရေနံမြေလုပ်ကွက် ၄၉ ကွက်နှင့် ကမ်းလွန်ရေနံမြေလုပ်ကွက် ၂၆ ကွက်ရှိသည်။ ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ လုပ်ကိုင်ရန် အလားအလာကောင်းသော အနည်ကျ ဘူမိချိုင့်ဝှမ်း၁၄ခုရှိသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားသည့် ကုန်းပိုင်းလုပ်ကွက်များမှာ (၁) PSC E (မြင်းခြံ)၊ (၂) PSC G (တောင်တွင်းကြီး)၊ (၃) PSC H (တောင်ငူ-ပျဉ်းမနား)၊ (၄) PSC I (ဟသ်ာတ)၊ (၅) PSC J (မော်လမြိုင်)၊ (၆) PSC K (ရမည်းသင်း)၊ (၇) EP 1 (ကျောက်ကြီး-မင်းတုန်း)၊ (၈) EP 2 (အောင်လံ)၊ (၉) EP 5 (အင်ပင်-တဲကြီးကုန်း)၊ (၁၀) RSF 2 (တူရွင်းတောင်(မြိုင်)တောင်)၊ (၁၁) RSF 3 (ငွေးချို-ငရုန်တောင်)၊ (၁၂) RSF 9 (ပြလို့-ပေါက်ခေါင်း)၊ (၁၃) RSF 10 (ကံမ-နတ်တောင်)၊ (၁၄) MOGE 4 (မြင်သာ)၊ (၁၅) PSC S (လားရှိုး-သိန္နီ)၊ (၁၆) PSC T (အရှေ့လားရှိုး)၊ (၁၇) PSC U (ကလော)၊ (၁၈) PSC V (လွိုင်ကော်)တို့ဖြစ်သည်။

# အိမ်ခြံမြေဝယ်သူ အခွန်သက်သာခွင့်နှင့်ပတ်သက် ၍န်ကြားချက်ထွက်မလာသေး

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဩဂုတ် - ၈

အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရာတွင် အခွန်သက်သာခွင့်သက်တမ်းမှာ ဩဂုတ် ၁၂ရက်၌ ကုန်မည်ဖြစ်သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာမှယခုလ ၈ရက်ထိ တစ်စုံတစ်ရာ ညွှန်ကြားချက်မထွက်သေးကြောင်း ရန်ကုန်တိုင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီနေ့အထိတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ အကြောင်းကြားစာမထွက်သေးဘူး။ ဘာမှ ညွှန်ကြားထားတာလည်းမရှိသေးဘူး။ ဩဂုတ်၁၂ရက်ထိတော့အရင်အတိုင်းပဲ ဆက်ရှိနေဦးမှာ" ဟု အထက်ပါပုဂ္ဂိုလ်က ဩဂုတ် ၈ရက်တွင် ပြောသည်။

လက်ရှိကောက်ခံနေသော အိမ်ခြံမြေအခွန်စနစ်သည် ဝင်ငွေရလမ်းဖော်ပြစရာမလိုဘဲ ဝယ်သူမှ ၁၅ ရာခိုင်နှုန်းနှင့် ရောင်းသူမှ ၁၀ ရာခိုင်နှုန်းသက်ဆိုင်ရာ တိုင်းအခွန်ရုံးသို့ ပေးသွင်းရသည့်စနစ်ဖြစ်သည်။ အဆိုပါစနစ်ကို ၂၀၀၇ ခုနှစ်တွင်စတင်ပြောင်းလဲခဲ့ပြီး၊ ယခု ဩဂုတ် ၁၂ရက်တွင် လေးနှစ်သက်တမ်းပြည့်မည်ဖြစ်သည်။ ယင်းမတိုင်ခင်က ဝင်ငွေရလမ်း မဖော်ပြနိုင်ပါက ၅၀ ရာခိုင်နှုန်းနီးပါး ပေးဆောင်ရသည်။ သို့သော် ဝင်ငွေရလမ်းဖော်ပြနိုင်ပါက ၁၅ ရာခိုင်နှုန်းသာ အခွန်ပေးဆောင်ရသည်။

အဆိုပါ အခွန်စနစ်သက်တမ်းတိုး၊ မတိုးကို ပုံမှန်အားဖြင့် ဩဂုတ်လဆန်းပိုင်းတွင် ထုတ်ပြန်လေ့ရှိပြီး ၂၀၁၀ပြည့်နှစ်တွင်ဇူလိုင်လမှာပင် ကြိုတင်သိခဲ့ရကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"လောလောဆယ်တော့ဘာမှမသိရသေးဘူး။ အပြင်မှာတော့ ဝယ်သူဘက်က ၂၀ ရာခိုင်နှုန်းပေးရမယ်၊ ၂၅ ရာခိုင်နှုန်းပေးရမယ် ဆိုပြီးသတင်းထွက်နေတယ်" ဟု ယုနတီအိမ်ခြံမြေအကျိုးဆောင်



ကုမ္ပဏီမှ မန်နေဂျာဦးဇော်ဇော်က ပြောသည်။

လက်ရှိအခွန်စနစ်သစ်ကို သက်တမ်းမတိုးသလို ဝင်ငွေရလမ်းလည်းမဖော်ပြနိုင်ပါက ကျပ်သိန်း ၂၀ အထက် အရောင်းအဝယ်ဖြစ်လျှင် ၄၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်၍ ဝယ်ယူသည့် တန်ဖိုး၏ ထက်ဝက်နီးပါး ပေးဆောင်ရမည်ဖြစ်သည်။

ယခု အခွန်စနစ်ကို သက်တမ်းမတိုးပါက တန်ဖိုးကြီးအိမ်ခြံမြေအရောင်းအဝယ်များမှာ ပြုလုပ်မှုနည်းသွားမည်ဖြစ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်တာဝန်ရှိသူများကပြောသည်။

# မိုးကောင်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသအချို့ရေလွှမ်း

အိဖြူမွန်၊ ယုဇန

ရန်ကုန်၊ ဩဂုတ်-၈

မြန်မာပြည်အောက်ပိုင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိမြို့နယ်အချို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း ဒေသခံများကပြောသည်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် မုတ်သုံလေအားကောင်းမှုကြောင့် အဆက်မပြတ်မိုးရွာသွန်းမှုများသည် ရေလွှမ်းမိုးမှုများမဖြစ်ပေါ်မီ ရက်သတ္တတစ်ပတ်တွင် ဖြစ်ပေါ်ခဲ့သည်။ ကရင်ပြည်နယ်သည် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုမှာ ၁၁၉လက်မကျော် ရောက်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလကထက် ၅၃ လက်မကျော်ပိုများခဲ့ကြောင်း ဩဂုတ် ၈ ရက်ထုတ်နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သံလွင်မြစ်သည် ဘားအံမြို့၌ စိုးရိမ်ရေမှတ်ကျော်နေသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေလျှံကာ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များတွင် ဩဂုတ် ၁ရက်တွင် ရေလွှမ်းခဲ့သည်။ ထိုနေ့မှစတင်ကာ ဩဂုတ် ၆ ရက်တွင် ရေတဖြည်းဖြည်းကျလာကြောင်း ဘားအံမြို့ ပေါ်နေထိုင်သူများကပြောသည်။

ဘားအံမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေလွှမ်းမိုးမှုရေအနက်မှာ လူတစ်ရပ်နှင့်လူခါးလယ် လောက်ရေတက်ခဲ့ကြောင်း ၅ ရပ်ကွက်တွင် နေထိုင်သူတစ်ဦးကပြောသည်။

ဘားအံမြို့ရှိ ရပ်ကွက်အချို့ တွင် ဒူးဆစ်အောက်ပိုင်းအထိ ရေတက်ခဲ့ပြီး ရေလွှမ်းမိုးမှုများကြောင့် ရေဘေးဒုက္ခရောက်သူများအတွက် ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုဖွင့်ထားကြောင်းလည်း သတင်း ရရှိသည်။

ကယ်ဆယ်ရေးစခန်း ရှစ်ခုအနက် ကယ်ဆယ်ရေးစခန်းတစ်ခုမှ ကြီးကြပ်သူတစ်ဦးက "ရေက ကျတော့ကျတယ်။ လုံးလုံးလျား လျား ကျတာတော့ မဟုတ်ဘူး။ ကျောင်းတွေတော့ ပြန်ဖွင့်ပါပြီ။ ဒါပေမဲ့ ဒုက္ခရောက်နေတဲ့သူတွေကတော့ အိမ်ပြန်လို့မရသေးဘူး။ အခုထိ ကယ်ဆယ်ရေးစခန်းမှာပဲရှိသေးတယ်။ သက်ဆိုင်ရာအာဏာပိုင်တွေကတော့ကျန်းမာရေး၊စားသောက်ရေးတို့ ကူညီထောက်ပံ့ပေးတယ်။ ကျောင်းလည်းဖြစ်တော့ သန့်စင်ခန်း၊ ချိုးရေတွေကတော့ ကျောင်းသားတွေနဲ့မျှသုံးနေရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရေလွှမ်းမိုးခဲ့သော ဘားအံမြို့ရှိရပ်ကွက်များမှာ ရပ်ကွက် ၁၊ ၂၊ ၅၊ ၉ နှင့် ကမ်းနားရှိရပ်ကွက်များဖြစ်ကြောင်း သိရသည်။ ဘားအံမြို့ပေါ်ရှိဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းလေးခု၏ ရေဘေးသင့်အိမ်ထောင်စုမှာ ၂၆၇ ရှိကြောင်း ဩဂုတ် ၈ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

မွန်ပြည်နယ်တွင်လည်း ကျိုက်ထို၊ ပေါင်၊ သံဖြူဇရပ်၊ ရေးနှင့်ချောင်းဆုံမြို့နယ်များတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ခဲ့သည်။ ရေးမြို့တွင် ဩဂုတ်သုံးရက်၌ရေပြန်ကျခဲ့ကြောင်း အဏ္ဏဝါရပ်ကွက်တွင်နေထိုင်သူတစ်ဦးကပြောသည်။

ထားဝယ်မြို့တွင်လည်း ယခုလပထမအပတ်တွင် ပုံမှန်ထက် မိုးပိုမိုရွာသွန်းခဲ့မှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး ဈေးဆိုင်ခန်းအချို့ပိတ်ရခြင်းများရှိခဲ့သည်။ ထားဝယ်မြို့ခံများ ပြောပြချက်အရ ယခင်နှစ်များထက် မိုးအားကောင်းပြီး မိုးသည်းထန်စွာ ရွာသွန်းမှုသည် သုံးရက်ခန့်ကြာမြင့်ခဲ့ကြောင်း မြို့တွင်းရှိ အဓိကလမ်းမကြီးများ ရေလွှမ်းမိုးခဲ့ကြောင်းသိရသည်။

"နှစ်ရက်ကျော်ကျော်လောက် မိုးဆက်တိုက်သည်းခဲ့တယ်။ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ခဲ့ရလောက်တဲ့အထိတော့ မဖြစ်ခဲ့ပါဘူး"ဟု ထားဝယ်မြို့ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူ ဦးစိုးသိန်းကပြောသည်။

ကရင်ပြည်နယ်တွင် ဘားအံမြို့နယ်အပြင် လှိုင်းဘွဲ့မြို့၊ မြဝတီမြို့နှင့် ရွှေဂွန်းကျေးရွာ ရေလွှမ်းနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း ဩဂုတ်၈ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။ ယင်းဒေသများအနက်ကရင်ပြည်နယ်ရှိဒေသအချို့တွင် သံလွင်မြစ်ရေလွှမ်းမိုးမှုကြောင့် ထိုင်းနိုင်ငံသွားရာ ကားလမ်းကြောင်းများ လမ်းပန်းဆက်သွယ် ရေးအခက်အခဲကြုံခဲ့သည်။ သို့သော် ယခုအခါ ရေပြန်လည်ကျ ဆင်း၍ ကားများပြန်သွားနေနိုင်ပြီဖြစ်သည်။ အနောက်တောင်မုတ်သုံလေအားကောင်းမှုကြောင့် ဇူလိုင်လနောက်ဆုံးအပတ်တွင် ရခိုင်နှင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးပိုမိုခဲ့သည်။ ယင်း မုတ်သုံလေအားကောင်းမှုသည် ၁၀ရက်တွင် အားလျော့နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နောက်ဆုံးရရှိသော သတင်းအရ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော တိမ်တိုက်မှာလေဖိအားနည်းရပ်ဝန်းဖြစ်သွားပါက မြန်မာနိုင်ငံတစ်ဝန်း မိုးဆက်လက်ကောင်းနိုင်ကြောင်း မိုးဇလမှတာဝန်ရှိသူကပြောသည်။